ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# ကျွန်တော့်ဝတ္ထုတိုများ




ရဲမြတ်တင်

၂၀၁၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊
ဝတ္ထုတိုပေါင်းချုပ်၊ ဒုတိယဆု

# ကျွန်တော့်ဝတ္ထုတိုများ

## &jJwwif


တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)
အဖုံးပန်းချီ - ဇော်နိုင်ထွန်း



စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၅ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး (၁၇၀၀) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်
ဦးအောင်သန်း (မင်းခန့်ရွှေ)က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အိုဘယ့်တရားရှင် | ... | ၁ |
| ၂။ | လောကမှာ နောင်တသမားတွေကသာများ | ... | ၁၈ |
| ၃။ | ကိတ္တိရေးသော ကပ်ကြီးသုံးပါး | ... | ၃၈ |
| ၄။ | သံပရာတစ်ဝက် ပျားတစ်ဝက် | ... | ၅၃ |
| ၅။ | ခြမ်းပဲ့ပန်းသီး | ... | ၇၃ |
| ၆။ | နားရွက်ကလေးနဲ့ယုန် | ... | ၉၂ |
| ၇။ | မြင်းမိုရ် ပြိုရိုးရှိလား | ... | ၁၀၈ |
| ၈။ | ပြိုရိုးမရှိ မြင်းမိုရ် | ... | ၁၃၅ |
| ၉။ | အချိန်က ပေးလာသောအဖြေ | ... | ၁၆၀ |
| ၁၀။ | ဗုဒ္ဓဘာသာဆိုတာ | ... | ၁၈၁ |

# အို့ဘယ့်တရားရှင်

ကျွန်တော်သည် အောင်ဗမ္ဗူရိပ်သာ၌ စခန်းဝင်ပြီး တရားအား ထုတ်ခဲ့ရာ တစ်လခန့်အကြာ၊ သက္ကရာဇ် ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ နေ့လယ် ၂ နာရီခန့်အချိန်တွင် ပထမအကြိမ်တရားထူးကို ပိုင်နိုင်စွာ ရရှိခဲ့သည်။ သို့အတွက် ဝမ်းသာပီတိနှင့်အတူ ဤမှတ်တမ်းကို ရေးထိုးလိုက်သည်။

**အောင်သွင်**
**ယောဂီဆောင် အမှတ် (၂)**
**အောင်ဇမ္ဗူရိပ်သာ**
**၂၅-၉-၂၀၁၀**

ရေးပြီးသွားသောစာကို တစ်ခေါက်ပြန်ဖတ်လိုက်သည်။ ဖတ်ပြီး စိတ်ထဲတွင် ပို၍ ကြည်နူးသလို ဖြစ်လာသည်။ ထို့နောက် နေ့စဉ်မှတ်တမ်းစာအုပ်ကို အသာပိတ်လိုက်သည်။ မျက်လုံးများ ကိုပါ မှိတ်ထားလိုက်မိသည်။ သည်အခါကျမှ ခန္ဓာကိုယ်အနှံ့အပြား တွင် တဖျိုးဖျိုးတဖျင်းဖျင်း ထွက်ပေါ်နေသော ပီတိ၏အရသာက ပို၍ ထင်ရှားသလိုဖြစ်လာသည်။ ပြင်းထန်သလို ဖြစ်လာသည်။

ပျော်သည်။ သိပ်ကိုပျော်သည်။ ဘဝတစ်လျှောက်လုံး တစ်ခါမှ မကြုံစဖူးသော ပျော်ခြင်းမျိုးဖြင့် ပျော်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမဆုံးအောင် ဖြစ်နေရသည်။ ရနိုင်ခဲသောဆုကို ရအောင်ယူနိုင်ခဲ့သူ၊ ဆွတ်ချူဖို့မလွယ်သော အောင်ပန်းကို ပိုင်ပိုင်ကြီး လှမ်းကိုင်နိုင်ခဲ့သူအဖြစ် မိမိကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေမိသည်။ ဤနေ့၊ ဤရက်၊ ဤအချိန်ကို သူ့အနေနှင့် ဘယ်တော့မှ မမေ့နိုင်တော့မည်မဟုတ်။ သို့ကြောင့်ပင် ထိုအတွေ့ထူး၊ အကြုံထူးကို သူ့အသိစိတ်၊ သူ့အသည်းနှလုံးထဲတွင် ထာဝရ ကမ္ပည်းတင်ထားလိုက်ရုံမက ပို၍ သေချာစေရန် သူ့နေ့စဉ်မှတ်တမ်း၌ပါ မော်ကွန်းစာ ရေးထိုးထားလိုက်မိခြင်းဖြစ်သည်။

သူ သေချာပေါက် တရားထူးရခဲ့ပြီ။ ပထမမဂ်ဉာဏ်ကို ရခဲ့ပြီ။ သည်အဖြစ်ကို ကိုယ်တိုင်သိပြီး ကိုယ်တိုင်မြင်ခဲ့ရခြင်းဖြစ်သည်။ ပြောရလျှင် သည်နေ့ကိုက အရင့်အရင်နေ့တွေထက် ပိုပြီး ထူးခြားနေခဲ့သည်။ မနက်ပိုင်း တရားစဝင်ချိန်ကတည်းက သူ့သမာဓိတွေ သိပ်ကောင်းနေခဲ့သည်။ အာရုံနှင့် မှတ်သိစိတ်က စည်းကိုက်ဝါးကိုက်ဆိုသလိုဖြစ်နေပြီး ရှုမှတ်ရ အလွန်ကောင်းနေသည်။ သည်လိုနှင့် မနက်ပိုင်း တရားဖြုတ်ချိန်ရောက်တော့ သူတို့ယောဂီတစ်သိုက် ဆွမ်းစားကျောင်းမှာ နေ့ဆွမ်းစားကြရသည်။ မှတ်မှတ်ရရ ဆွမ်းဝိုင်းထဲမှာ ပဲကြီးနှင့် ဆူးပုပ်ရွက်ဟင်းချို ပါနေသဖြင့် သူ့အကြိုက်ဟင်းမို့ အတော်များများလေးပင် စားသုံးလိုက်မိသည်။ ယနေ့အတွက် ကောင်းခြင်းအဖြာဖြာတွေထဲမှာ ဆွမ်းသပ္ပာယမျှခြင်းလည်း တစ်ခုအပါအဝင်ဟု သူဆိုချင်သည်။

နေ့လယ် တစ်နာရီထိုးသည်နှင့် ဓမ္မာရုံမှ အချက်ပေးမောင်းသံ ထွက်ပေါ်လာသည်။ သူတို့ တရားပြန်ဝင်ကြရသည်။ ဤမှာပင် ထူးခြားမှုက စတင်လာခြင်းဖြစ်သည်။ တရားပြန်ဝင်ဝင်ချင်းပင် သမာဓိကတော့ အထူးကောင်းမြဲ ကောင်းနေသည်။ သို့သော် ထိုသို့ သတိမလွတ်အောင် ရှုမှတ်နေဆဲမှာပင် သူ့မှတ်သိစိတ်တွေက ပို၍ ငြိမ်သက်နေသလိုလို၊ လေးလံနေသလိုလို ဖြစ်လာသည်။ သည်တိုင်းပင် သူခံစားရသည်။ ထိုသို့ ဆက်ပြီးအားထုတ်နေရင်း တစ်ကြိမ်တွင်မူ သူ့တစ်ကိုယ်လုံး လှစ်ခနဲဖြစ်သွားသည်။ ပျောက်သွားသလိုလို၊ ချုပ်သွားသလိုလို ဖြစ်သွားသည်။ အဲဒါပြီးတော့မှ အသိသစ်၊ အမြင်သစ်ကို တစ်ဖန် ပြန်လည်ရရှိလိုက်သလိုလည်း ဖြစ်သွားသည်။ သူ အံ့ဩသလို၊ ထိတ်လန့်သလို ဖြစ်သွားသည်။ ‘ဒါ ဘာပါလိမ့်’ ဟူ၍လည်း တွေးလိုက်မိသည်။ သို့သော် သူ့မှာရှိပြီးသား ဗဟုသုတတွေကပင် ထိုအတွေ့အကြုံအတွက် အမြန်ဆုံးဆုံးဖြတ်ပေးလိုက်သည်။ ရုပ်နာမ်တွေ ချုပ်ပျောက်သွားခြင်းဆိုသည်မှာ ဒါပဲဖြစ်သည်။ တရားထူးဆိုသည်မှာ ဒါပဲဖြစ်သည်။

သူ စာတွေ အများကြီးဖတ်ထားသည်။ အများကြီးဖတ်ထားသည်။ အများကြီးလည်း လေ့လာထားသည်။ တရားထူးရသူမှန်သမျှ ပစ္စဝေက္ခဏာဉာဏ်ကိုပါ ရရှိမြဲဖြစ်သည်။ တစ်နည်းအားဖြင့် မိမိရရှိပြီးသော မဂ်ကို ပြန်လည်ဆင်ခြင်မြဲဖြစ်သည်။ စောစောက ‘ဒါ ဘာပါလိမ့်’ဆိုပြီး ဖြစ်သွားရခြင်းကိုက ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာသည့် သင်္ကေတဖြစ်သည်။ သေချာပြီ။ အကြောင်းအချက်ပေါင်းစုံနှင့် ညီညွတ်နေမှတော့ သူ တရားထူးရသည်မှာ မြေကြီးလက်ခတ်မလွဲနိုင်တော့ပြီ။ သို့နှင့်ပင် ‘ငါ အပါယ်ကလွတ်ပြီ၊ ငါ တမလွန်ခရီးအတွက် လက်မှတ်ရပြီ’ စသည်ဖြင့် ကျိတ်၍ ဥဒါန်းကျူးရင့်မိခြင်းနှင့်အတူ ပီတိအရသာများကို သူ မပြီးနိုင်အောင် ခံစားနေမိရခြင်းဖြစ်တော့သည်။

***

နောက်တစ်ပတ်ခန့်အကြာ ရိပ်သာကထွက်လာပြီး အိမ်ပြန်ရောက်တော့ သူ တရားထူးရတာ ခိုင်မာပုံကို ပထမဆုံး သက်သေခံလိုက်သူက သူ့မိန်းမ မခင်ဝေပင်ဖြစ်သည်။ ယခင်ကဆိုလျှင် သူ့အပေါ် ရိုင်းစိုင်းသည်ဟု မဆိုနိုင်သော်ငြား ရိုသေလေးစားမှုကတော့ သည်မိန်းမတွင် ဘယ်တုန်းကမှ မရှိခဲ့ပေ။ ကလေးတွေကများ၊ စားဝတ်နေရေးက မပြေလည်၊ ယောကျ်ားလုပ်သူ၏ ဝင်ငွေကနည်း၊ အိမ်ထောင့်တာဝန်တွေအပြင် မိန်းမတန်မဲ့ ငွေရှာသောအလုပ်ကိုပါ တွဲပြီးလုပ်နေရ၊ ဤအချက်တွေကပင် သည်မိန်းမ ကို 'မ မာန်' တက်သွားစေခဲ့ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူ့ကိုပါ အိမ်ဦးနတ်အဖြစ်မှ အရာကျစေခဲ့ခြင်းဖြစ်သည်။

ထိုနေ့ကတော့ အိမ်ထဲဝင်လိုက်သည်နှင့် ပက်ပင်းကြုံရမြဲဖြစ်သော မိန်းမမျက်စောင်းကို သူ မရရှိခဲ့။ တင်းမာနေသော၊ မှုန်မှိုင်းနေသော အကြည့်မျိုးဖြင့်လည်း ကြိုဆိုခြင်းမခံခဲ့ရ။ ထို့ပြင် ပြုံးယောင်ယောင်ဟန်မျိုး၊ လေးစားအံ့သြသလိုဟန်မျိုးဖြင့် တုံ့ပြန်နေသည်ကိုပါ သူမြင်တွေ့ခဲ့ရသည်။ ဒါပဲလေ။ သမာဓိဆိုတာ ဒါပဲ။ တရားအရှိန်နှင့် သည်လောက်တောင် ရင့်ကျက်နေ၊ တည်ငြိမ်နေမှတော့ သည်မိန်းမ သည်လိုပဲ သိမ်မွေ့ရတော့ပေမပေ့ါ။ ဒါလက်တွေ့ပဲ။ ရှေ့လျှောက် တရားထူးရထားသည့် ပုဂ္ဂိုလ်တစ်ယောက်ကို လင်တော်ရသည့်အတွက် ဂုဏ်ယူစရာကောင်းသည့် အဖြစ်အပျက်တွေ အများကြီး ကြုံရဦးမှာ။ ထိုအပေါ်စီး စိတ်ထားများနှင့်အတူ သူက မိန်းမအား စပြီးလွှမ်းမိုးနိုင်ခဲ့ခြင်းအပေါ် အထူးကျေနပ်နေမိသည်။

နောက်တစ်ခါ ညနေပိုင်းလောက်ရောက်တော့ သူ့အပေါ် ယခင်ကနှင့် မတူကွဲပြားစွာ ဆက်ဆံလာသူတစ်ယောက်ကို ထပ်မံ



ပြီး ဆုံကြုံလိုက်ရပြန်သည်။ သူကတော့ ခိုင်မောင်ဦးပင်ဖြစ်သည်။ ခိုင်မောင်ဦးအကြောင်း အတိုချုပ်ပြောရလျှင် သူနှင့် ခိုင်မောင်ဦးနှင့်က ငယ်သူငယ်ချင်းဖြစ်သည်။ တစ်ရပ်တည်းသားချင်းဖြစ်သည်။ အလုပ်တူ၊ အကိုင်တူ၊ ပြောမနာ၊ ဆိုမနာများလည်း ဖြစ်ကြသည်။ သို့ကြောင့် ကျန်သည့် ဆက်ဆံရေးအပိုင်းကို အသာထား၊ လူချင်းတွေ့မိရုံနှင့်ပင် သူ့အပေါ် ခိုင်မောင်ဦး စတင်ခေါ်ဝေါ် နှုတ်ဆက်လေ့ရှိပုံ၊ ပညတ်လေ့ရှိပုံက -

"ဟော့. . . ဖိုးသွင်ကြီး၊ ဟ. . . ခွေးကောင်ကြီး"

စသည်စသည်။

ခုတော့ဖြင့် ခိုင်မောင်ဦးက အရင်လိုမဟုတ်တော့ပြီ။ ဆိုခဲ့သည့်အတိုင်း ညနေပိုင်းတွင် နှစ်ယောက်သား ဆုံမိကြတော့ သူ့ကိုကြည့်ပြီး သည်ကောင်က အံ့သြသွားသည်။ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ပြီးတော့မှ မျက်နှာက ခပ်ပြုံးပြုံးဖြစ်လာပြီး သူ့လက်ကို အားပါးတရဆုပ်ကိုင်လာသည်။ လူကိုပါ ခြေဆုံးခေါင်းဆုံးလေ့လာကြည့်ရှုနေသည်။ သည့်နောက် ခိုင်မောင်ဦးပါးစပ်မှ စက်သေနတ်ပစ်သလို စကားလုံးတွေ တရစပ်ထွက်ကျလာပုံက -

"မင်း တော်တော်ထူးပါလားဟ အောင်သွင်ရ၊ ဒီတစ်ခါတော့ ငါ့သူငယ်ချင်းက အများကြီးပြောင်းလဲသွားပါလား၊ သဘောကျတယ်ကွာ၊ လေးစားတယ်ဟေ့"

ဒါပဲလေ။ သည်လိုပဲ ဖြစ်ရမည်ပေ့ါ။ တရား၏အရှိန်အစော်၊ တရား၏အာနုဘော်က နှယ်နှယ်ရရ၊ သာမျှင်ညောင်ညမှ မဟုတ်ပေကပဲ။ ခိုင်မောင်ဦးလို လူစားမျိုးက အညံ့စားမျှသာရှိသေးသည်။ သည့်ထက်ပိုသော အထက်တန်းစားတွ၊ ထိပ်တန်းသမားဆိုတာတွေကိုတောင် ဆက်ပြီး လွှမ်းမိုးသွားနိုင်သေးသည်၊ သိမ်းရုံးသွား

နိုင်သေးသည်။ တရားထူး၏ အာနိသင်က ရှေ့ကို ပို၍ပို၍သာ ပြသလာစရာရှိသည်။ နိမ့်ကျသွားဖို့၊ လျှောကျသွားဖို့ဆိုသည်က လုံးဝမရှိနိုင်။ ဖြစ်လည်းမဖြစ်နိုင်။ ထိုကောက်ချက်နှင့်အတူ သူ့အတွက်က ပိုပြီး ဘဝင်ကျစရာတွေချည်း ဖြစ်နေရပြန်သည်။

***

သို့သော် နောက်ထပ်ငါးရက်လောက်ကြာတော့ သူ့ကို အားစမ်းမည့်သူတစ်ဦးက ဆိုက်ဆိုက်မြိုက်မြိုက်ပင် ထွက်ပေါ်လာသည်။ အခြားသူကားမဟုတ်။ သူ့မျက်စိထဲမှာ အမြဲတမ်း စပါးမွှေးစူးသလိုဖြစ်နေရသူ တင့်မောင်ပင်ဖြစ်သည်။ တင့်မောင်က တစ်ဘက်ခြံမှ အိမ်ပိုင်ရှင်ဖြစ်သည်။ ဒိုင်နာကားတစ်စီးကို ထောင်ထားသည်။ ပြီး ထိုကားက ယာဉ်လိုင်းတစ်လိုင်းတွင် ပါဝင်ပြေးဆွဲနေသည်။ သို့သော် ထိုကားကို တင့်မောင်သားတွေကသာ ဦးစီးနေခြင်းဖြစ်ပြီး တင့်မောင်ကိုယ်တိုင်ကမူ အိမ်မှာပဲနေသည်။ အိမ်မှာပဲနေသည်။ အိမ်မှာ အလကားနေခြင်းတော့မဟုတ်။ မွေးမြူရေးလုပ်ငန်းများကို ထူထောင်ထားသည်။ ဝက်တွေမွေးသည်၊ ကြက်တွေမွေးသည်။ တင့်မောင်နှင့် ရန်စပျိုးရသည်မှာ ထိုမွေးမြူရေးတွေကြောင့်ပင် ဖြစ်သည်။

သူ (အောင်သွင်)က ဝန်ထမ်းအဖြစ်မှ နုတ်ထွက်လာခဲ့ပြီးနောက် မိမိခြံထဲမှာပင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်သည်။ ခြံကကျယ်သဖြင့် အတော်အသင့် စိုက်နိုင်ပျိုးနိုင်သည်။ သူ့ခြံထဲမှာ သံပရာ၊ မာလကာကဲ့သို့ နှစ်ရှည်ပင်တွေ စိုက်ပျိုးထားသလို ငရုတ်၊ ခရမ်း၊ ပဲတောင့်ရှည်ကဲ့သို့ ရာသီပေါ် သီးနှံများကိုပါ အလှည့်ကျ စိုက်ပျိုးသည်။ ဝင်ငွေက အကောင်းကြီးမဟုတ်လှ။ မိသားစု စရိတ်ကို အတန်အသင့် ဖာနိုင်ရုံမျှသာ။ မိန်းမဖြစ်သူ မခင်ဝေကသာ



ဟိုပွဲစားလိုလို၊ ဟို ကိုယ်စားလှယ်လိုလို ကြုံရာအလုပ်ကို လျှောက်လုပ်ရင်း အဓိကဝင်ငွေကို ရှာဖွေပေးနေခြင်းဖြစ်သည်။

ဒါထား။ အဓိကပြောချင်သည်က တင့်မောင်အကြောင်းကို ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း တင့်မောင်က မွေးမြူရေးလုပ်သည်။ သို့သော် စနစ်တကျ မွေးမြူရေးကားမဟုတ်။ ဝက်ခြံ၊ ကြက်ခြံ ဟူ၍ သီးခြားစီရှိသော်လည်း လုံလုံခြုံခြုံမရှိ။ ကြက်တွေ၊ ဝက်တွေက မကြာမကြာ သည်ဘက်ခြံထဲ တိုးဝင်လာပြီး စိုက်ထားပျိုးထားသည့် အပင်များကို ထိုးကြ၊ ဆွကြ၊ ဆိတ်ကြ၊ ဖွဲကြလေ့ရှိသည်။ သူနှင့်တင့်မောင် မကြာခဏ ရန်ဖြစ်နေရသည်မှာ ထိုကိစ္စပင်ဖြစ်သည်။ သည်ကောင်ကပြောလျှင် ပြောတုန်းခဏသာ သူ့တိရစ္ဆာန်တွေကို ထိန်းသိမ်းသည်။ နောက်တော့လည်း သူ့အကောင်ဘလောင်တွေက သည်ဘက်ကို ဝင်လာမြဲ၊ တိုးလာမြဲပင်။ သို့သော် သည်ကောင်က အောက်ကလည်းနေသေး၊ ဟိုဟာလည်း မလျှော့ဆိုသည့် လူစားမျိုးထဲက ဖြစ်သည်။ မိမိတိရစ္ဆာန်တွေအတွက် ဝန်ခံလိုက်မည်၊ တောင်းပန်လိုက်မည်ဟူ၍ ဘယ်တုန်းကမျှ မရှိခဲ့။ ဥပမာ သည်ကောင့်ကို -

"ဟေ့ကောင်. . . မင်းတိရစ္ဆာန်တွေကို ကြည့်ထိန်းထားနော်၊ ပြီးရင် ငါ့ကို အဆိုးမဆိုနဲ့"

လို့များ ပြောကြည့်လိုက်ပါ။ သည်ကောင် ခုလိုပင် ရှုသိုးသိုးနှင့် တုံ့ပြန်ပါလိမ့်မည်။

"တိရစ္ဆာန်ပဲဗျ၊ အသိရှိတာမှ မဟုတ်ဘဲ၊ မဝင်စေချင်ရင် ခင်ဗျားခြံကို လုံအောင်ကာထားပေါ့"

ဆိုတော့ကာ သည်ကောင့်ကို သူ အလွန်မုန်းသည်။ တူးတူးခါးခါးကို မုန်းသည်။ ထိုနေ့ကတော့ သာမန်မျှမဟုတ်တော့ဘဲ

ပေါက်ကွဲသည့်အဆင့်သို့ပင် ရောက်သွားခဲ့သည်။ ဖြစ်ပုံမှာ ဝက်တစ်ကောင်က သူ့ခြံထဲဝင်လာသည်။ ပြီး ပျိုးထောင်ထားသည့် ငရုတ်ပေါင်များကို ထိုးမွှေပစ်လိုက်သည်။ နင်းချေပစ်လိုက်သည်။ ထိုအဖြစ်ကို မြင်မြင်ချင်း သူ့မျက်စိထဲ မီးပွင့်ထွက်သွားသည်။ ဒေါသအဆိပ်က ငယ်ထိပ်အထိ ဆောင့်တက်သွားသည်။ သည်ငရုတ်မျိုးတွေက အလွန်ရှားပါးလှသည်။ ခဲရာခဲဆစ်ရှာဖွေပြီး ပျိုးထောင်ထားခြင်းဖြစ်သည်။

သူ့မျက်စိထဲ ဘာမှမမြင်မိတော့။ ပါးစပ်က ကြမ်းကြမ်းတမ်းတမ်းတွေ အော်ဟစ်တိုင်းထွာရင်း အနီးရှိ ဓားမတစ်ချောင်းကို လှမ်းဆွဲကာ စွပ်ရွတ်ပြီး ပစ်ထည့်လိုက်မိသည်။ ဓားက ဝက်ပေါင်ကို ကန့်လန့်ဖြတ် ထိမှန်သွားသည်။ ဓားနှင့်ခုတ်လိုက်သလို ဖြစ်သွားသည်။ 'ကျိ'ခနဲ အော်လိုက်သံနှင့်အတူ ဝက်ပေါင်က ပြဲပြဲကြီးဖြစ်သွားသည်။ ထို့နောက် သွေးသံတွေတရဲရဲနှင့် ဟိုဘက်ခြံထဲ ပြန်ကူးသွားသည်။ မကြာပါ ဟိုဘက်ကနေပြီး ငါ ကိုင်တုတ်လိုက်သော တင့်မောင်၏အသံက ချက်ချင်းထွက်ပေါ်လာသည်။ ပေါက်သည့်နဖူး၊ မထူးတော့မည့်အတူတူ သူက တင့်မောင်ကို ပြန်တွယ်၊ ပြန်ဆဲ ပစ်လိုက်သည်။

တိုတိုပြောရလျှင် တင့်မောင်က ရပ်ကွက်လူကြီးထံသွားတိုင်သည်။ လူကြီးက နှစ်ယောက်စလုံးကိုခေါ်ယူ၍ သေသေချာချာ စစ်ဆေးကာ ခပ်မြန်မြန်ပင် စီရင်ချက်ချလိုက်သည်။ ကိုယ့်ဝက်သူများခြံကို သွားတိုးသည့်အတွက် တင့်မောင်က မိမိခြံစည်းရိုးများကို လုံအောင်ခတ်စေ၊ အောင်သွင်က ဝက်ဒဏ်ရာအတွက် ဆေးဖိုးပေစေ၊ ရုံးစရိတ်ကို နှစ်ဦးမျှခံစေ။ ထိုမျှနှင့် အမှုကပြီးသွားသည်။



အဲ- အမှုပြီးပြီဆိုတော့မှပဲ သူက တစ်စုံတစ်ခုကို ပြေးပြီး အမှတ်ရလိုက်မိသည်။ ထိုအခါ သူ့စိတ်ထဲမှ ခံပြင်းစိတ်တွေ၊ ဒေါသစိတ်တွေက ပျောက်ချင်းမလှ ပျောက်သွားသလို ဟိုကောင်တင့်မောင်ကိုပါ မေ့သလိုဖြစ်သွားသည်။ အခြားမဟုတ်။ သူ့ကိုယ်သူ ပြန်သတိရလိုက်မိခြင်းဖြစ်သည်။ သူက တရားရှင်ပဲ။ တရားထူးရထားသူပဲ။ ဤလိုသူမျိုးက ဤမျှလောက် ဒေါသတွေမိုးမွှန်ပြီး လက်ရောက်ကျူးလွန်နေမိသည်မှာ ဖြစ်သင့်ဖြစ်ထိုက်ပါသလော၊ လုပ်သင့်လုပ်ထိုက်ပါသလော။ ထိုအသိနှင့် သူ ချောက်လည်းချောက်ချား၊ ထိတ်လည်းထိတ်လန့် ဖြစ်သွားမိခြင်းဖြစ်သည်။

သို့သော် သူက ရှိပြီးသား ဗဟုသုတနှင့်အတူ ယောနိသောမနသိကာရကို ချက်ချင်းဆိုသလို နှလုံးသွင်းမိပြီးသားဖြစ်သွားသည်။ ဒါက ဖြစ်နိုင်သေးသော၊ ဖြစ်တတ်သေးသော အနေအထားပင်ဖြစ်သည်။ ဘာကြောင့်ဆို မိမိက အောက်မဂ်အောက်ဖိုလ်မျှသာရသေးသည်။ အငယ်တန်း သူတော်ကောင်းမျှသာဖြစ်သေးသည်။ ဤအဆင့်ဖြင့် ဤအမှုမျိုးကို ကျူးလွန်မိသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်သည်။ စသဖြင့် သူက ကိုယ့်ကိုယ်ကိုယ် 'ကာ'တွေးတွေးရင်း ဖြေသိမ့်မှုကိုတော့ ရအောင်ယူလိုက်နိုင် လေသည်။

***

မကြာမီ ရပ်ကွက်အတွင်းရှိ သာရေးနာရေးဓမ္မာရုံတွင် အကျိုးတော်ဆောင်တစ်ဦးအဖြစ် သူ အရွေးချယ်ခံရသည်။ ဒါသည်လည်း မဟာပြောင်းလဲမှုကြီး၏ အကျိုးရလဒ်ပင်ဖြစ်သည်ဟု သူက ရှုမြင်သည်။ ယခင်ကဆိုလျှင် ဤရပ်ကွက်လူကြီးပိုင်းကို ဝင်ရောက်နိုင်ဖို့ မဆိုထားနှင့် အနားသို့ပင် သီနိုင်ဖို့မလွယ်။ ခုလို အချိန်တိုအတွင်း

လူရိုသေရှင်ရိုသေ ဖြစ်လာရသည်မှာ သူ့ 'တရားထူး'၏ စွမ်းအားပင် ဖြစ်သည်ဟု တစ်ထစ်ချမှတ်ယူသည်။

သို့နှင့် ဓမ္မာရုံ၏ဆွမ်းချက်ဆောင် တိုးချဲ့ဆောက်လုပ်ရေး စီမံချက်ကို ရေးဆွဲကြသောအခါ ငွေရေးကြေးရေးကဲ့သို့ အရေးကြီးသည့် အပိုင်းကိုပါ သူ အပ်နှင်းခံရပြန်သည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ခိုင်မာနေပြီဖြစ်သည့်အတွက် သူကလည်း ဤတာဝန်ကို ရဲဝံ့စွာယူခဲ့သည်။ ယူခဲ့သည့်အတိုင်းလည်း ပိုင်ပိုင်နိုင်နိုင် ထမ်းဆောင်နိုင်ခဲ့သည်။

သို့သော် ဆွမ်းချက်ဆောင်ပြီးစီး၍ စာရင်းဇယားတွေကို စိစစ်တွက်ချက်ကြည့်လိုက်သောအခါ အံ့ဩစရာတစ်ခုနှင့် သူကြုံတွေ့လိုက်ရသည်။ အခြားမဟုတ်။ သူ့လက်ထဲ၌ ငွေပိုတွေ အများကြီး ကျန်နေခဲ့ခြင်းဖြစ်သည်။ သိန်းနှင့်ချီပြီး ငွေတွေပိုနေခဲ့ခြင်းဖြစ်သည်။ အံ့ဩခြင်းနှင့်အတူ ဘာကြောင့်ဒီလိုဖြစ်ရပါလိမ့်ဟု သူတွေးသည်။ နောက်တော့မှ အဖြေက တဖြည်းဖြည်းပေါ်လာသည်။ လက်သမားလုပ်ငန်း၊ ပန်းရန်တို့မှ အတိုင်းအထွာနှင့် အချိုးအစားဆိုင်ရာ ကွဲလွဲချက်များမှတစ်ဆင့် ဤငွေများ ပိုလာရခြင်းဖြစ်သည်။ ဥပမာ-အမိုးအတွက် သွပ်တစ်ချပ်နှင့်တစ်ချပ် သုံးမြောင်စီထပ်၍ စီးမိုးသွားရန်ဖြစ်သော်လည်း လက်သမားဆရာက တစ်မြောင်းစီသာ ယူပြီး သံရိုက်သွားမည်။ ဤမှာပင် သွပ်နှစ်မြောင်းစာအတွက် အလိုလို ပိုပြီးသားဖြစ်သွားမည်။ အလားတူပင် သစ်၊ သံ၊ ထုံး၊ ဘိလပ်မြေတို့က အစ ထိုကဲ့သို့လွဲကာ အပိုအလျှံတွေ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မည်သို့ဆိုစေ ဓမ္မာရုံကတော့ ပြီးစီးသွားလေပြီ။ အပ်နှံထားသည့် အချိုးအစားအတိုင်းလည်း ပြည့်မီအောင် ဆောင်ရွက်ပြီးသွားလေပြီ။ စာရင်းကိုလည်း ကြိုက်သလိုစစ်၊ အစစ်ခံနိုင်လေပြီ။ သို့သော် အဲသည်



ပိုငွေလိုငွေကိစ္စနှင့်ပတ်သက်ပြီး သူ့မှာက အံ့ဩစရာကောင်းလောက်အောင် ပြတ်သားမှုမရှိဘဲ တွေတွေဝေဝေဖြစ်နေမိသည်။ ချီတုံချတုံ ဖြစ်နေမိသည်။

သို့နှင့် သည်အကြောင်း မိန်းမဖြစ်သူကို အလုံးစုံဖွင့်ပြောပြီး တိုင်ပင်ကြည့်တော့ မိန်းမဖြစ်သူက ဒက်ခနဲဆိုသလိုပင် ဆုံးဖြတ်ပေးလာသည်။

"တော် ဘာကြောင်နေတာလဲ၊ ဒီပိုက်ဆံက ဘာပြန်အပ်နေစရာလိုသလဲ၊ ကိုယ့်တာဝန်လည်း ကျေပြီပဲဟာ၊ သူတို့ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း၊ အရည်အသွေးလည်း ပြည့်မီနေတာပဲဟာ၊ ပိုတာကိုယ်သုံးပစ်လိုက်ဖို့ပဲရှိတာပေါ့၊ တော့်ကို ဘယ်သူကမှ လာပြီး အရေးယူစရာမရှိဘူး"

ဒါလည်း ဟုတ်သည်။ အားလုံးက သပိတ်ဝင်အိတ်ဝင် ကိစ္စငြိမ်းပြီးသားတွေ၊ အမှုသိမ်းပြီးသားတွေချည်းဖြစ်သည်။ ဘာမျှမှုနေစရာမလို။ တစ်ခုသာရှိသည်။ ကိုယ်လို တရားထူးရပြီးသားလူတစ်ယောက်က ဤကဲ့သို့ ပြုလုပ်လိုက်ပါက အပ်မှအပ်စပ်ပါ့မလား၊ သင့်မှသင့်တော်ပါ့မလားဟု ထုံးစံအတိုင်း နှိုးဆော်ချက်က သူ့ခေါင်းထဲမှာ ပေါ်လာခဲ့ခြင်းဖြစ်သည်။ သို့သော် ဤသံသယကိုလည်း သူက ယောနိသောမနသိကာရဖြင့်ပင် ချေဖျက်ပစ်လိုက်သည်။ ဒါ ကိုယ်ခိုးတာမှမဟုတ်ဘဲ။ ကိုယ်အကြံအဖန်လုပ်တာမှ မဟုတ်ဘဲ။ ကံအားလျော်စွာ သူ့အလိုလိုဖြစ်ပေါ်လာသည့်ကိစ္စပဲ။ ဒါကို မိမိက ဘာမျှ ငြိုငြင်နေစရာမလို၊ စိုးရွံ့နေစရာမလို။ ထိုဆုံးဖြတ်ချက်နှင့်ပင် သူက ထိုငွေများကို မိန်းမလက်ထဲ ထိုးထည့် ပေးထားလိုက်တော့သည်။

ဆွမ်းချက်ဆောင်အတွက် ရေစက်ချပွဲပြုလုပ်ကြသောအခါ သူက ငွေစာရင်းရှင်းတန်းကို ထုတ်ပြန်ပေးလိုက်သည်။ အတည်ကြည်ဆုံး

မျက်နှာနှင့်အတူ မျက်မှန်ကို တဝင့်ဝင့်လုပ်ကာ သူက ရှင်းလင်းပြနေသည်။ အရေးထဲ သူ့ဗိုက်ထဲမှ တရားထူး တစ်ချက်တစ်ချက် ခေါင်းထောင်ထလာကာ -

"ဟော့ကောင်. . . မင်းလွဲနေပြီနော်၊ မင်း မဟုတ်သေးဘူးနော်" ဟု ဝင်ဝင်ပြီး သတိပေးနေသေးသည်။ သူက ထိုစိတ်ကို ကြိုးစား ပယ်ဖျောက်ကာ ငွေစာရင်းကို အပိုအလိုမရှိ ကွက်တိပင် ထုတ်ပြန်ပေးလိုက်သည်။

***

မှတ်မှတ်ရရ။ သူ ရိပ်သာမှထွက်လာပြီး တစ်လတိတိ ပြည့်မြောက်သောနေ့တွင်ဖြစ်သည်။ ထိုနေ့က စက်ဘီးတစ်စီးဖြင့် အိမ်မှထွက်လာခဲ့သည်။ ထွက်လာရသည့်အကြောင်းက ပျိုးဥယျာဉ်သို့ သွားရန်ဖြစ်သည်။ ပျိုးဥယျာဉ်တွင် နှင်းဆီပျိုးပင်သစ်များ ရောက်နေသည်ဟု သိရသည်။ ခြံထဲတွင် စိုက်ရန်အတွက် လိုအပ် သလောက် ဝယ်ယူမည်။

ပျိုးဥယျာဉ်အနီး ခရေပင်တန်းကိုရောက်တော့ သူ မြင့်မြင့်သော်နှင့် ရင်ဆိုင်တိုးမိသည်။ မြင့်မြင့်သော်ကလည်း စက်ဘီးတစ်စီးနှင့် ဖြစ်သည်။ တွေ့တွေ့ချင်း တိုင်ပင်ထားသလို စက်ဘီးများပေါ်မှ ဆင်းလိုက်ကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း အပြန်အလှန် စိမ်းစိမ်းစားစား ကြည့်နေမိကြသည်။ ပြီးတော့မှ မြင့်မြင့်သော်က မျက်နှာကိုမဲ့ရွဲ့ကာ ခနဲ့သံဖြင့် စကားဆိုလာသည်။

"ဘယ်လိုလဲ ကိုယ်တော်ချော၊ ပျောက်ချက်သားကောင်းလှချည်လား၊ ခုတော့ ငယ်ပေါင်းကြီးဘေးက မခွာနိုင်တော့ဘူးပေါ့လေ"

"ဒီ. . . ဒီလို မဟုတ်ပါဘူးဟာ နင်ကလဲ၊ ငါ အခုတလော အလုပ်တွေများနေလို့ပါ"



သူ့အသံတွေက ငြိမ်သက်ဖြောင့်တန်းခြင်းမရှိ။ ပြောရလျှင် သူ့နှလုံးသားကပါ ငြိမ်သက်ခြင်းမရှိ။ တဒိန်းဒိန်း ခုန်နေသည်။ တဆတ်ဆတ်တုန်နေသည်။

"မသိပါဘူး၊ ကျွန်မတို့ဘက်ကို အရိပ်အယောင်တောင် လာပြဖော်မရတော့ လူကို လုံးလုံးမေ့သွားပြီလားလို့ပါ"

"မမေ့ပါဘူးဟာ၊ မမေ့ပါဘူး၊ ငါ နင့်ကို သတိရပါတယ်"

ဟုတ်သည်။ မြင့်မြင့်သော်လို မိန်းမမျိုးကို သည်စကားမျိုးဖြင့်သာ တုန့်ပြန်ရမည်။ သည့်အတွက် တကယ်လည်း ထိုက်တန်မှုရှိသည်။ ခုကြည့်။ သည်မိန်းမက သူ့အတွက် အင်အားပြင်းသော နှိုးစက်တစ်လုံးဖြစ်နေလေပြီ။ မချင့်မရဲနှင့်မျက်လုံးတွေ၊ စွတ်စိုသည့် နှုတ်ခမ်းတွေ၊ တအိအိလှိုင်းထနေသော၊ ရှုန်းကြွနေသော ကိုယ်လက် ဖွံ့စည်းပုံတွေ၊ ဒါတွေအားလုံးက နှိုးစက်၏အစိတ်အပိုင်းတွေပဲ ဖြစ်သည်။

"ဒါဖြင့် ခုရော အားသလား၊ အိမ်မှာ ဘယ်သူမှ မရှိဘူး"

ထိုစကားက သူ့ရင်ကို ပို၍ပြောင်းဆန်သွားစေသည်။ တကယ်တော့လည်း ထိုအဖြစ်က အခုမှမဟုတ်ပါ။ မြင့်မြင့်သော်နှင့်တွေ့ တိုင်း သူမှာ ပြောင်းဆန်ခဲ့ရမြဲ၊ မွှန်ထူခဲ့ရမြဲပင်။ ပို၍ ရှင်းအောင် ဆိုရလျှင် အိမ်ကမိန်းမ ဗိုက်ပူမကြီးကြောင့် အမြဲတစေ အေးစက် နေရ၊ ခြောက်သွေ့နေရသော သူ၏ ၃၂ ကောဋ္ဌာသတွေက မြင့်မြင့်သော်နှင့်တွေ့တော့မှသာ သွက်လက်လာရ၊ ထက်မြက်လာရသည်ပင်။ သည်အဖြစ်က ကာလအားဖြင့်လည်း နည်းနည်းတော့ ကြာခဲ့ချေပြီ။ သူတို့ဇာတ်လမ်းက နှစ်နှစ်နီးပါးလောက်ပင် ရှိပြီထင်သည်။

မြင့်မြင့်သော်က လှသည်၊ တောင့်သည်၊ ဖြောင့်သည်။ ပြီးတော့ တစ်ခုလပ်လည်း ဖြစ်သည်။ ထိုမျှနှင့်ပင် ထိုမိန်းမမျိုး ရမ္မက်ကြီး

တတ်ပုံက သရုပ်ပေါ်ပြီးဖြစ်သည်။ သူ (အောင်သွင်) ကလည်း ခေသူမဟုတ်။ ခေသူမဟုတ်လို့လည်း ချိတ်ချိတ်ချင်း ချိတ်မိခဲ့ကြခြင်းဖြစ်သည်။ သူတို့ကို ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ခံတွင်းပျက်ဟူသော စကားပုံနှင့်ပင် ခိုင်းနှိုင်းရလေမည်လား မသိပေ။

ယခုပင်ကြည့်။ မတွေ့တာကြာသည်နှင့်အမျှ နှစ်ဦးသားမှာ ဝေဒနာတွေက ပို၍ ထကြွလာနေမိကြသည်။ ကိုယ်တွင်း ပိုးတွေက နှစ်ဆတိုးပြီး အစာတောင်းလာနေကြသည်။ မြင့်မြင့်သော်ကပင် ဇာတ်လမ်းပြန်စဖို့ ကန့်လန့်ကာကို ဖွင့်ပေးလာခဲ့ပြီ။ အခု အားတယ်မို့လားတဲ့၊ အိမ်မှာ လူရှင်းတယ်တဲ့။

သူ လာရင်းကိစ္စကို မေ့သွားသည်။ ဆာလောင်ခြင်းများစွာနှင့်အတူ တောင်မြောက်လေးပါးကို တစ်ချက်အကဲခတ်ကာ မြင့်မြင့်သော်ကို စကားပြန်ဖို့ ပါးစပ်ဟလိုက်မိသည်။ သို့သော် ထိုအချိန် မှာပင် 'ဟေ့. . . နေဦး' ဟူသော အသံနှင့်အတူ တရားထူးက သူ့ရှေ့တည့်တည့်မှာ ဘွားခနဲပေါ်လာသည်။ သူ့ကိုလည်း လက်ညှိုးထိုး၍ ပြောလိုက်သည်။

"ဘယ်လိုလဲ၊ မင်းကျူးလွန်တော့မလိုလား၊ ဒီအမှုမျိုးဟာ မင်းလို တရားထူးရတဲ့သူ မဆိုထားနဲ့ သာမန်ပုထုဇဉ်တွေတောင် ရှောင်ကြဉ်သင့်ကြောင်း ပညတ်ထားတယ် မဟုတ်လား"

သူတစ်ချက် ထိတ်ခနဲဖြစ်သွားသည်။ ခပ်တွန့်တွန့်လည်း ဖြစ်သွားသည်။ သို့သော် သူ့ဝမ်းထဲမှ 'ဆင်ခြေ'ဆို သည့်အကောင်ကလည်း ထပ်ချပ်လိုက်ပါလာကာ ချက်ချင်းပင် ပြန်ထောက်ပြလိုက်သည်။

"ဒါကို ကိုယ်ကစပြီး ကျူးလွန်တာမှ မဟုတ်တာ၊ မြင့်မြင့်သော်က ခေါ်လို့သာ ကိုယ်ကနောက်ကလိုက်ရတဲ့အဖြစ်ပဲ၊ ပြီးတော့ မြင့်မြင့်သော်က ကာမပိုင်မှ မရှိတာ၊ ကာမေသုမိစ္ဆာစာရကံ ထိုက်စရာအကြောင်း ဘာမှမရှိဘူး"



တရားထူးက အလျှော့မပေးပါ။ သူ့ကို ပြန်ပြောသည်။

"ဟေ့ကောင်. . . သူ့မှာ ကာမပိုင်မရှိပေမယ့် အုပ်ထိန်းသူ တော့ ရှိတယ်မဟုတ်လား၊ အုပ်ထိန်းသူနဲ့မကင်းတဲ့ မိန်းမအမျိုးပေါင်း ၂၀ တောင်ရှိတယ်၊ အဲဒီအထဲက ဘယ်သူ့ကိုမဆို သွားပြစ်မှားမိရင် ကာမေသုမိစ္ဆာစာရကံ ထိုက်တယ်ကွ"

ထိုအချက်ကိုလည်း ချေဖျက်စရာစကားက သူ့မှာရှိပြီးသားပင်။ မဆိုင်းမတွ ပြန်ပြောလိုက်သည်။

"ကံထိုက်တယ်ဆိုပေမယ့် အပါယ်ကျအောင်တော့ ဘယ်တွန်းချနိုင်မလဲဗျ၊ သောတာပန်ဆိုတာ ဒေါသတွေအချောင်းချောင်း ရှိသေးတယ်၊ လောဘတွေ အချောင်းချောင်းရှိသေးတယ်၊ အပြစ်တွေ အများကြီးရှိသေးတယ်၊ ပုထုဇဉ်နဲ့ သိပ်မကွာဘူး၊ 'အရှုံး'လေးပုံပုံရင် တစ်ပုံလောက်ပဲ သက်သာသေးတယ်လို့ ဆိုထားတယ်မဟုတ်လား၊ ခုကိစ္စက ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့ကိစ္စ၊ ကြိုတင်ကြံစည်ထားခြင်းမရှိဘဲ ဖြုန်းခနဲ ဖြစ်ပေါ်လာတဲ့ကိစ္စပဲ၊ ကျုပ်ကို ဘာမှ အဆိုးဆိုစရာမရှိဘူး"

တရားထူးက လှောင်ပြုံးပြုံးသည်။ သရော်တော်တော် အကြည့်မျိုးဖြင့်လည်း ကြည့်သည်။ ပြီးတော့ ထပ်ပြောပြန်သည်။

"ဒီလိုပါပဲ၊ လူတွေက ကိုယ်လုပ်သမျှကို ကိုယ့်ဘာသာကာကွယ်ပြီး အမှန်လုပ်နေကြတာပါပဲ၊ ဒါပေမဲ့ သေမင်းတံခါးဝရောက်ရင်တော့ အဖြေအားလုံး ပေါ်လာတာပါပဲ၊ အပြစ်ဟာ အပြစ်အတိုင်းသွားတာပါပဲ"

ထိုအခိုက် မြင့်မြင့်သော်က နှုတ်ခမ်းကိုစူကာ ခြေတစ်ဘက်ကို ဆောင့်လိုက်သည်။ စိတ်မရှည်ဟန်ဖြင့်လည်း သူ့ကို ပြောလိုက်သည်။

“ကဲ. . . ဘာလုပ်နေတာလဲ၊ လိုက်မှာလား မလိုက်ဘူးလား ပြော၊ မလိုက်ရင် သွားတော့မယ်”

ပြောပြီး တကယ်သွားတော့မည့်ဟန်ပြုသည်။ သူစိုးရိမ်သွားသည်။ ပျာယာခတ်သွားသည်။ မြင့်မြင့်သော်စက်ဘီးကို လှမ်းဆွဲထားလိုက်ရသည်။ ပြီး ယခုအခါတွင် သူတကယ်လုပ်မည့်အလုပ် ကို ပိုင်ပိုင်ဆုံးဖြတ်ပြီးသားဖြစ်နေပြီမို့ ထိုစကားကိုပင် မြင့်မြင့်သော် နားကပ်ပြီး ခပ်တိုးတိုးပြောလိုက်တော့သည်။

“ဘယ်လိုဖြစ်နေတာလဲ၊ ငါ လိုက်မှာပေါ့ဟ၊ သူများတွေ မြင်ကုန်လိမ့်မယ်၊ နင် ရှေ့ကသွားနှင့်၊ ငါ နောက်က ခပ်ခွာခွာလိုက်ခဲ့မယ်”

မြင့်မြင့်သော်က ခေါင်းတစ်ချက် ညိတ်သည်။ စက်ဘီးပေါ် သို့လည်း တက်လိုက်သည်။ ထို့နောက် တအိအိထွက်ခွာသွားသည်။ သူ ဘေးဘီကို တစ်ခါထပ်ပြီးကြည့်သည်။ မြင့်မြင့်သော် အတော်ဝေးဝေး ရောက်သွားပြီဆိုတော့မှ သူက အသာလိုက်သွားရန်ပြင်လိုက်သည်။

အဲ-တစ်ခုတော့ကျန်သေးသည်။ သူ့အတွေး၊ သူ့အလုပ်၊ သူ့ခံယူချက် မှန်ကန်ကြောင်းကို ထပ်ဆင့်ဖွင့်ပြဖို့ လိုသေးသည်။ သူ့ရပ်တည်ချက်၊ သူ့အယူအဆတွေ ခိုင်မာကြောင်း၊ ယုတ္တိရှိကြောင်းကို သက်သေသက္ကာရနှင့် ထောက်ပြဖို့လိုသေးသည်။ သို့နှင့် သူက တရားထူး၏မျက်နှာကို စေ့စေ့ကြည့်ကာ -

“ဒီမယ်. . . ကျုပ်ဟာ ကျုပ်ရထားတဲ့ တရားအဆင့်ကနေ ဘယ်တော့မှ မလျော့ကျနိုင်ဘူး၊ လျော့ကျစရာလည်း အကြောင်း မရှိဘူး၊ ဘုရားက ဟောထားပြီးသားပဲ၊ သောတာပန်ဆိုတာ ဒိဋ္ဌိနဲ့



ဝိစိကိစ္ဆာကိုပဲ ပယ်တယ်၊ ကျန်တာ ဘာမှမပယ်သေးဘူး၊ ဒါဟာ နဂိုကတည်းက ရှင်းနေပြီးသားအဖြေပဲ၊ ဒီတော့ မပယ်နိုင်သေးတာကို မဖယ်နိုင်သေးတာဟာ သဘာဝပဲ၊ ဒါပဲ”

ဟူ၍ သူ၏နောက်ဆုံးတိုက်ကွက်ကို ဖွင့်ထုတ်လိုက်ပြီးနောက် သူက စက်ဘီးပေါ် တက်ကာ မြင့်မြင့်သော် နောက်သို့ ကုပ်ချောင်းချောင်းဖြင့် အသာလိုက်သွားလိုက်တော့သည်။

◆◆◆

## လောကမှာ နောင်တသမားတွေကသာများ

ကျော်ဝင်းတို့ လျှုတော့မည်ဆိုသည့်သတင်းက ရွာရိုးတစ်လျှောက် ပျံ့နှံ့လျက်ရှိသည်။ ဤသတင်းကိုကြားလျှင်ကြားချင်း ဘကြီးထွန်းသောင်းက ကျော်ဝင်းတို့ လင်မယားကိုခေါ်တွေ့သည်။

“ဟဲ့. . . ငကျော်၊ နင် လှူတော့မယ်ဆို၊ နင့်သားတွေချည်းပဲလား”

“ဟုတ်တယ် ဘကြီး၊ အိမ်ကကောင်တွေချည်းပဲ၊ ပထမတော့ အုန်းသိန်းတို့၊ ထွန်းစောတို့ကပါ ပါခွင့်တောင်းလာတာကို ပါခွင့်ပေးလိုက်ဦးမလို့ပဲ၊ နောက်တော့ သူများနဲ့ပေါင်းလုပ်ရတာ ဇယားများတယ်၊ ပြဿနာရှုပ်တယ်ဆိုပြီး အပါမခံတော့ဘူး၊ ကိုယ့်ဘာသာပဲလုပ်တော့မယ် ဘကြီး”

“အေး၊ ကောင်းတယ်၊ နေရာကတော့ နင့်အိမ်မှာပဲလား”

“ကျွန်တော့်အိမ်က ချောင်ကျနေတယ်၊ လမ်းကလည်းမသာဘူး၊ ဒါနဲ့ သန်းခင်တို့အမေအိမ်မှာပဲလုပ်ဖို့ လျာထားလိုက်တယ် ဘကြီး၊ အဲဒီမှာက နေရာသင့်တယ်၊ ကျယ်ကျယ်လွင့်လွင့် ရှိတယ်၊ မဏ္ဍပ်ကို အဲဒီမှာပဲ ထိုးလိုက်တော့မယ်”





“မဏ္ဍပ်တွေနဲ့ ဘာနဲ့ဆိုတော့ နင့်အလှူက သူများတွေလိုပဲ ခပ်ကျယ်ကျယ်ထဲကပဲပေါ့”

ထိုစကားကို ဘကြီးထွန်းသောင်းက တွေးတွေးဆဆနှင့် ခပ်ဖြည်းဖြည်းပြောလိုက်ခြင်းဖြစ်သည်။ ဒါကိုပင် ကျော်ဝင်းနှင့် သန်းခင်တို့က ဘူးလုံးနားမထွင်းဖြစ်သွားပြီး ဘကြီးဖြစ်သူကို ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဘကြီးထွန်းသောင်းကပင် -

“ငါက ဒီလိုပြောမလို့ပါ၊ နင့်သားတွေကို ရှင်တိတ်ကလေးလောက်နဲ့တင် လုပ်လိုက်ရင်မကောင်းဘူးလား၊ ရှင်တိတ်ဆိုတော့ တိတ်တိတ်ဆိတ်ဆိတ်၊ အေးအေးဆေးဆေးနဲ့ပဲ အကျဉ်းရုံးပြီးသားဖြစ်သွားတာပေါ့။ နင့်သားတွေကို အိမ်မှာပဲ ဆံချ၊ ပြီးတော့ ပိတ်ဖြူဝတ်၊ ရွှေထီးမိုးပြီး ကျောင်းသွား သင်္ကန်းဝတ်ခိုင်းလိုက်ရုံပဲလေ၊ ကိုယ့်ရပ်သူရွာသားတွေအတွက် အိမ်မှာပဲ ဧည့်ခံကျွေးမွေးနိုင်တာမို့ မဏ္ဍပ်ကြီးတွေဘာတွေလည်း မလိုတော့ဘူးပေါ့ကွာ”

ထိုစကားကို အချိန်မဆိုင်းဘဲ ကန့်ကွက်လိုက်သူက သန်းခင်။

“ရှင်တိတ်ကြီးတော့ မလုပ်ချင်ပါဘူး၊ ချောက်ကပ်ကပ်နဲ့၊ တစ်သက်မှာ တစ်ခါလေးပဲ လှူရတဲ့ဥစ္စာ စိုစိုပြည်ပြည်၊ စည်စည်ကားကားလေးတော့ ဖြစ်ချင်တယ် ဘကြီး”

မယားဖြစ်သူစကားကို လင်ဖြစ်သူက တင်းပြည့်ကျပ်ပြည့် ထောက်ခံသည်။

“ဟုတ်တယ် ဘကြီး၊ ရှင်တိတ်ကတော့ တော်ပါပြီ၊ ကိုယ့်မှာလည်း အခက်အခဲတွေ၊ အကျပ်အတည်းတွေကြားထဲက လုပ်ရတဲ့အလှူမျိုးမှမဟုတ်ဘဲ၊ သူများကဲ့ရဲ့မှာ၊ နှာခေါင်းရှုံ့မှာတော့ မခံချင်ဘူး ဘကြီးရာ”

ဘကြီးထွန်းသောင်က သက်မကြီးတစ်ချက်ကို ချသည်။ ပြီးတော့ သူ့မူကိုလည်း သူ့ဘာသာ ပြန်ရုပ်သိမ်းလိုက်ရတော့သည်။

"မင်းတို့ အဲဒါ ခက်တာပေါ့ကွ၊ နားလည်း မလည်ဘဲနဲ့၊ အေးလေ- မင်းတို့သဘောပါပဲ၊ မင်းတို့ဇာတ် မင်းတို့နိုင်ရင် ပြီးတာပါပဲ၊ ကန်တော့ခံမယ့်နေ့တော့ ငါလာခဲ့ပါ့မယ်၊ အဝင်နေ့နဲ့ ပွဲကြီးနေ့ကိုတော့ ငါ့အိမ်မှာပဲ အေးအေးဆေးဆေး နေပါရစေ၊ ခုတလောငါလည်း သိပ်နေလို့မကောင်းချင်ဘူးကွာ"

***

ကျော်ဝင်းတို့ လင်မယားက အိမ်ပြန်လာသည်။ အိမ်ရောက်တော့ အသင့်စောင့်ကြိုနေကြသော အလှူဖြစ်မြောက်ရေးအသင်းအပင်းတွေနှင့် ဆက်ပြီးတိုင်ပင်ရပြန်သည်။ ဘကြီးထွန်းသောင်းအကြံပေးသည့် ရှင်တိတ်အကြောင်း ကျော်ဝင်းက ပြောပြမိတော့ အလှူချက်ပြုတ်ရေးတာဝန်ခံ မင်းမောင်က ချက်ချင်း ရှုတ်ချစကားဆိုသည်။

"အလကားအဘိုးကြီးပါကွာ၊ ဘာရှင်တိတ်လဲ၊ ကိုယ့်တူကိုယ့်သားတစ်ယောက်ရဲ့ အလှူကို သူမို့လို့ ကိုးအိမ်ဆယ်အိမ်လောက်နဲ့ ပြီးချင်တယ်၊ ဒီမှာ ကျော်ဝင်း၊ မင်းအလှူက ခုကတည်းကကို နာမည်ကျော်နေပြီသိရဲ့လား၊ ဟိုဘက်ကမ်းက ပေါက်မြိုင်တို့၊ တော်လှတို့၊ ရေကျော်လေးတို့အထိ သတင်းတွေပျံ့နေပြီ၊ သူတို့ဆီကိုပါ ဖိတ်စာမပို့လို့ မကောင်းဘူးထင်တယ်၊ မင်း ဘယ်လိုသဘောရလဲ"

မင်းမောင်စကားကို ကျော်ဝင်းက -

"ဒီလိုကြားရတဲ့အတွက် ငါ ဝမ်းသာပါတယ်၊ ပုဗ္ဗ၊ မုဥ္စ၊ ပရစေတနာ ဆိုသလို မလှူခင်ကတည်းက ကြိုတင်ဝမ်းသာရတဲ့



အတွက် ဒါနမြောက်ပါတယ်၊ ဒါပေမဲ့ ဖိတ်စာတွေတိုးလိုက်ရင် ငါ တတ်နိုင်တဲ့ အနေအထားနဲ့ လောက်ငမှု ရှိမရှိဆိုတာကို ချင့်ချိန်ရသေးတယ်ကွ မင်းမောင်ရ"

"ဒါလေးများ ကျော်ဝင်းရာ၊ ဘယ်လောက်များ ပိုကုန်သွားမှာမို့လို့လဲ၊ အခု ငါ မှန်းထားတာ ဟင်း ၈၀ ကွာ၊ နောက်ထပ် ၂၀ လောက် တိုးတယ်ပဲထား၊ စုစုပေါင်းမှ ဝက်သား ၁၀၀ ပိုပိုလောက်ပဲကုန်မယ်၊ ဒီထက်မပိုဘူး၊ ဒါမှ လိုသေးတယ်ဆိုရင်လည်း လိုသလောက်ကို ကျောက်ဖရုံသီးနဲ့ပဲ အဆင်ပြေအောင် ဖြည့်လိုက်မယ်ကွာ၊ ကိုင်း- ပြီးရော မဟုတ်ဘူးလား"

"အေးပါကွာ၊ ဒါဆိုလည်း ပြီးတာပါပဲ၊ ဖိတ်စာဝေမယ့် သိန်းရင်တို့အဖွဲ့ကို စောင်ရေတိုးဖို့ ပြောလိုက်ရုံပေါ့"

ကျော်ဝင်းက ပျော်နေသည်။ သန်းခင်က ရွှင်နေသည်။ အလှူအတွက် လိုအပ်သမျှကို တိုင်ပင်သင့်၊ ညှိနှိုင်းသင့်သူတွေနှင့် တိုင်ပင်ညှိနှိုင်းရင်း နှစ်ယောက်စလုံး မမောနိုင်၊ မပန်းနိုင်အောင် ဖြစ်နေကြသည်။ တကယ်တော့လည်း တိုင်ပင်ညှိနှိုင်းသည် ဆိုသည်ထက် သူများပေးလာသည့် အကြံဉာဏ်၊ သူများတင်ပြလာသည့် အစီအစဉ်တွေကို သူတို့က ဒိုင်ခံလိုက်လျောပေးနေခြင်းသာဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း ဖိတ်စာတိုးဖို့ကိစ္စကိုလည်း သူတို့က လက်ခံသည်။ တစ်ခါ မဏ္ဍပ်ကန်ထရိုက်က ယခင်လျာထားချက်ထက် ပိုမိုကာ ခပ်ကြီးကြီးခပ်ကျယ်ကျယ် ပြင်ဆင်ခြယ်သဖို့အရေး တင်ပြလာသည်ကိုလည်း သူတို့က ခေါင်းညိတ်လိုက်သည်ပင်။ နောက်ပြီး ရွှေထီးတို့၊ မောင်ရှင်လောင်းဝတ်စုံတို့ကအစ အလှူကြီးနှင့်လိုက်ဖက်စေရန် အကောင်းစားများကိုသာ ပြောင်းလဲငှားရမ်း

ဖို့အရေး ဆန္ဒပြုလာကြသည်ကိုလည်း သူတို့က ချက်ချင်းဆိုသလို ‘ဟုတ်ကဲ့’ လိုက်ကြသည်သာ။

သည်လိုနှင့် မိုးချုပ်တော့မှပင် အိမ်၌ လူစဲသွားတော့သည်။ သူတို့လင်မယားနှစ်ယောက်လည်း ထိုအခါမှပင် အနားယူရတော့သည်။ သို့သော် ညပိုင်းရောက်တော့ နောက်ဆက်တွဲကဏ္ဍတွေက ထပ်မံပြီး တက်လာပြန်သည်။ သည်တစ်ခါတော့ ပြောကိစ္စ၊ ဘိသိက်ကိစ္စဖြစ်သည်။ ကျော်ဝင်း တာဝန်ပေးထားသူက နာမည်ကြီးဥသျှစ်ပင်ပြောအဖွဲ့ကို ရက်ချိန်းသတ်ပြီး ငှားယူနိုင်ခဲ့ပုံနှင့်၊ မြို့ပေါ် မှနိုင်ငံကျော်ရွှေတံဆိပ်ရ ဘိသိက်ဆရာ ဆရာမွှေးကို ပွဲစိတ်နေသည့်ကြားမှ ကြေးတိုးပေးကာ မရရအောင် ငှားယူနိုင်ခဲ့ပုံများအားပြန်လည်၍ သတင်းပို့သည်။ ထုံးစံအတိုင်း ကျော်ဝင်းတို့ လင်မယားက ခေါင်းတညိတ်ညိတ်ပင်။

ပြောနှင့်ဘိသိတ်သမား ပြန်သွားပြီးနောက် နောက်တစ်ဦးက တက်လာပြန်ရာ သူကတော့ ကျေးရွာတီးဝိုင်းမှ ကြေးတီးဘဖေပင်ဖြစ်သည်။ ဘဖေကလည်း သူနှင့်ပတ်သက်သောကဏ္ဍကို တက်ကြွပြီး စိတ်အားထက်သန်စွာပင် တင်ပြနေပြန်သည်။

“ဟကောင် ကျော်ဝင်းရ. . . မင်းအစီအစဉ် ပြောင်းဦးမှဖြစ်မယ်ထင်တယ်ဟ၊ ဟို စိန်ဗိုလ်ခိုင် ဆိုင်းအဖွဲ့ကိစ္စလေ”

“အေး၊ အဲဒါ ဘာဖြစ်သလဲ၊ ဘာတွေ ပြောင်းရမှာလဲ”

“ဒီလိုကွ ကျော်ဝင်းရ၊ ပထမ စီစဉ်ထားတာက စိန်ဗိုလ်ခိုင်ဆိုင်းအဖွဲ့ကို အဝင်ညတစ်ချီနဲ့ ပွဲကြီးနေ့တစ်ချီပဲ ပွဲထွက်ပေးဖို့စီစဉ်ထားတာ မဟုတ်လား၊ ခု ရွာထဲက ကာလသား၊ ကာလသမီးအဖွဲ့က အလှူရှင်တွေကို ထပ်ပြီးတောင်းဆိုနေကြတယ်ကွ၊ ဆိုင်းအဖွဲ့ကို အဝင်နေ့ နေ့ပိုင်းမှာ တစ်ချီထပ်တိုးပြီး ဝင်ခိုင်းရင်ကောင်းမယ်တဲ့၊ သူတို့လည်း နည်းနည်းပါးပါး ဆိုချင်ဟဲချင်သေးတယ်တဲ့၊ ပွဲကြီးနေ့ကျတော့ ရှင်လောင်းလှည့်ရမှာနဲ့၊ ဧည့်ခံရမှာနဲ့ဆိုတော့ သူတို့က မအားတော့ဘူးလေ၊ ဒါကြောင့် သူတို့က အကြိုနေ့မှာ ပျော်ခွင့်လေးရချင်တယ် ဆိုတဲ့သဘောပေါ့ကွာ”

ဘဖေစကားကို ကျော်ဝင်းက စဉ်းစားနေသည်။ ဒါလည်း ဟုတ်တော့ဟုတ်သည်။ ရွာထဲမှာက ဖိုးဆိုချင်၊ မ ဆိုချင်တွေ အတော်များသည်။ ရွာမှာ ဘာပွဲလမ်းပဲလုပ်လုပ်၊ သူတို့က နည်းနည်းတော့ ဝင်ကဲလိုက်ရမှ ကျေနပ်ကြသူများဖြစ်သည်။ ခုကိစ္စတွင် လူငယ်များ၏ဆန္ဒအပြင် ဘဖေတို့ တီးဝိုင်းသမားများ၏ ပယောဂလည်း ပါရှိမည်မှာ မုချ။ သူတို့ကလည်း အလွန်တီးချင်၊ ခေါက်ချင်သူတွေဆိုတော့ စိန်ဗိုလ်ခိုင်နှင့် ပေါင်းကာ တစ်ပွဲတစ်လမ်းနွှဲလိုက်ချင်ကြသေးဟန်တူသည်။ လူငယ်တွေကို ဗန်းတင်ပြီး သူ့ဆန္ဒကိုကျတော့ ဘဖေက ရောင်တော်ပြန်နှင့်ရောလွှတ်ပေးလိုက်ခြင်းဖြစ်မည်။

သို့သော် ဒါကိုလည်း ကျော်ဝင်းက ငြင်းလို့မရပြန်။ ဘဖေပြောသည့်ဆန္ဒပြုလာသူ လူငယ်များထဲတွင် မိမိ၏ညီဖြစ်သူ အေးလွင်တစ်ကောင်လည်း ပါနေမည်မှာ သေချာသည်။ သည်ကောင်က ကျေးရွာ ဖိုးဆိုချင်တွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပြီးပြောမည်ဆို သည်ကောင်ကမှ သည်များထက်တောင် ပိုဆိုးသေးသည်။ ဆိုင်းတစ်ချီတိုးဖို့ကိစ္စ ကျော်ဝင်းကသာ ပယ်ချကြည့်လိုက်၊ သည်ကောင် အိမ်ကိုပေါက်လာပြီး ဂျီဂျောင်လုပ်မည်မှာ မြေကြီးလက်ခတ်မလွဲပေ။ သို့နှင့်ပင် သည်ကိစ္စကိုလည်း ကြာကြာတွေး

တောမနေတော့ဘဲ ဘဖေကို မီးစိမ်းပြပေးလိုက်သည်။ အဆိုကို လက်ခံပေးလိုက်သည်။

***

အလှူပွဲ အဝင်နေ့မတိုင်မီတစ်ရက်တွင် အလှူရှင်နှင့်ဆွေမျိုးသားချင်းများက ဘိုးဘွားမိဘ၊ လူကြီးသူမများကို ဝိုင်းဝန်းကန်တော့ကြသည်။ ထိုနေ့တွင် ဘကြီးထွန်းသောင်းက အလှူအိမ်သို့ ရောက်လာသည်။ သို့သော် ကန်တော့ခံပြီးနောက် ကြာကြာမနေဘဲ သူ့အိမ်သို့ပြန်သွားသည်။ ဘကြီးထွန်းသောင်းက နှယ်နှယ်ရရ မဟုတ်။ စာပေ ပရိယတ်ကို တော်တော်တတ်ကျွမ်းသည်၊ နားလည်သည်။ ပြီးတော့ သူ့အိမ်၌ အချိန်ရသလောက် တရားအားထုတ်နေသူလည်း ဖြစ်သည်။ ခုလို ကျော်ဝင်းအိမ်မှာ ရှုပ်ရှုပ်ထွေးထွေး၊ ဆူဆူညံညံဖြစ်နေပုံမျိုးက ဘကြီးထွန်းသောင်းနှင့် လားလားမျှ မကိုက်။

ပရိသတ်က အဝင်နေ့မတိုင်မီကို စပြီးရောက်လာနေကြသည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများနှင့် မိတ်သင်္ဂဟများပင်ဖြစ်သည်။ ထိုပရိသတ်များ တည်းခိုနေထိုင်ဖို့ကိုတော့ ရွာထဲက အိမ်တွေမှာပင် သင့်သလိုကြုံသလို နေရာချထားပေးလိုက်သည်။ သို့သော် အကျွေးအမွေးကိုတော့ အလှူအိမ်မှာပင် ခေါ်ယူကျွေးမွေးသည်။ ထမင်းကျွေးချိန်ရောက်သည်နှင့် ရွာတွင်းသို့ လောက်စပီကာဖြင့် ကြေညာဖိတ်ခေါ်ပေးသည်။ ကျွေးမွေးသည့် ဟင်းလျာကတော့ ပွဲကြီးနေ့မဟုတ်သေးသမို့ 'ဟင်းကြီး'နှင့်တော့ မကျွေးနိုင်သေး။ ငါးခြောက်နှင့် သရက်သီးခြောက်ကို နှပ်ချက်ချက်ကာ ပင်တိုင်ထားပြီး အခြားဟင်းချိုတစ်မျိုးမျိုးနှင့် တွဲဖက်ကျွေးမွေးသည်။



အဝင်နေ့ကိုရောက်တော့ ပရိသတ်က ပိုစည်လာသလို ပြဿနာကပါ စလာသည်။ စိန်ဗိုလ်ခိုင်ဆိုင်းအဖွဲ့က ထိုနေ့နေ့လယ်ပိုင်းမှာပင် စပြီးဝင်သည်။ ဝင်တော့ ရွာထဲက ဘဖေတို့လို၊ အေးလွင်တို့လို ဖိုးကဲချင်တွေက စိန်ဗိုလ်ခိုင်ကို သွားပြီးမျက်နှာချိုသွေးသည်။ သူတို့က စိန်ဗိုလ်ခိုင်ကို နောက်အချီတွေမှသာ ရာနှုန်းပြည့် လက်စွမ်းပြစေလိုကြောင်း၊ ခုလို အဝင်တစ်ချီမှာတော့ သူတို့ရွာခံ ဝါသနာအိုးတွေအတွက် ပါဝင်ဆင်နွှဲခွင့် များများလေးပေးစေချင်ကြောင်း၊ ထိုကိစ္စကို အလှူရှင်ကလည်း ခွင့်ပြုထားပါကြောင်းတွေ ပြောပြသည်။ သည်တော့ စိန်ဗိုလ်ခိုင်ကလည်း သူ့အဖွဲ့ ပိုတောင်သက်သာသေးသည်ဟု သဘောထားကာ ဘဖေတို့ အဆိုပြုချက်ကို လက်ခံလိုက်သည်။

သို့နှင့် ပဏာမတီးလုံးမှစကာ ပွဲဦးဖျော်ဖြေခန်းလောက် ပြီးဆုံးသည်နှင့် စိန်ဗိုလ်ခိုင်တို့က နားသွားသည်။ ဘဖေတို့အဖွဲ့က ဝင်ပြီးနေရာယူလိုက်သည်။ သည်မှာပင် အရက်မူးသူက မူးနေကြသည့်ပြင် ကိုယ့်ရွာသားတွေရှေ့မှာ ကြွားပြလိုက်ချင်သည့်စိတ်က ဦးဆောင်နေကြပြန်လေသည်မို့ အရမ်းကာရောကြီး ဝင်ကဲပစ်လိုက်ကြရာမှ ကိုးရိုးကားရား ဖြစ်တာဖြစ်ကုန်ကြသည်။ မကြာမီ အလှူရှင်ကျော်ဝင်းထံသို့ သတင်းကရောက်လာတော့သည်။ အေးလွင်တို့အဖွဲ့က မကျွမ်းမကျင်နှင့် စင်ပေါ်တက်ဆိုကြရာမှ မိုက်ကရိုဖုန်းတွေ အောက်ပြုတ်ကျလိုက်၊ ဝါယာတွေ ပြတ်လိုပြတ် ဖြစ်သွားသည့်အကြောင်း၊ တီးဝိုင်းထဲတွင်လည်း စည်တိုသမား သန်းဆောင်က မူးမူးနှင့် နင်းကန်ရိုက်ပစ်လိုက်သောကြောင့် စည်တိုပေါက်သွားသည့်အကြောင်း၊ ပျက်စီးသွားသည့် ပစ္စည်းများကို အလှူရှင်က

အချိန်မီ အစားထိုးပေးရန် စိန်ဗိုလ်ခိုင်က တောင်းဆိုလိုက်သည့် အကြောင်း စသည်တို့ပင်ဖြစ်သည်။

“ဒီသောက်ရူးတွေကလည်းကွာ”

ဟု ရေရွတ်ကာ ပထမဆုံးအကြိမ် ကျော်ဝင်းညည်းလိုက်မိသည်။ ထို့နောက် ထိုပစ္စည်းများကို တခြားနေရာမှ ခေတ္တသွားငှားရန်နှင့် အားလုံးကို ပြီးတော့မှ သူရှင်းပေးမည့်အကြောင်း စီစဉ်ပေးလိုက်ရသည်။ ထိုကိစ္စပြီးသွား၍ အိမ်ပေါ်တက်မည်ကြံကာရှိသေး၊ လူတစ်ယောက်က သူ့လက်မောင်းကို လှမ်းဆွဲလိုက်သည်။ လှည့်ကြည့်လိုက်တော့ ချက်ပြုတ်ရေးတာဝန်ခံ မင်းမောင်။ မင်းမောင်က သူ့ကို ပြုံးဖြဲဖြဲလုပ်ပြနေသည်။ မင်းမောင်မျက်နှာက အရက်ရှိန်ကြောင့် နီရဲနေပြီး ထူအန်းအန်းကြီးလည်း ဖြစ်နေသည်။

မင်းမောင်က -

“ဟေ့ကောင် ကျော်ဝင်း တို့ကို ဆေးနည်းနည်းလောက် လုပ်ပေးဦးကွာ၊ ပြတ်နေပြီကွ”

“ဟ. . . မင်းတို့က လွန်လှချည်လား၊ ငါးဂါလံပုံးနဲ့ တစ်ပုံးလုံး ဝယ်ပေးထားတာတောင် ကုန်ပြီဆိုတော့ မင်းတို့က ဟုတ်သေးရဲ့လား”

“ငါ့ရှီးမှပဲ၊ ကုန်တာပေါ့ကွ၊ တို့ချည်းသောက်တာမှ မဟုတ်ဘဲ၊ ကြုံတဲ့သူက ဝင်ငှဲ့ပြီး သောက်သွားကြတဲ့ဥစ္စာ”

ကျော်ဝင်းက မျက်မှောင်ကြုတ်သည်။ သို့သော် သည်မင်းမောင်တို့အဖွဲ့က အရေးကြီးသည်။ တစ်ညလုံး မအိပ်ဘဲ ချက်ရပြုတ်ရမည့်သူများဖြစ်သည်။ သူတို့ကို ဘယ်နည်းနှင့်မျှ ငြိုငြင်အောင်လုပ်၍မဖြစ်။ ထို့ကြောင့်ပင်. . .



“ကိုင်း. . . ကိုင်း၊ ဒါဖြင့်လည်း မင်းတို့ လိုသလောက် ဒေါ်စိန်ပွင့် ဆိုင်ကယူ၊ ပုလင်းအရေအတွက်ကို မှတ်ထားခိုင်းလိုက်၊ ပြီးတော့မှ ငါရှင်းမယ်”

ဟု ပြန်ပြောလိုက်ရသည်။ မင်းမောင်က ကျေနပ်သွားပြီး-

“ဒီလိုမှပေါ့ကွ”

ဟု ကျော်ဝင်းကျောကိုပုတ်ကာ လှည့်ထွက်သွားသည်။

ဖိုကြီးသမားကို အရက်ပေးရသည်မှာ ထုံးစံပင်။ သူတို့ကလည်း တစ်ညလုံး အရက်ကလေးတထွေထွေနှင့် နေရမှ ဤတာဝန်ကို ကျေပွန်နိုင်ကြသည်။ ဒါက ကိစ္စမရှိပါ။ အလွန်အကျွံတွေ မူးကုန်ကြရာက အိုးနင်းခွက်နင်းတွေ ဖြစ်ကုန်ပြီး ဟင်းဒယ်တွေ၊ ထမင်းတောင်းတွေ မှောက်ပြုကုန်သည်အထိ မဖြစ်ဖို့သာ အရေးကြီးသည် ဟု တွေးရင်း သက်ပြင်းချကာ ကျော်ဝင်း အိမ်ပေါ်တက်လာခဲ့သည်။

***

မနက် မိုးလင်းလင်းချင်းပင် အလှူအိမ်က လှုပ်ရှားသက်ဝင်မှု အစုံစုံဖြင့် စည်ကားနေတော့သည်။ ထမင်းကျွေးချိန်ရောက်တော့ မဏ္ဍပ်တွင်းရှိ ဧည့်ပရိသတ်များကို ဆိုင်းအဖွဲ့က -

“အလှူ့ဒကာကြီးက မျက်နှာချို၊ အလှူ့အစ်မကြီးက သဒ္ဓါပို” သီချင်းဖြင့် သီဆိုဟစ်ကြွေးကာ ခြိမ့်ခြိမ့်သဲမျှ အောင်ပွဲခံပေးနေသည်။ ကျော်ဝင်းတို့ လင်မယားက နေရာစုံသို့ လူးလာခေါက်တုံ့ ကူးသန်းသွားလာရင်း လိုအပ်သမျှ ဖြည့်ဆည်းပေးနေသည်။

အလှူက ထိုကဲ့သို့ အထွဋ်အထိပ်ရောက်နေချိန်မှာပင် မလိုလားအပ်သော ဖြစ်ရပ်တစ်ခုက ရုတ်တရက်ပေါ်ပေါက်လာသည်။ ကျော်ဝင်းကို သူ့တူတစ်ယောက်က အပြေးအလွှား လာရောက်

သတင်းပို့သည်။ မီးဖိုဘက်တွင် မင်းမောင်နှင့်ကံပေါ် ရန်ဖြစ်နေသည့် အကြောင်း၊ လုံးထွေးသတ်ပုတ်နေကြသည့်အကြောင်း။

ကျော်ဝင်းက ထိုနေရာသို့ အမြန်သွားလိုက်သည်။ သူရောက်သွားတော့ ရန်ပွဲက ပြီးနေလေပြီ။ ကျော်ဝင်း၏ ညီတစ်ဝမ်းကွဲ ကံပေါ်နှင့် ဖိုတာဝန်ခံ မင်းမောင်တို့နှစ်ယောက်ကို ကာလသားအချို့က ကြားဝင်ဖျန်ဖြေပေးထားသည်။

"ဘယ်လိုဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ၊ ငါ့ကို ပြောကြစမ်း"

စိတ်ထွက်ထွက်နှင့် ကျော်ဝင်းက ခပ်ဆတ်ဆတ်မေးလိုက်သည်။ မင်းမောင်က စူးရှကျယ်လောင်သောအသံဖြင့် ပြန်ဖြေလိုက်သည်။

"ဘာဖြစ်ရမလဲကွ၊ ဒီကောင် တို့ကို လာပြီးဂြိုဟ်မွှေတာ၊ ငါ့ဆီမှာ ဒီကောင်ဟင်းလာတောင်းတယ်၊ တောင်းတော့ ငါမပေးဘူး၊ ပေးရမလားကွ၊ ဒီကောင်တွေ အလှူအိမ်က ဟင်းကိုယူပြီး အောင်တင့်တို့တဲမှာ ထန်းရည်ဝိုင်းဖွဲ့နေတာကို ပြောတဲ့သူက ငါ့လာပြောပြီးသား၊ ဟင်းကို အလကား အလေမခံနိုင်ဘူး၊ အဲဒါ ငါက မပေးရ ကောင်းလားဆိုပြီး မင်းညီဆိုတဲ့ဝိတ်နဲ့ ဟင်းကို အတင်းဝင်ခတ်တယ်၊ ငါက ဝင်တားတော့ ဒီကောင် ငါ့ကိုထိုးတယ်၊ ငါကလည်း ပြန်ထိုးတယ်၊ ဒါပဲ"

ကျော်ဝင်းက ကံပေါ်ကို လှည့်ကြည့်သည်။ ကံပေါ်က လူနှစ်ယောက်ချုပ်ထားသည့်ကြားမှ ရှုန်းရင်းကန်ရင်း ပြန်အော်သည်။

"မဟုတ်ဘူး အစ်ကိုလေး၊ ဒီကောင် ပြောသလို လုံးဝမဟုတ်ဘူး၊ မယုံရင် ထွေးလေးသာအောင် မေးကြည့်လိုက်၊ အိမ်မှာ ပေါက်မြိုင်က အမျိုးတွေရောက်နေတယ်၊ တစ်ယောက်က နေမကောင်းလို့ မဏ္ဍပ်ကို မလာနိုင်ဘူး၊ သူ့အတွက် ကျုပ် ဟင်းလာယူတာ"



"မင်း စောစောက အဲလို မပြောဘူး၊ ဒီစကားက ခုမှထွက်လာတာ"

မင်းမောင်က ပြန်အော်သည်။ ကျော်ဝင်းက ခေါင်းကို တဖျဉ်းဖျဉ်းကုတ်သည်။ ထို့နောက် ညည်းသံဖြင့် -

"တော်ကြတော့ကွာ၊ တော်ကြတော့၊ ဒီလိုအချိန်ကြီးမှာ ဒီလိုဖြစ်နေတာဟာ ငါ့အလှူကို မင်းတို့ ဖျက်ဆီးနေတာနဲ့ အတူတူပဲ" ဟု နှစ်ယောက်စလုံးကို ပြောလိုက်သည်။ သည်တော့မှ မင်းမောင်က သူ့ဖိုဘက် ပြန်သွားသလို ကံပေါ်လည်း သူလမ်းသူ ပြန်ထွက်သွားသည်။

ထမင်းရုံဘက်ကနေ မဏ္ဍပ်ဘက်ကို ပြန်ရောက်တော့ မောင်ရှင်လောင်းတွေကို ဘိသိက်မြှောက်ခန်းက စတင်နေလေပြီ။ သင့်ရာတစ်နေရာမှာ သူ ဝင်ထိုင်လိုက်သည်။ ယပ်တောင်ကို တဖျပ်ဖျပ်လုပ်ရင်း ဘိသိက်သံကိုလည်း အသာ နားစွင့်နေလိုက်မိသည်။ သို့သော် သူ အမောဖြေနေချိန် ဘာမျှမကြာလိုက်မီမှာပင် သူ့မိန်းမ မသန်းခင်နှင့် ကျွေးမွေးရေးတာဝန်ခံ မကွက်စိန်တို့က အရေးတကြီး ရောက်လာကြသည်။ သန်းခင်ကပင် အချိန်မဆိုင်းဘဲ ပြောလိုက်သည်။

"ကိုင်း ကိုကျော်ဝင်း၊ ဘယ်လိုလုပ်ကြမလဲ၊ ဟင်းက ပြတ်သွားပြီတဲ့၊ မစားရသေးတဲ့ ပရိတ်သတ်က ၅၀ လောက် ကျန်သေးတယ်တဲ့"

"ဟိုက်- ဒါဖြင့် သောက်ကျိုးနည်းပြီ၊ ဘယ်လိုလုပ်မလဲ မကွက်စိန်"

မကွက်စိန်ကိုပင် အကြံတောင်းရသည်။ မကွက်စိန်က -

"အမြန်ဆုံးနည်းနဲ့ အဆင်ပြေအောင်လုပ်ဖို့ကတော့ တစ်နည်းပဲရှိတယ်၊ ငါးသေတ္တာကို မြန်မြန်ဖောက်ကြော်ပြီး ကျွေးလိုက်တဲ့နည်းပဲ"

"ဟုတ်လား၊ ဒါဖြင့်လည်း လုပ်ဗျာ၊ စံကုလားဆိုင်က ငါးသေတ္တာ လိုသလောက် သွားယူလိုက်၊ ပြီးမှ ကျွန်တော်ရှင်းမယ်၊ မြန်ပေ့စေ နော် မကွက်စိန်"

"မြန်မှဖြစ်မှာပေါ့၊ ပရိသတ်က ပါးစပ်တပြင်ပြင်နဲ့ စောင့်နေကြတဲ့ဥစ္စာ"

မကွက်စိန်က ပြန်သွားသည်။ သန်းခင်ပါ ထလိုက်သွားသည်။ ကျော်ဝင်းက ရင်တမမနှင့်ကျန်ခဲ့သည်။ ထိုရင်တမမဖြစ်နေရမှုက ထမင်းရုံမှာ အားလုံးကျွေးမွေးပြီးသွားပြီ၊ လူကုန်သွားပြီဆိုတော့ မှပင် ပြန်ပြီး သက်သာရာရသွားတော့သည်။ သည့်နောက်တော့ အစီအစဉ်အတိုင်း ပြောသံတညံညံနှင့် မောင်ရှင်လောင်းလှည့်ကြသည်။ မောင်ရှင်လောင်းများကို ကျောင်းပို့ပြီးနောက် ဆံချသည်၊ သင်္ကန်းဆီးသည်။ သည့်နောက် တရားနာသည်၊ ရေစက်ချသည်။ အားလုံးအစီအစဉ်ကုန်သွားပြီ၊ ပြီးမြောက်သွားပြီဆိုတော့မှပင် ကျော်ဝင်းတို့လင်မယားလည်း လွယ်ပိုးထားရသည့် ဝန်ထုပ်ကြီး ကျွတ်ကျွတ်လွတ်လွတ် ပြုတ်ကျသွားသလို ပေါ့ပေါ့ပါးပါး ဖြစ်သွားကြရသည်။

သို့သော် သူတို့အတွက် လုံးလုံးကြီး ကိစ္စအေးသွားသည်တော့ မဟုတ်။ ပဓာနလုပ်ငန်းကြီး အောင်အောင်မြင်မြင် ဖြစ်သွားသည့်အတွက် ကျေနပ်နှစ်သိမ့်ရသည်ကတော့ မှန်ပါသည်။ နောက်ဆက်တွဲကိစ္စတွေက ကျန်သေးသည်။ ရှင်းပေးရမည့်တာဝန်တွေက ရှိသေးသည်။

ကိုရင်တွေကို လိုအပ်သမျှ မှာကြားပြောဆိုပြီးနောက် လင်မယားနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။ အိမ်ရောက်တော့ ပတ်စာခွာ၊ ဖျာသိမ်း လုပ်ငန်းများကို လုပ်သူက လုပ်နေကြလေပြီ။ ရပ်ဝေးဧည့်သည်များလည်း လှည်းသံတအီအီပေးကာ အော်ဟစ် နှုတ်ဆက်၍ ပြန်နေကြလေပြီ။ ကျော်ဝင်းက အိမ်ရောက်ရောက်ချင်း အရေးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်သော တူဖြစ်သူ ကောလိပ်ကျောင်းသား ဖော်ဦးကို ခေါ်တွေ့လိုက်သည်။ ဖော်ဦးက ကျော်ဝင်းရှေ့မှာပင် ဂဏန်းတွက်စက်ကို တချောက်ချောက်လုပ်ကာ နောက်ဆုံးကိန်းဂဏန်းပေါင်းလိုက်ပြီးနောက် စာရင်းစာရွက်ကို ကျော်ဝင်းထံ ထိုးပေးလိုက်သည်။

ငွေစာရင်းကို ကြည့်မိသည်နှင့် ကျော်ဝင်းမျက်လုံးတွေ ပြာသွားသည်။ ခေါင်းနပန်းတွေ ကြီးသွားသည်။ ချောက်ချားသော အသံနှင့်ပင် ဖော်ဦးကို မေးလိုက်မိသည်။

"ဟ. . . ငါ့တူရ၊ မင်းစာရင်းက ဟုတ်ရဲ့လားကွ၊ ဒါ အမှန်ပဲလား"

"အမှန်ပေါ့ ဦးလေးရ၊ ဒါ အပြီးသတ် ငွေစာရင်းပဲ"

"မှားများနေသလား ငါ့တူရာ၊ မင်းဟာ ပြန်စစ်ကြည့်ပါဦး"

"မှားစရာ မရှိဘူး ဦးလေး၊ ကျွန်တော် အထပ်ထပ်စစ်ပြီးပြီ၊ နောက်ထပ် စာရင်းတိုးလာရင် ဒီထက်ပိုဖို့ပဲရှိမယ်၊ လျော့သွားဖို့ မရှိဘူး"

ကျော်ဝင်း ဘုရားတ လိုက်မိသည်။ ရင်ထဲမှာတော့ ဗလောင်ဆူနေရလေပြီ။ သန်းခင်ကပါ စာရင်းကို တစ်ချက်ငဲ့ကြည့်ပြီး မျက်နှာတွေပျက်နေသည်။ စာရင်းရှိ ကိန်းဂဏန်းတွေက နည်းနည်းနောနော မဟုတ်။ မဟုတ်ဆို ရှင်းပေးရမည့် ဘောက်ချာတွေကကို ရှေ့မှာ တစ်ပုံကြီးရှိနေသည်။ ကျော်ဝင်းက ဆွေးဆွေးမြည့်မြည့်ပင် ညည်းထုတ်လိုက်မိသည်။

"သွားပြီကွာ၊ သွားပြီ၊ ဒီအတိုင်းသာဆို ငါ မှန်းထားတာထက် သုံးဆလောက်တောင် ပိုကုန်နေပါရောလား၊ ဒုက္ခတော့ အကြီး အကျယ်ရောက်ပြီ"

သူ မထင်ပါ။ ဤမျှလောက်ကြီး စာရင်းတက်သွားလိမ့်မည်ဟု လုံးဝမထင်ခဲ့ပါ။ နှစ်နှစ်ဆက်တိုက် သီးနှံတွေ အထွက်ကောင်းပြီး စုစုဆောင်းဆောင်းဖြစ်ခဲ့သည့် ငွေစတွေက သည်အလှူအတွက် ဖူဖူလုံလုံဖြစ်လိမ့်မည်ဟု တွက်ဆထားခဲ့မိသည်။ ခုတော့ တဖြည်း ဖြည်း ချဲ့ပြီးရင်းချဲ့ခဲ့မိသော သူ့အလှူက နောက်ထပ် သူ့လုပ်အားခ လေးနှစ်စာလောက်ကြီးများတောင် ကြွေးတင်စေခဲ့ပါလေရော့လား။ ပြီးတော့ သည်ကြွေးက ကြွေးအေးမဟုတ်။ ကြွေးပူဖြစ်သည်။ ချက်ချင်းရှင်းရမည့်ကြွေး ဖြစ်သည်။ နို့မဟုတ်ပါက ကြွေးယူပြီး အလှူလုပ်သည်ဆိုပြီး အများက ကဲ့ရဲ့လာကြလိမ့်မည်။

ဇော်ဦးက စာရင်းကိုအပ်ပြီး ထပြန်သွားသည်။ လင်မယား နှစ်ယောက်သာ ငုတ်တုတ်ထိုင်ကျန်ခဲ့ကြသည်။ စိတ်ညစ်စရာက ထိုမျှနှင့်ရပ်မသွားသေး။ မကြာမီ ဆွေမျိုးတွေထဲက တစ်ယောက် ပြီးတစ်ယောက်ဆိုသလို ရောက်လာကာ သူတို့လင်မယားကို လက်တို့ပြီး ပြောသွားကြသည်။ ပေးသွားသည့်သတင်းတွေက ကြား ရသမျှ ဘာတစ်ခုမျှကောင်းတာမရှိ။ စိတ်ညစ်စရာ၊ စိတ်တိုစရာ၊ ခံပြင်းစရာတွေချည်း ဖြစ်သည်။ ဆိုင်းတို့၊ ပြောဆို့၊ ဘိသိက်တို့ကို သွားရောက်ငှားရမ်းပေးသူတွေက စရိတ်တွေကို ပိုပြီးတင်ထား ကြပုံ။ ဝတ်စုံ၊ မြင်းတို့၊ မဏ္ဍပ်တို့ တာဝန်ယူရသူများကလည်း တတ် နိုင်သလောက် ကိုယ့်အိတ်ထဲကိုယ်ထည့်သွားကြပုံ။ ဖိုကြီးမှ ဟင်း ခုတ်သမားတွေကအစ ဟင်းတုံးအစိမ်းတွေကို ဝှက်ပြုပြီး ကိုယ့်အိမ် ကိုယ် ပို့ပေးကြပုံ။ နောက်ဆုံး မကွက်စိန်ကတောင်မှ စံကုလားဆိုင်



က ဆီတွေ၊ ငါးသေတ္တာတွေကို ဖုံးပေါလအောာ စာရင်းဖွင့်ယူပြီး ပိုတာတွေကို သူ့အိမ်ပို့လိုက်ပုံ စသည်တို့ပင်ဖြစ်သည်။

ထိုအကျိုးဆောင်များ၊ ထိုအသိုင်းအဝိုင်းများ၏ တစ်ဦးချင်း မျက်နှာတွေကို ကွင်းကွင်းကွက်ကွက်မြင်ယောင်ရင်း ကျော်ဝင်းက အံကိုသာ ကြိတ်နေမိသည်။ သန်းခင်ကလည်း ထိုနည်းတူပင်။ အပူ လုံးတွေ တစ်လုံးပြီးတစ်လုံး ထကြွနေမိကြရသည်။ သို့သော် နောက် ဆုံးမှာတော့ ကျော်ဝင်းက ဉာဏ်ကူပြီး စဉ်းစားသည်။ ပြီးတာက ပြီးခဲ့ပြီ။ ကောင်းတာမကောင်းတာ အပထားလို့ ဇာတ်ကသိမ်းသွား ခဲ့ပြီ။ သည်တော့ ပြီးသွားသည့်အပိုင်းကို ပြီးသလိုထားလိုက်ဖို့သာ ရှိတော့သည်။ မိမိ မကျေနပ်ချက်တွေကို ပြန်လည်တူးဆွပြီး ပေါက်ကွဲနေမည်၊ ရမ်းတုတ်နေမည်ဆိုပါက ခုလိုအချိန်မျိုးမှာ မိမိသာ လျှင် တံတွေးခွက်ထဲ ပက်လက်မျောရလိမ့်မည်။ ထိုအသိကြောင့်ပင် ကျော်ဝင်းက သန်းခင်ကို နှစ်သိမ့်သည်ဟုပဲဆိုဆို၊ နားချသည်ဟုပဲ ပြောပြော အောက်ပါစကားဖြင့်ပင် နောက်ဆုံးပိတ် ဝိုင်းကြီးချုပ် ပေးလိုက်တော့သည်။

"စိတ်ညစ်နေလည်း အပိုပဲ သန်းခင်၊ ဘာမှတွေးမနေနဲ့စမ်း နဲ့၊ ကြွေးတွေကို ငါချက်ချင်းရှင်းမယ်၊ တို့ ကိုင်းကွက်နှစ်ကွက်ထဲက တစ်ကွက်ကိုရောင်းပြီး ထိုးဆပ်လိုက်ရုံပေါ့ကွာ"

***

နောက်သုံးရက်ခန့်အကြာတွင် ကျော်ဝင်းက ဘကြီး ထွန်းသောင်း ရှေ့၌ ခေါင်းငိုက်ဆိုက်ချလျက် ရောက်ရှိနေလေသည်။ သူက ဘကြီးထွန်းသောင်းကို ရင်ဖွင့်ထားပြီးဖြစ်ရာ သူ ပြောသွား သမျှတွင် "အလှူ စကတည်းကကို စိတ်ညစ်နေရတာပါ ဘကြီးရာ" ဟု အစချီထားပြီး "လှူလိုက်ရလို့ ဝမ်းမြောက်ပါတယ်၊ ပျော်ရွှင်ပါတယ်

ဆိုတာမျိုးကို ဘာမှကို နားမလည်လိုက်ပါဘူး” တွင် အဆုံးသတ်ထားသည်။

ဘကြီးထွန်းသောင်းက ကျော်ဝင်းကို ကရုဏာဖြင့်ကြည့်သည်။ မေတ္တာဖြင့် စေလွှတ်သော စကားကိုလည်း ဆိုသည်။

“ငါက ဒီအရေတွေမြင်လို့ မင်းကို ရှင်တိတ်လောက်ကလေးပဲ လုပ်ပါလို့ တိုက်တွန်းခဲ့တာပေါ့၊ မင်းက ငါ့စကားမှ နားမထောင်ဘဲကိုး၊ မင်းတို့က ရှင်တိတ်ဆိုတာနဲ့ တစ်ခါတည်း အထင်သေးသွားလိုက်တာပဲ၊ ဒါပေမဲ့ တကယ်ကုသိုလ်ရတာက အဲဒီရှင်တိတ်ကမှရတာ၊ ရှင်တိတ်ဆိုတဲ့အတိုင်း ပကာသန မဖက်ဘူး၊ မဆူညံဘူး၊ မရှုပ်ထွေးဘူး၊ ကိစ္စမများဘူး၊ ဒီတော့ သူရဲ့ ဝိသေသလက္ခဏာကိုက ဘာမှပြဿနာတက်စရာမရှိတဲ့အတွက် မင်း အခုဖြစ်နေသလို ပူပင်သောကရောက်စရာမျိုးလည်း ဘာမှမရှိဘူး”

ဘကြီးထွန်းသောင်းက ချောင်းတစ်ချက်နှစ်ချက်ဟန့်သည်။ ပြီးလျှင် သူ့စကားကို ပြန်ဆက်သည်။

“ခုတော့ မင်းတို့အလှူက လူမိုက်အလှူဆိုတာမျိုးကို ဖြစ်နေတာပဲ၊ ခုလို လှူရတန်းရသော အကျိုးအားကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို အလျင်အမြန်ဆုံးရောက်ရ၊ မျက်မှောက်ပြုရပါလို၏ဆိုပြီး အာရုံပြုတတ်ဖို့ ဝေလာဝေး၊ စိတ်က တစ်စက်ကလေးမှတောင် ကြည်ကြည်လင်လင် မရှိခဲ့ဘဲကိုး၊ မိမိရဲ့ ဒါနမျိုးစေ့ကို ပိုမိုထက်သန်လာအောင် သံဝေဂဉာဏ်နဲ့ယှဉ်ပြီး ပြုစုပျိုးထောင်မယ်လို့တော့ မကြံရွယ်ဘူး၊ ဘာမဟုတ်တဲ့ အပျော်အပါးတွေနဲ့ချည်း ခြံရံထားတယ်၊ ဒါဟာ ပိုက်ဆံပေါလို့ လူတွေကို တစ်နေရာမှာ စုဝေးခိုင်းပြီး ပျော်ပွဲစားကြီး လုပ်ပေးလိုက်တာနဲ့ ပိုတူမနေဘူးလား”



ကျော်ဝင်းက ငြိမ်နေသည်။ ကျော်ဝင်ငြိမ်နေလေ ဘကြီးထွန်းသောင်းက ပိုပြီးဖိပြောချင်လေ။

“မှတ်ထားကွ ကျော်ဝင်းရ၊ တို့ဘုရားက လှူပုံလှူနည်းနဲ့ပတ်သက်လို့ အသေးစိတ်ကအစ ဟောထား၊ ပြောထား၊ သင်ပြပေးထားပြီးသားပဲ၊ လှူတဲ့သူက တရားသဖြင့် ဖြူစင်စွာ ရှာဖွေရရှိထားတဲ့ငွေနဲ့ လှူတာတန်းတာမျိုးဖြစ်မယ်၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလသမာဓိနဲ့ ပြည့်စုံမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ်၊ တစ်ခါ အလှူခံပုဂ္ဂိုလ်အတွက် တကယ်လိုအပ်နေတဲ့ ဝတ္ထုပစ္စည်းကိုသာ အလှူရှင်က ပေးအပ်လှူဒါန်းမယ်၊ ဒီလို လှူဒါန်းနေတဲ့အချိန်မျိုးမှာလည်း စောစောက ပြောခဲ့သလို နိဗ္ဗာန်ကိုရည်မှန်းပြီး အာရုံပြုနေတာမျိုးဖြစ်မယ်ဆိုရင် ဒီအလှူက ကောင်းမြတ်တဲ့အလှူ၊ ချီးမွမ်းအပ်တဲ့ အလှူမျိုးပဲပေါ့။

ပြီးတော့ အဆင်အခြင်၊ အတိုင်းအထွာမရှိဘဲ သတိလက်လွတ်လှူတာတန်းတာမျိုးကိုလည်း တို့ဘုရားက ဘယ်တုန်းကမှ အားပေးတော်မမူခဲ့ဘူး၊ ရှိသမျှ စည်းစိမ်တွေပြုတ်ကုန်အောင်၊ အကြွေးတွေတင်ကုန်အောင် ပရမ်းပတာလှူပစ်တာမျိုးကို ရှုတ်ချတော်မူတယ်၊ မိမိရဲ့ ပိုင်ဆိုင်မှုကို လေးပုံပုံရမယ်၊ အဲဒီ လေးပုံထဲကမှ တစ်ပုံကိုစား၊ တစ်ပုံကိုထား၊ တစ်ပုံကိုစု၊ တစ်ပုံကိုပြုရမယ်၊ ထပ်ရှင်းပြရရင် လောလောဆယ် စားသောက်သုံးစွဲဖို့တစ်ပုံ၊ အတိုးအပွား အရင်းအနှီးအတွက်တစ်ပုံ၊ မင်းရေးမင်းတာ ရပ်ရေးရွာရေး ကူပင့်ထောက်ပံ့ဖို့အတွက် တစ်ပုံ၊ သံသရာရေးအတွက် လှူဖို့တန်းဖို့ကို တစ်ပုံ၊ အဲဒါကိုပြောတာ၊ ဘယ်လောက် စည်းကမ်းတကျရှိထားလဲ၊ ခုတော့ကွာ မင်းအလှူက အလွဲလွဲအချော်ချော်၊ အမှားမှား အယွင်းယွင်းတွေ

နဲ့ချည်း ပြည့်နှက်နေတာပဲ၊ ညောင်ပင်ကြီးလောက် လှူပေမယ့် ညောင်စေ့လောက်ပဲရတယ်ဆိုတဲ့ အလှူမျိုးဖြစ်နေတာပဲ”

ဘကြီးထွန်းသောင်းက စကားကို ခေတ္တရပ်လိုက်သည်။ ကွမ်းအစ်ကိုဖွင့်ကာ ကွမ်းတစ်ယာ ယာနေသည်။ ကျော်ဝင်း ကတော့ ခုမှပင် ဘကြီးစကားကိုနားဝင်ပြီး အသိမှန်၊ အမြင်မှန်တွေ ရပြီးရင်းရနေသည်။ တကယ်တော့ သည်ဘကြီးက သူ၏ တစ်ဦးတည်းသော ကျေးဇူးရှင်ဖြစ်သည်။ မိဘတွေ မရှိတော့သည့်နောက် သည်ဘကြီးလက်ပေါ်မှာပင် သူကြီးပြင်းခဲ့ရသည်။ သန်းခင်နှင့် နေရာချပြီး အိမ်ရာထူထောင်ပေးခဲ့သည်မှာလည်း သည်ဘကြီးပင် ဖြစ်သည်။ အလှူကိစ္စတွင်လည်း သည်ဘကြီးပင်ဖြစ်သည်။ သည်ဘကြီးကိုပင် သူက ကျေးဇူးကန်ခဲ့မိသည်။ ကျောခိုင်းခဲ့မိသည်။ အလှူကိစ္စတွင်လည်း တိုင်ပင်ရမည့်စာရင်းထဲမှာ ဘကြီးကို မထည့်မိခဲ့။ ဘကြီးက ခေါ်တွေ့တော့မှာသာ သူတို့လင်မယား ဘကြီးဆီ ရောက်သွားကြခြင်းဖြစ်သည်။ ခုတော့ များပြားလှသော သူ့အမိုက်အမဲတွေအတွက် နောင်တကိုသာ ရင်ဝယ်ပိုက်နေရလေပြီ။

ကွမ်းယာကို မြုံ့လိုက်ပြီးနောက် ဘကြီးထွန်းသောင်းက စကားကိုဆက်သည်။ သည်တစ်ခါတော့ ဘကြီး၏ရုပ်သွင်က ခပ်ညှိုးညှိုး ခပ်မှိုင်းမှိုင်းဖြစ်နေသည်။ ပြီး လေသံကပါ ခပ်လေးလေး၊ ခပ်တွဲ့တွဲ့ ဖြစ်နေသည်။

“အေးကွာ၊ ဒီလိုအမှားမျိုးကို မင်းမှမဟုတ်ပါဘူး၊ ငါလည်း ကျူးလွန်ခဲ့ဖူးပါတယ်၊ ဒါကြောင့် ကိုယ်မှားဖူးတဲ့အမှားမျိုးကို မင်းတို့ ဆက်ပြီးမမှားစေချင်လို့ ရှေ့ကနေ ကြိုပြီးသတိပေးခဲ့တာပဲ၊ ပြောဟောခဲ့တာပဲ၊ ဒါပေမဲ့ လူတွေဟာ တော်တော်ခက်ကြပါတယ်ကွာ၊



အမှန်တရားကို အမှန်တရားမှန်း လက်ခံချင်တဲ့သူက တော်တော့်ကို နည်းပါတယ်၊ ငါက ငါသိတဲ့ အမှန်တရားကိုပြောပြတော့ မင်းက လက်ခံသလား၊ လက်မခံဘူး၊ တစ်ခါ မင်းက မင်းအခုသိလိုက်ရတဲ့ အမှန်တရားကို မင်းရဲ့သားတွေ၊ တူတွေဆီ ပြန်ပြီးချပြကြည့်၊ သူတို့ကလည်း လက်ခံမယ်ထင်သလား၊ ဘယ်တော့မှ လက်မခံဘူးကွ။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ စစ်မှန်တဲ့ သဒ္ဓါတရားကို အတုအယောင် ပကာသနတွေက ဖုံးလွှမ်းသွားလို့ပဲ၊ လောကမှာ သူများမှားသလို ကိုယ်မမှားရအောင် သံဝေဂဉာဏ်နဲ့ ပြုပြင်တဲ့သူက နည်းတယ်၊ ရှေ့လူလုပ်သလိုပဲ နောက်ကလိုက်လုပ်ပြီး အချိန်တန်တော့မှ ငါမှားပြီဆိုပြီး နောင်တရတတ်တဲ့သူကသာ များတယ်၊ ဒီလိုလူတွေများနေသမျှ ဘာကောင်းမှုပဲလုပ်လုပ်၊ ဘယ်တော့မှ အကျိုးပေး မသန်ဘူး၊ အကျိုးပေး မသန်လို့လည်း ဘဝဆက်တိုင်း ဆက်တိုင်း သံသရာတစ်လျှောက်မှာ ဒုံရင်းဒုံရင်းနဲ့ပဲ စခန်းသွားနေကြရတာပဲပေါ့ကွာ”

ထိုသို့ နောက်ဆုံးပိတ် တရားချလိုက်ပြီးနောက် စကားသံများက တိတ်ဆိတ်သွားသည်။ တူဝရီးနှစ်ယောက်စလုံးလည်း တစ်နေရာစီသို့ ငေးမောနေမိကြကာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြသည်။

◆◆◆

# ကိတ္တိရေးသော ကပ်ကြီးသုံးပါး

**ကပ်ကြီးသုံးပါး**

တစ်နေ့သ၌ ကပ်ကြီးသုံးပါး၏ကိုယ်စားလှယ်သည် မြို့တွင်းသို့ ဝင်ရောက်လာလေသည်။

မြို့တွင်းရောက်သည်နှင့် ခေတ္တမျှရပ်ကာ စဉ်းစားလိုက်သည်။ ထို့နောက် အုပ်ချုပ်သူ လူတန်းစားများနေထိုင်ရာ ရပ်ကွက်အတွင်း သို့ ဦးစွာဝင်ရောက်ရန် သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ခြေလှမ်း ကိုလည်း စလိုက်သည်။

ထိုရပ်ကွက်အတွင်းသို့ရောက်သည်နှင့် သစ်လွင်တောက်ပ၊ ခမ်းနားလှပသော အဆောက်အအုံများကို သူတွေ့ရသည်။ လမ်း များပေါ်တွင် အမှိုက်တစ်စမျှ မတွေ့ရသလို စိမ်းစိုဝေဆာသော ပန်းခြံများကိုလည်း နေရာအနှံ့ပင် တွေ့မြင်ရလေသည်။

သို့သော် သူ ဘဝင်မကျဖြစ်သွားမိသည်။ အကြောင်းမှာ လမ်း ပေါ်၌ ခြေလျင်လျှောက်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ ရဘဲ လူမှန်သမျှ ပြောင်လက်ထည်ဝါသော ကားကြီးများကိုသာ အငြိမ့်သားစီးလျက် ခရီးသွားလာနေကြခြင်းကြောင့်ပင်ဖြစ်သည်။





ထို့ထက်ပို၍ ဘဝင်မကျစရာကောင်းလှသည်မှာ ရှိသမျှ ခြံဝင်းတိုင်း လိုလိုပင် အုတ်တံတိုင်းများ၊ သံတိုင်များ အထပ်ထပ်ကာရံထားလေ သည်မို့ သူ့အတွက် အတွင်းသို့ မည်သို့မျှ မဝင်သာခြင်းပင်ဖြစ် လေသည်။ မျှော်လင့်ချက်ဖြင့် ခြံဝင်းများအတွင်းသို့ ချောင်းမြောင်း ကြည့်မိသေးသော်လည်း အစောင့်လုပ်သူများ၏ ခက်ထန်စွာ ဟိန်း ဟောက်မောင်းထုတ်မှုကြောင့် သူ့မှာ နောက်ပြန်လှည့်ခဲ့ရသည်ချည်း ဖြစ်လေသည်။

သို့သော် သူက လျှောက်မြဲလျှောက်နေမိသည်။ ထိုသို့လျှောက် နေရင်းလည်း မျက်စိနှင့်နားတို့ကို သတိရှိရှိဖွင့်ထားနေမိသည်။ သို့နှင့် တဖြည်းဖြည်းလျှောက်လာခဲ့ရင်း တစ်နေရာအရောက်တွင် အဆောက် အအုံကြီးတစ်ခုအတွင်း၌ လူများစုရုံးစုရုံးလုပ်နေကြသည်ကို လှမ်းမြင် လိုက်ရသည်။ သူ စိတ်ဝင်စားသွားသည်။ ထိုနေရာသို့လည်း ချဉ်းကပ် သွားလိုက်သည်။ အနီးရောက်မှ ထိုလူစုက အစည်းအဝေးလုပ် နေကြမှန်း သိလိုက်ရသည်။

မကြာမီပင် အစည်းအဝေးပြီးဆုံးသွားသည်။ လူအသီးသီးက သူတို့၏ကားများပေါ်သို့တက်ကာ မောင်းထွက်သွားလိုက်ကြသည်။ ခန်းမကြီးက လူရှင်းသွားပြီး ရုတ်ခြည်းပင် ခြောက်သွေ့ကျန်ရစ် ခဲ့သည်။

သို့သော် လူတစ်ဦးကမူ ခန်းမအလယ်၌ ကျန်နေခဲ့လေသည်။ ထိုလူက ထိုင်ခုံတွင်ထိုင်လျက် အကြောင်းအရာတစ်ခုကို အကြိတ် အနယ် စဉ်းစားနေဟန်တူသည်။ မကြာခဏဆိုသလိုပင် မေးစေ့ကို ပွတ်လိုက်၊ သက်ပြင်းကိုချလိုက်နှင့် လုပ်နေလေသည်။

သူ အားတက်သွားသည်။ ထိုလူ့ထံ ချဉ်းကပ်ပြီး ပထမဆုံး တရားဟောရန် ဆုံးဖြတ်လိုက်သည်။ ထိုလူမှာ တစ်ခေါင်းလုံး

ဆွတ်ဆွတ်ဖြူကာ အသက်အရွယ်အိုမင်းသူ ဖြစ်နေသည့်အတွက် မိမိပြောမည့်တရားကို အလွယ်နှင့်လက်ခံနိုင်ကောင်းပေသည် ဟုလည်း သူက များစွာမျှော်လင့်လိုက်မိသည်။

"ဒီ. . . ဒီမှာ ခင်ဗျ"

ထိုလူ့အနီးသို့ရောက်သည်နှင့် မိတ်ဆက်ရန်စကားစလိုက် သည်။ ထိုလူက လှည့်ကြည့်လိုက်သည်။ မျက်မှောင်ကြုတ်၍လည်း သူ့ကိုပြန်မေးလိုက်သည်။

"မင်းက ဘယ်သူလဲ. . . ဘာကိစ္စလဲ"

"ကျွန်တော်က ကပ်ကြီးသုံးပါးရဲ့ကိုယ်စားလှယ်ပါခင်ဗျာ၊ လူတွေကို တတ်အားသရွေ့ လိုက်ပြီးသတိပေးနေသူပါ"

"ဘာကွ. . . ကပ်ကြီးသုံးပါးရဲ့ကိုယ်စားလှယ်. . . ဟုတ်စ၊ တစ်ခါမှလည်း မကြားဖူးပါလား၊ မင်းက ဘယ်သူတွေကို ဘာတွေ လိုက်သတိပေးနေတာလဲ"

"ဒီလိုပါခင်ဗျ၊ ကျွန်တော့်ရည်မှန်းချက်က ကယ်သင့်သူကို အချိန်မီကယ်တင်နိုင်ရေးပါပဲ၊ လူကြီးမင်း အခုကြားနေရတယ် မဟုတ်လား၊ ကမ္ဘာအရပ်ရပ်မှာ အခုတလော မကြုံဖူးလောက်အောင်ကို ဆင်းရဲဒုက္ခတွေ၊ ဘေးရန်အန္တရာယ်တွေနဲ့ ရင်ဆိုင်နေကြရပါတယ်၊ ဒါဟာ ကပ်ကြီးသုံးပါး ဝင်မွှေနေတာပါပဲ၊ ခု ကျွန်တော်တို့ဆီကိုလည်း မကြာခင် သူရောက်လာပါတော့မယ်၊ သူရောက်လာတဲ့အခါ ရှင်းသင့်သူတွေကို ရှင်းပါလိမ့်မယ်၊ ဒါကြောင့် ခုကတည်းက ပြုပြင်သင့်တာကိုပြုပြင်၊ ပြင်ဆင်သင့်တာကိုပြင်ဆင်ပြီး သတိရှိရှိနဲ့ နေထိုင်ကြဖို့၊ လုပ်ကိုင်ကြဖို့ကို . . ."

"တော်ကွာ. . . တော်"



ရုတ်တရက်ဖြတ်ဝင်လာသော အော်သံကြီးကြောင့် သူ့စကားများ ပြတ်တောက်သွားလေသည်။ ထိုသူကြီးက မျက်ထောင့်နီကြီးဖြင့် သူ့ကိုကြည့်ကာ -

"ဘယ်က ငကြောင်လဲ မသိဘူး၊ ဘာတွေ လာပြောနေမှန်း မသိဘူး၊ ငါက မင်းပြောတဲ့ ကပ်ကြီးသုံးပါးအကြောင်းကို စဉ်းစား ဖို့ အချိန်မရှိဘူးကွ၊ အခု ငါတွေးနေတဲ့ အာဏာသုံးရပ်အကြောင်း တောင် မင်းကြောင့် ဘယ်ရောက်သွားမှန်းမသိဘူး၊ သွားစမ်းကွာ . . . ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း"

ရုတ်ခြည်းပင် မျှော်လင့်ချက်ကုန်သွားသည်။ သူထင်သလို မဟုတ်မှန်း သိလိုက်ရလေပြီမို့ ထိုနေရာတွင် ဆက်မနေဝံ့တော့ဘဲ အသာ ပြန်ထွက်လာခဲ့ရသည်။ သင့်တော်ရာ နေရာတစ်ခုသို့ အရောက်တွင် သူ့မှတ်တမ်းစာအုပ်ကိုထုတ်၍ ဤရက်ကွက်အတွင်း၌ ကယ်တင်ရမည့်သူ မရှိကြောင်းကို ရေးမှတ်လိုက်လေသည်။

***

ရပ်ကွက်တစ်ခုအတွင်းသို့ ဝင်ရောက်ခဲ့ပြန်သည်။ ထိုရပ်ကွက် မှာ မြင်ရရုံနှင့်ပင် သူဌေးသူကြွယ်၊ ကုန်သည်ပွဲစားတို့၏ ရပ်ကွက် မှန်း သိသာနေလေသည်။

သို့သော် သည်တစ်ခါတွင်လည်း သူ ဘဝင်မကျဖြစ်မိပြန် သည်။ အကြောင်းမှာ သူ မြင်တွေ့ရလေသော လူတိုင်းလိုလိုပင် မည်သူမျှ မအားလပ်ကြပေ။ တယ်လီဖုန်းတကိုင်ကိုင်နှင့် စီးပွားရေး သတင်းများကို ဆက်သွယ်ပြောဆိုနေသူတွေ၊ လုပ်ငန်းကိုင်ငန်း အကြောင်း တိုင်ပင်ပြောဆိုနေသူတွေ၊ စာရင်းဇယားတို့ကို စစ်ဆေး တွက်ချက်နေသူတွေ၊ ငွေစက္ကူများကို ဝမ်းသာအားရ ရေတွက်

သိမ်းဆည်းနေသူတွေကိုသာ နေရာတိုင်းလိုလို၌ တွေ့မြင်နေရလေသည်။ သူ့အနေနှင့် မည်သို့မျှ မဝင်သာပေ။ စကားမဟသာပေ။ အချိန်ယူပြီး ဆွေးနွေးဟောပြောရမည့် သူ့အလုပ်အတွက်ကား လုံးဝပင် မျှော်လင့်ချက်မရှိပါပေ။

သူ အတော်စိတ်ပျက်သွားသည်။ အထင်ကြီးစွာသည် ရပ်ကွက်အတွင်းသို့ ဝင်လာခဲ့မိသော်လည်း အထင်နှင့်အမြင် တစ်စက်ကလေးမှ မနီးမစပ်ဖြစ်ရသည့်အတွက် စိတ်လည်း တော်တော်မောသွားသည်။ သို့သော် ရပ်ကွက်ဆုံးခါနီးသို့အရောက်တွင်မူ သူ့မျှော်လင့်ချက်များက ပြန်လည်၍ လင်းလက်လာခဲ့ပြန်လေသည်။ အခြားမဟုတ်ပါ။ ဈေးမတိုက်ကြီးတစ်လုံး၏ရှေ့တွင် သူ တွေ့လိုသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။ ထိုလူက အလွန် စိတ်ပျက်လက်ပျက်ဟန်ဖြင့် ငိုင်တွေနေလေသည်။ ဆီမလိမ်း၊ ခေါင်းမဖြီးသော သူ့ဆံပင်တွေကလည်း ထိုးထိုးထောင်ထောင်နှင့် ပွလန်ကျဲလျက်ရှိသည်။ သူ့မျက်နှာကမူ ကြီးစွာသော စိတ်သောကကြောင့် မှိုင်းမှုန်လျက်၊ ညှိုးနွမ်းလျက် ရှိလေသည်။

ဟန်ကျလေပြီ။ ဤလူမှာ လူချမ်းသာတစ်ယောက်ပင်ဖြစ်သော်လည်း လောကကို စိတ်ကုန်နေသူ၊ တစ်နည်းအားဖြင့် လောကအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ကြံစည်နေသူမျိုး၏ လက္ခဏာရှိသူပင် ဖြစ်သည်။ ဤလူတွင် သံဝေဂဉာဏ် အလွန်ရင့်သန်အားကောင်းနေဟန်တူသည်။ မိမိအတွေ့ချင်ဆုံး ပုဂ္ဂိုလ်မျိုးပင် ဖြစ်နေသည်။

ထိုအတွေးဖြင့် ထိုလူ့အနီးသို့ သွားရပ်လိုက်သည်။ အချိန်မဆိုင်းတော့ဘဲ ချက်ချင်းပင် စကားစလိုက်တော့သည်။



"ဒီမှာ မိတ်ဆွေ၊ ကပ်ကြီးသုံးပါးကို ခင်ဗျားကြားဖူးရဲ့နော်"

ထိုလူက ဘာမျှ ပြန်မပြောချေ။

"ကပ်ကြီးသုံးပါးရဲ့ရန်ကို တားဆီးကာကွယ်နိုင်ဖို့ဆိုတာ ကုသိုလ်ကောင်းမှုတွေ များများပြုလုပ်ဖို့ လိုတယ်ဆိုတာလည်း ခင်ဗျားသိပြီးသားပဲ မဟုတ်လား"

ထိုလူက တုတ်တုတ်မလှုပ်။ ငြိမ်နေမြဲ။

"ဒီတော့ စွန့်လွှတ်စရာရှိတာကို မြန်မြန်စွန့်လွှတ်ပြီး လုပ်သင့်လုပ်ထိုက်တာကို အမြန်ဆုံးလုပ်မှသာ ကပ်ကြီးသုံးပါးက လွတ် . . . လွတ်"

". . . ဗျန်း. . . "

သူ စကားကောင်းနေတုန်း စားပွဲပေါ်သို့ လက်ဝါးဖြင့်ရိုက်လိုက်သံကြီးက ပေါ်ထွက်လာခြင်းဖြစ်လေသည်။ သူ လန့်သွားသည်။ နှုတ်ဆွံ့သွားသည်။ ထိုလူက သူ့ကို အံကြီးကြိတ်၍ကြည့်နေသည်။ လက်သီးကိုလည်း ဆုပ်ထားသည်။ မျက်နှာကြီးကမူ ဒေါသအမျက်ချောင်းချောင်းထွက်နေဟန်ဖြင့် နီရဲပြီး ထူအန်းနေလေသည်။

"မင်း ဘာကောင်လဲ၊ ဘာလာရှုပ်တာလဲ၊ ဘယ်က ကပ်ကြီးသုံးပါးလဲ၊ ငါ့ ကုန်သဘော်သုံးစီးလုံး ပင်လယ်ဝမှာ မုန်တိုင်းမိပြီး နစ်သွားပြီကြားလို့ သောကရောက်နေရတဲ့ကြားထဲ မင်းက ဘာလာပြီးကြောင်နေတာလဲ၊ မင်း အခုထွက်သွားမလား မသွားဘူးလားပြော"

ထိုလူက လက်သီးကိုဆုပ်လျက် ထိုင်ရာမှထလာသည်။ လူရွှေးမှားသွားပြန်ပြီဟု သိရလျှင်သိရချင်းပင် သူ ထိုနေရာ၌ ဆက်မနေဝံ့တော့ပေ။ ကတိုက်ကရိုက်ပင် သုတ်ခြေတင်ခဲ့ရလေတော့သည်။ တစ်နေရာသို့ရောက်မှ သူ့မှတ်တမ်းစာအုပ်ကို ထုတ်ယူကာ ဤ

ရပ်ကွက်တွင်လည်း ကယ်တင်ရမည့်သူ လုံးဝမရှိကြောင်း မှတ်တမ်းတင်လိုက်ရလေသည်။

***

မကြာမီ အခြားရပ်ကွက်တစ်ခုအတွင်းသို့ သူ ရောက်မှန်းမသိရောက်လာခဲ့ပြန်သည်။ သို့သော် ထိုရပ်ကွက်အတွင်းသို့ ဝင်မိလျှင်ဝင်မိချင်းပင် အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ရလုနီးဖြစ်သွားသည်။

ထိုရပ်ကွက်မှာ လမ်း၏တစ်ဖက်တစ်ချက်စီ၌ အိမ်များကိုတန်းစီပြီး ဆောက်လုပ်ထားသည်။ ဤတွင် လူနှစ်ယောက်က လမ်းတစ်ဖက်စီတွင်ရှိသော မိမိတို့၏အိမ်ရှေ့တွင်ရပ်လျက် ဟိုဘက်သည်ဘက် ဒေါသကြီးအော်ဟစ်ပြောဆိုကာ ရန်ဖြစ်နေကြလေသည်။ နှစ်ယောက်စလုံးမှာလည်း အရက်မူးနေကြဟန်တူသည်။ မကြာမီလမ်းတစ်ဖက်မှလူက ဒေါသကို မထိန်းနိုင်ဘဲ အခြားလမ်းတစ်ဖက်မှလူကို လက်ထဲမှပုလင်းဖြင့် လှမ်းပစ်လိုက်ရာ ထိုပုလင်းက လမ်းပေါ်တွင် လျှောက်နေသည့် ကိုယ်စားလှယ်၏ ဦးခေါင်းအနီးမှကပ်လျက်ဝှီးခနဲ ဖြတ်သန်းသွားလေသည်။

သူ ထိတ်လန့်သွားသည်။ ထိုနေရာမှ အမြန်ဆုံးပင် ထွက်ခွာလာခဲ့သည်။ အတန်ကြာလျှင် ရပ်ကွက်အတွင်းပိုင်းသို့ ရောက်လာခဲ့သည်။ သူက လမ်းလျှောက်ရင်း ရပ်ကွက်အခြေအနေကို အကဲခတ်လာခဲ့မိသည်။ ထိုရပ်ကွက်မှာ စာရေးစာချီကဲ့သို့ အစိုးရဝန်ထမ်းများ၊ ဈေးပိုင်ရှင်များ၊ စက်ပြင်ဆရာများ၊ အထွေထွေ အလုပ်သမားများအစရှိသဖြင့် အောက်လွှာမှ လူတန်းစားများ နေထိုင်ရာရပ်ကွက်ဖြစ်နေလေသည်။

လမ်းပေါ်၌ လူတွေက ဥဒဟိုပင် သွားလာနေကြသည်။ ထိုလူများမှာ တစ်ဦးနှင့်တစ်ဦး ဟောင်ဖွာဟောင်ဖွာ ပြောလိုက်၊ ဟားတိုက်ရယ်မောလိုက်၊ အချင်းချင်းတွန်းထိုးပုတ်ခတ်လိုက်နှင့် အလွန်မျက်စိရှုပ်စရာကောင်းလှပေသည်။ စားသောက်ဆိုင်များ၊ အရက်ဆိုင်များတွင်လည်း လူတွေက ပြည့်ကျပ်လျက်ရှိသည်။ တစ်နေရာတွင် ဆိုင်းသံဗုံသံများက တခြိမ့်ခြိမ့်ဆူညံလျက်ရှိသည်။ ဇာတ်ရုံမှထွက်ပေါ်လာသော အသံများပင်ဖြစ်သည်။ အခြားနေရာတစ်ခုတွင်မူလူများဝိုင်းအုံနေသည်ကို တွေ့လိုက်ရပြန်သည်။ သူ သွားကြည့်လိုက်ရာ လောင်းကစားဝိုင်းတစ်ခုဖြစ်နေမှန်း သိလိုက်ရသည်။



သူ စိတ်ပျက်သွားသည်။ နွေးကွေးသောခြေလှမ်းများဖြင့်လျှောက်မှန်းမသိလျှောက်လာရင်း ဇာတ်ရုံအနီးသို့ ရောက်သွား သည်။ ဇာတ်ရုံဘေးမှ လက်မှတ်ရောင်းသောနေရာသို့အရောက် တွင် သူကအပေါက်ဝမှ အတွင်းသို့ အသာကဲကြည့်လိုက်မိသည်။ အထဲတွင်လူတစ်ယောက်က လက်မှတ်ရောင်းရငွေများအား ရေတွက်လျက်ရှိသည်ကို သူတွေ့လိုက်ရသည်။ ထိုအချိန်မှာပင် ထိုလက်မှတ်ရောင်းသူက အပေါ်သို့မော့ကြည့်လိုက်ရာ သူ့ကို တွေ့သွားတော့သည်။ သူ့ကိုလည်း လှမ်းမေးလိုက်သည်။

“လက်မှတ်ဝယ်မလို့လား၊ နည်းနည်းပဲ ကျန်တော့တယ်”

“မဟုတ်ပါဘူးဗျာ”

ပါးစပ်မှပြောရင်း ခေါင်းကိုပါ ခါယမ်းပြလိုက်သည်။ လက်မှတ်ရောင်းက ပြန်မေးသည်။

“ဒါဖြင့် ဘာကိစ္စလဲ”

“ဘာကိစ္စမှ မဟုတ်ပါဘူး၊ ဒီလိုပဲ ကြုံလို့ဝင်လာတာပါ၊ ကျုပ်ကကပ်ကြီးသုံးပါးရဲ့ကိုယ်စားလှယ်ပါ”

“ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်. . . ”

လက်မှတ်ရောင်းက အံ့အားသင့်သွားသည်။ မျက်ခုံးကိုပင့်၍လည်း သူ့ကိုကြည့်သည်။ ထို့နောက် စိတ်ဝင်စားဟန်ဖြင့် ထပ်မေးလိုက်သည်။

"ကပ်ကြီးသုံးပါးရဲ့ကိုယ်စားလှယ်ဆိုတော့ အဆန်းသားပဲဗျ၊ နို့. . . ခင်ဗျားက ဘာတွေလုပ်သလဲ"

"ကောင်းပါလေ့ဗျာ၊ ပြောချင်နေတာနဲ့အတော်ပဲ၊ ကျုပ်အလုပ်က လူတွေကို လိုက်သတိပေးတဲ့အလုပ်ပဲဆိုပါတော့၊ ကပ်ကြီးသုံးပါးက မကြာခင်လာတော့မှာ၊ ကယ်သင့်တဲ့သူတွေရဲ့စာရင်းကိုလည်း ကြိုတင်ကောက်ယူထားဖို့ပဲ ဆိုပါတော့"

"အလဲ့. . . တယ်ဟုတ်ပါလား၊ ဆိုပါဦး. . . ဘယ်လိုလူတွေကို ကယ်နိုင်ပြီး ဘယ်လိုလူတွေကိုတော့ မကယ်နိုင်ဘူးဆိုတာလေး"

"ဒါလွယ်ပါတယ်ဗျာ၊ ခု ခင်ဗျားတို့ရပ်ကွက်ထဲကိုပဲကြည့်ပါ လား၊ လူတိုင်းလိုလို မေ့လျော့နေကြတဲ့သူတွေချည်းပဲ၊ သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်နဲ့လေ၊ ဒီလိုလူတွေကို ဘယ်လိုလုပ်ကယ်နိုင်ပါ့မလဲဗျာ"

သူ့စကားကို လက်မှတ်ရောင်းက စဉ်းစား၍ နေလေသည်။ ပြီးတော့မှ အသာပြုံးလိုက်ကာ -

"ဒါတော့ ကိုယ်စားလှယ်ကြီးမှားနေပြီဗျ၊ ကျွန်တော်တို့ရပ်ကွက်က လူတွေဟာ တကယ်တော့ သူများခိုင်းတာကိုလုပ်ရတဲ့သူတွေ၊ သူများဆန္ဒကို ဖြည့်ဆည်းပေးရတဲ့သူတွေ၊ သူများအကျိုးကို ဆောင်ပေးမယ့် ကိုယ့်အကျိုးကျတော့ အောင်ချင်မှအောင်ကြတဲ့လူတန်းစားတွေပဲများတယ်ဗျ၊ ဒီတော့ သူတို့မှာ ပင်ပန်းဆင်းရဲမှုတွေ၊ မွမ်းကျပ်မောနွမ်းမှုတွေနဲ့ ပြည့်နှက်နေသဗျ၊ ဒါကြောင့် သူတို့



ခမျာ ခုလို အချိန်မျိုးရောက်မှ အနားယူကြရ၊ အပန်းဖြေကြရ၊ ပျော်ရွှင်ကြရတာပဲဖြစ်တယ်ဗျ"

လက်မှတ်ရောင်းစကား ဆုံးသည်နှင့် ကိုယ်စားလှယ်ကြီးက ခေါင်းကို လျင်မြန်စွာ ခါယမ်းလိုက်သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး၊ ဒါ လုံးဝမှားတယ်၊ ဒီအပြုအမူတွေဟာ ပင်ပန်းဆင်းရဲခြင်းကနေ တကယ်သက်သာစေတဲ့၊ တကယ်လွတ်မြောက်စေတဲ့ နည်းလမ်းတွေ မဟုတ်ဘူး၊ ဒီအမူအကျင့်တွေကို လုံးဝရှောင်ကြဉ်နိုင်မှသာ လမ်းမှန်လို့ ဆိုနိုင်တယ်ဗျ"

"တော်ပါတော့ ဆရာကြီးရာ၊ ခင်ဗျားပြောတဲ့အပြောမျိုးကို ကျွန်တော်မို့လို့သာ စိတ်ရှည်ရှည်နဲ့ နားထောင်နေတာပါ၊ တခြားသူတွေကများ ကြားသွားခဲ့ရင် ဆင်းရဲလှတဲ့ဘဝမှာ သက်သာရာ ဆိုလို့ ဒီတစ်ကွက်ကလေးပဲရှိရတဲ့အထဲ ဒါလေးကိုတောင် ပိတ်ပင်ရပ့ါမလားဆိုပြီး ခင်ဗျားကို ဝိုင်းတွယ်ကြပါလိမ့်မယ်၊ ကိုင်း. . . ကိုင်း. . . ဒီကနေ မြန်မြန်သာ ကြွပါတော့ဗျာ၊ ကြွပါတော့"

သူ သက်ပြင်းချလိုက်သည်။ ခေါင်းငိုက်ဆိုက်ချ၍လည်း ထိုနေရာမှ ထွက်ခွာလာခဲ့သည်။ လွတ်ရာကျွတ်ရာနေရာသို့ ရောက်သည်နှင့် ထုံးစံအတိုင်း သူ့ မှတ်တမ်းစာအုပ်ကိုထုတ်ယူကာ ဤရပ်ကွက်အတွင်း၌လည်း ကယ်တင်ရမည့်သူ လုံးဝ (လုံးဝ)မရှိကြောင်းကို စိတ်မသက်သာလှစွာဖြင့် ရေးမှတ်လိုက်ရပေတော့သည်။

***

ထိုမြို့၏နောက်ဆုံးရပ်ကွက်သို့ ရောက်ခဲ့လေပြီ။ မြို့စွန်မှ ထိုရပ်ကွက်က သူ့အား အမှိုက်ပုံးများ၊ ရေဆိုးမြောင်းများ၊ လမ်းပျက်လမ်းဆိုးများဖြင့် ဆီးကြိုနေလေသည်။

ရပ်ကွက်အတွင်းရှိ အိမ်များမှာလည်း အိမ်သေးအိမ်ကုပ်ကလေးများသာ အများအားဖြင့် တွေ့ရလေသည်။ ကလေးငိုသံ၊ တိရစ္ဆာန်အော်သံများကိုလည်း အတိုင်းသားပင် ကြားနေရသည်။ ရေပုပ်နံ့၊ မိလ္လာနံ့၊ တိရစ္ဆာန်အညစ်အကြေးနံ့များက လေသင့်တိုင်း ရှူရှိုက်နေရသည်။ ဆင်းရဲသားရပ်ကွက်မှန်း သိသာလွန်းလှပါတော့သည်။

ရပ်ကွက်ထိပ်တွင်ရပ်လျက် သူ မျှော်ငေးနေမိသည်။ တွေဝေနေမိသည်။ ထို့နောက် သူ့စိတ်ကို လျှော့ချလိုက်မိသည်။ ထိုရပ်ကွက်အတွင်းသို့ မဝင်တော့ရန် သူ ဆုံးဖြတ်လိုက်မိသည်။ ပြီးလျှင် မရွှင်သောစိတ်ဖြင့် မြို့ပြင်ဘက်သို့ ခြေလှမ်းစလိုက်မိတော့သည်။

ဤတွင် တစ်စုံတစ်ယောက်သောသူက သူ၏လက်မောင်းကို လှမ်းဆွဲလိုက်လေသည်မို့ သူ တုံ့ခနဲရပ်လိုက်သည်။ ထို့နောက် ချာခနဲ လှည့်ကြည့်လိုက်မိသည်။ ထိုအခါ အသားအရည်ကြမ်းတမ်းသော်လည်း ပြုံးချိုသောမျက်နှာရှိသူတစ်ဦးကို သူ တွေ့လိုက်ရသည်။ ထိုသူက -

“မိတ်ဆွေက ဘယ်သွားမလို့လဲ၊ ဒီအရပ်က ဟုတ်ဟန်မတူဘူး၊ အဲဒါ သင်္ချိုင်းဘက်ကိုသွားတဲ့လမ်းဗျ”

“ဩော်. . . ဟုတ်လား၊ ကျွန်တော်က မြို့ပြင်သွားတဲ့လမ်းမှတ်လို့”

“မြို့ပြင်သွားတဲ့လမ်းက အများကြီးကျော်လာခဲ့ပြီပဲ၊ လမ်းမှာ ဘယ်သူ့ကိုမှ မမေးဘဲ ဒီအထိ လျှောက်လာရသလားဗျာ”

“မဟုတ်ပါဘူးဗျာ၊ အရင်ကတော့ ရပ်ကွက်တစ်ခုပြီးတစ်ခု အစဉ်အတိုင်းဝင်ဖို့ ဒီအထိ လျှောက်လာတာပါပဲ၊ ခုတော့ စိတ်



ပြောင်းသွားပြီး လှည့်ပြန်တော့မလို့ပေါ့၊ ကျုပ်က ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ပါ”

“ဘုရားရေ. . . ကပ်ကြီးသုံးပါးရဲ့ ကိုယ်စားလှယ်ဆိုတာ ခင်ဗျားလား”

ထိုလူက အံ့အားသင့်သွားသည်။ တုန်လှုပ်သောအသံဖြင့်လည်း ဆက်ပြောလိုက်သည်။

“ဘုရား. . . ဘုရား. . . ကျုပ်က မေးလိုက်မိလို့သာပဲ၊ နို့မဟုတ်ရင် ခင်ဗျားနဲ့လွဲပြီးသားပဲ၊ ကိုင်း. . . ကိုင်း ကိုယ်စားလှယ်တော်ကြီး ရှေ့ကကြွတော်မူပါ၊ ကျုပ်တို့ဖြင့် ခင်ဗျားကို တစ်နေ့ လာနိုး တစ်နေ့လာနိုးနဲ့ မျှော်နေရတာ ကြာလှပေါ့ဗျာ”

ထို့နောက်တွင် ထိုလူက သူ့လက်ကို တင်းတင်းဆုပ်ကာ ကြင်နာစွာ ဆွဲခေါ်နေလေသည်။ မမျှော်လင့်သောအဖြစ်အပျက်ကြောင့် သူက များစွာ အံ့အားသင့်နေမိသည်။

မကြာမီပင် ရပ်ကွက်အတွင်းသို့ ရောက်လေတော့သည်။ ဤမှာပင် သူ မျက်လုံးပြူးသွားရတော့သည်။ ရင်သပ်ရှုမောဖြစ်သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် မြင်မြင်သမျှအရာအားလုံးက သူ လိုလားသော၊ သူ မျှော်မှန်းသော မြင်ကွင်းတွေချည်း ဖြစ်နေသောကြောင့်ပါတည်း။

ရပ်ကွက်အတွင်းရှိ ဓမ္မာရုံ၌ လူကြီးတွေရော၊ လူငယ်တွေပါ ပြည့်နှက်နေသည်။ တရားဟောသူကဟော၍ တရားနာသူကနာနေကြလေသည်။ ထို့ပြင် ဘုန်းကြီးကျောင်းများ၊ ဇရပ်များ၌သာမက ဆိတ်ငြိမ်ရာ သစ်ပင်များ၊ ဝါးရုံပင်များအောက်တွင်ပါ သီလဆောက်တည်နေသူများ၊ တရားအားထုတ်နေသူများကို အများအပြားပင် တွေ့ရလေသည်။ လမ်းများပေါ်တွင်လည်း မဏ္ဍပ်များ

ဆောက်လုပ်ထားသည်ကို တွေ့ရပြီး ရဟန်းသံဃာများအား ဆွမ်းလောင်းလှူနေကြသည်ကိုလည်းကောင်း၊ ဖုန်းတောင်းယာစကာ များ၊ ဆင်းရဲနွမ်းပါးသူများအား စားစရာ၊ ဝတ်စရာ ပေးဝေလှူဒါန်းနေကြသည်ကိုလည်းကောင်း အထင်အရှားပင် တွေ့ရလေသည်။

"ဟာ. . . တယ်ကောင်းပါလားဗျို့. . . တယ်ကောင်းပါလား၊ ကျုပ်က ခင်ဗျားတို့ရပ်ကွက်ကို အထင်သေးပြီး မဝင်ဘဲပြန်တော့မလို့ဗျ"

"ဒီလိုပေါ့ ကိုယ်စားလှယ်တော်ကြီးရယ်၊ ကျုပ်တို့ရပ်ကွက်က လူတွေက လက်လုပ်လက်စား ဆင်းရဲသားတွေချည်းပဲဆိုတော့ လူ့လောကရဲ့ ဒုက္ခဆင်းရဲတွေကို ပိုပြီးတော့ သိတာပေါ့ဗျာ၊ သိလို့လည်းပဲ ဒီဆင်းရဲဒုက္ခတွေက ပိုပြီးကျွတ်ချင်၊ လွတ်ချင်တာပေါ့၊ ဒါကြောင့် စားဝတ်နေရေးအတွက် အသင့်အတင့်ဖူလုံတာနဲ့ ကုသိုလ်ကောင်းမှုတွေကိုချည်း တွန်းလုပ်နေကြတာပေါ့ဗျာ"

"ဟုတ်တယ်၊ ဒါ အမှန်ပဲ၊ ဒီလို အရင်းအနှီးစိုက်ထုတ်မှုနဲ့ ဒီလိုအမြတ်အစွန်း ရှာဖွေမှုမျိုးသာလျှင် တကယ့် အမှန်တရားပဲဗျ"

"ဒါထက် ကပ်ကြီးသုံးပါးလာတဲ့အခါ ကျုပ်တို့ကို ကယ်တင်ဖို့ အတွက်တော့ လုံးဝမမေ့ပါနဲ့နော် ကိုယ်စားလှယ်တော်ကြီး"

"ဘယ်မေ့မလဲဗျာ၊ ဘယ်မေ့လိမ့်မလဲ၊ ဒီလို ကယ်တင်ချင်လွန်းလို့လည်း ကျုပ်က လှည့်လည်သွားလာပြီး လူတိုင်းကို သတိပေးနေခဲ့တာလေ၊ စိတ်ချလက်ချသာနေပေတော့ မိတ်ဆွေကြီးရေ့"

ထို့နောက်တွင် ကပ်ကြီးသုံးပါး၏ကိုယ်စားလှယ်က သူ၏ မှတ်တမ်းစာအုပ်ကို ထုတ်ယူလျက် ကယ်တင်ရမည့်သူများ၏အမည်စာရင်းကို အားရရွှင်လန်းစွာ ရေးထိုးလျက် ရှိပါလေသတည်း။

**ကိုတွတ်**

***



သို့

ဆရာ ဦးကိုတွတ်ခင်ဗျား။

ဆရာရေးသားတဲ့ 'ကပ်ကြီးသုံးပါး'ဝတ္ထုတိုကို သဒ္ဓမ္မဇျုပဟာစာစောင်မှာ ဖတ်ရှုလိုက်ရပါသည်။ ဒီဝတ္ထုကို ဖတ်လိုက်ရတဲ့အတွက် ဖော်မပြနိုင်လောက်အောင် နှစ်သက်သဘောကျမိတာမို့ ဆရာ့ထံ ဒီစာကို ရေးသားလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ဆရာ ခင်ဗျား၊ အဲဒီလိုဝတ္ထုမျိုးကို ဆက်လက်ပြီး များများရေးသားပေးပါဦးလို့ မေတ္တာရပ်ခံတိုက်တွန်းချင်ပါတယ်။ ဆရာ့ဝတ္ထုက ကျွန်တော့်အတွက်တော့ အလွန်အလင်းဓာတ်ပွင့်စေတဲ့ ဝတ္ထုပဲဖြစ်ပါတယ်။ အထူးသဖြင့် လူတိုင်း 'အပ္ပမာဒ' တရား လက်ကိုင်ထားကြစို့ နှိုးဆော်လိုတဲ့ ဆရာ့စေတနာကိုလည်း ကောင်းစွာ သဘောပေါက်မိပါတယ်။

ဆရာခင်ဗျား၊ အမှန်ကိုဝန်ခံရရင် ကျွန်တော်သည်လည်းပဲ မေ့လျော့နေသူတွေထဲမှာ ပါဝင်နေခဲ့သူပါ။ ခုတော့ ဒီဝတ္ထုကို ဖတ်လိုက်ရခြင်းနှင့်အတူ ကျွန်တော့်မှာ သတိတရားတွေ၊ အသိတရားတွေ၊ အမြင်မှန်တွေ အတော်ရလိုက်မိပါတယ်။ ဒါကြောင့် ကပ်ကြီးသုံးပါးကို ကြောက်လန့်မိခြင်းနဲ့အတူ ဒီနေ့ကစပြီး ကုသိုလ်ကောင်းမှုတွေကို တတ်နိုင်သလောက် ပြုလုပ်ရွက်ဆောင်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။

ဝတ္ထုတိုလေးတစ်ပုဒ်ကို ဖတ်လိုက်မိရာက လူတစ်ယောက်အကောင်းဘက်ကို ပြောင်းလဲသွားတယ်ဆိုရင် ဒါဟာ စာရေးသူဖြစ်တဲ့ ဆရာ့ကျေးဇူးလည်း မကင်းဘူးပေါ့ခင်ဗျာ။ ဒီအကြောင်း ဆရာသိရှိပြီး ဝမ်းသာစေရန်အတွက် ရည်ရွယ်

ပြီးတော့ ဒီစာကို ရေးသားလိုက်ရခြင်းဖြစ်ပါတယ် ခင်ဗျား။

ဆရာကျန်းမာပါစေ
အိတ်သောင်း (ခေါ်) ဦးအောင်သောင်း
ရေနံချောင်းမြို့ ။ ။

စာရေးဆရာက လက်ထဲမှ စာရွက်ကလေးကို အကြိမ်ကြိမ် အခါခါပြန်ဖတ်ရင်း ပီတိဖြစ်နေမိသည်။ ထို့ပြင် သူက ဆက်တွေးနေမိသည်မှာ စာရေးဆရာဟူသည် စာရေခြင်းဖြင့် လောက်လောက်လားလား ငွေမရ။ မိသားစု၏စာဝတ်နေရေးကိုလည်း ဖူလုံအောင်ဖြည့်ဆည်းနိုင်သူ မဟုတ်။ သို့ငြား ယခု မိမိရေးသားလိုက်သော စာတစ်ပုဒ်ကဖြင့် လူသား တစ်ဦးတစ်ယောက်အပေါ်သို့ ထိထိရောက်ရောက် အကျိုးပြုသွားလေပြီ။ သို့ကြောင့် စင်စစ်မှာတော့ စာရေးဆရာအလုပ်ဟူသည် သေးဖွဲ့သောအလုပ်မဟုတ်၊ သိမ်ဖျင်းသော အလုပ်မဟုတ်။ အမှန်တကယ် ကြီးကျယ်သော၊ မြင့်မြတ်သော အလုပ်မျိုးသာ ဖြစ်သည်။ စသည်ဖြင့် အတွေးကွန့်လိုက်မိခြင်းနှင့်အတူ မိမိ၏စာရေးဆရာဘဝကိုပါ ဂုဏ်ယူမဆုံးအောင် ဖြစ်နေမိရလေ၏။

◆◆◆

# သံပရာတစ်ဝက် ပျားတစ်ဝက်

အဲသည်ရွာနာမည်က မြည္ဝန့်တဲ့။

ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို မေးတင်ထားသည့်ရွာ။ အိမ်ခြေတစ်ထောင်ကျော်ရှိပြီး လူဦးရေခြောက်ထောင်ကျော်နီးပါးလောက်ရှိသည့်ရွာ။ နုန်းတင်မြေနုတွေကြောင့် မြေဩဇာထက်သန်ကောင်းမွန်ပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကြွယ်ဝဖွံ့ဖြိုးနေသည့်ရွာ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍများသာမက ဘာသာရေး၊ သာသနာရေးကိစ္စများတွင်ပါ ခေတ်နှင့်အမီလိုက်ကာ တိုးတက်နေသော၊ ပွင့်လင်းနေသော၊ အခြေမြင့်နေသောရွာ။

အဲသည်ရွာမှာပဲ မဖြစ်သင့်မဖြစ်ထိုက်သည့် ပဋိပက္ခတွေက ဖြစ်ပေါ်နေပြီး မကွဲသင့်မကွဲထိုက်သည့် အစုအဖွဲ့တွေက ကွဲနေကြသည်။ 'မဖြစ်သင့် မဖြစ်ထိုက်သော ပဋိပက္ခ'ဟု ဆိုလိုက်မှတော့ သာမန်စီးပွားရေး၊ ကြီးပွားရေးလိုကိစ္စမျိုးကြောင့် ပဋိပက္ခဖြစ်နေရခြင်းမျိုး မဟုတ်ကြောင်း ပေါ်လွင်နေပြီဖြစ်သည်။ ဒါဖြင့် ထိုပဋိပက္ခက ဘာကြောင့်ဖြစ်ရသနည်း။ အဘယ်ကြောင့်နည်း။

အံ့ဩစရာကောင်းလှသည်။ ထိုရွာ၌ တစ်ရွာတည်းသားချင်း ဂိုဏ်းဂဏကွဲနေရသော၊ စိတ်ဝမ်းကွဲနေရသော၊ အာဃာတထားပြီး

အမုန်းပွားနေရသော အဓိကအကြောင်းရင်းက အခြားတော့မဟုတ်။ လူသားတွေအတွက် ကိုးကွယ်ရာ၊ မှီခိုရာ၊ ငြိမ်းအေး ချမ်းမြေ့ရာဟူ၍ တစ်ညီတစ်ညွတ်တည်း ပညတ်ထားကြသည့် ဘာသာရေးကြောင့်ပင် ဖြစ်သည်။ ဘာသာရေးကြောင့်ဟု ဆိုလိုက်သောကြောင့် မတူကွဲပြားသည့် တစ်ဘာသာနှင့်တစ်ဘာသာ ခိုက်ရန်ဖြစ်ပွားနေခြင်းမျိုးလားဆိုတော့လည်း မဟုတ်ပြန်။ ဆိုခဲ့သည့်အတိုင်း အံ့စရာကောင်းလှပုံက ထိုရွာ၌ သက်ဆိုင်သူတွေအားလုံး အကျိုးယုတ်နေကြရခြင်းမှာ 'နည်းနည်းလုပ်လျှင် နည်းနည်းအကျိုးရှိသည်၊ များများလုပ်လျှင် များများအကျိုးရှိသည်' ဟု ကြွေးကြော်ထားသော တရားအားထုတ်ခြင်းဆိုင်ရာ အယူဝါဒများကြောင့်ပင် ဖြစ်တော့သည်။ ပို၍ရှင်းအောင်ဆိုရလျှင် သူ့ဆရာ ငါ့ဆရာ၊ သူ့နည်း ငါ့နည်းဟူ၍ ကမ္မဋ္ဌာန်းတရားအပေါ် အတိုက်အခံ ငြင်းကြခုံကြ၊ ပြောကြဆိုကြရာမှ အထွေထွေသောပြဿနာများ ဖြစ်ပွားပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်တော့သည်။

ဆိုတော့ကာ ဒါကို အစကနေ ပြန်ရှင်းပြမှဖြစ်မည်ဟုထင်သည်။ အစဆိုသော်လည်း ဝေးဝေးလံလံကြီးတော့ မဟုတ်။ မြညွန့်တွင် ကွက်သစ်တွေပေါ်လာပြီး ဘုန်းကြီးကျောင်းသစ်တွေပါ ပေါ်ထွန်းလာသည့် လွန်ခဲ့သော ခြောက်နှစ်လောက်က အခြေအနေကို ပြန်ကောက်ပြလိုက်ရုံနှင့်ပင် လုံလောက်သည်။ သည်တုန်းက မြညွန့်တွင် တိုးပွားလာသော လူဦးရေကြောင့် ရွာကို တိုးချဲ့ရန် စီစဉ်ကြသည်။ စီစဉ်သည့်အတိုင်းလည်း 'မြညွန့်ချောင်း' ခေါ် ရှည်မျှောမျှောဖြစ်နေသည့် မြစ်ကျိုးအင်း၏အရှေ့ဘက်မှာ ကွက်သစ်တွေပေါ်လာခဲ့သည်။ လိုရင်းကိုပြောရလျှင် ထိုကွက်သစ်နှင့်အတူ



ဘုန်းကြီးကျောင်းသစ်ကပါ ထွက်ပေါ်လာရာ အဓိကပြဿနာမီးပွားကလည်း ဤမှာပင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ဦးကတော့ မြညွန့်တွင် ရှယ်လယ်မှ ဘုန်းကြီးကျောင်းတစ်ကျောင်းသာရှိသည်။ ထိုကျောင်းကိုသာ ဝိုင်းဝန်းကိုးကွယ်ကြသည်။ ကျောင်းထိုင်ဆရာတော်က ဦးသံဝရဖြစ်သည်။ ထိုမှ ကွက်သစ်တွင် ကျောင်းတစ်ကျောင်းတိုးလာသောအခါ ထိုကျောင်းသစ်ကို အရှေ့ကျောင်းဟူ၍ ပညတ်လိုက်ကြပြီး မူလဦးသံဝရကျောင်းကတော့ အနောက်ကျောင်းဟူ၍ အလိုလိုအမည်ပြောင်းသွားရသည်။

ကွက်သစ်က ရွာမကြီးနှင့် ချောင်းခြားထားသည်။ သွားရေးလာရေး အခက်အခဲကြီးမဟုတ်လှသော်လည်း အနည်းငယ်တော့ သီးခြားစီလို ဖြစ်နေသည်။ သို့နှင့်ပင် သာရေးနာရေးကိစ္စများတွင် ကျောင်းသစ်တစ်ကျောင်းတည်ဆောက်ဖို့ကိစ္စက အလိုအလျောက်ဖြစ်ပေါ်လာခဲ့ရသည်။

ကျောင်းသစ်ဆောက်ပြီးနောက် ကွက်သစ်ရှိ ဝေနေယျများက အောက်ပြည်အောက်ရွာမှ ဦးပဍ္ဍင်းတစ်ပါးကို ပင့်လာပြီး ကျောင်းတင်လိုက်ကြသည်။ ဦးပဍ္ဍင်း၏ဘွဲ့တော်က ဦးကဝိဖြစ်ပြီး စာလည်းတတ်သည်၊ တရားပြလည်း ကျွမ်းကျင်သည်။ အမှန်တော့ မြညွန့်ရွာသားတွေကိုက ကမ္မဋ္ဌာန်းအိုးကွဲများဖြစ်ကြသည်။ ထို့ကြောင့် ဘုန်းကြီးသစ်ရှာကြသောအခါ တရားပြကောင်းသော ကိုယ်တော်မျိုးကို ပဓာနထားပြီး ရှာဖွေခဲ့ကြခြင်းဖြစ်သည်။ ခုတော့ သူတို့အတွက် ကျောင်းသစ်လည်းပြီးပြီ။ လိုချင်သော ကိုယ်တော်လည်းရခဲ့ပြီ။ အားလုံး အဆင်ပြေလေပြီ။

သို့သော် ထိုအချိန်ထိ ဘာမျှမဖြစ်ဘဲ အဆင်ပြေနေသေးသော်လည်း ကျောင်းထိုင်ဦးကဝိက သူ့ဝေနေယျများကို တရားပေးပြီဆိုသောအခါတွင်မူ ပြဿနာက စလာတော့သည်။ အကြောင်းမှာ ယခင် ဦးသံဝရလက်အောက်တွင် တစ်စုတစ်ဝေးတည်း နေခဲ့ကြတုန်းကတော့ ဦးသံဝရ၏ အာစရိယောဝါဒအတိုင်းသာ အားလုံးက လိုက်နာကျင့်သုံးခဲ့ကြသည်။ ဦးသံဝရပေးသော ကမ္မဋ္ဌာန်းကိုသာ တစ်စိုက်မတ်မတ် အားထုတ်ခဲ့ကြသည်။ ယခု ဦးကဝိက သူပိုင်သော ကမ္မဋ္ဌာန်းကို မူကိုင်ပြီး ပြလာပြီဆိုသောအခါ ပထမဆုံး ငြိုငြင်သူများက ဦးသံဝရနှင့် ဦးသံဝရတပည့်တပန်းများပင် ဖြစ်သည်။ မူကွဲတရားကို ယူလာပြီး ပြသရပါမည်လားဟု ဦးကဝိအပေါ် ငြိုငြင်သလို ဆရာဟောင်း၏ အလုပ်ပေးတရားကို စွန့်ပစ်ရပါမည်လားဟုလည်း ကွက်သစ်သားများကို ငြိုငြင်သည်။

ကွက်သစ်သားများအနေနှင့် ဆရာသစ်၏ဩဝါဒသစ်အတိုင်း နာယူမှတ်သားရမည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့သော် ဦးသံဝရတို့ဘက်က ကြည့်ပြန်တော့လည်း ဒါက ဆတ်ဆတ်ခါနာစရာဖြစ်နေသည်။ ဤကိစ္စက ဓမ္မန္တရာယ်ဖြစ်သည်။ လမ်းမှားသို့ရောက်သွားခြင်းနှင့်အတူ ငါးပါးမက သံယာစင်ပါ မှောက်သွားနိုင်သည့် ကိစ္စဖြစ်သည်။ ထိုကိစ္စမျိုးကို အလွယ်တကူ ပြောင်းလွယ်ပြင်လွယ် ပြုလုပ်လိုက်ကြသည့်အတွက် ဦးသံဝရ လွန်စွာ စိတ်ဆိုးသည်။ မခံမရပ်နိုင်အောင်ဖြစ်ရသည်။ တစ်ချိန်တည်းမှာပင် ကရုဏာဒေါသဟုပဲဆိုဆို၊ ပုတ်ခတ်နေသလို ဖြစ်သွားရသည်။

ကြည့်ပါ။ ကွက်သစ်က တရားသမားတွေနှင့်ပတ်သက်ပြီး ဦးသံဝရက သူ့လက်ရင်းတပည့်တပန်းများအား အခါအားလျော်စွာ ဝေဖန်ရှုတ်ချ၊ ပိုင်းဆစ်၊ သုံးသပ် ပြတတ်ပုံများကို -



"ဒီလို တရားမျိုးသာ အားထုတ်နေလို့ကတော့ ကွက်သစ်ကကောင်တွေ ဘယ်တော့မှ လူလားမြောက်မှာမဟုတ်ဘူး၊ ဘယ့်နှယ်ကွာ၊ တရားပေးပုံကြီးကကို ပညတ်မှာစပြီး ပညတ်မှာပဲ ဆုံးနေတဲ့ဥစ္စာ၊ ဟိုတလောက ကွက်သစ်က အုန်းမောင်ဆိုတဲ့ကောင် ငါ့ဆီရောက်လာလို့ ငါက မေးစမ်းကြည့်လိုက်မိတယ်၊ မင်းတို့ဆရာက မင်းတို့ကို ဘယ်လိုတရားပေးသလဲလို့၊ ဒီတော့ အုန်းမောင်က ပြန်ပြောတယ်၊ ပထမဆုံး ခန္ဓာကိုယ်မှာ 'ဝါရ' တွေ ပုံပြီး အားထုတ်ခိုင်းတယ် ဘုရားတဲ့၊ ဘယ်ဘက်ကဆိုရင်လည်း လက်ဖျား၊ တံတောင်၊ ပခုံး၊ ဦးခေါင်းဆိုပြီး ဝါရလေးပုံ၊ ညာဘက်ကဆိုရင်လည်း လက်ဖျား၊ တံတောင်၊ ပခုံး၊ ဦးခေါင်း ဝါရလေးပုံ၊ အဲဒီလို ဝါရတွေပုံပြီး အားထုတ်ရတယ် ဘုရားတဲ့၊ အားထုတ်လို့ အရှိန်အတော်ရပြီဆိုတော့မှ ဆရာတော်က ယောဂီလုပ်သူကို သမာဓိရ မရ စစ်ဆေးတယ်တဲ့၊ သမာဓိရတဲ့သူကို တရားတက်ပေးတယ်၊ ဘယ်လိုတက်ပေးသလဲဆိုတော့ ဝါရပုံတာတွေကို ရပ်လိုက်ပြီး ဝမ်းဗိုက်ကို စိုက်ကြည့်ခိုင်းတယ်တဲ့၊ အဲဒီမှာပဲ ဖြစ်ပျက်မြင်ပြီး တရားတွေ့သွားတယ်တဲ့။"

"ဟ. . . ဒီအတိုင်းသာဆို သူတို့တရားက အတော်လွယ်ပါကလားကွ၊ ဒီလောက်သာလွယ်နေရင် ဘုရားဟော သတိပဋ္ဌာန်းတရားတွေက ဘယ်မှာလာပြီး တန်ဖိုးရှိပါတော့မလဲ၊ အချိန်စီးပါတော့မလဲ၊ မင်းတို့စဉ်းစားကြည့်၊ ခန္ဓာကိုယ်မှာ ဝါရတွေပုံတယ်ဆိုကတည်းက လက်တို့၊ ခေါင်းတို့ကို အာရုံပြုနေတာမို့ ဒါဟာ ပညတ်ကိုရှုနေတာပဲ၊ တစ်ခါ ဗိုက်ကိုပြောင်းပြီး ကြည့်ခိုင်းပြန်သတဲ့၊ နို့ ဗိုက်ကလည်း ဘာထူးလဲ၊ ပညတ်ပဲ၊ ဒီတော့ ယောဂီ လုပ်တဲ့သူကလည်း သူ့ဗိုက်ထဲ ဝေ့လည်ဝေ့လည်ဖြစ်နေတာတွေကို ထင်ရာမြင်ရာတွေ လျှောက်ပြော၊

ဆရာလုပ်တဲ့သူကလည်း ဒါ ဖြစ်ပျက်မြင်တာပဲ၊ တရားတွေ့တာပဲဆိုပြီး အသိအမှတ်တွေပြု၊ ကဲ. . . ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီပုံစံအတိုင်းသာ ဆက်စခန်းသွားနေကြမယ်ဆိုရင် ဒီကောင်တွေ အပါယ်ဘယ်ဈေးလဲ ဆိုသလို ဖြစ်မနေဘူးလား"

ဦးသံဝရက သို့ကလို ဒေါင်းတိမောင်းတိ၊ စိတ်ရှိလက်ရှိ ဖွင့်ချ ပြနေပြန်တော့ အနားက တပည့်သာဝကတွေကလည်း အလိုက်သင့် ဆိုသလို ဆရာ့ကို ဟုတ်ကြောင်းမှန်ကြောင်း ထောက်ခံကြရသည်။

"ကွက်သစ်ကကောင်တွေ ဒါမှကောင်းတယ်ဘုရာ့၊ တချို့က တပည့်တော်တို့ကိုတောင် လာပြီးမဲဆွယ်နေသေးတယ်၊ အခု သူတို့ အရှေ့ကျောင်းဘုန်းကြီးရဲ့ တရားကပဲ ပိုပြီးကောင်းသလိုလို ဘာ လိုလိုနဲ့ပေါ့၊ ခုတော့ ဒီကောင်တွေ နှာခေါင်းနဲ့ကျည်ပွေ့တွေ့ရ ပြီပေါ့"

ထိုကဲ့သို့ အနောက်ကျောင်းတွင် ရိုက်ခတ်နေသော လေလုံးက အနောက်ကျောင်းမှာတင် ရပ်မနေဘဲ တစ်ဆင့်ပြီးတစ်ဆင့် သယ်ဆောင်လာကာ အရှေ့ကျောင်းဆီသို့ ဆိုက်ရောက်လာသည်။ ထိုအခါ အရှေ့ကျောင်းဘုန်းကြီး ဦးကဝိကလည်း လေကို လေနှင့်ပင် ချေမှုန်းရပြန်သည်။ အနောက်ကျောင်း၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ကွက်သစ်ရှိ ဒကာများရှေ့တွင် အခါအားလျော်စွာ ရှင်းလင်းခြင်း၊ ချေပခြင်းများ ပြုရလေသည်။

"ကျုပ်က ကျုပ်ဘာသာ အေးအေးဆေးဆေးပဲ နေချင်တာပါ၊ ဒါပေမဲ့ ခုလို ကျုပ်ကို တိုက်ခိုက်လာပြီဆိုတော့ ကျုပ်ကလည်း ငြိမ်နေလို့ မရတော့ဘူး၊ ဒီမယ်. . . တကယ်တမ်းကျတော့ သူ့တရား ကမှ တကယ့်မာရသွန်တရားကြီးဗျ၊ ဒကာကြီးတို့ ပြောပြပုံ အရဆိုရင် သူက ပထမဆုံး ဝင်လေထွက်လေကို မှတ်ခိုင်းတယ် မဟုတ်လား၊ အတော်ကြာတော့မှ ဝင်လေထွက်လေကိုနားပြီး နဖူးအထက်နားကို စူးစိုက် ပြီးကြည့်ခိုင်းတယ် မဟုတ်လား၊ ကိုင်း- ဒီနေရာမှာပဲ ဒကာကြီးတို့ စဉ်းစားကြည့်၊ ကျုပ်က ဗိုက်ကိုကြည့်ခိုင်းတယ်၊ သူက ခေါင်းကို ကြည့်ခိုင်းတယ်၊ ကျုပ်က ဗိုက်ကို ဘာကြောင့်ကြည့်ခိုင်းသလဲဆိုတော့ ဝါယောခြောက်ပါးထဲမှာ ဝမ်းဗိုက်ထဲကလေလည်း တစ်ပါးအပါအဝင် ပဲလေ၊ ဒီတော့ ဗိုက်ကိုကြည့်ခိုင်းတာဟာ ဝါယောကိုကြည့်ခိုင်းတာနဲ့ အတူတူပဲမဟုတ်ဘူးလား၊ တကယ့် ပရမတ်ကို ရှုခိုင်းတာနဲ့ အတူတူပဲ မဟုတ်ဘူးလား။

သူက ခေါင်းကိုကြည့်ခိုင်းတယ်၊ ခေါင်းကိုကြည့်တော့ ဘာထူး လဲ၊ ခေါင်းကြီးပဲ တွေ့ရမှာပေါ့ဗျ၊ သူက ယောဂီကို ပူတာတွေ့သလား၊ အေးတာတွေ့သလား၊ ဟိုနားဒီနားကနေ တရွရွနဲ့နေသလားတွေ လျှောက်မေး၊ ယောဂီကလည်း ထင်ရာမြင်ရာတွေ ပြန်ဖြေနဲ့ သူ့ဇာတ်နဲ့ သူတော့ သိပ်ဟုတ်နေတာပေါ့၊ ဒီမယ်. . . ကျုပ်ပြောလိုက်မယ်၊ ကျုပ်ရောက်လာပြီး ကျုပ်တရားကို ယူခွင့်ရလိုက်လို့သာ ဒကာကြီးတို့ သက်သာသွားတယ်မှတ်ပါ၊ သူ့တရားနဲ့သာ ဆက်ပြီးခရီးဆက်နေမိရင် ဒကာကြီးတို့ ကျိန်းသေဒုက္ခရောက်ရဖို့ပဲ"

ကိုယ့်ဆရာစကားဆိုတော့လည်း ကွက်သစ်ကလူထုက ဒါလည်းဟုတ်တာပဲလေဟု ထောက်ခံလိုက်ကြရပြန်လေသည်။

***

ထိုသို့ မြည္ဓွန့်တွင် ဂိုဏ်းနှစ်ဂိုဏ်းကွဲသွားပြီးနောက် အားလုံး ငြိမ်သွားပြီလားဆိုတော့ မပြီးငြိမ်းသေးပါ။ မကြာမီ မြည္ဓွန့်၌ ကျောင်းသစ်နှစ်ကျောင်းနှင့်အတူ ဂိုဏ်းသစ်နှစ်ဂိုဏ်းက ထပ်မံပြီး တိုးပွားလာပြန်သည်။

ပထမတစ်ကျောင်းက မူလဦးသံဝရထံမှပင် ခွဲထွက်သွားသော ကျောင်းဖြစ်သည်။ ကျေးရွာ၏ အများသုံးရေကန်ကြီးဘေးတွင် ထွက်ပေါ်လာသော ထိုကျောင်းကို အားလုံးကပင် 'ကန်ကျောင်း'ဟု ဝိုင်းဝန်းသမုတ်လိုက်ကြသည်။ ထိုကျောင်း၏ ကျောင်းထိုင်ဖြစ်သူ ဦးအာစာရမှာ ဦးသံဝရ၏ တပည့်ရင်းဖြစ်ပြီး ဘာမဟုတ်သည့် နဝကမ္မကိစ္စလေးတစ်ခုအတွက် ဆရာတပည့်စိတ်ဝမ်းကွဲကြရာမှ ဦးအာစာရက ဦးသံဝရကျောင်းမှ ဆင်းသွားခဲ့ခြင်းဖြစ်သည်။ ဦးအာစာရကလည်း သူ့ကိုယ်ပိုင်ပရိသတ်ရှိပြီးသားဖြစ်ရာ သူ့ဒကာများကပင် ကန်ဘေး၌ ကျောင်းဆောက်လှူကာ ကိုးကွယ်ထားလိုက်ကြခြင်းဖြစ်သည်။

ဦးအာစာရက ကျောင်းထိုင်ဖြစ်ပြီးနောက် အညာဘက်ကို ခရီးသွားရင်း တရားအားထုတ်နည်းတစ်ခုကို မမျှော်လင့်ဘဲ ရရှိလာသည်။ ထိုနည်းကို သူကိုယ်တိုင် စမ်းသပ်အားထုတ်ကြည့်ရာမှ စိတ်ကြိုက်တွေ့သွားခြင်းဖြစ်သည်။ ထို့နောက်တွင် ဦးအာစာရက ဆရာ့ကို မုန်းသောကြောင့် ဆရာ့တရားကိုပါ စွန့်ပစ်ခြင်းမျိုး မဟုတ်သော်လည်း သူက သူ့ကျောင်းတွင် သူ့ဝေနေယျတို့အား သူ့ကမ္မဋ္ဌာန်းကိုသာ သင်ကြားပြသပေးနေတော့သည်။ ဤတွင် အနောက်ကျောင်းနှင့် ကန်ကျောင်းတို့အကြား တရားနည်းလမ်းဆိုင်ရာ ပဋိပက္ခတွေ ထပ်မံပြီး ဖြစ်လာပြန်ပြီလောဟု မေးစရာရှိသည်။ ထိုကျောင်းနှစ်ကျောင်းကြားတွင် ထိပ်တိုက်သဘောမျိုးဖြင့် အကျယ်တဝင့် ပုတ်ခတ်ဆန့်ကျင်ခြင်းမျိုး မရှိသော်လည်း ထုံးစံအတိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ကတော့ 'သူ့တရား ငါအထင်မကြီး၊ ငါ့တရား သူ အထင်မကြီး' ပုံစံမျိုးကတော့ ဖြစ်ရှိနေကြသည်သာ။



အဲ- ကန်ကျောင်းအတွက် အနောက်ကျောင်းက ဦးတည်ရန်သူမဖြစ်ခဲ့သော်လည်း သူ့အတွက် တကယ့်ပြဿနာဖြစ်လာစေမည့် နောက်ထပ်ကျောင်းတစ်ကျောင်းက မြည္ဓနှံ့၌ တိုးလာပြန်သည်။ သည်တစ်ခါ တိုးလာသောကျောင်းက ရွာထဲမှာတော့ မဟုတ်။ ရွာပြင်တောစပ်အနီး၌ ထွက်ပေါ်လာသည့် ကျောင်းထိုင် ဦးဇဋိလ၏ တောရကျောင်းပင်ဖြစ်သည်။ ဦးဇဋိလက မြည္ဓနှံ့၏ ခြေခင်းလက်ခင်း သာယာပုံ၊ သပ္ပာယမျှတပုံတို့ကို သဘောကျပြီး သက်ဆိုင်ရာ သံဃအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လာရောက် တောရဆောက်တည်နေခြင်းဖြစ်သည်။ သူကလည်း နောက်ဆုံးမှ ထွန်းပေါ်လာသူဖြစ်သော်ငြား ဝိနည်းကောင်းသည်၊ စာတတ်သည်ဟူသော အားသာချက်များဖြင့် ရွာထဲမှ ပရိသတ် အတော်များများကို စည်းရုံးပိုင်ဆိုင်သွားသည်။ အထူးသဖြင့် ဦးဇဋိလ၏ တရားပြသပုံများမှာ ဘယ်သူနှင့်မျှမတူဘဲ ထူးခြားလှသည်ဟု နာမည်ကြီးသွားရာမှ ယခင် ဆရာရှိပြီးသား ယောဂီများပင် ဦးဇဋိလထံသို့ စိတ်ဝင်တစားဘက်ပြောင်းရောက်ရှိလာကြသည်။ ၎င်းတို့အနက် ဦးအာစာရ၏ တပည့်တပန်းများက အများဆုံးပါဝင်သွားလေရာ ဦးအာစာရက ခံပြင်းရခြင်းနှင့်အတူ ဦးဇဋိလအပေါ်သို့လည်း မုန်းတီးနေမိသည်။ သို့နှင့်ပင် လူကိုမချစ်တော့သည်နှင့် မူကိုပါ နှစ်ပစ်လေ့ရှိသော လောကဓမ္မတာအတိုင်း ဦးအာစာရက ဦးဇဋိလကို အောက်ပါအတိုင်း ပျစ်ပျစ်နှစ်နှစ် ဝေဖန်ရှုတ်ချဖို့ အကြောင်းဖန်လာခဲ့လေတော့သည်။

"သူများပြောတိုင်း ယုံတဲ့သူတွေ သွားချင်သွားကြပေါ့ဗျာ၊ အနှစ်မရှိတဲ့တော၊ ကြက်ဆူပင်မင်းမူ ဆိုတဲ့စကားပုံကို လက်တွေ့သိလာကြလိမ့်မယ်၊ ဘယ့်နှယ်ဗျာ၊ သူ့တရားရဲ့ ပဓာနဦးတည်ချက်ကကို

လမ်းကြောင်းအမှားကြီးပဲဟာ၊ လူကြိုက်များပြီး လက်တွေ့မှ မဖြစ်နိုင်ဘဲဟာ၊ သူ့ ကမ္မဋ္ဌာန်းက ပထမဆုံး ဈာန်ရအောင် အားထုတ်ရမတဲ့၊ ပထမဈာန်၊ ဒုတိယဈာန်တွေရပြီဆိုတော့မှ ဝိပဿနာကိုတက်ရသတဲ့၊ တစ်ခါ ဝိပဿနာကျတော့လည်း ရုပ်ကလာပ်၊ နာမ်ကလာပ်တွေကို တစ်ခုချင်း ခွဲခြမ်းစိတ်ဖြာပြီး ရှုနေရဦးမတဲ့၊ အဲဒီလို ဌာန်ကုန်အောင်ရှုပြီးမှသာလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးကလည်း တရေးရေးပေါ်လာမတဲ့၊ ခင်ဗျားတို့ သူပြောတဲ့အတိုင်းသာ လိုက်ပြီးအားထုတ်ကြည့်လိုက်ပါ၊ ဒီဘဝမပြောနဲ့ နောက်ဆယ်ဘဝဆက် အားထုတ်တောင် တရားရဖို့မလွယ်ဘူး။

ခေတ်က ပြောင်းကုန်ပြီဗျ၊ ဒီခေတ်က ဈာန်ရနိုင်တဲ့ခေတ်မဟုတ်တော့ဘူး၊ သဘာဝမြေဆီတွေ ခမ်းခြောက်လာတာနဲ့အတူ သီးနှံပင်တွေရဲ့ အာဟာရဓာတ်တွေကအစ လျော့ကျလာနေကုန်ပြီ၊ နှောင်းလူတွေမှာ ဈာန်ရအောင် အားထုတ်နိုင်တဲ့ ခွန်အားမျိုးနဲ့ မပြည့်စုံတော့ဘူး၊ ရနိုင်တယ်ဆိုရင်တောင်မှ လူတစ်သန်း၊ နှစ်သန်းလောက်မှာမှ ထူးချွန်သူ တစ်ဦးတစ်လေသာ ပေါ်ပေါက်နိုင်တော့တယ်၊ ဒါကြောင့် ဒီတရားမျိုးသာ သွားအားထုတ်မိရင် မြစ်ကို အလျားလိုက်ကူးမိတာနဲ့ ဘာထူးသေးလဲ၊ အဲဒီ ဈာန်လမ်းကိုမှ လိုက်ချင်သပဆိုရင် သွားကြ၊ ခရီးတိုတိုနဲ့ ဉာဏ်လမ်းအတိုင်း လိုက်ချင်သပဆိုရင် ဒီမှာနေခဲ့ကြ၊ ဒါပဲ”

တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည့်စကားအတိုင်းပင်ဖြစ်သည်။ ဦးအာစာရက ထိုကဲ့သို့ တိုက်ခိုက်နေမှန်း သိရသည်နှင့် တောရ ဆရာဦးဇင္ဃိလကလည်း သူ့ ဒကာဒကာမများရှေ့တွင် ခပ်ပျော့ပျော့ခပ်အေးအေးပင် အောက်ပါအတိုင်း ပြန်နှံ့သည်။



“ဦးဇင်းတို့က အားလုံးကို မေတ္တာထားပါတယ်၊ အားလုံးကိုလည်း တရားဓမ္မအကျိုးခံစားစေလိုတယ်၊ အခုဟာကဗျာ ဘယ်သူကမိကျောင်း၊ ဘယ်သူက သစ်တုံးဆိုတာ မြင်သာထင်သာ ဖြစ်နေတဲ့ဥစ္စာပဲ၊ ဒကာကြီးတို့လည်း သူ့တရားကို အားထုတ်ခဲ့ကြဖူးတာပဲ၊ ဘယ်သူ့ ကမ္မဋ္ဌာန်းက သမာဓိရလွယ်တယ်ဆိုတာလည်း အားလုံးသိနေကြတာပဲ၊ တကယ်တော့ အခု ဦးဇင်း ပြသပေးနေတဲ့နည်းက ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် လက်သုံးထားတော်မူခဲ့တဲ့နည်းပဲဗျ၊ မယုံရင် ပဋ္ဌိသမ္ဘိဒါမဂ်တို့၊ ဝိသုဒ္ဓိမဂ်တို့လို ကျမ်းကြီးကျမ်းခိုင်တွေနဲ့ အချိန်မရွေး တိုက်ကြည့်နိုင်ပါတယ်၊ ဒါကိုပဲ သူက ‘သမထယာနိက’ လေး ဘာလေးနဲ့ ကဲ့ရဲ့နေတာကတော့ လုံးဝ မဖြစ်သင့်တာပဲ။

ကိုင်း- ဒါဖြင့် သူ့လိုပြောကြေးသာဆိုရင် ဦးဇင်းမှာလည်း ပြောစရာရှိပါတယ်၊ သူပြတဲ့တရားက ‘ဝိပဿနာယာနိက’တဲ့၊ ဟုတ်လား၊ တရားပေးတော့ရော ဘယ်လိုပေးသလဲ၊ ယောဂီကို ငုတ်တုတ်ကြီးထိုင်ခိုင်းထားတယ်၊ ပြီးရင် ထိုင်တယ်၊ ထိတယ်၊ သိတယ်ဆိုပြီး မှတ်ခိုင်းတယ်၊ ဒီလိုမဟုတ်လား၊ ဒီတော့ သူ့ဟာက အစကတည်းကကို ပျင်းစရာကြီး ဖြစ်မနေဘူးလား၊ သဒ္ဓါတို့၊ သတိတို့၊ ဝီရိယ တို့ဆိုတဲ့ ဗိုလ်ငါးပါးကလည်း ဘယ်လိုလုပ် ပေါ်လာတော့မလဲ၊ မပေါ်လာတော့ဘူး၊ ယောဂီက ငုတ်တုတ်ထိုင်ရင်း တဖြည်းဖြည်းအိပ်ငိုက်လာရုံပဲရှိမယ်၊ ဒါမှမဟုတ်လည်း ဝေဒနာတွေက ဟိုကတက်၊ ဒီကတက် တက်လာပြီး စိတ်က တောင်ရောက်မြောက်ရောက်နဲ့ ပြန့်ကျဲသွားတာပဲ အဖတ်တင်မယ်၊ ယောဂီကို ရွှင်လာအောင်၊ လန်းလာအောင်၊ သွက်လာအောင်၊ ထက်လာအောင် ထောက်ပင့်ပေးနိုင်တဲ့ တရားမျိုးမှ မဟုတ်တာပဲဗျာ”

ဒါသည်ပင် မြည္ဟန့်၌ဖြစ်ပေါ်နေသည့် ဝိရောဓိတစ်ခု၏ လက်ငင်းအခြေအနေဖြစ်တော့သည်။ ထိုပဋိပက္ခက အရေးမကြီး သလိုလိုနှင့် သေးဖွဲ့လှသည်တော့မဟုတ်ပေ။ ဆရာချင်း ကွဲကြရာမှ တပည့်ချင်းပါ လိုက်ကွဲကြသည်။ သူ့ဆရာ၊ ကိုယ့်ဆရာ၊ သူ့အယူ အဆများကို စကားနိုင်လုပြီး ပြောကြဆိုကြသည်။ ငြင်းကြခုန်ကြ သည်။ ခံစားချက်တွေ ပါမှန်းမသိပါလာတော့ ဒေါသတွေပါ နောက် ဆက်တွဲ လိုက်ပါလာတော့သည်။ အချို့က လက်ဖက်ရည်ကြမ်းဝိုင်းမှာ မလျှော့တမ်း ငြင်းကြခုန်ကြရင်း လက်သီးလက်မောင်းတန်းကြသည် အထိ ဖြစ်လာသလို အချို့ကတော့ စိတ်ကိုမထိန်းနိုင်ဘဲ အော်ဟစ် ပေါက်ကွဲ၊ ဆဲရေးတိုင်းထွာပြီး ဝရုန်းသုန်းကား ဖြစ်သူဖြစ်ကြသည်။

တဖြည်းဖြည်းနှင့် အရှေ့ကျောင်း၊ အနောက်ကျောင်း၊ ကန် ကျောင်း၊ တောရကျောင်းတည်းဟူသော လေးကျောင်း လေးဌာန အား အမှီပြု၍ ဖြစ်ပေါ်လာသည့် အကွဲအပြဲဇာတ်လမ်းက ပို၍ အရုပ်ဆိုးလာသည်။ အကျည်းတန်လာသည်။ အမိန့်အာဏာကြောင့် ဆောင်ရွက်ရသော ရပ်ရေးရွာရေးကိစ္စများတွင် သိပ်မပြောပလောက် သော်လည်း သာရေး၊ နာရေး၊ လူမှုရေးကဲ့သို့ ပုဂ္ဂလိက ကိစ္စများ တွင်မူ အခြေအနေတင်းမာမှုက သိသာနေသည်။ ယခင်က မိတ်ဆွေ သူငယ်ချင်း ဖြစ်ခဲ့ကြသူများပင် ကွဲကြပြဲကြပြီးနောက် မခေါ်နိုင် မပြောနိုင်တွေ ဖြစ်လာသည်။ သာရေးနာရေးကိစ္စများကိုလည်း ကိုယ့်အစုနှင့်ကိုယ် ကျိတ်လုပ်နေကြသည်။ ကန်ကျောင်းအနီးမှာ နေထိုင်ပြီး တောရကျောင်းဘုန်းကြီးကို ကိုးကွယ်သူက အရေး အကြောင်းဆိုပါက နီးရာကန်ကျောင်းကို ဝင်၍မရဘဲ အဝေးမှ တောရ ကျောင်းဘုန်းကြီးကို တကူးတက သွားပင့်ရသည်။ အရှေ့ကျောင်းနှင့်



အနောက်ကျောင်းများတွင်လည်း ထိုနည်းလည်းကောင်းပင်။ အမှန် တော့ အားလုံး၏ရည်ရွယ်ချက်က ငြိမ်းချမ်းရေး ရည်ရွယ်ချက်ပင် ဖြစ်သည်။ လုပ်ရပ်ကလည်း ငြိမ်းချမ်းရေးအတွက်ပင်။ ထိုသို့ ငြိမ်းချမ်းရေးအတွက် ရည်ရွယ်လုပ်ကိုင်နေကြရင်းမှ မငြိမ်းမချမ်းတွေ ဖြစ်ပျက်နေကြရသည်မှာ အံ့ဩစရာများအနက် အဓိပ္ပာယ်မရှိဆုံး အံ့ဩစရာပင်ဖြစ်တော့သည်။

***

သို့သော် ဆိုခဲ့သည်အတိုင်း မြည္ဟန့်က ရွာကြီးဖြစ်သည်။ လူဦး ရေလည်းများသည်။ ယခုကဲ့သို့ ပဋိပက္ခဖြစ်သူက ဖြစ်နေကြသော် လည်း တစ်ရွာလုံးအတိုင်းအတာဖြင့် စည်းလုံးမှုပျက်ပြားနေတာ မျိုးတော့ မဟုတ်ပေ။ ဆိုရလျှင် မည်သည့်ဘက်မျှမလိုက်ဘဲ ဘုံဝါဒ ကို လက်ခံသူများက ရွာတွင်း၌ အများကြီးပင်ရှိသေးသည်။ သူတို့ ကိုတော့ ကြားလူဟုပင် ဆိုရမည်။ ထို 'ကြား'အဖွဲ့တွင် ကျေးရွာ လူကြီး ကိုမောင်တာနှင့်အတူ ပညာတတ်လူငယ်များ၊ ကျေးရွာ မျက်နှာဖုံးလူကြီးများ အများအပြားပါဝင်ကြသည်။ သူတို့က ကျောင်းအားလုံး၊ ဘုန်းကြီးအားလုံး၊ ရွာသားအားလုံးနှင့် သင့်မြတ် ကြသည်။ ထို့ပြင် သူတို့က တရားဂိုဏ်းများအချင်းချင်း ဆော်ကြ၊ ခတ်ကြ ဖြစ်နေကြသည်ကို အမြဲမပြတ် စောင့်ကြည့်ကာ အမြင် ကတ်ကတ်နှင့် တမင်အရွဲ့တိုက်ပြီး မြှောက်သည့်အခါ မြှောက်ပေး လိုက်၊ မှင်သေသေဖြင့် ဖျန်ဖြေရေးစကား ပြောသည့်အခါ ပြောလိုက် နှင့် ပြက်လုံးထုတ်နေကြလေသည်။

သို့ပြား သည်ကိစ္စကို ပေါ့သေးသေးမျှသာဟု ကိုမောင်တာတို့က မယူဆပေ။ ရွာထဲတွင် လက်ရှိအချိန်ထိ ပြဿနာမီး ထမတောက်

သေးသော်လည်း ရှေ့တွင် တဖြည်းဖြည်း အကျိတ်အခဲကြီးလာပြီး ပေါက်ကွဲသွားသည့်အဆင့်သို့ လုံးဝမရောက်နိုင်ဟု မည်သူမျှ မပြောနိုင်။ ဟိုနယ်သည်နယ်တို့မှ ကျော်မကောင်းကြားမကောင်း ဖြစ်ရပ်များကို သူတို့လည်း ကြားဖူးနားဝရှိထားပြီးသားပင်။ ပြီးတော့ သူတို့ကိုယ်တိုင် စာတတ်ကြီးတွေ မဟုတ်သော်လည်း သည်ကိစ္စမျိုးက (ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို အကြောင်းပြုပြီး တစ်ရွာတည်းသားချင်း အချင်းများနေကြပုံက) တခြားနယ်သားတွေ အပါအဝင် ကြားရသိရသူတိုင်းအတွက် နှာခေါင်းရှုံ့စရာ၊ ကဲ့ရဲ့စရာဖြစ်လျက်ရှိသည်ကို ကောင်းစွာ သိနေမိကြသည်။

သို့ကြောင့်ပင် တစ်နေ့သ၌ ကိုမောင်တာနှင့် ရွာသားအချို့က ရန်ကုန်သို့ ဆင်းလာခဲ့ကြပြီး မြည္ဒန့်နယ်သားပင်ဖြစ်သည့် ဆရာတော်ဦးရေဝတထံသို့ ဝင်ရောက်ဖူးတွေ့ကာ အကြောင်းစုံကို လျှောက်ထားလိုက်ကြသည်။ အထူးသဖြင့် ဆရာတော်ကြီးမှ တတ်အားသရွေ့ နှိပ်ကွပ်ဆုံးမပေးတော်မူပါရန် လျှောက်ထား လိုက်ကြသည်။ ဆရာတော်ကြီးမှာ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်ဖြစ်သည်။ ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်သည်။ လောလောဆယ် ရန်ကုန်ရှိ သာသနာ့တက္ကသိုလ်တစ်ခုတွင် ပါမောက္ခဆရာတော်အဖြစ် ထမ်းရွက်တော်မူနေပြီး နိုင်ငံတော် သံဃနာယကအဖွဲ့မှ တာဝန်ပေးချက်အရ သံဃဝိနိစ္ဆယအမှုအခင်းများကို အခါအားလျော်စွာ ဖြေရှင်းဆုံးဖြတ်ပေးနေရသော ဆရာတော်လည်း ဖြစ်သည်။

ဆရာတော်က ကိုမောင်တာတို့ လျှောက်ထားသမျှကို ပြုံးပြုံးပြုံးပြုံးနှင့် နားထောင်တော်မူသည်။ နားထောင်ရင်း တစ်ခါတစ်ရံ၌ သဘောကျစွာရယ်သည်။ ပြီးလျှင် တစ်ချက်တစ်ချက်တွင် 'မင်းတို့ ရွာက



ဒီလိုတောင်ဖြစ်နေသလား'၊ 'ဟ. . . တယ်မိုက်တဲ့ကောင်တွေပဲ'၊ 'ဒါဆိုရင် ဒီအတိုင်း ဆက်လွှတ်ထားလို့ ဘယ်ဖြစ်မလဲ' စသည်ဖြင့် ဝင်ထောက်သည့်အခါ ထောက်သည်။ ကိုမောင်တာ လျှောက်ထားချက်ပြီးဆုံးသွားပြီဆိုတော့မှ ဆရာတော်က စတင်ပြီး လေးလေးနက်နက်တွေးတောသည်။ အတန်ကြာအောင်ပင် စဉ်းစားသည်။ ထို့နောက်မှ အောက်ပါအတိုင်း အမိန့်ရှိလိုက်သည်။

"ဒီလိုလုပ်ကွ မောင်တာ၊ ငါလည်း မင်းတို့ရွာကို မလိုက်နိုင်ဘူး၊ ဒီတော့ ငါ့ဩဝါဒကို စာနဲ့ရေးပေးလိုက်မယ်၊ ငါ ကိုယ်တိုင် လက်နှိပ်စက်ရိုက်ပြီး စာကူးပေးလိုက်မယ်၊ ဒါကို မင်းက တစ်ရွာလုံး ဖြန့်ဝေပေးလိုက်၊ နောက်ပြီး စာမတတ်တဲ့သူတွေ အပါအဝင် မသိသူမရှိလိုက်ရအောင် အသံချဲ့စက်နဲ့ပါဖတ်ပြပြီး ကြေညာပေးလိုက်၊ ဟုတ်ပြီလား"

***

ရွာပြန်ရောက်ပြီး မကြာမီမှာပင် ကိုမောင်တာက လုပ်ငန်းစသည်။ ဦးစွာ သူယူလာသော ဆရာတော့်ဩဝါဒ လက်ကမ်းစာစောင်များကို တစ်ရွာလုံးသို့ ဖြန့်ဝေပေးလိုက်သည်။

တစ်ညတွင်မူ ကိုမောင်တာက သူ့အိမ်ရှေ့ ကုက္ကိုပင်၌ အသံချဲ့စက် ဆင်ကာ ဆရာတော့်အမိန့်စာအား ရွာတွင်းသို့ ဖတ်ကြားကြေညာပေးရန် စီစဉ်သည်။ ကိုမောင်တာကို လူငယ်တချို့က ဝိုင်းဝန်းကူညီပေးကြသည်။

ည ၉ နာရီခွဲလောက်ရောက်တော့ ကိုမောင်တာက လုပ်ငန်းစသည်။ မိုက်ကရိုဖုန်းကို လက်ဖြင့်တောက်ကြည့်လိုက်၊ လေဖြင့်မှုတ်ကြည့်လိုက် စသည်ဖြင့် မိုက်စမ်းပြီး စကားစဖို့ပြင်လိုက်သည်။ ဘေးတွင် ဝိုင်းထိုင်နေကြသော လူငယ်များက ကိုမောင်တာကိုကြည့်ရင်း တပြုံးပြုံးနှင့်ဖြစ်နေကြသည်။

ကိုမောင်တာ့အသံက အောင်မြင်စွာ စတင်ထွက်ပေါ်လာသည်။

“ကျေးရွာအတွင်းမှာ နေထိုင်ကြတဲ့ ရွာသူရွာသားအပေါင်းတို့ ခင်ဗျား၊ ခုချိန်ကစပြီး ဆရာတော်ကြီး ဦးရေဝတရဲ့ အမိန့်စာကို ဖတ်ကြားတော့မှာ ဖြစ်ပါတယ်၊ ရွာထဲကိုလည်း လက်ကမ်းစာစောင်တွေ ဖြန့်ဝေပြီးဖြစ်ပါတယ်၊ မသိသူမရှိရအောင် ထပ်ဆင့်ကြေညာပေးရခြင်းဖြစ်ပါတယ်၊ အားလုံးနားစိုက်ပြီးတော့ လေးလေးစားစား နာယူကြဖို့ ပန်ကြားအပ်ပါတယ်၊ အဟမ်း. . . အဟမ်း”

ခေတ္တရပ်နားပြီး ရွာထဲဘက်သို့ နားစွင့်ကြည့်လိုက်သည်။ တစ်ရွာလုံး ခွေးဟောင်သံကိုပင် မကြားရဘဲ တိတ်ဆိတ်လျက်ရှိသည်ကို သိရသည်နှင့် ကိုမောင်တာက သူ့လုပ်ငန်းကို အရှိန်မြှင့်လိုက်သည်။

“မြည္ဟွန့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအသီးသီးမှာ သီတင်းသုံးနေကြတဲ့ သံဃာတော်များနဲ့တကွ ဒကာဒကာမအပေါင်းတို့ကို ဆရာတော်က မေတ္တာရှေ့ထားပြီး စကားလက်ဆောင်များ ပေးပို့လိုက်ပါတယ်၊ ဆရာတော်က မြည္ဟွန့်ရွာသားဆိုတော့ ကိုယ့်ကျေးရွာသူ ကျေးရွာသားတွေနဲ့အတူ ဘာမဆို ကောင်းတူဆိုးဖက် မျှဝေခံစားလိုတဲ့ စိတ်စေတနာနဲ့ ဒီစာကို ရေးသားပေးလို့လိုက်ရခြင်းလည်း ဖြစ်ပါတယ်၊ အားလုံး ဂရုတစိုက်မှတ်သားကြပါ၊ မြည္ဟွန့်မှာ ဖြစ်ပျက်နေတာတွေကို ဆရာတော်အားလုံး သိပြီးပါပြီ၊ ဒါကြောင့် ဒီပြဿနာကို ဆရာတော်အနေနဲ့ စခန်းမှန်၊ လမ်းမှန်ရောက်အောင် အကောင်းဆုံး ဖြေရှင်းပေးလိုက်ပါမယ်။

တကယ်တော့ ဒီပြဿနာက မဖြစ်သင့်ဘဲဖြစ်နေကြတာပဲ၊ တစ်နည်းအားဖြင့် ဆရာစွဲ၊ ငါစွဲ၊ အယူဝါဒစွဲ၊ ဂိုဏ်းဂဏစွဲဆိုတဲ့



အစွဲတွေကြောင့် ဖြစ်ပေါ်လာရတာတွေပဲ၊ ဒီလိုဖြစ်နေတာတွေဟာ မြည္ဟွန့်မှာမှ မဟုတ်ပါဘူး၊ နေရာဒေသအသီးသီးမှာကို ငြင်းနေ၊ ခုန်နေ၊ ပြဿနာတက်နေကြတာဖြစ်ပါတယ်၊ ဒီတော့ ရွာသူရွာသားတွေအနေနဲ့ ဒီအစွဲတွေကို ကြိုးစားပြီး ဖျောက်ဖျက်ကြပါ၊ သက်ဆိုင်ရာ ကမ္မဋ္ဌာန်းဆရာတွေအနေနဲ့လည်း အသက်ငယ်ခြင်း၊ မာန်မာန ပြင်းပြခြင်း၊ ဉာဏ်ပညာမပြည့်စုံခြင်း အစရှိတဲ့ မိမိအားနည်းချက်တွေကို ပြုပြင်ပြီးတော့ ငြိမ်းချမ်းရေးလမ်းစဉ်ကို လက်ကိုင်ပြုကြပါလို့ ဆရာတော် မေတ္တာရပ်ခံလိုက်ပါတယ်။

အားလုံးမှတ်ကြပါ၊ ဆရာတော် ထပ်ဆင့်ရှင်းပြပါမယ်၊ အခုဖြစ်နေတဲ့ ပဋိပက္ခတွေက တရားတော်မှန်တယ်၊ မမှန်ဘူးဆိုတဲ့အပေါ်မှာ ငြင်းခုန်နေကြတာမဟုတ်ဘဲ တရားဗိမာန်ကြီးဆီကို အတူတူလျှောက်လှမ်းနေကြရင်း သူ့လမ်းမှန်တယ်၊ ငါ့လမ်းမှန်တယ် ရယ်လို့ ကိုယ့်ဆန္ဒအတိုင်း ကိုယ်လိုရာ ဆွဲနေကြခြင်းပဲဖြစ်ပါတယ်၊ အားလုံးက ကိုယ်စီအားထုတ်ကြတဲ့ မူလကမ္မဋ္ဌာန်းချင်း မတူညီကြတာနဲ့ပဲ သူက ကိုယ့်ကိုအထင်မကြီး၊ ကိုယ်က သူ့ကိုအထင်မကြီးတွေ ဖြစ်နေကြတာပါ။

ဆရာတော် လိုရင်းကိုပြောပြမယ်၊ တရားအားထုတ်ရာမှာ ဦးစွာ သမာဓိရရှိဖို့က အရေးကြီးတယ်၊ သမာဓိရအောင် အပြင်းအထန် ကြိုးစားကြရတယ်၊ သမာဓိကို ထူထောင်ကြတဲ့နေရာမှာလည်း နည်းလမ်းတွေက အမျိုးမျိုးရှိတယ်။ အဲဒီလို ရှိပင်ရှိသော်လည်းပဲ၊ ကွဲပင်ကွဲသော်လည်းပဲ ရည်မှန်းချက်နဲ့ ဦးတည်ချက်ကတော့ တစ်ခုတည်းပဲ ဖြစ်တယ်၊ တရားကိုတွေ့ရဖို့၊ ဘုရားကိုဖူးရဖို့ပဲ ဖြစ်တယ်၊ ဒီတော့ တရားကိုကြိုးစားပြီး အားထုတ်တဲ့ ယောဂီဟာ သမာဓိ

ရလာပြီဆိုတာနဲ့ စိတ်က တည်ကြည်လာမယ်၊ ဖြူစင်လာမယ်၊ အဲဒီကတစ်ဆင့် သင်္ခါရဒိဋ္ဌိတွေ ကင်းစင်သထက် ကင်းစင်ပြီး ရုပ်ဓာတ်၊ နာမ်ဓာတ်တွေကို မြင်လာမယ်၊ ဒါ တရားကို မြင်သွားတာပဲ ဒီမှာတင် ဘာမှ ငြင်းစရာမရှိတော့ဘူး၊ ဒီနောက်မှ ဆက်ပြီး ကြိုးစားရင် ကြိုးစားသလောက် နိဗ္ဗာန်ကိုမြင်တဲ့အထိ ပေါက်မြောက်သွားမယ်၊ အောင်မြင်သွားမယ်၊ ဒါ အပြီးသတ်ပဲ၊ တရားလမ်းကြောင်း အမှန်ပဲ။

နောက်တစ်ခု ဆရာတော် ဥပမာကောင်းကောင်း ပေးလိုက်ဦးမယ်၊ ခု မြည္ဘွန့်မှာဖြစ်နေကြာတာ လူတစ်စုဟာ ဘုရားဖူးဖို့အတွက် ဘုရားကုန်းတော်ပေါ်ကို စောင်းတန်းလေးသွယ်ကနေ တက်သွားနေကြတာနဲ့ အလားသဏ္ဍာန်တူနေတယ်၊ ဘုရားကို မဖူးရခင် အရှေ့ဘက်စောင်းတန်းက တက်နေတဲ့သူက အရှေ့ဘက်မြင်ကွင်း၊ အရှေ့ဘက် အတွေ့အကြုံတွေကိုကြည့်ပြီး မိမိလမ်းပဲ မှန်တယ်လို့ ထင်နေသလို ကျန်စောင်းတန်းတွေက တက်နေတဲ့ သူတွေကလည်း ကိုယ်သာမှန်လို့ ထင်နေကြတယ်၊ ဒီတော့ ဆရာတော် ပြောချင်တာက လမ်းချင်းမှမတူတာ၊ အမြင်ချင်း ဘယ်တူနိုင်ပါ့မလဲ၊ ဒါကိုပဲ လမ်းခုလတ်မှာ ထိုင်ငြင်းနေကြမယ့်အစား ခေါင်းငုံ့ပြီးတော့သာ အပေါ်ရောက်အောင် တက်သွားလိုက်ကြ၊ ဘုရင်းရင်ပြင်ပေါ်ရောက်တာနဲ့ ဘုရားဖူးရပြီဆိုတဲ့အခါကျတော့ အားလုံး တူသွားလိမ့်မယ်၊ အားလုံး တစ်မျိုးတည်းပဲ ဖြစ်သွားလိမ့်မယ်၊ ဒါကို ဆရာတော် အဓိကတိုက်တွန်းချင်တာပါ။

လမ်းမလွဲကြနဲ့ ဒကာဒကာမအပေါင်းတို့၊ အခု မြည္ဘွန့်မှာဖြစ်နေတာက ကုသိုလ်လုပ်ရင်း အကုသိုလ်ပါရနေကြတယ်၊ အကောင်း



တစ်ဝက် အဆိုးတစ်ပိုင်း၊ တစ်နည်းအားဖြင့် သံပရာတစ်ဝက်၊ ပျားတစ်ဝက်ဆိုတာလို ဖြစ်နေတယ်၊ ဒါကြောင့် ဒီကနေ့ကစပြီး တစ်ဝက်လောက်နဲ့ ကျေနပ်မနေနဲ့၊ အပြည့်ယူကြပါ၊ အငြင်းအခုန်တွေ ရပ်ကြပါ၊ သူ့ဆရာ၊ ငါ့ဆရာ၊ သူ့တရား၊ ငါ့တရားဆိုတဲ့ အစွဲတွေ ချွတ်ကြပါ၊ လွယ်တာကို ခက်အောင်မလုပ်ကြပါနဲ့လို့ ထပ်မံတိုက်တွန်းရင်း ဆရာတော် နိဂုံးချုပ်လိုက်ပါတယ်"

ကိုမောင်တာက လက်ထဲမှ မိုက်ကရိုဖုန်းကို အောက်သို့ချလိုက်သည်။ လေကြောရှည်လိုက်ရသည့်အတွက်လည်း တော်တော်မောသွားသည်။ ဒါကိုပင် လူငယ်တစ်ယောက်က ကိုမောင်တာကို အားလပ်ချိန်မပေးနိုင်ဘဲ သွက်လက်စွာ ဝင်၍မေးခွန်းထုတ်လိုက်သည်။

"ဘယ်လိုလဲ ကိုတာ၊ ဆရာတော်မိန့်ကြားသွားတာကတော့ ရှင်းနေတာပဲ၊ ကျွန်တော်တို့တော့ သဘောပေါက်တယ်၊ ရွာထဲက လူတွေ လက်ခံပါ့မလား၊ ဒီကိစ္စ ငြိမ်းနိုင်ရဲ့လား"

ကိုမောင်တာက ထိုလူငယ်ကို အပြုံးဖြင့် စိုက်ကြည့်နေလိုက်သည်။ ခေတ္တမျှ အသက်ရှူမှန်အောင် နေလိုက်ပြီးနောက် သူ့ဗိုက်ထဲမှ အသင့်ရှိထားပြီးသား စကားလုံးများကို အလွယ်တကူပင် ဖွင့်ထုတ်သွန်ချလိုက်တော့သည်။ ထိုလူငယ်ကို ကိုမောင်တာ ပြန်ပြောလိုက်ပုံက -

"ဆရာတော်လည်း တာဝန်ကျေပြီ၊ တို့လည်း တာဝန်ကျေပြီ၊ ဒါတောင်မှ သူတို့ဘက်က တာဝန်မကျေဘူးဆိုရင် မိုက်ချင်တဲ့သူ ဆက်မိုက်ပစေပေ့ါကွာ၊ အေး- ဓမ္မစက်နဲ့ ငြိမ်းလို့မရရင်တော့ ငါက အာဏာစက်နဲ့ ငြိမ်းရလိမ့်မယ်၊ ရွာထဲမှာ ခိုက်ရန်ဖြစ်တွေ ဖြစ်လာမယ်၊

ဘာဘာညာညာတွေ ကြားလာရမယ်ဆိုလို့ကတော့ ထိပ်တုံးကိုသာ ကြည့်ထားကြပေါ့ကွာ”

ဟူ၍ပင် ဖြစ်လေသတည်း။

◆◆◆

## ခြမ်းပဲ့ပန်းသီး

ညနေဘက် ကားသိမ်းချိန်ရောက်သည်နှင့် ကျော်မိုးလွင်က အုံနာအိမ်သို့ ကားပြန်အပ်ရန်ပြင်သည်။ ကားကို အုံနာအိမ်သို့ မောင်းလာခဲ့သည်။ အိမ်ရှေ့ရောက်သော် ဟွန်းသံပေးလိုက်သည်။ ဝင်းတံခါး ပွင့်လာသောအခါ အတွင်းသို့ မောင်းဝင်လိုက်သည်။ ကားကို ဂိုဒေါင်အောက်သို့ တစ်ခါတည်း မောင်းသွားကာ ထိုးရပ်လိုက်သည်။

ထို့နောက် ထုံးစံအတိုင်း ကားပြန်မအပ်မီ ပြုမြဲကိစ္စတို့ကို ဆောင်ရွက်သည်။ ဦးစွာ ကား၏ရှေ့နောက်ဘေးဘယ်ညာတို့ကို နှံ့စပ်အောင်လျှောက်ကြည့်သည်။ ငုံ့ကြည့်သည်၊ ကုန်းကြည့်သည်၊ မော့ကြည့်သည်။ မည်သည့် ထိခိုက်ပွန်းရှမှုကိုမျှ မတွေ့ရသည်နှင့် ကျေနပ်သွားသည်။

ဆက်လက်၍ ကားအတွင်းပိုင်းသို့ စစ်ဆေးရန်ပြင်သည်။ ကားအတွင်းမှာက ခရီးသည်များ စွန့်ပစ်ထားခဲ့သည့် တစ်ရှူးစတွေ၊ နေကြာစေ့ခွံတွေ၊ ပလတ်စတစ်အိတ်တစ်အိတ်ကို လှမ်းမြင်လိုက်သည်။ ခရီးသည်တစ်ယောက်ယောက် ထိုးညှပ်ခဲ့သော လေလွင့်

ပစ္စည်းပင်ဖြစ်မည်ဟု သူ့စိတ်ကတွေးပြီး ထိုအစကို လှမ်းဆွဲထုတ်လိုက်သည်။

ဤတွင် လက်၏အထိအတွေ့မှတစ်ဆင့် ထိုအရာက ပလတ်စတစ်အိတ်ခွံသက်သက်မျှ မဟုတ်ကြောင်း သိရှိလိုက်ရသည်။ လက်ဆွဲကွင်းနှင့်တကွဖြစ်သော ထိုပလတ်စတစ်အိတ်ကို သူ သေသေချာချာ ဆွဲထုတ်လိုက်သည်။ ထိုအိတ်က လက်ထဲမှာတင် အလေးချိန် တော်တော်စီးနေမှန်းလည်း သိလိုက်ရသည်။

သူ ထိုင်ချလိုက်ပြီး ထိုအိတ်ကို ဂရုတစိုက် ဖွင့်ကြည့်လိုက်မိသည်။ အတွင်း၌ အဖြူရောင်စက္ကူအိတ်တစ်ခုကို ထပ်မံတွေ့ရသည်မို့ ထိုစက္ကူအိတ်ကိုပင် အပြင်သို့ဆွဲထုတ်လိုက်သည်။ စက္ကူအိတ်အတွင်းမှ အမျိုးအမည်မသိပစ္စည်းများက မာလည်းမာပြီး လေးလည်းလေးလံလျက်ရှိသည်ကို တွေ့နေရသည်။ ဤမှာပင် တစ်စုံတစ်ခုထူးခြားတော့မည်ဟူသော အတွေးနှင့်အတူ သူ့စိတ်က လှုပ်ရှားစပြုလာသည်။

ထို့နောက် လက်တွင်းမှ စက္ကူအိတ်ကို ဖျတ်ခနဲ ဆွဲဖွင့်ကာ အတွင်းသို့ ငုံ့ကြည့်လိုက်သည်တွင် . . .

***

နောက်တစ်နေ့မနက်ရောက်တော့ ကျော်မိုးလွင်က အုံနာအိမ်သို့ ဖုန်းလှမ်းဆက်လိုက်သည်။ ယနေ့ ကျန်းမာရေး သိပ်မကောင်းသောကြောင့် အလုပ်နားမည့်အကြောင်း၊ ကားကိုလည်း လာမယူဖြစ်တော့ကြောင်း။

အုံနာကိုသာမက အိမ်မှ ချို့နွယ်ဦးကိုပါ ထိုနည်းအတိုင်း အကြောင်းပြလိုက်သည်။ ပြီးတော့ သူက တစ်ယောက်တည်း ကျိတ်၍



အကြံထုတ်နေမိသည်။ ထိုသို့ အကြံထုတ်ရင်း သူ့စိတ်တွေက ချီတုံချတုံဖြစ်ကာ အိမ်ရှေ့က လက်ဖက်ရည်ဆိုင်ကိုသွားထိုင်လိုက်၊ တော်ကြာ အိမ်ထဲပြန်ဝင်လာလိုက်နှင့် ဂနာမငြိမ်ဘဲ ဖြစ်နေသည်။ သည်လိုနှင့်ပင် တစ်နေ့တာ ကုန်ဆုံးသွားသည်။

နောက်နေ့မနက်ရောက်ပြန်တော့ အုံနာထံသို့ ရှေးနည်းအတိုင်းပင် အကြောင်းပြကာ အလုပ်မသွားဘဲ နေလိုက်ပြန်သည်။ ချို့နွယ်ဦးကိုလည်း ထိုနည်းလည်းကောင်းပင်။

***

သို့သော် ထိုနေ့မနက် ၁၀ နာရီလောက်ရောက်တော့ ချို့နွယ်ဦးက အိမ်သို့ ရုတ်တရက်ပြန်ရောက်လာသည်။ ချို့နွယ်ဦးက အိမ်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ဈေးအတွင်း၌ အလှကုန်နှင့် အခြားတိုလီမိုလီရောင်းသော ဆိုင်သေးသေးကလေးဖွင့်ထားသည်။ ယခု ထိုဆိုင်ကို အငှားကောင်မလေးနှင့် လွှဲထားခဲ့ကာ အိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

ပုံမှန်အတိုင်းဆိုလျှင် ဆိုင်သို့ မနက်ကတည်းက ထမင်းချိုင့်ပါ တစ်ပါတည်းယူသွားပြီး ညနေဆိုင်သိမ်းချိန်ရောက်မှ အိမ်သို့ ပြန်မြဲဖြစ်သည်။ ယခု အိမ်ပြန်လာရသည်က ချို့နွယ်ဦး၌ အကြောင်းရှိသည်။ ထိုအကြောင်းအား အိမ်ရောက်ရောက်ချင်းဆိုသလို ကျော်မိုးလွင်အား ပြောချလိုက်လေပြီ။

"နေပါဦး ကိုကျော်မိုးလွင်၊ ရှင် ဘာတွေဖြစ်နေတာလဲ၊ ရှင့်ကြည့်ရတာ နည်းနည်းမှ ဂနာမငြိမ်ဘူး၊ ရှင် တစ်ခုခုဖြစ်နေသလား"

"အေး၊ ဟုတ်တယ်၊ ဖြစ်နေတယ်၊ ဖြစ်တာမှ သေးသေး မဟုတ်ဘူး၊ အကြီးကြီး"

ကျော်မိုးလွင်ကလည်း တည့်တည့်မေးလာသူကို တည့်တည့်ပင် ပြန်ဖြေလိုက်သည်။ ပြီး သူက လေပူတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ ကုလားထိုင်ပေါ်သို့လည်း ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"ရှင် မူပျက်နေတာကို ကျွန်မ မနေ့ကတည်းက သိတယ်၊ နေမကောင်းဘူးပြောပေမယ့် ရှင့်ရုပ်က ဘာမှ ပြောင်းလဲတာမှ မဟုတ်ဘဲ၊ ကိုယ့်မှာ ဖြစ်ပျက်နေတာကို ကိုယ့်မိန်းမကိုတောင် ထုတ်မပြောချင်တော့ဘူးလား၊ ဒီသံသယကို ဘယ်လိုမှ အောင့်မထားနိုင်တော့လို့ ကျွန်မအိမ်ပြန်လာတာပဲ၊ ကဲပြော၊ ရှင် ဘာဖြစ်နေတာလဲ"

"အေး၊ ပြောမယ်၊ ပြောချိန်ရောက်ပြီလို့လည်း ငါ ဆုံးဖြတ်လိုက်ပြီ၊ အခု မင်းပြန်ရောက်လာတာနဲ့ အတော်ပဲ၊ ငါ ဘာကြောင့် စိတ်မငြိမ်လူမငြိမ် ဖြစ်နေရသလဲဆိုတော့"

ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးနောက် ခေါင်းရင်းဘက်သို့ လျှောက်သွားလိုက်သည်။ တီဗွီရှေ့ရောက်သည်နှင့် တီဗွီစင်အောက်မှ အံဆွဲကို ဆွဲဖွင့်လိုက်သည်။ အတွင်းသို့ လက်ဖြင့်ထိုးနှိုက်ကာ တစ်စုံတစ်ခုကိုပါ ဆွဲယူလိုက်သည်။ ထိုတစ်စုံတစ်ခုဆိုသည်က အနက်ရောင် လက်ကိုင်ကွင်းနှင့် ပလတ်စတစ်အိတ်။

"ရော့ကြည့်၊ အထဲမှာ ဘာတွေပါသလဲဆိုတာ"

***

ချိုနွယ်ဦး၏အသံက သိသာစွာ တုန်ရင်နေသည်။ လက်တွေကပါ တဆတ်ဆတ်တုန်လှုပ်နေသည်။

"ပစ္စည်းတွေက နည်းနည်းနောနောမှ မဟုတ်ဘဲ"

"အေးပေါ့၊ ငါလည်း ဒါကြောင့် ဒါတွေမြင်လိုက်ရကတည်းက စိတ်ချောက်ချားနေတာပေါ့၊ အားလုံး တစ်ပိဿာနဲ့ တစ်ဆယ်သား တောင်ရှိတယ်"



"ပစ္စည်းရှင် ဖြစ်နိုင်တဲ့သူကို ရှင်က အကြမ်းဖျင်းလောက် တောင်မှ မမှတ်မိလိုက်ဘူးလား"

"ဘယ်ကလာ၊ တစ်နေ့လုံး ငါ့ကားပေါ် တက်စီးသွားတဲ့ ခရီးသည်က နည်းမှမနည်းဘဲဟာ"

"ပစ္စည်းရှင်ကလည်း အရေးကြီးတဲ့ဒီအိတ်ကို ဘာကြောင့် သတိမထားတာတဲ့လဲ"

"သတိတော့ ထားမယ်ကွ၊ ထားရက်ကနေ မေ့ကျန်ခဲ့တာ ဖြစ်မယ်၊ ဖြစ်နိုင်တာက ဒီအိတ်အပြင် တခြားအိတ်တစ်လုံးပါ သူ့မှာပါလာလိမ့်မယ်၊ ဒီပစ္စည်းတွေကို တခြားလူတစ်ယောက်ယောက်ဆီ လွှဲပေးဖို့ ဒီပလတ်စတစ်အိတ်ထဲ အသင့်ခွဲထည့်လာဟန်တူတယ်၊ အဲဒါ ဟိုတွေးဒီတွေး တွေးရင်း ကားရပ်တာနဲ့ လက်ထဲကအိတ်ကိုသာ ယူသွားမိပြီး ကားတံခါးကြားမှာ ထိုးညှပ်ထားတဲ့ ဒီအိတ်ကို တော့ မေ့ကျန်ထားခဲ့တဲ့သဘောပဲ၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ နိုင်ငံခြား သတင်းတွေထဲမှာ ဒေါ်လာတစ်သိန်းနှစ်သိန်း ကားထဲမေ့ကျန်ခဲ့တယ်ဆိုတာမျိုး မင်းမကြားဖူးဘူးလား"

"ဒါနဲ့များ ရှင်က ခုမှ ကျွန်မကို ထုတ်ပြောတယ်နော်၊ ပြီးတော့ ကျွန်မကို ဖွင့်ပြောဖို့ ခုမှပဲ ဆုံးဖြတ်လိုက်တာဆိုတာကရော ဘာသဘောလဲ"

"အေး၊ အကြောင်းနှစ်ခုကြောင့်ပဲ၊ တစ်ခုက တကယ်လို့ ငါက မင်းကိုဖွင့်ပြောလိုက်ရင် မင်းက ဒီပစ္စည်းတွေကို သူ့ပိုင်ရှင်ဆီ ပြန်များပေးခိုင်းနေမလားဆိုတဲ့ အတွေးကြောင့်ပဲ"

ပြောပြီး ကျော်မိုးလွင်က ထိုအိတ်အတွင်း၌ တစ်ပါတည်းပါရှိလာသော ရွှေဘောက်ချာများကို ဖြန့်ကြည့်နေမိသည်။ ဘောက်ချာ

ထဲမှာက ရွှေဝယ်သူ၏အမည်အပြင် နေရပ်လိပ်စာပါ အပြည့်အစုံ ပါနေသည်။

"ဒါဖြင့် ရှင်က ဒါတွေကို အကုန်လုံး ယူထားလိုက်ဖို့ ဆုံးဖြတ်ပြီးပြီပေါ့၊ ဟုတ်လား"

"ဒီလိုကြီးလဲ လုံးလုံးတော့ မဆုံးဖြတ်ရသေးပါဘူး၊ ဒီကိစ္စမှာလည်း နှစ်ပိုင်းရှိပြန်တယ်ကွ၊ ဒီပစ္စည်းပိုင်ရှင်ဟာ ရိုးသားတဲ့သူ၊ ရိုးသားတဲ့ငွေနဲ့ပဲ ဒီရွှေတွေကို ဝယ်ထားတာဆိုရင် ငါ့ဘက်ကလည်း ပြန်ရိုးသားဖို့ ဝန်မလေးပါဘူး၊ ပြန်ပေးဖို့ ဝန်မလေးပါဘူး၊ အေး-ဒါပေမဲ့ ဒီလူဟာ လူလိမ်လူကောက်၊ လူယုတ်မာတစ်ယောက် ဖြစ်နေခဲ့မယ်ဆိုရင်၊ ဥပမာကွာ- သစ်မှောင်ခို၊ ဘိန်းမှောင်ခို အလုပ်မျိုးကနေ မသမာတဲ့နည်းနဲ့ ငွေတွေရလာပြီး အဲဒီငွေမည်းတွေနဲ့ ဒီပစ္စည်းတွေကိုဝယ်ထားတာမျိုးဖြစ်နေရင်တော့ ငါက လုံးဝ ပြန်မပေးဘူးလို့ ဆုံးဖြတ်ထားတယ်။ ပြောရရင် သူခိုးပေါ့၊ သူဝှက်လုတဲ့ သဘောမျိုးမို့ ထူးထူးထွေထွေလည်း အပြစ်ကြီးစရာမရှိဘူးလေ၊ ငါထိုက်လို့ ငါရတာဆိုတဲ့ သဘောမျိုးနဲ့ သုံးပစ်လိုက်ရမှာပဲ"

အကင်းပါးသော ချိုနွယ်ဦးက ဂရုတစိုက်နားထောင်ရင်း ကျော်မိုးလွင်စကားကို ရှေ့နောက်ချိတ်ဆက်မိအောင် ဝင်ထောက်ပေးလိုက်သည်။

"ဟုတ်ပါပြီ၊ ကျွန်မက ပိုင်ရှင်ဆီကို အတင်းပြန်ပေးခိုင်းမှာ ကြောက်လို့ ရှင်လျှို့ဝှက်ထားတယ်ဆိုတာကို သဘောပေါက်ပါပြီ၊ ဒါက ပထမတစ်ချက်ပေါ့၊ နောက်တစ်ချက်ကရော ဘာကြောင့်လဲ"

"အေး၊ အဲဒီနောက်တစ်ချက်က ပြောရရင် တခြားတော့ မဟုတ်ဘူး၊ အဲဒါက ဘာလဲဆိုတော့ မင်းက ဒီပစ္စည်းတွေကို မြင်လိုက်တာနဲ့ ငမ်းငမ်းတက် မက်မောသွားပြီး ဝှက်ထားလိုက်ဖို့၊



ယူထားလိုက်ဖို့ ငါ့ကို အတင်းသွေးဆောင်နေမှာ ကြောက်လို့ပဲပေါ့၊ သိပြီလား"

"ဟင်၊ ဒါဖြင့် ရှင့်ဟာက ဘာထူးလဲ၊ ပထမအချက်က ပိုင်ရှင်ဆီ ကျွန်မ ပြန်ပေးခိုင်းမှာကိုကြောက်တယ်၊ ဒုတိယအချက်ကျ တော့ ကျွန်မက ပြန်မပေးခိုင်းမှာကို ကြောက်ပြန်တယ်၊ ရှင့်စကား က ဘာကြီးလဲ"

"အေးပါ၊ ငါ ရှင်းပြပါမယ်၊ ငါဆိုလိုတာက မင်းတို့ မိန်းမတွေရဲ့ သဘောသဘာဝက ခံစားလွယ်တယ်၊ ထိခိုက်လွယ်တယ်၊ ပြီးတော့ တို့ကလည်း စီးပွားရေးကျပ်တည်းနေတဲ့အချိန်မှာ ငါက ဒီပစ္စည်းတွေကို ကားပေါ်ကကောက်ရလာပြန်တယ်၊ ငါက ဒီအကြောင်း မင်းကို ဖွင့်ပြောလိုက်တာနဲ့ မင်းက ဘာမှစဉ်းစားမနေဘဲ ဖြောင်ပစ်လိုက်ဖို့ ငါ့ကို တိုက်တွန်းမယ်၊ ငါကလည်း မင်းစကားကို နားထောင်လိုက်မိမယ်၊ အဲဒီအခါ ပစ္စည်းရှင်က ရုတ်တရက်ပေါ်လာပြီး တိုင်တာတောတာတွေ၊ တရားစွဲတာတွေလုပ်မယ်၊ ငါတို့က ဥပဒေနဲ့ ရင်ဆိုင်ရမယ်၊ နောက်ဆုံး ငါက ထောင်နန်းစံရမယ်၊ ဒီအခါ မိသားစုလည်း ပြိုကွဲရမယ်၊ ဒုက္ခတွေလည်း ပိုလို့တောင် ရောက်ရဦးမယ်၊ ဒါကြောင့် ဒုတိယအချက်ဖြစ်တဲ့ မင်းက ပြန်မပေးခိုင်းမှာကိုလည်း ကြောက်ပြန်တယ်လို့ ငါပြောခဲ့တာပေါ့။

နောက်ဆုံးတော့ကွာ၊ အဲဒီလို ဟိုတွေးဒီတွေး လျှောက်တွေးမိရာက မင်းကို ချက်ချင်းဖွင့်မပြောဖြစ်တဲ့အဆင့်ကို ရောက်သွားတာပဲ၊ ရှင်းပြီလား"

သူ့စကားအဆုံး ချိုနွယ်ဦးထံမှ အရေးကြီးဆုံး မေးခွန်းတစ်ခုက ဖြတ်ပြီးဝင်ရောက်လာသည်။

"ခုတော့ ရှင်က တစ်ခုခုဆုံးဖြတ်ပြီးပြီပေါ့၊ ဆုံးဖြတ်ပြီးလို့လည်း ကျွန်မကို ဖွင့်တိုင်ပင်တဲ့သဘောပေါ့၊ ဟုတ်လား"

"လုံးဝပဲ၊ လုံးဝ မဟုတ်ဘူး၊ ငါ တစ်ယောက်တည်း အကုန်လုံး လျှောက်စဉ်းစားကြည့်ပြီးပြီ၊ ဘယ်လိုမှ အဖြေမပေါ်လို့ မင်းဆီက အကြံယူဖို့ ဆုံးဖြတ်လိုက်ရတာ"

"ဟောတော့"

***

သည့်နောက်တော့ သူတို့လင်မယား၏ အကြိတ်အနယ် ဆွေးနွေးခန်းက စတင်ခဲ့လေပြီ။ ဆွေးနွေးခန်းဆိုသည်ထက် ငြင်းခုန်ပွဲဟုလည်း ဆိုလိုက ဆိုနိုင်သည်။ နှစ်ဦးတည်းသာရှိသော သူတို့စကားဝိုင်းတွင် တစ်ယောက်က အဆိုတင်လိုက်၊ တစ်ယောက်က ကန့်ကွက်လိုက်၊ တစ်ယောက်က နောက်ထပ်အဆိုတစ်မျိုး ပြောင်းတင်လိုက်၊ တစ်ယောက်က ထိုအဆိုကို ပြန်ချေဖျက်လိုက်နှင့် ဖြစ်နေကြသည်။ နှစ်ဦးသဘောတူ ဆုံးဖြတ်ချက်ကိုကား မချနိုင်ကြ။

သို့သော် နောက်ဆုံးတွင် ဘက်စုံထောင့်စုံက အမျိုးမျိုးဝေဖန်သုံးသပ်ကြပြီးနောက် ရွှေထုပ်ကို ပိုင်ရှင်ထံပြန်ပေးရေး မပေးရေး ကိစ္စတွင် ပြန်ပေးရေးဘက်က ပို၍အလေးသာသွားသည်။ ထိုဆုံးဖြတ်ချက်ကိုပင် ကြိုးစား၍ ချမှတ်လိုက်ကြသည်။

ကျော်မိုးလွင်က အတော် စိတ်မောလူမော ဖြစ်သွားသည်။ ထိုပုံစံနှင့်ပင် မိန်းမဖြစ်သူကို လှမ်းပြောလိုက်သည်။

"ဟူး. . . ဒီအတိုင်းပဲ ကောင်းပါတယ် မိန်းမရာ၊ ဒီအထုပ်ကို တို့ ပြန်ပေးလိုက်ကြတာပေါ့၊ ဘာပဲပြောပြော တို့ရိုးသားလိုက်တာက ပိုကောင်းပါတယ်ကွာ၊ ရိုးဂုဏ်ဆိုတာက တစ်သက်လုံး စားလို့ မကုန်ပါဘူး၊ ပြီးတော့ ဒီလိုလုပ်လိုက်တဲ့အတွက် ငါတို့မျိုးရိုးရဲ့



အစဉ်အလာကိုလည်း ထိန်းသိမ်းပြီးသားဖြစ်သွားတာပေါ့၊ တို့အဖေဟာ ငယ်ငယ်က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလုပ်ရင်း ငွေတစ်သိန်းလောက်ပါတဲ့ ငွေထုပ်ကြီးတစ်ထုပ်ကို ကောက်ရခဲ့ဖူးတယ်တဲ့၊ အဲဒါ ဆိုင်ရှင်ကတစ်ဆင့် ငွေထုပ်ပိုင်ရှင်ကို ပြန်ပေးခဲ့တဲ့အတွက် အရေးပိုင်ရဲ့ ဂုဏ်ပြုလက်မှတ်တောင် ရခဲ့ဖူးသတဲ့၊ အဲဒီတုန်းက ရွှေတစ်ကျပ်သားကိုမှ ငါးရာလောက်ပဲ ရှိတဲ့ခေတ်ဆိုတော့ မင်းစဉ်းစားကြည့်ပေါ့၊ ဒါကြောင့်လည်း တို့အဖေက တို့မောင်နှမတွေကို အမြဲတမ်း ရိုးရိုးသားသား ကျင့်ကြံနေထိုင်ကြဖို့ တစ်လျှောက်လုံး ဆုံးမလာခဲ့တာပေါ့"

အမှန်မှာ ဤလမ်းကို ရွေးချယ်လိုက်ရသည်က လွယ်လွယ်တော့ မဟုတ်ပေ။ ကျော်မိုးလွင်အနေနှင့် သူ စောစောကပြောထားသည့် အခြေခံမူနှစ်ချက်အတိုင်း ရေရေလည်လည်ကြီး စဉ်းစားခဲ့သေးသည်။ အထူးသဖြင့် ဤရွှေထုပ်ပိုင်ရှင်က လူ့မသမာတစ်ဦး ဖြစ်နေပါလျှင် ပြန်မပေးဘဲ ထားလိုက်ဖို့ကို သူ စဉ်းစားကြည့်ခဲ့သေးသည်။ သို့သော် လက်တွေ့တွင် ထိုသို့လုပ်လိုက်ဖို့က သိပ်မလွယ်။ ထိုသူက လူကောင်းဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ် ပိုင်ရှင်က ပိုင်ရှင်သာဖြစ်သည်။ ပိုင်ရှင်ဖြစ်ကြောင်းကို ရွှေဘောက်ချာတွေက သက်သေပြနေသည်။

သူတို့လင်မယားအနေနှင့် ဤရွှေများကို လမ်းစပျောက်အောင် ဖျောက်ဖျက်နိုင်ဖို့ဆိုသည်က သိပ်မလွယ်လှ။ ရွှေတွေကို ပြန်ရောင်းထုတ်ချိန်၌ ရွှေဆိုင်မှတစ်ဆင့် ပြန်မိသွားနိုင်သည်။ ရွှေတွေရောင်းပြီး သူတို့ငွေတွေ အသုံးကြမ်းနေခြင်းကို ပတ်ဝန်းကျင်က ရိပ်မိသွားခြင်းမှတစ်ဆင့်လည်း အမှုက ပြန်ပေါ်သွားနိုင်သည်။ ဤရွှေတွေနှင့်

ရွှေ့ဆက်ရမည့် အနာဂတ်က ဘယ်လိုမှ မဖြောင့်ဖြူးနိုင်။ ကျော်မိုးလွင် မျက်စိထဲတွင် ရဲတွေ၊ လက်ထိပ်တွေ၊ အချုပ်ခန်းတွေကိုချည်း မြင်ယောင်နေသည်။ သို့နှင့်ပင် ပိုင်ရှင်က မည်သူမည်ဝါဖြစ်ဖြစ် ပြန်ပေးလိုက်ခြင်းသာ အကောင်းဆုံးဟု ဒုန်းဒုန်းချ လိုက်မိခြင်း ဖြစ်သည်။

ဤအစီအစဉ်ကို ချိုနွယ်ဦးကလည်း သဘောတူသည်။ ချိုနွယ်ဦး မှာ ကျပ်တည်းမှုအပေါင်းနှင့် ရင်ဆိုင်နေရသော်လည်း အချောင် ရမည့်ကိစ္စမျိုးကို ငမ်းငမ်းတက် မဖြစ်တတ်ခြင်းအပေါ် ကျော်မိုးလွင် က ကျိတ်၍ပင်ချီးကျူးရသေးသည်။

"ကျွန်မကတော့ ကိုယ့်ရှိတာလေးနဲ့ နောက်ကြောင်းကင်းကင်း၊ အေးအေးလူလူ နေရတာကိုပဲ ပိုကြိုက်တယ်၊ တိုက်ခန်းကြီးနဲ့တော့ နေရပါရဲ့၊ ကောင်းကောင်းလည်း ဝတ်ရစားရပါရဲ့၊ ဒါပေမဲ့ လူက နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် နေရတာမျိုးတော့ ဆောရီးပဲ၊ တစ်ခုတော့ ရှိတယ်ရှင့်၊ ရှင် ခုလို ပြန်ပေးလိုက်တဲ့အတွက် ပိုင်ရှင် ကလည်း ဒီအတိုင်းတော့ နေမှာမဟုတ်ပါဘူး၊ ဘောက်ဆူးတွေ ဘာတွေချမှာပဲ၊ အဲဒါကိုတော့ ကျွန်မတို့က လိပ်ပြာသန့်သန့်နဲ့ မျှော်လင့်ခွင့်ရှိပါတယ်"

"ဟုတ်တယ်၊ ငါလည်း အဲဒါကိုတော့ အဓိကမျှော်လင့်မိတယ်၊ ပစ္စည်းတွေက တန်ဖိုးနည်းမှ မနည်းတာ၊ ဘောက်ဆူးက မြက်မြက် ကလေး ရမှာတော့ ကျိန်းသေပဲ၊ ကိုင်း- ဒီကိစ္စတော်ပြီကွာ၊ ငါလည်း စိတ်မောလှပြီ၊ ငါတို့စိတ်မပြောင်းခင်၊ စိတ်မဖောက်ခင် ဒီကိစ္စကို မြန်မြန်ရှင်းထုတ်ပစ်လိုက်ကြရအောင်"

***



နောက်တစ်နေ့မနက်တွင် ကျော်မိုးလွင်က အုံနာအိမ်မှ ကားကို ဝင်ယူသည်။ ထို့နောက် စိတ်လှုပ်ရှားစွာနှင့်ပင် ကားကို မောင်းထွက် လာခဲ့သည်။

ဘောက်ချာထဲမှ လိပ်စာအတိုင်း နွယ်သဇင် (၂) လမ်း၊ အိမ် အမှတ် (၃၁၄) ရှေ့ကိုရောက်တော့ သူ့ရင်တွေက ပိုလို့ပင် အခုန် မြန်လာသည်။ ကားကိုရပ်၊ အောက်ဆင်းကာ ဝင်းတံခါးသံတိုင် တွေကြားမှ အတွင်းသို့တစ်ချက်လှမ်းကြည့်လိုက်သည်။ လှပသစ်လွင် သောတိုက်၊ စိမ်းလန်းဝေဆာသောပန်းခြံနှင့် ပန်းခြံရှေ့က လမ်းကလေးပေါ်တွင် အေးအေးလူလူ စင်္ကြံလျှောက်နေသော လူကြီးတစ်ယောက်ကို သူ တစ်ပြိုင်တည်း တွေ့လိုက်ရသည်။

"ဒီ. . . ဒီမှာခင်ဗျ"

သူ့အသံကြောင့် လူကြီးက တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် ဝင်းတံခါးဆီသို့ လျှောက်လာသည်။ ရောက်လျှင် အတွင်းမှနေ၍ ကျော်မိုးလွင်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်သည်။

"ဘာကိစ္စရှိသလဲဟေ့"

"ဟုတ်ကဲ့ခင်ဗျ၊ ဒီ. . . ဒီလိုပါ၊ ဒီအိမ်က ဦးဘခိုင်ရဲ့အိမ် ဟုတ်ပါသလားခင်ဗျ"

လူကြီးက မျက်မှောင်ကြုတ်သည်။ စူးရဲသောမျက်လုံးဖြင့် လည်း ကျော်မိုးလွင်ကို တစ်လှည့်၊ သူ့ကားကိုတစ်လှည့် ကြည့်နေ သည်။ မကြာပါ။ လူကြီးမျက်နှာက ဝင်းခနဲဖြစ်သွားသည်။ အံ့သြ လှိုက်လှဲသောအသံကပါ လွှတ်ခနဲ ထွက်သွားသည်။

"အေး. . . အေး၊ ဟုတ်ပြီဟေ့၊ ဟုတ်ပြီ၊ မင်းကားနဲ့ မင်း မျက်နှာကို ငါက အကြိမ်ကြိမ် ပုံဖော်ကြည့်နေတာ၊ ခုမှပဲ အလုံး အထည်ပေါ်တော့တယ်၊ လာဟေ့၊ လာ"

ဝင်းတံခါးက လျင်မြန်စွာပွင့်သွားသည်။ ကျော်မိုးလွင်က အတွင်းသို့ဝင်လိုက်သည်။ ထို့နောက် ချက်ချင်းဆိုသလို လက်တွင်းမှ အိတ်ကိုပါ လူကြီးထံ ရိုရိုသေသေကမ်းပေးလိုက်သည်။

"ကျွန်တော်ကတော့ ဦးမျက်နှာကို ဘယ်လိုမှ မမှတ်မိဘူးခင်ဗျ၊ ဒီပစ္စည်းတွေ တွေ့ရတာကလည်း ကားသိမ်းချိန်ရောက်မှခင်ဗျ၊ တွေ့တွေ့ချင်း ဦးကို ဆက်သွယ်ပြီး ပြန်မပေးမိတဲ့အတွက်တော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦး"

"ရပါတယ်ကွာ၊ ရပါတယ်၊ ဒီလိုပဲပေါ့၊ ခုလို တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ ပြန်အပ်တယ်ဆိုရင်ပဲ လုံလောက်ပါပြီကွ၊ ငါကလည်း အဲဒီနေ့က တော်တော်အလုပ်များသွားတယ်ကွ၊ မင်းကားပေါ်ကနေ ကတိုက်ကရိုက်ဆင်းခဲ့ပြီး ရုံးထဲရောက်တော့မှပဲ ဒီအိတ် ကျန်နေခဲ့ပြီဆိုတာ သတိရတော့တယ်၊ အပြင်ကို ပျာယီးပျာယာနဲ့ ပြန်ထွက်ပြီး ဟိုဟိုဒီဒီလျှောက်ကြည့်သေးပေမယ့် မင်းကားကို ဘယ်တွေ့ရပါတော့မလဲ၊ လာကွာ၊ အိမ်ထဲလိုက်ခဲ့ဦး"

ဦးဘခိုင်က ပြုံးချိုသောမျက်နှာဖြင့် ကျော်မိုးလွင်ကို ဖိတ်ခေါ်သည်။ သူကပင် ဦးဆောင်၍အိမ်ဘက်သို့ လျှောက်သွားသည်။ ကျော်မိုးလွင်က အသာကပ်လိုက်သွားလိုက်သည်။ သို့သော် ပန်းခြံထောင့်နားကိုရောက်တော့ ဖုန်းခေါ်သံတစ်ခုက ရုတ်တရက်ထွက်ပေါ်လာသည်။ ဦးဘခိုင်က ရပ်လိုက်ပြီး ဖုန်းကိုထုတ်၍ နားထောင်လိုက်သည်။ ထို့နောက် တစ်ဖက်မှဖုန်းခေါ်သူနှင့် အပြန်အလှန် စကားပြောနေသည်။

ဖုန်းပြောနေခြင်းက အတော်ပင်ကြာသည်။ တော်တော့်ကို ကြာသည်။ ဟိုကပြောလိုက်၊ ဦးဘခိုင်ကပြန်ပြောလိုက်နှင့် စကားက အမျှင်မပြတ်နိုင်အောင်ဖြစ်နေသည်။ ဘေးမှရပ်နေသူ ကျော်မိုးလွင်



ခြေအတော်ညောင်းလောက်ပြီဆိုတော့မှ ဦးဘခိုင်က ဖုန်းကို ပိတ်လိုက်ကာ -

"ကိုင်း- ငါ့တူ၊ အားတော့နာတယ်ကွာ၊ အလုပ်ကပေါ်ပြန်ပြီကွာ၊ အသင်းရုံးကို ဦး ခုပဲ သွားရလိမ့်မယ်"

စကားကိုရပ်ကာ တစ်စုံတစ်ရာ စဉ်းစားနေသည်။ ထို့နောက်-

"ဒီလိုလုပ်ကွာ၊ မင်းလိပ်စာလေး ဦး ပေးခဲ့၊ ဦးက မင်းကိုတောင် ဧည့်မခံနိုင်တော့ဘူး၊ အရေးပေါ်ကိစ္စဖြစ်နေတယ်ကွ"

ဦးဘခိုင် စကားဆုံးသည်နှင့် ကျော်မိုးလွင်က သူ့လိပ်စာကတ်ကလေးကို ဦးဘခိုင်သို့ အသာလှမ်းပေးလိုက်သည်။

"ပစ္စည်းတွေကို ပြန်စစ်ကြည့်ပါဦးလား ဦး"

"ရပါတယ်ကွ၊ ခုလိုတောင် ရိုးရိုးသားသား ပြန်လာအပ်နေမှပဲ၊ ဘာ ပြန်စစ်ကြည့်နေဖို့လိုသလဲ၊ ကျေးဇူးတင်တယ်ကွာ၊ သိလား၊ သိပ်ကျေးဇူးတင်တယ်"

ပြောပြီး ဦးဘခိုင်က အိတ်ကပ်ထဲသို့ လက်ဖြင့်နှိုက်လိုက်သည်။ ကျော်မိုးလွင်က ထိတ်ခနဲ ဖြစ်သွားသည်။ ပြောရလျှင် သည်အချိန်က သူ မျှော်လင့်နေသည့်အချိန် မဟုတ်လား။ သို့သော် ဦးဘခိုင် သူ့အိတ်ကပ်ထဲမှ လက်ကို ပြန်ထုတ်လိုက်ချိန်မှာတော့ ကျော်မိုးလွင်တစ်ယောက် ရုတ်ခြည်းပင် ခံစားချက်ပြောင်းသွားရလေပြီ။ သူ့ရင်ထဲကပါ ဟာခနဲဖြစ်သွားရသည်။ နင့်ခနဲ ဖြစ်သွားရသည်။ အံ့ဩဝမ်းနည်းစိတ်နှင့်အတူ မျက်လုံးတွေကပါ ပြာခနဲ ဖြစ်သွားရသည်။ အကြောင်းမှာ 'ရော့၊ ဒါ မင်းသုံးပေါ့ကွာ'ဟု ပြောကာ လှမ်းပေးလိုက်သော ဦးဘခိုင်၏လက်ထဲမှာက တစ်သောင်းကျပ်တန် ငွေစက္ကူကလေး သုံးရွက်မျှသာ။

***

"တောက်. . . တော်တော် လူမဆန်တဲ့ အဖိုးကြီးကွာ၊ တော်တော်မိုက်ရိုင်းတဲ့ အဖိုးကြီး၊ အသက်ကြီးသလောက် အချိန်မစီးဘူးဆိုတာ ဒါပဲ"

ကျော်မိုးလွင်က တဖျစ်တောက်တောက်ဖြစ်နေသည်။ သူ့နှုတ်မှ ထိန်းချုပ်မရနိုင်လောက်အောင် တရစပ်ရေရွတ်နေသည်။ မျက်နှာကလည်း ခံပြင်းသော၊ ဒေါသထွက်သော အရိပ်အယောင်များဖြင့် တင်းမာနီရဲနေသည်။ ချိန္ဒယ်ဦးကမူ ေး၍သာနေသည်။ သို့သော် သူမသည်လည်း မျှော်လင့်ထားသမျှ ရေစုန်မျောခဲ့ရခြင်းအပေါ် အလွန်အမင်း စိတ်ပျက်အားလျှော့သွားသည့် အသွင်သဏ္ဍာန်တို့ကမူ မျက်နှာ၌ အထင်းသားထင်ပေါ်နေသည်။

"တောက်၊ ဒီလိုမှန်းသိရင် ဒီရွှေတုံးတွေကို ပြန်မပေးဘဲ ထားလိုက်ပါတယ်ကွာ၊ အလကားလူတွေ၊ နှလုံးသား မရှိတဲ့လူတွေ"

ကျော်မိုးလွင်အသံက ပို၍ကျယ်လာသည်။ ပို၍လည်း ခက်ထန်လာသည်။ ပြီးတော့ စိတ်ထိခိုက်လွန်းသောကြောင့် သူ့အသံက တုန်ရင်နေကာ ငိုသံပါသည့်ဘက်သို့ပင် ရောက်သယောင်ယောင်ဖြစ်နေသည်။ ချိန္ဒယ်ဦးကမူ ကိုယ်ကို ခပ်နွဲ့နွဲ့ပြု၍ ငြိမ်နေဆဲ။

"မေတ္တာ စေတနာဆိုတာ လူတိုင်းနဲ့မထိုက်တန်ဘူးဆိုတဲ့ စကားက ဒါကြောင့် ဖြစ်လာတာပဲ၊ မရိုးသားတဲ့သူအပေါ် ရိုးသားလိုက်မိတာကိုက ငါတို့အမှားပဲ"

"ကဲ-တော်ပါတော့ ကိုကျော်မိုးလွင်၊ ရှင့်စကားတွေကလည်း တဖြည်းဖြည်းနဲ့အမှားတွေ ပါလာကုန်ပြီ"

ချိန္ဒယ်ဦးက စပြောလိုက်သည်။ ကျော်မိုးလွင်က ပြန်ငြိမ်သွားသည်။ သို့သော် အသက်ကိုတော့ ပြင်းပြင်းရှူနေသည်။



"စေတနာဟာ လူတိုင်းနဲ့မထိုက်တန်ဘူးဆိုတဲ့စကားဟာ မမှန်ဘူးရှင့်၊ ပြီးတော့ ကိုယ်ပေးဆပ်လိုက်တဲ့ ရိုးသားမှုအပေါ် မှားသွားပြီလို့ ထင်လိုက်တာဟာလည်း နောက်ထပ်လွဲချော်မှုတစ်ခုပဲ"

ကျော်မိုးလွင်က ချိန္ဒယ်ဦးကို ဖျတ်ခနဲကြည့်သည်။ ချိန္ဒယ်ဦးက ထိုင်ရာမှထလာပြီး ကျော်မိုးလွင်ဘေးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပို၍ကြည်လင်လာသောမျက်နှာ၊ ပို၍ပျော့ပျောင်းလာသောအသံဖြင့်လည်း ကျော်မိုးလွင်ကို ပြောလိုက်သည်။

"ပစ္စည်းပိုင်ရှင်က ကိုယ့်ကိုတော့ ဘောက်ဆူးကောင်းကောင်းပေးတော့မှာပဲလို့ ကျွန်မလည်း မျှော်လင့်မိခဲ့တာပေါ့၊ ဒါပေမဲ့ အခုသူက မပေးဘူး၊ မပေးတော့ ဘာတတ်နိုင်သလဲ၊ ဘာမှ မတတ်နိုင်ဘူး၊ ဒါကို ကိုယ်က အကုသိုလ်ပွားနေရင် ကိုယ်ပဲ ထပ်ပြီးသောကရောက်နေရမှာ"

လက်ကလေးတစ်ဖက်ဖြင့် ကျော်မိုးလွင်၏လက်မောင်းအားလှမ်းကိုင်လိုက်သည်။ ထိုလက်က ယောကျ်ားဖြစ်သူကို ဖျောင်းဖျလိုသော၊ နှစ်သိမ့်လိုသော သူမရည်ရွယ်ချက်၏ ကိုယ်စားလှယ်ဖြစ်ဟန်တူပါသည်။

"စိတ်လျှော့လိုက်ပါ ကိုကျော်မိုးလွင်ရယ်၊ ဒါမရတော့ရော ဘာဖြစ်သလဲ၊ ကျွန်မတို့မှာ ကလေးတစ်ယောက်နဲ့ ကျပ်တည်းတယ်ဆိုပေမယ့် ဒုက္ခရောက်နေကြတာမှ မဟုတ်တာ၊ ရှင့်ဝင်ငွေ၊ ကျွန်မဝင်ငွေနဲ့ ဖြစ်သလိုလေးတော့ ရပ်တည်နိုင်သေးတာပဲဟာ၊ အရေးကြီးတာက ကိုယ်ပြုပြီးတဲ့ ကောင်းမှုကုသိုလ်လေးကို ပြန်ပြီး ပျက်ယွင်းမသွားစေဖို့ပဲ၊ ရှင်ပြောတယ်မဟုတ်လား၊ ရိုးသားမှုဆိုတာ တစ်သက်လုံးစားလို့မကုန်ပါဘူးဆို"

ကျော်မိုးလွင်က ပို၍ငြိမ်လာသည်။ တရှုံးရှုံးဖြစ်နေသော အသက်ရှူသံကိုပါ မကြားရတော့။

"ရှင့်အဖေက ကောက်ရတဲ့ငွေထုပ်ကြီးကို ပြန်ပေးခဲ့သလို ရှင်ကလည်း ကိုယ့်အဖေခြေရာနင်းပြီး ဒီပစ္စည်းထုပ်ကို ပြန်ပေးခဲ့တယ်၊ တကယ်ဆိုရင် ရှင်က ရှင့်အဖေထက်တောင် ပိုတော်သေးတယ်လို့ ဆိုရမယ်၊ ဘာကြောင့်ဆို သူတစ်ပါးအပေါ် ပြစ်မှား ကျူးလွန်ချင်တဲ့ သူတွေ များလာတဲ့ ဒီခေတ်ကြီးထဲမှာ ရှင့်လုပ်ရပ်က တကယ့်ရှားမှရှား ပဲလေ၊ ပြောရရင် ဒီလုပ်ရပ်ဟာ ကိုယ့်အသက် ရှိသရွေ့ ပြန်တွေးမိတဲ့ အခါတိုင်း တစိမ့်စိမ့် ပီတိဖြစ်နေရမယ့်လုပ်ရပ်ပဲ၊ ဒီကောင်းမှုလေးကို ဘောက်ဆူးမရတာလေးတစ်ခုနဲ့ ပျက်စီးသွားအောင်၊ ပွန်းပဲ့အောင် မလုပ်လိုက်ပါနဲ့၊ ဖြူပြီးသားလေးကို ဆက်ပြီးတော့သာ ဖြူပါစေ တော့ရှင်"

ချိုနွယ်ဦး စကားအဆုံးတွင် ကျော်မိုးလွင်က တစ်ကိုယ်လုံး ပျော့ကျသွားသည်။ ချိုနွယ်ဦးစကားက ချက်ကောင်းကို တန်းခနဲ ဝင်သွားသည်မို့လည်း ကျော်မိုးလွင်အတွက် ချေပစရာစကား မရှိဘဲ ဖြစ်သွားသည်။ ထို့ပြင် အမှန်တရားတစ်ခုကို သိမြင်လိုက်မိခြင်းနှင့် အတူ စောစောက ဆူပွက်နေသော ခံစားချက်တွေမှန်သမျှ ရုတ်ခြည်း လွင့်ပါးကင်းစင်သွားတော့သည်။

သို့သော် သူ့စိတ်က ချက်ချင်းပုံမှန်သို့ ပြန်ရောက်သွားပြီဟု မဆိုသာ။ အလုံးအရင်းနှင့် ဝင်ရောက်ရိုက်ခတ်ခြင်းကို ခံခဲ့ရသည် နှင့်အညီ တော်တော်နှင့်အရှိန်မပျယ်နိုင်သေးဘဲ ဖြစ်နေသေးသည်။ ညပိုင်း အိပ်ရာဝင်ချိန်လောက်ရောက်တော့မှ သူ့စိတ်က အရာရာကို အောင်နိုင်သွားတော့သည်။ ပေါ့ပါးခြင်း၊ ကြည်လင်ခြင်း၊ အေးမြခြင်း၊



ငြိမ်သက်ခြင်းတည်းဟူသော ကိုယ်စိတ် အခြေအနေများက အပိတ် အဆို့မရှိ လွှမ်းမိုးလာနိုင်တော့သည်။

ချိုနွယ်ဦးကိုပြောမိသော သူ့စကားသံကပင် နေ့ခင်းတုန်းကနှင့် မတူကွဲပြားလျက်ရှိသည်။

"အေးပါကွာ၊ မင်းပြောတာ မှန်ပါတယ်၊ ကိုယ်က ပြတ်ပြတ် သားသား ဆုံးဖြတ်ပြီးမှတော့ ဘာများ သံယောဇဉ် အမျှင်တန်း နေစရာလိုသေးလဲ၊ ပိုင်ရှင်အပေါ် ငြူစူတဲ့စိတ်နဲ့ ပြောမိဆိုမိ တာတောင် ငါ နောင်တရမိတယ်ကွာ"

***

နောက်တစ်နေ့ကူးသည်နှင့် ပို၍နောင်တရစေမည့်အကြောင်း တစ်ခုက ကျော်မိုးလွင်ကို ဆီးကြိုနေသည်။ အုံနာအိမ်သို့ သွားခါနီး လောက်မှာပင် ဖုန်းခေါ်သံက မြည်လာသည်။ ဖုန်းကို နားထောင် လိုက်သည်နှင့် အောက်ပါအတိုင်း ကြားရတော့သည်။

"မောင်ကျော်မိုးလွင်လားဟေ့၊ အေး- မင်း ခုချက်ချင်း ဦးအိမ် ကို လာခဲ့စေချင်တယ်၊ မနေ့က မင်းကို ဦး ကောင်းကောင်းဧည့်ခံ စကား မပြောလိုက်နိုင်တဲ့အတွက် ဦးကို ခွင့်လွှတ်ပါကွာ၊ ဒီလိုကွ၊ မင်းကို ဦးနည်းနည်းရှင်းပြမယ်၊ တကယ်တော့ မင်းကားပေါ်မှာ ကျန်ခဲ့တဲ့ပစ္စည်းတွေက ဘုရားထီးတော်မှာ ရွှေခေါင်းလောင်းအဖြစ်နဲ့ ချိတ်ဆွဲပြီးလှူဖို့ စီစဉ်ထားတဲ့ပစ္စည်းတွေကွ၊ ပန်းထိမ်ဆရာ လက်ထဲကို အပ်ဖို့အသွား၊ အသင်းရုံးမှာ အလုပ်တစ်ခုပေါ်လာလို့ ခဏဝင်မိရာက မင်းကားပေါ် မေ့ကျန်ထားခဲ့မိတာပဲ၊ ဦးက ဝေပုလ္လဆန်လှူ အသင်းမှာ ဥက္ကဋ္ဌလုပ်တယ်၊ နောက်နှစ်ထဲမှာ ဦးက အလုပ် အားလုံးကနေ အနားယူတော့မယ်၊ ရဟန်းဘောင်ကိုလည်း တက်တော့မယ်၊

ဒါကြောင့် ခုချိန်မှာ ဦးလည်း စွန့်စရာရှိတာစွန့်၊ လှူ စရာရှိတာလှူ လုပ်နေတဲ့အချိန် ဆိုပါတော့ကွာ။

မနေ့က ဦးလည်း တော်တော်အလုပ်များသွားတယ်ကွ၊ ညရောက်တော့မှ ဦးက မင်းအကြောင်း ကောင်းကောင်းပြန် စဉ်းစားချိန်ရတော့တယ်၊ လိုရင်းပြောရရင် ဦး မင်းကို သဘောကျ တယ်ကွာ၊ မင်းရဲ့ ရိုးသားမှုအတွက် တစ်ခုခုပြန်ဆုချဖို့လည်း ဆုံးဖြတ်လိုက်တယ်၊ ဒီတော့ ဦးက ဒီလိုစီစဉ်ထားတယ်၊ ဦးမှာ ဗင်ကားတစ်စီးရှိတယ်၊ အရင်တုန်းကတော့ ဦးကိုယ်တိုင်မောင်းတယ်၊ ခုတော့ ဦးမျက်စိကို သိပ်စိတ်မချတာနဲ့ မမောင်းရဲတော့ဘူး၊ ဒရိုင်ဘာလည်း မငှားတော့ဘဲ ဒီအတိုင်းထိုးထားလိုက်တယ်၊ အဲဒါ အဲဒီကားကို ဦး မင်းလက်ထဲအပ်မယ်ကွာ၊ မင်းက ဦးသွားစရာရှိတဲ့ အခါ မောင်းပို့ပေးပေါ့၊ ကျန်တဲ့အချိန်မှာတော့ မင်းဘာသာ တက္ကစီ ဆွဲကွာ၊ အုံနာခတွေဘာတွေ ပေးစရာမလိုဘူး၊ ရသလောက် မင်းယူ၊ ပြီးတော့ နောက်နှစ်မှာ ဦးက ရဟန်းဘောင်တက်တော့မှာဆိုတော့ အဲဒီအချိန်ရောက်ရင် ဒီကားကို ဦးက မင်းကို အပိုင်တောင် လွှဲပေး ဦးမယ်ကွာ၊ ဘယ့်နှယ်လဲ၊ မင်းသဘောကျရဲ့ မဟုတ်လား၊ ဒါဖြင့် စီစဉ်စရာရှိတာ စီစဉ်ရအောင် မင်းခုချက်ချင်း ဦးဆီလာခဲ့၊ ဟုတ်ပြီ လားဟေ့”

အမှန်ပြောရလျှင် ဖုန်းပြောခြင်းကိစ္စပြီးလျှင်ပြီးချင်း ဝမ်းသာ စိတ်က ကျော်မိုးလွှင်ရင်ထဲ ဟုန်းခနဲ ထကြွသွားမိသည်ကအမှန်။ သို့သော် မနေ့က ဦးဘခိုင်အပေါ် ပြောမိ၊ ဆိုမိ၊ ပြစ်မှားမိသည်များ ကို သူ ချက်ချင်းပြန်သတိရသွားသည်။ ထိုအခါ မိမိ၏စိတ်မခိုင်မှု၊ စိတ်ထားမမှန်ခဲ့မှုအပေါ် ပြန်လည်ရှက်နိုးမိခြင်းနှင့်အတူ ထို ဝမ်းသာ



စိတ်များက ရုတ်ခြည်းပင် ငုတ်လျှိုးသွားသည်။ ထို့မျှမက ပို၍ နောင်တရမိခြင်း၊ တနုံ့နုံ့ဖြစ်ရခြင်းများကိုပါ မျက်ရည်လည်ရင်း ပူးတွဲခံစားလိုက်ရသည်။

ခုနေ ဈေးထဲမှာ ချိုနွယ်ဦးကို ဤသတင်းပြောပြလိုက်ပါက ဝမ်းသာသွားမည်မှာ မုချ။ သို့သော် ယခု အချိန်၌ စိတ်မကောင်း ခြင်းကသာ သူ့အား ကြီးစိုးနေတော့ရာ ချိုနွယ်ဦးကို အူယားဖားယား သွားပြောပြချင်လောက်အောင် တက်ကြွမနေတော့ပေ။

တစ်ခုတော့ သူကောင်းကောင်း သိလိုက်မိသည်။ အခြား မဟုတ်။ စစ်မှန်သော ရိုးသားမှုကသာ အလုံးစုံသော စိတ်ချမ်းသာ မှုကို ပေးစွမ်းနိုင်သည်။ နည်းနည်းရိုးသားက နည်းနည်းချမ်းသာ မည်။ များများရိုးသားက များများချမ်းသာရမည်။ ပြည့်ဝသော သီလဖြူစင်မှုကသာ ပြည့်ဝသော ကောင်းကျိုးအထွေထွေကို ပေးစွမ်းနိုင်မည်။ ကျားငစဉ်းလဲ၏ ဥပုသ်စောင့်နည်းမျိုးကဲ့သို့ အကျိုး၊ အပေါက်၊ အပြောက်၊ အကြားတွေနှင့် ပြည့်နှက်နေသော သီလစောင့်ထိန်းနည်းမျိုးကတော့ ရှက်ဖွယ်ရာ၊ ကဲ့ရဲ့ဖွယ်ရာသာ ဖြစ်သည်။ သို့ကြောင့် ယနေ့မှစ၍ စစ်မှန်ပြည့်ဝသော သီလကိုသာ သူ ကြိုးစားပြီး ဆောက်တည်တော့မည်၊ မည်သည့်အကြောင်း ကြောင့်ဖြစ်စေ မည်သည့်အခါမျှ ယိမ်းယိုင်သွေဖည်ခြင်း မရှိရ အောင်လည်း သူ ထိန်းသိမ်းသွားတော့မည် စသည်ဖြင့် ခိုင်မာသည့် သန္နိဋ္ဌာန်တစ်ရပ်ကိုပါ ပူးတွဲ၍ ချမှတ်လိုက်မိခြင်းဖြစ်သည်။

◆◆◆

# နားရွက်ကလေးနဲ့ယုန်

သူတို့လုပ်ကွက်ထဲမှာ သည်အကြောင်းနှင့်ပတ်သက်ပြီး ပြောနေဆိုနေကြတာကတော့ တော်တော်ကြာခဲ့ပါပြီ။ ကြာဆို သည်လုပ်ကွက်ထဲမှာ ရွှေမျှောလုပ်ငန်းတွေ ရွှေအထွက်ကောင်းပြီး စတင်စည်ကားလာကတည်းကပင် ဖြစ်သည်။

ကနေ့တွင်လည်း လုပ်ငန်းအကြောင်း၊ ဟိုအကြောင်း၊ သည်အကြောင်းတွေ ပြောဆိုနေကြရင်း စကားဦးက သည်ကိစ္စဆီသို့ပင် လှည့်သွားမိပြန်သည်။

သူတို့စကားဝိုင်းတွင် ဖိုးအောင်မောင်း အသံက အိမ်ရှင်ပီပီ အစွာဆုံးနှင့် အကျယ်ဆုံးဖြစ်နေသည်။

“မင်းတို့တော့ မသိဘူးဟေ့၊ ငါ့သားကတော့ ငါ့ကိုပြောတာပဲ၊ ဒီနေ့ အိမ်ရှေ့ကိုရောက်လာတဲ့ အလှူခံက သူ သေသေချာချာ ရေထားတာ ၁၅ ယောက်တောင်ရှိသတဲ့။ ဟား. . . ဟား. . . အလှူခံပုဂ္ဂိုလ်တွေက တစ်နေ့ထက်တစ်နေ့ ပိုတောင်များလာနေ ပါရောလား”

မျက်လုံးခပ်မှေးမှေးနှင့်မို့ မျက်မှေးသက်ပွေးဟု ရွာထဲက ခေါ်နေကြသော ဦးသက်ပွေးကလည်း ဝင်ပြောသည်။





“ဟုတ်လိမ့်မယ်ကွ၊ ငါတော့ ရေမထားလို့ သေသေချာချာ မသိဘူး၊ ဒါပေမဲ့ ဒီနေ့တစ်နေ့လုံး အလှူခံတွေ၊ ပလူပျံနေတာတော့ သတိထားမိတယ်၊ လူကြီးတွေရော၊ လူငယ်တွေရော၊ ကလေးတွေ ရော၊ ဘုန်းကြီး၊ မယ်သီလနဲ့ သူတောင်းစားပါမကျန် လာလိုက်ကြ တဲ့အလှူခံ၊ ရှေ့တစ်ယောက်ကို အလှူခံထည့်ပြီးလို့ အလုပ်ကလေး ထလုပ်မယ်ကြံပါတယ်၊ နောက်တစ်ယောက်က ရောက်လာပြန်ပီ၊ သူတို့ကိစ္စနဲ့ပဲ ကိုယ့်အလုပ်ကိုယ် မလုပ်ရတော့ဘူး”

ငယ်နာမည် ကြက်ဆင်ဖြစ်၍ ကြက်ဆင်ဟုပင် အမည်တွင် နေသော လူငယ်တစ်ယောက်ကလည်း -

“ကျွန်တော်တော့ ဒီလူတွေကို တော်တော့်ကို မျက်မုန်းကျိုးနေ မိပြီ၊ ဘယ်ဗျာ၊ တချို့က တစ်ပတ်ကို သုံးခါလောက် လာအလှူခံ နေကြတဲ့ဟာ၊ မြင်ပါများတော့ မျက်နှာတွေကို မှတ်မိနေပြီပေါ့၊ ဒါဟာ အလှူခံကို ခုတုံးလုပ်ပြီး ကျွန်တော်တို့သဒ္ဓါတရားကို လာဖျက်ဆီးနေတာနဲ့တောင် တူနေပြီ။

ဟိုတစ်နေ့ကဆို ကျွန်တော့်တဲမှာ ဝင်အလှူခံသွားတဲ့ လူ သုံးယောက်ပေါ့၊ ပျက်စီးနေတဲ့ ဘုရားတန်ဆောင်း ပြန်လည်ပြုပြင် ရေးအတွက် အလှူခံပါတယ်လို့ ပြောသွားတဲ့လူတွေ၊ အလှူခံတယ်၊ ပြီးတော့ ခဏနားပါရစေဦးဆိုပြီး ကျွန်တော့်တဲမှာ ထိုင်သွားသေး တော့ ကျွန်တော်က ကောင်းကောင်းမှတ်မိနေတာပေါ့၊ အဲဒီ လူတွေ ကို ညနေပိုင်းလောက်ရောက်တော့ လုပ်ကွက်အပြင်ဘက် လမ်းဆုံ နားက စားသောက်ဆိုင်တစ်ဆိုင်မှာ အရက်တွေသောက်စားပြီး ဆူညံအော်ဟစ်နေတာကို တွေ့ခဲ့ရတယ်၊ ကဲ - ကျွန်တော်တို့က ဘယ်ဟာကို ယုံရမှာတဲ့လဲဗျာ”

ကြက်ဆင်စကားကို ဝင်ရောက်ထောက်ခံလိုက်သူက ဘပဲ ခေါ် ဦးပဲပဲ။

"အေး- ငါလဲ ဖိုးကြက်ဆင်နဲ့ တစ်သဘောတည်းပဲ၊ တချို့က အတော်မျက်နှာပြောင်တာပဲကွ၊ ပေါ်လာလိုက်ရင် ဒီမျက်နှာတွေ ချည်းပဲ၊ ဘာမှ အားနာရမှန်း၊ ရှက်ရမှန်းလည်း သိတဲ့သူတွေ မဟုတ်ဘူး၊ အလှူခံရယ်လို့ ဘာအထောက်အထားမှလည်း မရှိဘူး၊ ဘာခွင့်ပြုချက်မှလည်း မရှိဘူး၊ တချို့က ဖြတ်ပိုင်းစာအုပ်ကလေးတွေ တော့ကိုင်လာတတ်ပါရဲ့၊ ဒါတွေကလည်း ကိုယ့်ဘာသာလုပ်ထားတဲ့ အကြံအဖန် ဖြတ်ပိုင်းစာအုပ်တွေ၊ စစ်မယ့်ဆေးမယ့်သူ၊ တားမယ့်ဆီးမယ့်သူရယ်လို့ ဘာမှမရှိတော့ သူတို့က အတင့်ရဲသထက် ရဲလာကြတာပေါ့"

ထိုစကားအဆုံးတွင် ဦးမိုးလုံးက ခပ်သွက်သွက်ဝင်ပြောလိုက်သည်။

"နေဦး၊ ဒီလိုတော့ ခင်ဗျားအကုန်လုံး သိမ်းပြီးမပြောနဲ့၊ ခင်ဗျားပြောတာ မှန်သင့်သလောက်မှန်ပါတယ်၊ ဒါပေမဲ့ တချို့က တကယ်အခက်အခဲရှိလို့ လာအလှူခံတာတွေရှိတယ်၊ ကိုယ့်မှာရှိတဲ့အားနဲ့ တကယ်ကိုမတတ်နိုင်လို့ အလှူခံရတာတွေရှိတယ်၊ သူတို့ကျတော့ ဝိုင်းဝန်းပြီး တတ်နိုင်သလောက် ကူပင့်ထောက်ပံ့ပေးရမှာပေါ့၊ အလှူငွေ ထည့်ပေးရမှာပေါ့၊ ဒါပေမဲ့ ခင်ဗျားတို့ပြောသလို ဒီအလှူခံအယောင်ဆောင်တွေ ပိုဆိုးလာတာလည်း အမှန်ပဲ၊ သက်ဆိုင်ရာက ဓမ္မစက်တွေ၊ အာဏာစက်တွေနဲ့ အရေးယူ သန့်စင်ပေးဖို့လိုတာလည်း အမှန်ပဲ၊ နို့မဟုတ်ရင် အတုအယောင်တွေကြောင့် အစစ်အမှန်သမားတွေ နစ်နာပြီး နောက်ဆုံး ကျုပ်တို့ပါ ဒါန



အလေ့အကျင့်တွေ ခေါင်းပါးပြီး ကိုယ်ကျိုးနည်းရတဲ့အဖြစ်မျိုးကို ရောက်သွားရလိမ့်မယ်"

နောက်ဆုံးအနေနှင့် ဒေါ်ဝိုင်းစိန်က အားလုံးသို့ တရားချလိုက်ပုံက -

"ဒါကြောင့်လည်း တချို့ အိမ်တွေ၊ ဝင်းတွေမှာ အလှူခံခြင်း သည်းခံပါတို့ ဆိုတဲ့စာတွေ ကပ်ထားကြတာပေါ့၊ အရင်တုန်းကတော့ ဒီလိုစာမျိုး သူတို့မှ ကပ်ဝံ့တယ်လို့ ကျွန်မတို့လည်း ထင်ခဲ့မိတာပါပဲ၊ ခုတော့မှ သူတို့ခံစားချက်ကို နည်းနည်းပါးပါး သဘောပေါက်လာတယ်၊ အခု ကျွန်မတို့လုပ်ကွက်ထဲမှာ အလှူခံတွေ ခြေချင်းလိမ်နေတာဟာလည်းပဲ ငွေရှင်တဲ့နေရာ၊ ရလွယ်တဲ့ နေရာဆိုတော့ ခုနက ဦးမိုးလုံးပြောသလို အတုအယောင်တွေပါ ရောပါလာတဲ့သဘောပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ်ကလည်း အတုနဲ့ အစစ်ကို ရွေးတတ်တာမဟုတ်တော့ ကိုယ့်ဒါနမျိုးစေ့လေး ကြီးထွားပါစေဆိုပြီး ကျွန်မတို့လည်း တတ်နိုင်သလောက် ထည့်ပြုလိုက်ရတာပါပဲ"

ဟုတ္တ၍ပင်ဖြစ်လေသည်။ သူတို့အားလုံးက တောင်တလေးကျေးရွာသားများဖြစ်ကြသည်။ ရွှေအထွက်ကောင်းသည့် မှော်တစ်ခုက တောင်တလေးကျေးရွာနှင့် ခပ်လှမ်းလှမ်းမှာပင် ပေါ်ထွန်းလာရာ ရွာသားအများစုက ထိုလုပ်ကွက်တွင် ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ သူတို့က ဝင်ငွေကောင်းသောလုပ်ငန်းကို လုပ်ကိုင်မိကြသည်နှင့် မိရိုးဖလာ လယ်ယာလုပ်ငန်းဆီသို့ ဦးပြန်မလှည့်ကြတော့ပေ။ ယခု အလုပ်နားချိန်အတွင်း၌ အချင်းချင်း စုဝေးမိကြကာ လတ်တလော မျက်စိနောက်လောက်အောင်

သောင်းကျန်းနေသည့် အလှူခံများအကြောင်းကို ပြောဆိုနေမိခြင်းပင်ဖြစ်သည်။

***

တစ်နေ့တွင် သူတို့လူသိုက်ဆီသို့ ယခင်တွေ့နေကျ အလှူခံအဖွဲ့များထက် အဆပေါင်းများစွာကြီးမားသော အလှူခံအဖွဲ့ တစ်ဖွဲ့က ဆိုက်ရောက်လာသည်။ ထိုအဖွဲ့က အခြားသူများတော့ မဟုတ်ပါ။ သူတို့ကျေးရွာမှ အုပ်ချုပ်ရေးမှူးဖြစ်သူ ကိုသောင်းဖေ ကိုယ်တိုင် ဦးဆောင်လာသည့် တောင်တလေး အလှူခံအဖွဲ့ပင်ဖြစ်သည်။ ကိုသောင်းဖေတို့က ဖိုးအောင်မောင်းတဲသို့ပင် ဦးတည်ပြီး ဝင်လာသည်။ ထို့နောက် တောင်တလေးရွာသားများကို ဖိုးအောင်မောင်းတဲတွင် လာရောက်စုဝေးကြရန် ဆင့်ဆိုလိုက်သည်။ မကြာမီ လူစုံသည်နှင့် ကိုသောင်းဖေက လာရင်းကိစ္စအကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်သည်။

"ကဲ. . . ကဲ၊ တောင်တလေးရွာသားအားလုံး နားထောင်ကြပါ၊ ကျွန်တော်တို့ ဒီကိုရောက်လာရတဲ့ကိစ္စကတော့ အလှူခံကိစ္စပဲ၊ ခင်ဗျားတို့သိကြတဲ့အတိုင်း နှစ်ကြာနေပြီဖြစ်တဲ့ ကျေးရွာဓမ္မာရုံ ပြီးစီးနိုင်ရေးအတွက် ဆရာတော်နဲ့ တိုင်ပင်ပြီး အလှူခံထွက်ဖို့ စီစဉ်လိုက်ရတာပဲ၊ ဒီတော့ ကျွန်တော်တို့က အပတ်စဉ်တနင်္ဂနွေနေ့တိုင်း အလှူခံထွက်မယ်၊ ခင်ဗျားတို့က လုပ်ကွက်ထဲမှာရှိတဲ့ မိမိရဲ့အိမ်နီးနားချင်းတွေ၊ မိတ်တွေအပေါင်းအသင်းတွေကို တတ်နိုင်သလောက် နှိုးဆော်စည်းရုံးပေးထားကြဦးပေါ့၊ အမှန်တကယ် ဓမ္မရုံဆောက်မှာဖြစ်ကြောင်း၊ စစ်မှန်တဲ့ဒါနဖြစ်ကြောင်း စသည်ဖြင့် အများသဒ္ဓါပေါက်အောင် ပြောပေးထားကြဦးပေါ့ဗျာ။



နောက်တစ်ခုက ခင်ဗျားတို့အတွက် ခွဲတမ်းတွေပါတယ်၊ ဒီတစ်ခါတော့ ဓမ္မာရုံကို မပြီးပြီးအောင်ဆောက်တော့မှာမို့ တစ်ရွာလုံးကို ခွဲတမ်းတွေ ချပေးထားတယ်၊ ခင်ဗျားတို့အနေနဲ့ ခုလို ဝင်ငွေကောင်းနေဆဲအချိန်မျိုးမှာ မိမိခွဲတမ်းကို ကျေကျေနပ်နပ်ယူကြပါ၊ သတ်မှတ်ထားတဲ့ကာလအတွင်း ထည့်သွင်းကြပါလို့ ကျွန်တော် ပြောချင်တယ်၊ တကယ်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဟိုတုန်းကတည်းက ရွာလုံးကျွတ်အစည်းအဝေးတွေ ဘာတွေလုပ်ပြုပြီးသားပါ၊ အစည်းအဝေးသာလုပ်ပြီး အခြေအနေအရ လက်တွေ့ အကောင်အထည်မဖော်နိုင်ခဲ့ဘူး၊ ခုတော့ ကျွန်တော်တို့ ကော်မတီဝင်တွေချည်းပဲ မျက်နှာစုံညီအစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက်တွေ ချလိုက်ကြတာပဲ၊ ကျွန်တော်ကိုယ်တိုင် ဒီအထိလိုက်လာရတာက ရွာပြင်ရောက်နေတဲ့ ခင်ဗျားတို့ကိုလည်း ဒီကိစ္စ ကိုယ်တိုင်ကိုယ်ကြပ် ပြောပြရင်း၊ အလှူခံအဖွဲ့ကိုလည်း ခင်ဗျားတို့လုပ်ကွက်နဲ့ မိတ်ဆက်ပေးရင်း ကျွန်တော်လိုက်လာတာပဲ၊ နောက်အပတ်တွေမှာ အလှူခံအဖွဲ့က ပုံမှန်ဝင်လာလိမ့်မယ်၊ ခင်ဗျားတို့က ရွာခံတွေပီပီ အလှူခံအဖွဲ့ကို တတ်နိုင်သလောက် ပူးပေါင်းကူညီပေးကြပါလို့ ပြောလိုပါတယ်၊ ကိုင်း၊ ခုချိန်ကစပြီး ခင်ဗျားတို့ရဲ့ ခွဲတမ်းစာရင်းကို ကျွန်တော်ကြေညာပေးပါ့မယ်"

ပြောပြီး ကိုသောင်းဖေက စာရွက်တစ်ရွက်ကိုကိုင်ကာ ခွဲတမ်းစာရင်းကိုဖတ်ပြသည်။ ခွဲတမ်းကို နားထောင်းရင်း ဖိုးအောင်မောင်းတို့၊ ဦးသက်ပွေးတို့၊ ဦးမိုးလုံး တို့တစ်တွေက မသိမသာ မျက်နှာများပျက်သွားကြသည်။ အကြောင်းမှာ သူတို့အတွက် ခွဲတမ်းက အနည်းဆုံးထည့်ရမည့်သူပင် ကျပ်ငါးသိန်းအောက် မရောက်သောကြောင့် ဖြစ်သည်။ အလှူခံတွေအပေါ် ငြိုငြင်စိတ်ဝင်နေကြရဆဲ

ကိုယ့်ရွာအလှူခံက သူများတွေထက်တောင် ကဲနေပါပေါ့လား၊ ဆန်းရင်းတော့နာနာဖွပ်ခံရပြီ စသည်ဖြင့် အတွေးများပါ ဝင်မိကြရသည်။

သို့သော် ဇာတ်လမ်းက မသိမ်းသေးပေ။ ကိုသောင်းဖေက ခွဲတမ်းစာရင်းဖတ်ပြပြီးသည်နှင့် နောက်ဆက်တွဲစကားကို စလိုက်သည်။

"လိုရင်းကိစ္စကို ပြောပြီးပြီဆိုတော့ ခင်ဗျားတို့အတွက် အံ့ဩစရာ၊ ဝမ်းသာစရာ သတင်းထူးတစ်ခုကို ကျွန်တော်ဆက်ပြောပါမယ်၊ လွန်ခဲ့တဲ့ ၄ ရက်က ကျွန်တော်တို့ရွာကို ပုဂ္ဂိုလ်ထူးတစ်ယောက်ရောက်လာပါတယ်၊ ပုဂ္ဂိုလ်ထူးဆိုတာ ဟိုဟာဒီဟာတွေကို ပြောတာမဟုတ်ဘူး၊ လူတစ်ယောက်ဟာ ရွာကို မမျှော်လင့်ဘဲ ရောက်လာပြီး ဓမ္မာရုံဆောက်ဖို့အတွက် ငွေသိန်း ၁၀၀ တိတိကို ဆရာတော်နဲ့ကျွန်တော့်ရှေ့မှာ လက်တွေ့ချလှူလိုက်တာကို ပြောတာ"

ကိုသောင်းဖေက စကားကို ခေတ္တဖြတ်ထားသည်။ အထက်ပါစကားက ဖိုးအောင်မောင်းတို့တစ်တွေကို ဟာခနဲဖြစ်သွားစေသည်။ မျက်လုံးကျယ်ပြီး လှုပ်လှုပ်ရွရွဖြစ်သွားစေသည်။ ကိုသောင်းဖေဆက်ပြောမည့်စကားကို ပါးစပ်အဟောင်းသားနှင့် ငံ့လင့်နေမိကြသည်။ ကိုသောင်းဖေက -

"သူ့နာမည်က ကိုမောင်မောင်ဇင်တဲ့၊ ရန်ကုန်ကလာတာ၊ သူကကျွန်တော်တို့ရွာကို ရန်ကုန်က ဆရာတော်တစ်ပါးရဲ့ အဆက်အသွယ်နဲ့လာတာ၊ အဲဒီ ရန်ကုန်ဆရာတော်က ကျွန်တော်တို့ရွာကျောင်းထိုင်ဆရာတော်ရဲ့ မိတ်ဆွေဖြစ်ပြီး မနှစ်က ရွာကို အလည်လာခဲ့ဖူးတယ်၊ အဲဒီလို အလည်လာရင်း ကျေးရွာဓမ္မာရုံတစ်ပိုင်းတစ်စနဲ့ မပြီးစီးနိုင်သေးပုံကို သိသွားတယ်။



ဒါနဲ့ ရန်ကုန်ပြန်ရောက်တော့ သူ့ဒကာဒကာမ၊ တပည့်တပန်းတွေနဲ့ စကားစမြည်ပြောဆိုရင်း ကျွန်တော်တို့ရွာရဲ့အကြောင်းကိုပါ ပြောဆိုဖြစ်သွားတယ်၊ ကျွန်တော်တို့ရွာရဲ့ သာယာပုံ၊ ရွာသူရွာသားတွေ သဒ္ဓါတရားထက်သန်ကြပုံ၊ ဒါပေမဲ့ အခက်အခဲအမျိုးမျိုးကြောင့် ကျေးရွာဓမ္မာရုံက မပြီးနိုင်၊ မစီးနိုင် ဖြစ်နေရပုံတွေကို ပြောပြလိုက်မိတယ် ဆိုပါတော့၊ တိုတိုပြောရရင် ကိုမောင်မောင်ဇင်က သူ့ဆရာတော်ပြောတာကိုကြားပြီး သဒ္ဓါတရားလည်းဖြစ်၊ သာသနာပြုလိုတဲ့ဆန္ဒလည်း ပေါ်ပေါက်လာတယ်၊ ဒါနဲ့ သူ့ ဆရာတော်ကိုလည်းခွင့်တောင်း၊ ဆရာတော့်ဆီက မိတ်ဆက်စာတွေပါယူလာပြီး ရွာကိုရောက်လာတာပဲ။

ကျွန်တော်တို့အားလုံးလည်း အံ့ဩကြတယ်၊ ဝမ်းသာကြတယ်၊ ပြီးတော့ ပြင်ပဒါနရှင်တစ်ယောက်ကတောင် ဒီလောက်ငွေတွေ မတည်ပြီး ကူညီလာမှတော့ ကျွန်တော်တို့က ဝီရိယမစိုက်လို့ မဖြစ်ဘူးဆိုပြီး အားချင်းဆိုသလို ဒီစီမံကိန်းကို စတင်လိုက်ကြတာပဲ၊ ကိုမောင်မောင်ဇင်က နယ်တကာလှည့်ပြီး ဘုရားပျက်၊ ကျောင်းပျက်ပြုပြင်တာမျိုးကအစ သာသနာပြုခဲ့ပေါင်းများပြီတဲ့၊ သူ ကိုယ်တိုင်လည်း အင်ဂျင်နီယာကျောင်းထွက်တစ်ယောက် ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် ကျေးရွာဓမ္မာရုံကို သူကိုယ်တိုင် တိုင်းထွာမှတ်သားပြီး ဦးဆောင် ဆောက်လုပ်ပေးသွားမှာဖြစ်တယ်၊ အဲဒါ ကျွန်တော်တို့က အားရှိသလောက် သူ့ကို ဝိုင်းရံပေးဖို့လိုပါတယ်ဆိုတာ ထပ်ဆင့်ပြီး ပြောလိုပါတယ်"

ကိုသောင်းဖေက စကားကို အဆုံးသတ်လိုက်သည်။ ဖိုးအောင်မောင်းတို့တစ်တွေမှာ ဖြစ်ကြောင်းကုန်စင်ကြားသိလိုက်ရပြီးနောက်

စောစောက မိမိတို့စိတ်ထဲတွင် တွန့်ဆုတ်သလိုလို၊ ငြိုငြင်သလိုလို ဖြစ်မိခဲ့ရခြင်းအတွက် ရှက်ရွံ့သယောင်ယောင်ပင် ဖြစ်သွားမိကြရသည်။ သို့နှင့်ပင် ကိုသောင်းဖေတို့အဖွဲ့ ပြန်သွားပြီးနောက် သူတို့တစ်တွေက လူစုမခွဲနိုင်သေးဘဲ ဆက်လက်၍ နှီးနှောပြောဆိုနေမိကြသေးသည်။ သူတို့စိတ်ထဲတွင် ကိုမောင်မောင်ဇင် ဆိုသူကို အထူးလေးစားကြည်ညိုခြင်း ဖြစ်မိကြသလို သူတစိမ်းကပင် လာရောက်အကျိုးဆောင်နေမှတော့ မိမိတို့က တက်ကြွစွာပါဝင်ရပေမည်ပေါ့ဟုလည်း ထက်သန်ရှင်လန်းသော သဒ္ဓါစိတ်နှင့်အတူ သန္နိဋ္ဌာန်စိတ်ကိုပါ ဒုန်းဒုန်းချလိုက်မိကြလေသည်။

***

နောင်နှစ်ပတ်မျှအကြာတွင် တောင်တလေး၌ စုပေါင်းရှင်ပြုပွဲကြီးကို ကျင်းပပြုလုပ်သည်။ ထိုအလှူပွဲသို့ လုပ်ကွက်ရှိ တောင်တလေးရွာသူရွာသားအားလုံးနီးပါး သွားရောက်ကြသည်။ သူတို့က ခြိမ့်ခြိမ့်သဲမျှ စည်းကားလှသော ကျေးရွာအလှူပွဲအတွက် ဝမ်းမြောက်ပျော်ရွှင်ကြရသလို အလွန့်အလွန်တိုးတက်လျက်ရှိသည့် ဓမ္မာရုံကြီး၏အခြေအနေကြောင့်လည်း အားတက်ကြည်နူးမိကြရသည်။ ကိုမောင်မောင်ဇင်မှာ ကျေးရွာအတွင်း၌ အလွန်မှ ရေပန်းစားလျက်ရှိသည်။ ကျေးရွာမှ လုပ်အားပေးများကိုဦးဆောင်ကာ ဓမ္မာရုံကို သူကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်နေခြင်းဖြစ်သည်။ သူ့အပါးတွင် ကျေးရွာလူငယ် ယောက်ျားလေး၊ မိန်းကလေးအတော်များများက အမြဲတစေ ဝိုင်းရံလျက်ရှိသည်။ ဖိုးအောင်မောင်းတို့ကိုယ်တိုင် ချောမောသောဥပမိရုပ်နှင့် တည်ကြည်သည့် အမူအရာရှိသူ ကိုမောင်မောင်ဇင်ကို အလွန်အထင်တကြီး ဖြစ်နေမိကြသည်။



ကျောင်းထိုင်ဆရာတော်၊ ကိုမောင်မောင်ဇင်နှင့် ကိုသောင်းဖေတို့က မကြာမကြာပင် ခေါင်းချင်းဆိုင်နေကြသည်။ လုပ်ငန်းကိစ္စကိုတိုင်ပင်နေကြသည်။ သိရသလောက်တော့ အားလုံးက ကိုမောင်မောင်ဇင်ကိုသာ လွှဲအပ်ထားကြ၊ ပုံအပ်ထားကြသည်။ ကိုမောင်မောင်ဇင်က သူကိုယ်တိုင် မတည်ထားသော ငွေသိန်း ၁၀၀ ကိုအခြားကောက်ခံရရှိငွေများနှင့် ပူးပေါင်းကာ လိုအပ်သလို စီမံခန့်ခွဲသည်၊ သုံးစွဲသမှုပြုသည်။ ဓမ္မာရုံကြီးကလည်း မူလစီမံချက်ထက်နှစ်ဆမျှ ပိုမိုကြီးမားသောပန္နက်ကို ပြင်ဆင်ချမှတ်ထားသည်။ တဖြည်းဖြည်း အလုံးအထည်ပေါ်လာနေသော ဓမ္မာရုံကြီးကိုကြည့်ကာ ရွာသားတွေက အလွန်အားရနေကြလေသည်။

သို့နှင့် အလှူပြီးသောအခါ ဖိုးအောင်မောင်းတို့ လူသိုက်က ရွှေမှော်သို့ ပြန်လာခဲ့ကြသည်။ အားလုံးလိုလိုပင် လုပ်ငန်းခွင်သို့ ပြန်ဝင်ရန် ရှင်လန်းတက်ကြွနေကြသည်။

***

အတိအကျပြောရလျှင် ဖိုးအောင်မောင်းတို့ ရွာအလှူမှ ပြန်လာပြီး တစ်လတိတိပြည့်မြောက်သောနေ့တွင် ဖြစ်သည်။ ထိုနေ့မှာပင် တောင်တလေး၌ မီးလောင်နေသောသတင်းကို သူတို့တစ်တွေ အလန့်တကြား ကြားသိလိုက်ကြရခြင်းဖြစ်သည်။

မီးက အရာဝတ္ထုမှန်သမျှကို လောင်ကျွမ်းစေတတ်သည့် ‘တေဇော’မီးကို ဆိုလိုသည်မဟုတ်ပါ။ တကယ့်မီးမှာ ကျေးရွာဆရာတော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှအစ ကျန်ရွာသူရွာသားအားလုံးတို့၏ သည်းအူနှလုံးကို ပြင်းထန်စွာ လောင်မြိုက်စေခဲ့သောသောကအပူ မီးကြီးကိုပင် ဆိုလိုခြင်းဖြစ်တော့သည်။

ထိုနေ့က မနက်စောစောတွင် ဦးမိုးလုံးရွာသို့ ပြန်သွားသည်။ အကြောင်းက အိမ်သို့ ပိုက်ဆံသွားပို့ခြင်းဖြစ်သည်။ ဦးမိုးလုံးက နံနက်ပိုင်းမှာပင် လုပ်ကွက်သို့ ပြန်ရောက်လာရာ ဧရာမသတင်းထူးကြီးတစ်ခုက ဦးမိုးလုံးနှင့်အတူ ပါရှိလာခြင်းပင် ဖြစ်သည်။

ဦးမိုးလုံးက ထုံးစံအတိုင်း ဖိုးအောင်မောင်းကဲ့သို့ပင် ဦးတည်ပြီးဝင်လာသည်။ သူ့ပုံက ပျာယီးပျာယာနှင့် အရေးတကြီးလည်း ဖြစ်နေသည်။ သူက ရောက်ရောက်ချင်းပင် ဖိုးအောင်မောင်းကို-

"ဟကောင်ရ. . . တို့ရွာကလူတွေကို မြန်မြန်ခေါ်ချေပါဟ၊ ငါ သတင်းထူးပြောစရာရှိလို့"

ဟု လောဆော်သည်။ ဖိုးအောင်မောင်းလည်း ထိတ်ခနဲဖြစ်သွားပြီး သူ့ကလေးများကို လုပ်ကွက်ထဲ စေလွှတ်လိုက်သည်။ မကြာမီပင် ဖိုးအောင်မောင်း တဲ၌ လူစုံသွားသည်။ အခေါ်ထူးပုံကြောင့် အားလုံးက လုပ်ငန်းခွင်မှ အမြန်ထလိုက်လာခဲ့ကြခြင်း ဖြစ်သည်။

မျှော်လင့်ထားသည့်အတိုင်း စိတ်လှုပ်ရှားစရာသတင်းကို ဦးမိုးလုံးထံမှ ကြားလိုက်ကြရသည်။

"ဒုက္ခတော့များပြီကွ၊ ရွာမှာ ဆရာတော်ရော၊ ဖိုးသောင်းဖေတို့အဖွဲ့တွေရော၊ တခြားရွာသားတွေပါ အရူးမီးဝိုင်းသလို ဖြစ်ကုန်ကြပြီ၊ ဟို ကိုမောင်မောင်ဇင်ဆိုတဲ့လူက အကုန်လုံးလိမ်ပြီး ထွက်ပြေးသွားပြီဆိုပါလား"

"ဟာ. . . သောက်ကျိုးတော့ နည်းကုန်ပြီ၊ ဘယ်လိုဖြစ်ကြတာတဲ့လဲ"

ဦးသက်ပွေးက အလန့်တကြား ထရေရွတ်သည်။ ကျန်လူများကပါ အံ့သြပြီး လှုပ်လှုပ်ရွရွတွေ ဖြစ်ကုန်ကြသည်။



"ငါလည်း မင်းတို့ကို ပြန်ပြောနိုင်အောင် သေသေချာချာ နားထောင်ခဲ့တာပဲ၊ အဲဒီ မောင်မောင်ဇင်က လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သူ့အမေ အသည်းအသန်ဖြစ်လို့ဆိုပြီး ရန်ကုန်ကို ပြန်သွားတယ်တဲ့၊ ဖိုးသောင်းဖေတို့က ဒါကို တကယ်ထင်ပြီး သူပြန်အလာကို မျှော်နေကြတာတဲ့၊ လာမယ့်လာတော့ မောင်မောင်ဇင်က မလာဘဲ ကြွေးရှင်တွေကသာ ရွာကိုရောက်လာတယ်တဲ့၊ ကြွေးရှင်ဆိုတာက သစ်တို့၊ သံတို့၊ ဘိလပ်မြေတို့ ရောင်းတဲ့ မြို့ထဲက ဆိုင်ရှင်တွေကို ပြောတာ၊ သူတို့က ကိုယ်စီကိုယ်င ဘောက်ချာတွေ တစ်ထပ်ကြီးကိုင်လာပြီး ဆရာတော်နဲ့ ဖိုးသောင်းဖေဆီမှာ ငွေလာရှင်းခိုင်းကြတာ၊ ဒါနဲ့ ဖိုးသောင်းဖေကလည်း အံ့သြပြီး ဒီကိစ္စမှာ ငွေတွေပါပုံအပ်ပြီး ကိုမောင်မောင်ဇင်ကို လွှဲထားတာပဲလို့ ပြန်ပြောတယ်၊ အဲဒီတော့ ဟိုလူတွေက ပစ္စည်းမျိုးစုံကို မောင်မောင်ဇင်က သူတို့ဆိုင်တွေမှာ လာလာယူတဲ့အကြောင်း၊ ပစ္စည်းတွေသာ တစ်ပုံကြီးလိုသလောက်ယူယူသွားပြီး ငွေကျတော့ ကိစ္စပြီးရင် ကျေးရွာက လာရှင်းပါလိမ့်မယ်လို့သာ ပြောသွားတဲ့အကြောင်း၊ မနေ့ကတော့ မောင်မောင်ဇင်နဲ့သူတို့ ဖုန်းပြောဖြစ်ကြတဲ့အကြောင်း၊ ဖုန်းထဲမှာ ဓမ္မာရုံက အားလုံးပြီးသွားပြီ၊ ငွေစာရင်းကို ရွာမှာ သွားရှင်းလိုက်ပါလို့ မောင်မောင်ဇင်က ပြောတဲ့အကြောင်း၊ ဒါကြောင့် သူတို့အဖွဲ့က ခုလို ကြွေးရှင်းဖို့လာခဲ့ပါလို့ ပြန်ပြောကြတယ်တဲ့"

"ဟိုက်၊ သဘောပေါက်ပြီ၊ ဒါ အပိုင်လုပ်သွားတာ၊ ကိုသောင်းဖေကလည်း ဒီလောက်တောင် အရသလားဗျ"

ကြက်ဆင်က ထပြောသည်။ ဦးမိုးလုံးက -

"သူတို့က ယုံတာကိုးကွ၊ ယုံဆို ဟိုကလည်း သိန်း ၁၀၀ ကြီးများတောင် ပုံလျှုပြထားတဲ့သူကိုး၊ ပြီးတော့ မြို့ထဲက အဲဒီဆိုင်ရှင်

တွေကလည်း တို့ဆရာတော်ရဲ့ ဒကာရင်းတွေတဲ့၊ ဆရာတော်နဲ့ ဖိုးသောင်းဖေက မောင်မောင်ဇင်ကို အဲဒီဆိုင်တွေဆီ ခေါ်သွားတယ်၊ ခေါ်သွားပြီး ဆိုင်ပိုင်ရှင်တွေနဲ့ မောင်မောင်ဇင်ကို မိတ်ဆက်ပေးတယ်၊ ပြီးတော့ မောင်မောင်ဇင်က ဓမ္မာရုံလုပ်ငန်းမှာ အဓိကတာဝန်ခံ ဖြစ်ကြောင်းနဲ့ သူ လိုအပ်သမျှ ပစ္စည်းတွေကို ပိုက်ဆံမလွယ်သေးလို့ လက်ငင်းမချေနိုင်သေးရင်တောင် စိတ်ချလက်ချ ပြေစာဖြတ်ပေးလိုက်ပါဆိုတဲ့အကြောင်းတွေ တစ်ခါတည်း မှာပေးထားခဲ့သေးတယ်တဲ့"

"အဲဒါမှကောင်းရော၊ ကျားလက်နွားကျောင်းခိုင်းတယ်ဆိုတာ အဲဒါပဲ၊ သူ့ကို စားလို့ဝါးလို့ကောင်းအောင် လုပ်ပေးလိုက်တာနဲ့ အတူတူပဲပေါ့ဗျာ"

ဖိုးအောင်မောင်း၏ ကြားဖြတ်စကားဖြစ်သည်။ ဦးမိုးလုံးက ဆက်ပြောသည်။

"ဒီတော့ အဲဒီဆိုင်တွေကလည်း မောင်မောင်ဇင်ကို လိုချင်တာ ကြိုက်သလောက်ယူဆိုပြီး ဖွင့်ထားပေးလိုက်ကြတော့တာပေ့ါ၊ ဖိုးသောင်းဖေက စုမိတဲ့ငွေကို စုမိသလောက် မောင်မောင်ဇင် လက်ထဲ ထိုးအပ်တာပဲ၊ မောင်မောင်ဇင်က ဆိုင်ပေါင်းစုံကနေ ပစ္စည်းတွေကို ပြေစာနဲ့ ဘေဖွင့်တယ်၊ လုံးဝငွေမချေဘူး၊ ဒါကို ဖိုးသောင်းဖေတို့ကလည်း တစ်ခွန်းတစ်လေတောင် မေးရမြန်းရမှန်း မသိသလို ဆိုင်ရှင်တွေကလည်း နည်းနည်းပါးပါး မသင်္ကာစိတ်နဲ့ စစ်ရဆေးရမှန်းတောင် မသိကြဘူး၊ ခုတော့ သွားပြီ၊ အားလုံး မ သွားပြီ၊ မင်းတို့ ငါတို့ ရွာသားတွေပဲ ပိုက်ဘောကြီးမိသွားပြီ"

အားလုံးပင် အသက်ရှူရမှန်းမသိအောင် ဖြစ်သွားကြရသည်။ သို့သော် မေးသင့်သော မေးခွန်းတစ်ခုကိုတော့ ဒေါ်ဝိုင်းစိန်က ဝင်မေးလိုက်သေးသည်။



"သူက ကျုပ်တို့ရွာကိုလာပြီး ခုလို အကြံအဖန်လုပ်ဖို့အတွက် ဘယ်ကများ စိတ်ကူးရသွားလည်း မသိဘူးနော်"

"အေး၊ ဒါလည်း ဖိုးသောင်းဖေက ရန်ကုန်က ဆရာတော်ကို ဖုန်းဆက်မေးလို့ အကြောင်းစုံသိပြီးပြီ၊ ဒီမောင်မောင်ဇင် ဆိုတဲ့သူကို ရန်ကုန်ဆရာတော်က လုံးလုံးမသိဘူးတဲ့၊ သူ့ဒကာတွေထဲမှာလည်း ဒီနာမည်မျိုးမရှိဘူးတဲ့၊ ဒီတော့ ဖိုးသောင်းဖေတို့ စဉ်းစားကြတာက ဒီလူဟာ ကြားလူတစ်ယောက်ဖြစ်ရမယ်၊ ရန်ကုန်ဆရာတော်ရဲ့ ကျောင်းကို တခြားဒကာတစ်ယောက်နဲ့အတူ လိုက်ပါလာရင်း ဆရာတော့်ပြောစကားတွေထဲကနေ တို့ရွာဓမ္မာရုံအကြောင်းကို တစ်စွန်းတစ်စ သိခွင့်ရသွားတာဖြစ်လိမ့်မယ်၊ အဲဒီကနေ ဒီမှာလာပြီး အချဉ်ဖမ်းဖို့ အကြံရသွားလိမ့်မယ်၊ ဒီနောက် ဆရာတော့်ဆီက မိတ်ဆက်စာတို့၊ ထောက်ခံစာတို့ကို တံဆိပ်တုံး အတုတွေသုံးပြီး ယုတ္တိရှိရှိလုပ်ယူလာမယ်၊ ဒီကျတော့မှ သိန်း ၁၀၀ ပုံလျှပြီး ရိုက်စားလုပ်သွားတာ၊ အဲဒီလို ကောက်ချက်ချကြတယ်"

ဒေါ်ဝိုင်းစိန်က ဆက်ပြောသည်။

"ဒီလူ တို့ရွာကို ရောက်လာလာချင်း တို့ဆရာတော်က ရန်ကုန်ဆရာတော်ကို နည်းနည်းပါးပါး လှမ်းမေးတာတို့ ဘာတို့လုပ်ခဲ့ရင်လည်း ဒီလိုဖြစ်ရမှာ မဟုတ်ဘူးနော်"

"အဲဒါ ပြောတာပေ့ါ၊ လူတိုင်းက အဲဒါ ထောက်ပြပြီး နောင်တရနေကြတယ်၊ အဲဒီတုန်းကတော့ ဆရာတော်ကလည်း မေ့နေ၊ အားလုံးကလည်း ဘယ်သူမှ သတိမရကြဘူးပေ့ါ၊ သိတဲ့အတိုင်း ဟို သိန်း ၁၀၀ ငွေပုံကြီးကြောင့်ပေ့ါ"

အရေးကြီးဆုံး မေးခွန်းကိုတော့ နောက်ဆုံးအနေနှင့် ကြက်ဆင်ကပင် ဝင်မေးလိုက်သည်။

"အဲဒါတွေထားပါ၊ အခု ကျွန်တော်တို့ရွာက ဘယ်လောက်တောင် အလိမ်ခံလိုက်ရသတဲ့လဲ၊ အဲဒီလူနောက်ကို ဘယ်လောက်တောင် ပါသွားသတဲ့လဲ"

ဦးမိုးလုံးက ခေတ္တမျှ ခပ်တွေတွေဖြစ်နေသည်။ ပြီးတော့မှ ထိုမေးခွန်းကို ပြန်ဖြေလိုက်သည်။

"ဖိုးသောင်းဖေပြောတာတော့ စုစုပေါင်း သိန်း ၅၀၀ လောက်တောင် ပါသွားတယ်လို့ ဆိုတာပဲ"

"ဒါဆို သိန်း ၁၀၀ လောက် အရှုံးခံပြီး သိန်း ၄၀၀ လောက် ပြန်ဖန်သွားတဲ့သဘောပဲ"

"ဘယ်ကဟုတ်ရမှာလဲ၊ သူက တစ်ပြားမှ မရှုံးဘူး၊ သူ လျှော့ထားတဲ့ သိန်း ၁၀၀ အပြင် ရွာသွားတွေဆီက ကောက်ခံထားတဲ့ ငွေမှန်သမျှကို သူ့လက်ထဲပဲ ပြန်အပ်လိုက်တဲ့ဥစ္စာ၊ သူ့ပိုက်ဆံသူ ပြန်ရသွားတဲ့အပြင် တို့ရွာကနေ သိန်း ၄၀၀ ဖြတ်အုပ်သွားတဲ့သဘောပေါ့ကွာ"

ထိုစကားက နောက်ဆုံးစကားပင်ဖြစ်သည်။ သည့်နောက်တွင် အားလုံး တိတ်ဆိတ်သွားသည်။ သို့သော် လူကသာ ငြိမ်သက်နေမိကြသော်လည်း ကိုယ်စီစိတ်တွင်းမှာတော့ အတွေးနယ်ချဲ့နေမိကြသည်။ ရှိသမျှငွေကို မောင်မောင်ဇင်က အပျောက်ရိုက်သွားလေပြီ။ ဓမ္မာရုံအတွက် ကုန်ဖိုးငွေကို ကျေးရွာကသာ စိုက်ရှင်းပေးရတော့မည်။ သည့်အတွက် ခွဲတန်းက လာလိမ့်ဦးမည်။ ပထမအကြိမ် အထုပ်ကြီးကြီးနှင့် ထည့်ဝင်ခဲ့ရသည့်အလှူငွေက အလိမ်ခံလိုက်ရပြီ။ ခုတစ်ကြိမ် အထုပ်ကြီးကြီးနှင့်ပင် အလှူငွေထည့်ဝင်ကြပေဦးမည်။ ဩော်. . . အလှူခံ၊ အလှူခံ။ လုပ်ကွက်ထဲက အလှူခံတွေအပေါ် ဝေဖန်ခဲ့လေသမျှ ကျေးရွာကိုရောက်လာခဲ့သည့် အလှူခံကြီးကမှ



တကယ့်ဧရာမအလှူခံအတုကြီး ဖြစ်နေပါပေါ့လား။ လောကမှာ မည်သူ့ကို ယုံရတော့မည်နည်း။ ယုံရခက်လှသည်။ အကယ်တန္တ ယုံပါယုံပါဟု အကြိမ်ကြိမ် ဆိုလာသူရှိသည့်တိုင် ထိုသူကိုပင် 'ဘာယုံပါလဲ၊ ခင်ဗျားက နားရွက်ကလေးနဲ့ယုန်လား' ဟူ၍ ပြန်မေးစရာ ကောင်းလှပေတော့သည်။ စသည်ဖြင့် အတွေးကွန့်နေမိကြရင်း သူတို့အားလုံး လေးလံထိုင်းမှိုင်းနေမိကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုခဏ၌ တဲပေါက်ဝမှ "အလှူခံခင်ဗျ . . . အလှူခံ"ဟူသော ညောင်နာနာအသံလေးတစ်ခုကို ကြားလိုက်ကြရသဖြင့် ပြိုင်တူလိုလို ခေါင်းထောင်ပြီး ကြည့်လိုက်မိကြသည်။ ထိုအခါ ဖိုးသူတော်လိုလို ပိတ်ဖြူဝတ်ထားသည့် လူတစ်ယောက်က အပေါက်ဝ၌ ရပ်လျက်ရှိသည်ကို တွေ့လိုက်ကြရသည်။

အားလုံး မျက်နှာလွှဲသူလွှဲ၊ ခေါင်းငုံ့သူငုံ့ ဖြစ်သွားကြသည်။ တဲရှင် ဖိုးအောင်မောင်းကလည်း သက်ပြင်းကြီးတစ်ချက်ကို မသက်မသာချလိုက်မိသည်။ သို့သော် သူ့သားတစ်ယောက်ကိုတော့ ခေါင်းဆတ်ပြကာ အချက်ပေးလိုက်သည်။ ထိုအခါ သားဖြစ်သူက တဲပေါက်ဝသို့ သွားရောက်ပြီး ၁၀၀ တန် ငွေစက္ကူတစ်ရွက်ကို အလှူခံပုဂ္ဂိုလ်သို့ ပေးအပ်လိုက်တော့သည်။

◆◆◆

# မြင်းမိုရ် ပြိုရိုးရှိလား

ကျွန်တော့်တွင် အိမ်မွေးတိရစ္ဆာန်များနှင့်ပတ်သက်၍ အမှတ်တရ ဖြစ်စရာများက တစ်ခုမဟုတ်တစ်ခုတော့ ကျန်နေခဲ့လေ့ရှိသည်။ ၎င်းတို့အနက် ကြက်မကြီးတစ်ကောင်၏ ဖြစ်ရပ်ကိုတော့ ကျွန်တော် တော်တော်နှင့် မေ့မရနိုင်အောင်ပင် ဖြစ်ခဲ့ရသည်။

ကျွန်တော်က အိမ်ရှိ တိရစ္ဆာန်အားလုံးကို ကိုယ်စီနာမည်များ ပေးထားလေ့ရှိသည်။ ခွေးများကိုဆိုလျှင် တိုက်ဂါး၊ ဖိုက်တာ၊ ခြူးနီ။ နွားများကိုတော့ ဘို့ပြား၊ ချိုထောင်၊ သိန်းကျော်၊ အောင်ပန်း။ ကြက်များကိုမူ မိုးကဲ၊ ဖိုးခွာ၊ မိငွေ၊ မိနီ စသည်ဖြင့်ဖြစ်ရာ ကျွန်တော့်ကို အမှတ်ရစရာ ချန်ထားရစ်ခဲ့သော ကြက်မကြီးဆို သည်မှာ ကြက်မ မိနီပင် ဖြစ်တော့သည်။

တကယ်တော့ မိနီက ဥအားကောင်းသော ကြက်မတစ်ကောင် ဖြစ်သည်။ ကျွန်တော့်ကို မိနီက များစွာအလုပ်အကျွေးပြုခဲ့သည်။ မိနီ တစ်သုတ်ပြီးတစ်သုတ် သားဖောက်ပေးခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပြီ။

ထိုတစ်ကြိမ်ကတော့ မိနီ နောက်ဆုံး သားပေါက်ခဲ့သော အကြိမ်ဖြစ်သလို ထူးခြားမှုအပေါင်းနှင့် ပြည့်နှက်နေသော အကြိမ်





လည်းဖြစ်ခဲ့သည်။ ထိုစဉ်က ထုံးစံအတိုင်း မြုံထဲ၌ ဥ ၁၅ လုံးခန့် ဥပြီးသည်နှင့် မိနီက ဝပ်ကျင်းဝပ်ရန် ပြင်သည်။ ကျွန်တော်က ကြက်မြုံကို လိုအပ်သလို ပြင်ဆင်ပေးလိုက်ရာ မိနီက ဝပ်ကျင်း စဝပ်တော့သည်။

ဤတွင် မိနီ ဝပ်ကျင်းဝပ်၍ မကြာမီပင် ပြဿနာက စလာတော့သည်။ နေဝင်ပြီး မှောင်စပျိုးချိန်ရောက်သည်နှင့် ကြက်မြုံ ထဲမှ မိနီ၏အော်သံကို ကျွန်တော်တို့ ကြားကြရသည်။ ပထမတော့ အမှုမဲ့အမှတ်မဲ့ပင် နေခဲ့မိကြသည်။ နောက်တော့မှ ထိုသို့ မိနီ အော်ရခြင်း၏အကြောင်းရင်းကို ကျွန်တော်တို့သိရသည်။ တစ်နေ့ တွင် ကျွန်တော့်သား အလတ်ကောင်က မိနီအော်သံကြားရခိုက် ကြက်မြုံဆီသို့ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ရာ ကြက်ဥဝင်နှိုက်နေသည့် မြွေဟောက်ကြီးတစ်ကောင်ကို ပက်ပင်းတွေ့လိုက်ရသည်။ မိနီကား သူ့မြုံပေါ်မှဆင်းကာ ထိုနားတစ်ဝိုက်၌ လူးလာခတ်မျှ သွားလာ ရင်း အဆတ်မပြတ် အော် (ကတော်)နေလေတော့သည်။

ကျွန်တော့်သား၏အော်သံကြောင့် ကျန်အိမ်သားများက အောက်သို့ဆင်းလာကြသည်။ မြွေဟောက်ကြီးမှာ လူသံသူသံများ ကြောင့် ထိုနေ့က ကြက်ဥမယူနိုင်တော့ဘဲ တစ်ချိုးတည်း ပြန်လစ် ပြေးတော့သည်။ မြွေဟောက်ပြေးသွားရာ တောစပ်ထဲသို့ ကျွန်တော့်သားများက တုတ်များ၊ ခဲများနှင့် ပစ်ပေါက်ချောက်လှန့် လိုက်ကြသည်။ ပြီးလျှင် ကြက်မြုံကို စစ်ဆေးကြည့်ရာ ကြက်ဥ လေးလုံး လျော့နေမှန်း သိလိုက်ကြရသည်။ မိနီကို ကြက်မြုံပေါ် ပြန်တင်ပေးပြီး ကြက်မြုံကိုပါ ပိုမိုလုံခြုံသောနေရာသို့ ပြောင်းရွှေ့ပေး လိုက်သည်။

နောက်တစ်နေ့တွင် ကျွန်တော့်သားအလတ်ကောင်ကပင် တစ်ဘက်အိမ်မှ ဘဲဥသုံးလုံးကို ယူလာပြီး ကြက်မြုံထဲ ဖြည့်ထည့်ပေးလိုက်သည်။ သည့်နောက်တွင် မိနီက အရာရာ စိတ်ချလက်ချ ဖြစ်သွားသည်။ သူ့ကိုယ်လုံးကြီးကို ပွပွကြီးဖြစ်အောင်ပြုလျက် သူ့မျက်လုံးတို့ကို မှေးစင်းကာ သူ့သားလောင်း၊ သူ့သမီးလောင်း ကလေးများအတွက် သူ့ကိုယ်ငွေ့အား လုံလောက်စွာပေးပို့ရင်း ဝပ်ကျင်း ဝပ်နေလေတော့သည်။

နောက်သုံးပတ်လောက်ကြာတော့ တာဝန်တစ်ခုက မိနီအတွက် အောင်မြင်စွာပြီးဆုံးသွားသည်။ ဥများမှ အကောင်ကလေးများ ပေါက်လာသည်။ အကောင်ငယ်ကလေးများမှာ စုစုပေါင်း ၁၃ ကောင် ဖြစ်သည်။ သားပေါက်ပြီးပြီးချင်းပင် မိနီက မြုံအောက်သို့ ဆင်းသည်။ သူ့ကလေးများကိုပါ တစ်ပါတည်း ခေါ်သည်။ ဤတွင် မြေပြင်ပေါ်ရောက်သည်နှင့် တိုက်ပွဲတစ်ခုက မိနီကို ဆီးကြိုလျက် ရှိသည်။ ကြက်မြုံ၏ အနီးအနားတွင် ပုရွက်ဆိတ်အုံတစ်ခုက ကျင်းဖွဲ့လျက်ရှိသည်။ ထိုပုရွက်ဆိတ်အုံပေါ်သို့ ခြေချမိသည်နှင့် သူတို့မိသားတစ်စု ပုရွက်ဆိတ်ကိုက်ခြင်းကို ခံရတော့သည်။ ကြက်ပေါက်ကလေးတစ်ကောင်မှာ မျက်စိတွေ၊ နားအုံတွေထဲပါ ပုရွက် ဆိတ်ဝင်ကိုက်ခြင်းကို ခံရပြီး နေရာမှာပင် သေဆုံးသွားသည်။

ဤတွင် မိနီက သူ့ကလေးများကို ဘေးလွတ်ရာသို့ အလောတကြီးမောင်းပို့သည်။ ထိုအခါ ကြက်ကလေးများက ပြေးမိပြေးရာ ပြေးရင်း ခွေးကြီးတိုက်ဂါး မှေးစက်နေသည့်နေရာသို့ မသိနိုးနား ဖြင့် ရောက်သွားကြသည်။ ခွေးကြီးတိုက်ဂါးက သူ အိပ်နေသည် ကို အနှောက်အယှက်ပြုရပါမည်လားဟု ထဟိန်းသည်။ ဟိန်းသော



တိုက်ဂါးကိုပင် မိနီက ဘာမပြောညာမပြောနှင့် ဝင်ခွပ်သည်။ သည်တော့ တိုက်ဂါးကလည်း မိနီကို ပြန်ဟပ်သည်။ မိနီက ခုန်ရှောင်ကာ တိုက်ဂါးကို ဆက်လက်တိုက်ခိုက်သည်။ သို့သော် တိုက်ဂါးက သူ့ထက်အကောင်ကြီးသလို သူ့ထက်လည်း စွမ်းအားကြီးမားလှသည့်အလျောက် ထိုတိုက်ပွဲ၌ နိုင်ချေမရှိဘဲ တိုက်ခိုက်နေသည့် အဖြစ်ကို မိနီမသိ။ သူ့အဖြစ်ကို မြင်တွေ့နေရသော ကျွန်တော် ကပင် အချိန်မီ ဝင်ရောက်တားဆီးပေးလိုက်ရသည်။ တိုက်ဂါးကို အော်ဟစ် ငေါက်ငန်းလိုက်သည်။ မိနီကိုလည်း သူ့ကလေးများနှင့်အတူ ခပ်ဝေးဝေးသို့ မောင်းပို့လိုက်သည်။ ပုရွက်ဆိတ်ကျင်းကိုလည်း ကျွန်တော်ကပင် နှိမ်နင်းပေးလိုက်သည်။ သည်တော့မှ မိနီအတွက် လည်း တစ်မီးငြိမ်းသွားရတော့သည်။

သို့သော် မိနီ၏သောကကား မသေးလှပါ။ ဤမျှနှင့် မပြီးသေး ပါ။ နောက်တစ်လကျော်ကျော်လောက်အကြာတွင် သူ့ထံသို့ အပူ တစ်ခု ထပ်မံဆိုက်ကပ်လာပြန်လေသည်။ ကျွန်တော်က ဘက်စုံ မွေးမြူရေးသမားတစ်ဦးဖြစ်ရာ ငါးမွေးမြူရေးလုပ်ငန်းကိုပါ ပူးတွဲ လုပ်ကိုင်သည်။ ကျွန်တော့်တွင် အလတ်စား ငါးမွေးကန်တစ်ကန် ရှိသည်။ ဤတွင် ထိုငါးမွေးကန်နေရာတစ်ဝိုက်က မိနီတို့ မိသားစု တစ်သိုက် ခြေစကြာဖြန့်ပြီး ကျင်လည်ကျက်စားစရာ၊ အစာရှာဖွေ ရာနေရာတစ်ခု ဖြစ်လာသည်။ မိနီက ကန်ပေါင်ပတ်လည်သို့ ကလေး တွေကို ခေါ်သွားသည်။ ပြီးလျှင် သူ့ခြေထောက်ကားကား ကြီးများဖြင့် မြေကြီးကို ယက်ကာယက်ကာပြုသည်။ သူယက်လိုက်၍ မြေအောက် မှပေါ်လာသော စပါးစေ့ဆန်စေ့များ၊ အကောင်ပလောင် ငယ်များကို သူ့သားသမီးများက ဝိုင်းအုံထိုးဆိတ်ကာ စားသောက်ကြသည်။

မိနီကား ကလေးများအတွက် မမောနိုင်၊ မပမ်းနိုင် အစာရှာဖွေပေးရင်း ကျေနပ်လျက်ရှိသည်။ နောက်ပိုင်း ကြက်ကလေးများက သူတို့ဘာသာ အစာယက်ရှာတတ်လာသောအခါတွင်မူ မိနီက အတန်ငယ် သက်သာလာပါသည်။ မကြာမီ 'ကြက်ကလေးဝမ်း ကြက်ကလေးယက်၊ ကြက်မကြီးဝမ်း ကြက်မကြီးယက်' ဟူသည့် ဆိုရိုးစကားအတိုင်း အားလုံးက ကိုယ့်ဘာသာ အစာရှာစားတတ်လာသည့် အခြေအနေသို့ ရောက်ရှိလာသည်။

သို့သော် သူတို့ မည်မျှပင် ရှာဖွေစားသောက်ကြသည်ဆိုစေကာမူ ပြည့်စုံဖူလုံမှု မရှိမှန်းတော့ ကျွန်တော်က သိပြီးသားဖြစ်သည်။ ထို့ကြောင့် သူတို့အတွက် မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အစာပက်ကျွေးခြင်းကိစ္စကိုတော့ ကျွန်တော်က မပျက်မကွက်ပင် ပြုလုပ်ပေးလေ့ရှိသည်။ အစာကျွေးချိန်ရောက်တိုင်း ကျွန်တော့်ခေါ်သံကြားသည်နှင့် မိနီတို့ သားမိတစ်အုပ်က ရောက်ရာနေရာမှ အပြေးအလွှား ရောက်လာမြဲပင်။

တစ်နေ့နံနက်။ ထုံးစံအတိုင်း ကျွန်တော်က အစာခေါ်ကျွေးရာ များပြားလှသောကြက်အုပ်က ကျွန်တော့်ထံ အပြေးလာရောက်ကာ အစာကောက်ကြသည်။ သို့သော် ထိုကြက်အုပ်ထဲတွင် မိနီ၏ သားသမီးများကိုသာ ကျွန်တော်တွေ့ရပြီး မိနီကမူ ပျောက်ချက်သားကောင်းလျက်ရှိသည်။ ကျွန်တော်က မိမိမွေးမြူထားသော အကောင်ပလောင်မှန်သမျှကို တစ်ခဏမျှ စစ်ဆေးကြည့်လိုက်ရုံနှင့် အားလုံးစုံ၊ မစုံကို သိရှိပြီးဖြစ်သည်။ သို့နှင့် မိနီအတွက် စိတ်ပူသွားပြီ အစာခွက်ကိုင်လျက်ပင် အနီးအနားတစ်ဝိုက်တွင် မိနီကို လိုက်ရှာနေမိသည်။



ငါးကန်၏ ကန်ပေါင်ပေါ်ရောက်တော့မှ အဖြစ်မှန်ကို သိရတော့သည်။ ကျွန်တော် မိနီကိုတွေ့ပါသည်။ သို့သော် မိနီက ကန်ပေါင်ပေါ်တွင် အရှေ့ကိုလျှောက်လိုက်၊ အနောက်ကို ပြန်လျှောက်လိုက်နှင့် ပျာယာခတ်လျက်ရှိသည်။ ထို့ပြင် သူက ရေကန်ဆီသို့ မျှော်ကြည့်လိုက်၊ နှုတ်မှ 'ကတော်. . . ကတော်' နှင့် အဆက်မပြတ် အော်ဟစ်လိုက်နှင့်လည်းဖြစ်နေသည်။ အခြေအနေကို စူးစမ်းရင်းနောက်တော့မှ ကျွန်တော်က အားလုံးကို သဘောပေါက်သွားရသည်။ အမှန်တော့ မိနီက အစာသွားစားရန်အတွက် ရေကန်ထဲတွင် မြူးဆော့နေသော သူ၏ဘဲသားပေါက်ကလေးတွေကို လှမ်းခေါ်နေခြင်းပင်။ မိနီ ဥကျင်းဝပ်စဉ်က လျော့သွားသည့်ကြက်ဥများ နေရာတွင် ကျွန်တော့်သားက ရရာဘဲဥသုံးလုံးဖြင့် အစားထိုးပေးခဲ့သည်။ သားပေါက်ချိန်ရောက်သောအခါ အခြားကြက်ပေါက် ကလေးများနှင့် အတူ ဘဲကလေးသုံးကောင်ကပါ အတူတကွ ပေါက်ဖွားလာသည်။ စင်စစ် ထိုဘဲကလေးများမှာ သူ၏ မွေးစားသားကလေးများသာဖြစ်ကြောင်းနှင့် မျိုးရိုးအားဖြင့်လည်း မတူကွဲပြားကြောင်းကို မိနီက မသိ။ သူ့ရင်သွေးကလေးများအဖြစ်နှင့်သာ မှတ်ယူထားခဲ့သည်။

ယခု အချိန်တန်၍ ဘဲကလေးများက ဇာတိပြလာသောအခါ မိနီအဖို့ သောကပွားစရာ ဖြစ်လာရပြန်သည်။ ဘဲကလေးများကား ဘဲဓလေ့အတိုင်း ရေ၌ ကျင်လည်တတ်မြဲ၊ ပျော်မြူးတတ်မြဲဖြစ်သည်။ ထိုအဖြစ်ကို မသိလေသော မိနီကသာလျှင် ကလေးတွေကို ခေါ်၍လည်းမရ၊ ကလေးတွေရေနစ်မှာလည်းစိုး၊ ကိုယ်တိုင်ကလည်း ရေထဲမဆင်းနိုင် စသဖြင့် သူ့ဘာသာ ပျာယာခတ်လျက် ကန်ပေါင်ပေါ်၌ ပဋ္ဌာမြေလူး ဖြစ်နေရခြင်းပါပေ။

မိနီဖြစ်အင်က ကျွန်တော့်ကို ပြုံးရခက်၊ မဲ့ရခက် ဆိုသကဲ့သို့ပင် ဖြစ်စေလျက်ရှိသည်။ သည်တစ်ခါတွင်လည်း သူ့ အကျပ်အတည်းကို ကျွန်တော်ကပင် ဝင်ရောက်ဖြေရှင်းပေးလိုက်ရသည်။ ကျွန်တော်က ကန်တစ်ဘက်မှနေ၍ ဘဲကလေးများကို ချောက်လှန့်ပေးလိုက်သည်၊ မောင်းထုတ်ပေးလိုက်သည်။ သည်တော့မှ မိနီခေါ်သံကို မကြားချင်ယောင်ဆောင်နေသည့် ဘဲကလေးများက ကမ်းစပ်သို့ ကူးသွားဖော်ရကြတော့သည်။ ကမ်းစပ်မှသည် ကုန်းပေါ်တက်ကာ အမြီးကလေးတလှုပ်လှုပ်၊ ခေါင်းကလေးတခါခါဖြင့် သူတို့မွေးစားမိခင်ထံသို့ ပြေးသွားလိုက်ကြသည်။ ထိုသို့ ပူးပေါင်းမိကြပြီဆိုတော့မှ မိနီက စိတ်အေးသွားဟန်ဖြင့် နှုတ်မှ မြည်တွန်တောက်တီးရင်း အစာကွင်းရှိရာသို့ ဘဲကလေးများကို ခေါ်ဆောင်သွားတော့သည်။

သည့်နောက်တော့ သိပ်မကြာမီမှာပင် ဘဲကလေးများက ဦးစွာ သားခွဲသွားသည်။ ဘဲတို့၊ ကြက်တို့ မည်သည် ပုံမှန်အားဖြင့် နှစ်လခွဲသုံးလခန့်တွင် သားခွဲလေ့ရှိရာ ပုံမှန်ထက်စော၍ သားခွဲသွားသော မိနီ၏ မွေးစားကလေးများမှာ မျိုးရိုးအားဖြင့် ကွဲပြားခြင်း၊ စရိုက်သဘာဝတို့အားဖြင့် ခြားနားခြင်းတို့ကြောင့်သာလျှင် ထိုသို့ စောစောစီးစီး သားခွဲသွားခြင်းပေလော။ ကျွန်တော် မသိနိုင်ပါပြီ။ သို့သော် မိမိရင်ခွင်အောက်မှ မိမိရင်ငွေ့ကိုလှုံကာ ပေါက်ဖွားလာကြသော ထိုဘဲကလေးများကို မိနီက မိမိရင်သွေးစစ်စစ်ဟုသာ တစ်လျှောက်လုံးထင်မှတ်သွားခဲ့ပြီး မိခင်တစ်ဦး၌ရှိရမည့် တာဝန်တို့ကိုလည်း တစ်ရွေးသားမျှ မလျှော့အောင် ထမ်းရွက်သွားခဲ့၊ ကျေပွန်သွားခဲ့သည်မှာ ကျွန်တော့်မျက်မြင်ပင် ဖြစ်သည်။ မိနီ၏



မိခင်စိတ်ဓာတ်ကို ကျွန်တော်မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရပါလေသည်။

သို့သော် မိနီကား ကျွန်တော့်လက်ထဲတွင် သက်ဆိုးမရှည်ခဲ့ရှာပါ။ များမကြာမီပင် သူနှင့်ရေစက်မကုန်ခဲ့လေသည့် သူ၏ရန်သူတော် မြွေဟောက်၏ လက်ချက်နှင့်ပင် မိနီ ကျဆုံးသွားရသည်။ အမှန်တော့ မိနီမသေခင် တစ်ပတ်လောက်ကတည်းက ထိုမြွေဟောက်အရိပ်အခြည်ကို ကျွန်တော့်သားများက တွေ့ရှိပြီးဖြစ်သည်။ ပထမတစ်ကြိမ် တောစပ်၌ ကြက်များကြောက်လန့် တကြားအော်ဟစ်ကြပုံ၊ ဖရိုဖရဲ အုပ်စုတွေကွဲကာ ပျံသန်းပြေးလွှား ကြပုံကို တွေ့ရသည်နှင့် ကျွန်တော့်သားတစ်ယောက်က ထိုနေရာသို့ အပြေးသွားကြည့်သည်။ ချက်ချင်းပင် ကျွန်တော့်သားထံမှ 'အဖေ ရေ . . . မြွေဟောက်ကြီးဗျ၊ မြွေဟောက်ကြီး၊ ကြက်ကလေး တစ်ကောင်ကို ဆွဲသွားပြီ'ဟု ပျာပျာသလဲ လှမ်းအော်သံက ထွက်ပေါ်လာသည်။ ထို့ကြောင့် ကျွန်တော်တို့က ရရာလက်နက်ကိုင်စွဲကာ ဝိုင်းလိုက်ကြသည်။ သို့သော် ကျူးကျော်ရေးသမားကိုကား မမိနိုင်တော့ပြီ။ သူလိုချင်သော သားကောင်ကို အပိုင်သုတ်ယူပြီး ချောမောစွာ လွတ်မြောက်သွားခဲ့လေပြီ။ ကျွန်တော် နောင်တွင် ထိုမြွေဟောက်ရန်ကိုသာမက တောကြောင်နှင့်ခွေးအ အန္တရာယ် ကိုပါ ကြပ်ကြပ်ဂရုစိုက်ကြရန် ကျွန်တော့်သားများအား သတိပေးရုံမျှသာ တတ်နိုင်တော့သည်။

မိနီ မြွေကိုက်ခံရသောနေ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် ခြံတွင် ကျွန်တော်တစ်ယောက်သာရှိသည်။ အမှန်တော့လည်း အကြံသမား မြွေဟောက်က သူ့ကို ကျွန်တော်တို့မေ့လောက်ပြီဆိုတော့မှ ခြံထဲတွင်လည်း လူရှင်းချိန်ကစောင့်ကာ သူက လှုပ်ရှားလာခြင်းဖြစ်သည်။

ပထမတွင် ကြက်အုပ်၏ ဗရုတ်ဗရက်ဖြစ်သံကို ကျွန်တော်ကစပြီး ကြားရသည်။ ကြားကြားချင်းပင် တုတ်ကိုကိုင်ကာ ထိုနေရာသို့ ပြေးသွားသည်။ နဂိုက သတိနှင့်နေသူမို့ ကြက်အုပ်တွင် အန္တရာယ် ကျရောက်နေပြီကို ကျွန်တော်က ချက်ချင်းသိရှိပြီးဖြစ်သည်။ သို့သော် သည်တစ်ခါတွင်လည်း တရားခံကို ကျွန်တော် မမိလိုက်ပါ။ အစအနပင် မမြင်လိုက်ရပါ။ ထိုအကောင်အစား ပုံပုံလဲနေရှာသော မိနီကိုသာ ကျွန်တော်တွေ့ရသည်။ မိနီကား အသက်မရှိတော့ပါ။ ပြင်းထန်သော မြွေဆိပ်ကြောင့် မျက်နှာတွေ၊ အမောက်တွေပါ ညိုမည်းလျက် သေနေရှာပါလေပြီ။ မိနီကို ခြေနှစ်ချောင်းမှဆွဲယူကာ ပတ်ပတ်လည်ကို ကြည့်ရှုရင်း ကျွန်တော် စေ့စေ့ပါအောင် တွေးနေမိသည်။ တွေးသည့်အတိုင်းလည်း မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်ယောင်နေမိသည်။ အမှန်ကတော့ မြွေဟောက်က မိနီ၏အုပ်ခွဲခါနီး သားပေါက်တစ်ကောက်ကို ဝင်ဆွဲခြင်းဖြစ်မည်။ ထိုအခါ မိနီက မြွေဟောက်ကို ရဲရင့်စွာ ဝင်ခွပ်လိမ့်မည်၊ တိုက်ခိုက်လိမ့်မည်။ ဤတွင် မြွေဟောက်က သားပေါက်ကိုလွှတ်၍ မိနီကို ပေါက်သတ်ထားခဲ့ခြင်းဖြစ်မည်။ ဤအတိုင်းပင် ကျွန်တော်မြင်ယောင်သည်။ မြင်ယောင်သည့်အတိုင်းလည်း ကွက်တိဖြစ်ရမည်ဟု စိတ်ကို ဒုန်းဒုန်း ချမိသည်။

ကျွန်တော် မိနီကိုငုံ့ကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်။ သည်တစ်ခါတော့ မိနီ ကိစ္စချောရရှာလေပြီ၊ မိမိရင်သွေးများအတွက် အသက်စွန့်တိုက်ပွဲဝင်ရင်း ဇာတ်သိမ်းရရှာလေပြီဟုလည်း စိတ်ထဲမှ တနုံ့နုံ့ဖြစ်မိရသည်။ နောင်တွင် မိခင်မဲ့အဖြစ်ကျန်ရစ်ခဲ့ ရရှာသော မိနီရင်သွေး ကြက်ပေါက်ကလေးများကို ဟိုကြက်အုပ်ကလည်း



ဆိတ်လွှတ်ကြ၊ သည်ကြက်အုပ်ကလည်း ခွပ်လွှတ်ကြနှင့် တွေ့ရ လေသောအခါ ကျွန်တော့်မှာ မိနီကိုပင် ပြန်သတိရကာ ရင်တွင်း၌ ပို၍ပင် ထိထိရှရှ ဖြစ်ရပါလေတော့သည်။

***

နောက်တစ်ခုရှိသေးသည်။ ကြက်မ မိနီကဲ့သို့ပင် မိခင်တစ်ဦး၏ ပုံသဏ္ဌာန်ကို အပြည့်အဝဖော်ပြပြီး ကျွန်တော့်ကို အမှတ်တရ ဖြစ်စေခဲ့သည့် ဖြစ်ရပ်တစ်ခုနှင့် ဆက်တိုက်ဆိုသလို ကျွန်တော် ကြုံရပြန်သေးသည်။

သူကား 'ဒေါ်အဲမ' ဆိုသူ မိန်းမကြီးတစ်ယောက်ပင် ဖြစ်သည်။ အမှန်ကတော့ ဒေါ်အဲမကို ယခင်က ကျွန်တော်မသိပါ။ သူတို့ မိသားစု၏ ဇာတိရပ်ရွာကိုလည်းကောင်း၊ သူတို့၏အကြောင်း ဗျူပွတ်ကိုလည်းကောင်း ကျွန်တော် ဘာဆိုတာမျှ မသိပါ။ ကျေးရွာ လူကြီး၏ ခွင့်ပြုချက်ဖြင့် ကျွန်တော့်မွေးမြူခြံအနီးရှိမြေကွက်တွင် သူတို့အိမ်ကလေးဆောက်၍ လာရောက်နေထိုင်သည်မှ အစပြုကာ ကျွန်တော်က သူတို့နှင့် ဆက်စပ်ပတ်သက်မိသွားရခြင်းပင်။

ဒေါ်အဲမက မုဆိုးမ ဖြစ်သည်။ သားသုံးယောက်နှင့် သမီး တစ်ယောက်တို့၏ မိခင်လည်းဖြစ်သည်။ ပထမတော့ ထိုမျှလောက် သာ ကျွန်တော် အကြမ်းဖျင်းသိထားသည်။ နောက်ပိုင်း ဒေါ်အဲမ၏ တောင်းပန်ချက်အရ သူ့သားလေးနှစ်ယောက်ကို ကျွန်တော့်ခြံတွင် အလုပ်ပေးခဲ့မိပြီး သူတို့မိသားစုနှင့်လည်း ပိုမို ကျွမ်းဝင်လာခဲ့ရာမှ သူတို့အကြောင်းကို ပို၍ သိရှိလာရခြင်းလည်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ဒေါ်အဲမက မုဆိုးမဖြစ်သည်။ မုဆိုးမဘဝ နှင့်ပင် သားသမီးလေးယောက်ကို ကျွေးမွေးပြုစုလာခဲ့ခြင်းလည်း

ဖြစ်သည်။ ကျွန်တော်သိသလောက် သူ့သားသမီးလေးယောက်စလုံးပင် ပညာကို မည်သူမျှ ဟုတ်တိပတ်တိ မသင်ကြားခဲ့ကြရ။ သူတို့က တောသူတောင်သားများပီပီ ရေးတတ်၊ ဖတ်တတ် အဆင့်လောက်နှင့်ပင် ပြီးခဲ့ကြရသူများလည်းဖြစ်သည်။ အခြားမိဘများကဲ့သို့ ပညာအမွေကို လောက်လောက်လားလား ပေးထားနိုင်ခဲ့သည့် စွမ်းအားမျိုးလည်း ဒေါ်အဲ ရှိခဲ့ဟန်မတူ။

ကျွန်တော်မြင်မိသလောက်တော့ ကျွန်တော့်ခြံတွင် အလုပ်ဝင်လုပ်နေသည့် ဝင်းမောင်နှင့် ဝင်းသောင်ခေါ် ဒေါ်အဲမ သားအငယ်နှစ်ယောက်က အတော်လေးပင် ရိုးသားကြသည်။ လူပုံက ခပ်အေးအေးကလေးများ ဖြစ်ကြသည်။ ထိုသားနှစ်ယောက်အတွက် ဒေါ်အဲမအနေဖြင့် ဘာမျှကြောင့်ကျပူပန်စရာ မရှိပေ။ ဒေါ်အဲမကို သောကပွားပြီး ဒုက္ခများစေသူများက အကြီးဆုံးသား အောင်စိုးနှင့် အငယ်ဆုံးသမီးတို့ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

ဤ၌ ဒေါ်အဲမအတွက် မိမဲက အတွင်းမီးဖြစ်ပြီး အောင်စိုးက အပြင်မီးဖြစ်သည်ဟု ကျွန်တော်က ထပ်မံ၍ ဆိုချင်သည်။ မိပဲက အသက် ၁၈ နှစ်ခန့် ရှိပါပြီ။ သို့ငြား သူမက ကျပ်မပြည့်ရှာပါ။ ခပ်သွတ်သွတ်၊ ခပ်ချောင်ချောင်ကလေး ဖြစ်လျက်ရှိသည်။ ထို့ပြင် မွေးရာပါ အကြေသေရောဂါကြောင့် မိပဲက အောက်ပိုင်းတစ်ခုလုံး လှုပ်ရှား၍ မရပြန်ပါ။ တစ်နေရာမှ တစ်နေရာသို့ လက်နှစ်ဖက်ကိုပင် အားပြုကာ တရွတ်ဆွဲပြီး သွားလာရသည်။ ထိုမျှမက မိပဲအတွက် 'နူရာ ဝဲစွဲ၊ လဲရာသူခိုးထောင်း' ဖြစ်ရပြန်ပုံမှာ မိပဲ၌ ဆီးနှင့်ဝမ်းကို မထိန်းနိုင်သောရောဂါတစ်ခုက ထပ်မံ၍ ရှိနေပြန်ခြင်းပင်။ မိပဲက ဆီးနှင့်ဝမ်းကို တွေ့ရာနေရာ၌ပင် ကြုံသလို စွန့်ပင်လိုက်လေ့ရှိသည်။ သို့ကြောင့် မိပဲ၏



ကိုယ်အောက်ပိုင်းက အဝတ်တစ်စုံတစ်ရာ ဝတ်ဆင်ပေးထား၍မရ။ အဝတ်စတစ်ခုကို အလယ်မှ အပေါက်ဖောက်ပြီး ခေါင်းမှစွပ်ချကာ ခါးပေါ်၌ ဖြန့်တင်ထားရုံမျှသာ ပြုလုပ်ပေးထားနိုင်သည်။

မိပဲက ထမင်းဆာလျှင်လည်း အော်ငိုသည်။ ဟိုဟိုသည်သည် အလိုမကျလျှင်လည်း အော်တတ်၊ ဟစ်တတ်သည်။ ဒေါ်အဲမမှာ နဂိုကဆင်းရဲရသည့်အထဲ ဤဥပမိဝိပတ္တိဆိုက်နေသော သမီးငယ်အတွက် အလွန်ကြောင့်ကျစရာကြီးနှင့် ကြုံတွေ့နေရပြန်သည်။ မိပဲအတွက် အခန်းလေးတစ်ခု ပြုလုပ်ပေးထားရပြီး မိပဲ ထမင်းတောင်းလျှင် ထမင်းပေး၊ မိပဲဆူပူလျှင် ချော့မြှူ၊ မိပဲ စွန့်ချထားသော အပေါ့အလေးမှန်သမျှကို မရွံ့မရှာ၊ မညည်းမညူ သိမ်းဆည်းပေးရင်းနှင့်ပင် ဒေါ်အဲမ တစ်ယောက် အိမ်တွင်းအပူမီးကို အဟပ်ခံနေရတော့သည်။

တစ်ခါ ဒေါ်အဲမအတွက် အတွင်းမီးနှင့်စာလျှင် အပြင်မီးက ပို၍ပင် ပူပြင်းသေးသည်ဟု ဆိုနိုင်သည်။ သူ့သားအကြီးဆုံးဖြစ်သော အောင်စိုးက အတော်ပင်ဆိုးသွမ်းလှသည်။ လူက အရက်သမားဖြစ်သည်။ အလုပ်ဟူ၍လည်း မယ်မယ်ရရ မရှိ။ အလုပ်ပေါင်းစုံတို့၌ ကြုံရာဝင်လုပ်ခဲ့ဖူးသော်လည်း မည်သည့်အလုပ်တွင်မျှ မစွဲမြဲ၊ တည်တည်တံ့တံ့မလုပ်။ အောင်စိုး တစိုက်မတ်မတ် လုပ်လာသောအလုပ်ဟူ၍ အရက်သောက်ခြင်းနှင့် ကြက်ဝိုင်းသွားခြင်းတို့သာ ရှိသည်။

ဆိုတော့ အောင်စိုးက ဒေါ်အဲမအတွက်တော့ ဧရာမဒုက္ခတုံးကြီးလိုပင် ဖြစ်နေသည်။ ဒေါ်အဲမမှာ အောင်စိုးကြောင့် တော်ကြာစိတ်ညစ်ရပြန်ပြီ၊ တော်ကြာ ငိုရပြန်ပြီ။ ဆိုခဲ့သည့်အတိုင်း အောင်စိုးက အလုပ်ဟူ၍ မယ်မယ်ရရမရှိလေရာ သူ အရက်သောက်ဖို့၊

ကြက်ဝိုင်းသွားဖို့အတွက်ကို မိခင် ဒေါ်အဲမထံမှသာ လက်ဝါးဖြန့်ခံလေ့ရှိသည်။ ဒေါ်အဲမမှာလည်း သားငယ်နှစ်ယောက်၏ဝင်ငွေလေးအပြင် မိမိကိုယ်တိုင် အိမ်မှာနေရင်း သက်ငယ်ပျစ်ရာမှ ရရှိလာသောငွေစကလေးများဖြင့် အိမ်ထောင့်အရေးကို ကြံဖန်စီမံပေးနေရခြင်းဖြစ်သည်။ ဤကဲ့သို့ ခက်ခဲသော အခြေအနေမျိုးတွင် ယိုပေါက်ကြီးတစ်ခုလိုဖြစ်နေသည့် အောင်စိုးအတွက် အကြိမ်ကြိမ်ပင် စိတ်ဆင်းရဲခဲ့ရသည်။ အောင်စိုးကား သူလိုချင်တာကို ကြည်ကြည်သာသာရလျှင်ရ၊ မရခဲ့လျှင် မိခင်ဖြစ်သူအပေါ် ဆူပူလိုက်၊ ကြိမ်းမောင်းလိုက်နှင့် ပြုမူတတ်သေးသည်။ ဒေါ်အဲမက သားငယ်များမသိအောင် ထိုယစ်ထုပ်ကြီး၏လိုဘကို ကျိတ်၍ဖြည့်ဆည်းပေးနေရသည်။ တကယ်တော့ အောင်စိုးမှာ လူဦးတစ်ဦးသာမက လူမိုက်တစ်ယောက်ပါ ဖြစ်နေလေသေးသည်။ သူက မူးလာလျှင် သွေးလည်း ဆိုးတတ်ပြန်သေးရာ မကြာခဏဆိုသလို အခြားသူများနှင့် ခိုက်ရန်ဖြစ်ပွားတတ်လေ့ရှိသည်။ ဒေါ်အဲမမှာ ကျေးရွာလူကြီး အိမ်နှင့်ရဲစခန်းများသို့ အကြိမ်ကြိမ်သွားရောက်နေရသည်ကို ကျွန်တော်မြင်တွေ့နေရသည်။

ကျွန်တော် မှတ်မိသေးသည်။ တစ်နေ့တွင် မွန်းလွဲပိုင်းအချိန်လောက်၌ ဒေါ်အဲမတို့ အိမ်ဘက်မှ ဆူဆူညံညံဖြစ်သံများကို ကျွန်တော်ကြားရသည်။ မကြာမီ ဒေါ်အဲမ၏ ငိုယိုသံနှင့် ဗလုံးဗထွေး ပြောဆိုသံများကိုပါ ကျွန်တော်ကြားလိုက်ရသည်။ ကျွန်တော်က မနေနိုင်တော့ဘဲ ဒေါ်အဲမတို့အိမ်ဘက်ကို လျှောက်သွားလိုက်မိသည်။ ဤတွင် ဗရုတ်ဗရက်ဖြစ်နေသော မြင်းကွင်းကိုလည်း မြင်တွေ့ရတော့သည်။ အောင်စိုးနှင့် အငယ်ဆုံးကောင် ဝင်းသောင်တို့က ရုန်းရင်းဆန်ခတ်ဖြစ်လျက်ရှိသည်။ အောင်စိုးမှာ ခြေကားရား



လက်ကားရားနှင့် ယိမ်းထိုးနေပြီး အတော်မူးနေဟန်ရှိသည်။ ဝင်းသောင်ကား ငှက်ကြီးတောင်ဓားကို လက်ကကိုင်ထားရင်း ဒေါ်သူပုန်ထနေသည်။ နှုတ်မှလည်း စူးစူးဝါးဝါးအော်ဟစ်လျက်ရှိသည်။ သူတို့နှစ်ယောက်ကြားမှာတော့ ဒေါ်အဲမက ဖျန်ဖြေသူအဖြစ်ရှိနေသည်။ စင်စစ် ဖျန်ဖြေသူအဖြစ်မျှသာမကဘဲ အောင်စိုးအတွက် ကာကွယ်ပေးသူအဖြစ်နှင့်ပါ ရှိနေခြင်းဖြစ်သည်။ သူက သားငယ်လုပ်သူကို လက်ကလေးတကာကာဖြင့် တောင်းပန်သမှု ပြုနေသည်။ မျက်ရည်လည်ရွှဲ ငိုကြွေးရင်းမှလည်း 'သူ့ကို မလုပ်ပါနဲ့သားရဲ့၊ အမေ့ကိုသာ သတ်လိုက်ပါကွယ့်၊ အမေ့ကိုသာ ခုတ်လိုက်ပါ' ဟု အခါခါပင် မြည်တမ်းလျက်ရှိသည်။ ဝင်းသောင်ကား မိခင်က ကြားဝင်ရပ်နေသဖြင့် လုပ်ချင်သူကို မလုပ်ရသောကြောင့် အလွန်မှ ကျိတ်မနိုင်ခဲမရ ဖြစ်နေလေသည်။

ကျွန်တော်ရောက်သွားမှပင် ထိုအရေးအခင်းက ပြီးဆုံးသွားတော့သည်။ ကျွန်တော်က ဝင်းသောင်ကို ချော့မော့ရသည်။ လက်ထဲမှ ဓားကိုပါ သိမ်းလိုက်သည်။ အောင်စိုးက ဒယိမ်းဒယိုင်ဖြင့် အပြင်ဘက်ထွက်သွားသည်။ အားလုံး အေးအေးဆေးဆေးရှိပြီး ဆိုတော့မှ ဖြစ်စဉ်ကိုလည်း အစအဆုံးသိရတော့သည်။

ဖြစ်ပုံမှာ ထိုနေ့ နေ့လယ်ပိုင်း ဝင်းသောင်ထမင်းစားပြန်ခါနီးတွင် ကျွန်တော်က အလုပ်တစ်ခုပါ ပါးလိုက်မိသည်။ ဝင်းသောင် ထမင်းစားပြီးပါက ရွာထိပ်ရှိ ဆန်စက်သို့သွားရန်၊ ဆန်စက်မှ ဖွဲနု (၁၀) အိတ်ကို ထော်လာဂျီငှားပြီး တင်လာရန် ကျွန်တော်က ခိုင်းလိုက်မိသည်။ ဖွဲနုဆယ်အိတ်ဖိုးကိုပါ ဝင်းသောင်နှင့် လွှဲပေးလိုက်သည်။ သို့နှင့် ဝင်းသောင်က အိမ်သို့ပြန်ကာ ထမင်းစားသည်။ စားပြီးနောက်

တစ်ရေးတမော အနားယူသည်။ သူက အိမ်တွင် တစ်ရေးတစ်မော အိပ်ပြီးမှ ဆန်စက်သို့သွားရန်ဖြစ်သည်။

သို့နှင့် ဝင်းသောင်တစ်ရေးအိပ်ပြီး ဆန်စက်သွားရန် ပြင်လိုက်ချိန်မှာပင် ပြဿနာက စလာခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ သူအိပ်နေစဉ် တိုင်တွင်ချိတ်ထားသော သူ့အင်္ကျီအိတ်ကပ်ထဲမှ ဖွဲနုဖိုးငွေများက ပျောက်ခြင်းမလှပျောက်လျက်ရှိသည်။ ထို့ကြောင့် ဝင်းသောင်က မိခင်ဖြစ်သူကို လှမ်းမေးကြည့်သည်။ ဒေါ်အဲမကလည်း အံ့အားသင့်နေသည်။ ထို့နောက် သားအမိနှစ်ယောက် အိမ်ပေါ်၌ ပျာယာခတ်မျှလိုက်ရှာကြသည်။ သို့သော် ဝင်းသောင်ကမူ အိတ်ထဲတွင် သေသေချာချာထည့်ထားသောငွေက တစ်စုံတစ်ယောက် လာမနှိုက်ဘဲနှင့် မည်သို့မျှ ခြေထောက်ပေါက် ထွက်မသွားနိုင်ပုံကို သိထားပြီးဖြစ်သည်။ နောက်ပြီး သူ မအိပ်ခင်က အိမ်တွင် အောင်စိုးရှိနေသေးသည်။ သူ အိပ်ရာက နိုးလာတော့မှ အောင်စိုးရော၊ ပိုက်ဆံပါ ပျောက်သွားခြင်းဖြစ်သည်။ သို့ကြောင့် ဝင်းသောင်က တရားခံကိုပါ ခန့်မှန်းမိပြီးဖြစ်သည်။

ဖြစ်ချင်တော့ ယင်းအခိုက်မှာပင် အောင်စိုးက ဒယိမ်းဒယိုင်နှင့် အိမ်ထဲပြန်ဝင်လာသည်။ အမှန်တကယ်တွင်လည်း ဝင်းသောင် ပိုက်ဆံများကို နှိုက်ယူသွားသူက အောင်စိုးပင်ဖြစ်သည်။ ထိုပိုက်ဆံဖြင့် ကြက်ဝိုင်းသွားလောင်းခြင်းဖြစ်သည်။ ကြက်ဝိုင်းတွင် အားလုံးရှုံးသွားပြီးနောက် အရက်မူးပြီး အိမ်ပြန်လာခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ကို နောက်ပိုင်းတွင် ကြက်ဝိုင်းရှိ လူတစ်ယောက်က လာ၍ပြောပြသွားသည်။

ဆိုတော့ အောင်စိုးကို တွေ့တွေ့ချင်းပင် ဒေါ်အဲမက လှမ်းမေးလိုက်သည်။



"အောင်စိုး. . . နင် ဝင်းသောင်အိတ်ကပ်ထဲက ပိုက်ဆံတွေ ယူသွားသလား၊ နင် ပြန်ပေးလိုက်ဦး၊ အဲဒါ ကြက်စာဝယ်ဖို့ သူ့အလုပ်ရှင်က ပေးထားတဲ့ပိုက်ဆံတွေ"

ဟု တစ်ပါတည်း ပြောလိုက်သည်။ ဤတွင် အောင်စိုးက မျက်လုံးကြီးပြူးပြီး -

"ဘယ်က ပိုက်ဆံလဲ. . ဘာပိုက်ဆံလဲ. . ကျုပ် လုံးဝမယူဘူး"

စု ပြောင်ငြင်းသည်။ ဒေါ်အဲမက မကျေနပ်ဘဲ -

"ဒီအိမ်မှာ နင်မှမယူရင် ဘယ်သူမှ မယူဘူး၊ ငါတို့ စိုက်မလျော်ဘူးနော်၊ ပြစမ်း. . . နင့်အိတ်ကပ်ထဲမှာ ငါရှာကြည့်စမ်းမယ်"

ဟု ပြောကာ အောင်စိုး၏အင်္ကျီအိတ်ကပ်ကို လှမ်းနှိုက်လိုက်သည်။ ထိုအခါ အောင်စိုးက တရှူးရှူးတရှဲရှဲဖြင့် -

"ကျုပ်မယူဘူးလို့ ပြောပြီးပြီပဲ၊ ဖယ်စမ်းဗျာ. . . သွားစမ်း"

ဟု အော်ဟစ်ရင်း ဒေါ်အဲမ၏လက်များကို ပုတ်ချလိုက်ကာ လူကိုပါ ဆောင့်တွန်းလွှတ်လိုက်သည်။ အောင်စိုး တွန်းလိုက်သည့်အရှိန်ကြောင့် ဒေါ်အဲမမှာ တစ်ပတ်လည်ပြီး လဲကျသွားသည်။ ပြီးမျက်နှာကိုပါ စားပွဲစွန်းနှင့်ဆောင့်မိသွားသည်။ ချက်ချင်းပင် ဒေါ်အဲမ၏မျက်နှာနှင့် နဖူးတို့၌ ညိုမည်းသွားသည်။

ထိုအဖြစ်ကိုမြင်ရသည်နှင့် ဝင်းသောင်မျက်လုံးထဲ မီးပွင့်ထွက်သွားသည်။

"မင်းကို သတ်မယ်ကွ. . . သတ်မယ်"

ဟု အော်ဟစ်လိုက်ပြီး ထရံတွင်ချပ်ထားသည့် ငှက်ကြီးတောင်ဓားကိုပါ ပြေးဆွဲသည်။ အောင်စိုးက ကြောက်သွားပြီး အိမ်အောက်သို့ဆင်းပြေးသည်။ ဝင်းသောင်က ဓားကိုင်လျက် နောက်ကလိုက်သည်။

ဤတွင် ဒေါ်အဲမက သားအငယ်ကို မီအောင်လိုက်ဆွဲရင်း တားဆီးသည်။ သားကြီးလုပ်သူကို ကာကွယ်ပေးရင်း သားငယ်လုပ်သူကို စောစောကအတိုင်း -

"သူ့ကို မလုပ်ပါနဲ့ သားရဲ့. . . အမေ့ကိုသာ သတ်ပါကွယ့်၊ အမေ့ကိုသာ ခုတ်ပါတော့"

ဟု တစာစာမြည်တမ်းနေခြင်း ဖြစ်တော့သည်။

ကျွန်တော်၏ ဝင်ရောက်ဖျန်ဖြေပေးမှုကြောင့် ထိုအရေးအခင်းက ပြီးဆုံးသွားသော်လည်း ဝင်းသောင်ကား အံတကြိတ်ကြိတ်နှင့်ပင် ရှိနေသေးသည်။

"ကျွန်တော်တို့အိမ်မှာ ဒီကောင် ကြိုဟ်မွှေနေတာ၊ အမေ့ကိုလည်း ဒီကောင်ပဲ ဒုက္ခပေးနေတာ၊ ဒီကောင်အိမ်ကို ပြန်လာပေ့စေဦး၊ အရှင်ကို မထားဘူး"

ဟုလည်း ကျွန်တော့်ကို တိုင်တည်ပြောဆိုရင်း မကျေမချမ်း ရေရွတ်လျက်ရှိသည်။ မည်သို့ဆိုစေ ဝင်းသောင် ရိုးသားမှန်းသိနေပြီးဖြစ်ရာ ကျွန်တော်က ဖွဲ့နှုအိတ်များအတွက် သူ့ကို ခွင့်လွှတ်လိုက်ပါလေသည်။ ထိုငွေများ ပြန်ပေးစရာမလိုကြောင်းနှင့် ကျွန်တော်ကပင် အဆုံးခံလိုက်မည့်အကြောင်း ဝင်းသောင်ကို ပြောဆိုနှစ်သိမ့်လိုက်ပါသည်။

သည့်နောက်တွင်တော့ အောင်စိုးက သူတို့အိမ်မှ ပျောက်ခြင်းမလှပျောက်သွားသည်။ ဝင်းသောင်၏ 'ဓားကြီမ်း'ကိုပင် တကယ်ကြောက်လန့်သွား၍ပေလော၊ သို့တည်းမဟုတ် ဒေါ်အဲမကပင် ပြဿနာမအေးသေးမီ တခြားနေရာ၌ သွားရှောင်ခိုင်းထားခြင်းပေလော။ ကျွန်တော် မသိနိုင်တော့ပါ။



သို့သော် ဒေါ်အဲမတို့အိမ်ဘက်၌ အေးငြိမ်းမှုရသွားပြီး ကျွန်တော့်ကိုပါ အထိုက်အလျောက် စိတ်အေးလက်အေး ဖြစ်သွားစေခဲ့သော ကာလအတိုင်းအတာက သိပ်တော့မကြာမြင့်လှပါ။ နောက်တစ်လခန့်အကြာတွင် အောင်စိုးက ရုတ်တရက်ပြန်ရောက်လာပြီး ကျွန်တော့်ကို အထူးစိတ်လှုပ်ရှားစေခဲ့ပြန်ခြင်းကြောင့်ပင် ဖြစ်သည်။

သည်တစ်ခေါက် အောင်စိုးအိမ်ပြန်ရောက်လာပုံက ပုံစံသစ်ဖြင့် ထူးခြားလျက်ရှိသည်။ အကြောင်းမှာ သည်တစ်ခေါက် အောင်စိုး၏ အိမ်ပြန်ခရီး၌ သူ၏ဘယ်ဘက်လက်တစ်ဖက်က ပြန်ပါမလာတော့ချေ။ ထိုလက်က လက်ကောက်ဝတ်နေရာမှ ငုံးတိတိပြတ်ကာ ကျန်နေရစ်ခဲ့လေပြီ။ လက်ပြတ်နေရာတွင် ပတ်တီးတဖွေးဖွေးနှင့်ဖြစ်နေပြီး လက်သိုင်းကြိုးတန်းလန်းနှင့်ပါ ဖြစ်နေသော အောင်စိုးကို မိခင်ဒေါ်အဲမက အလွန်ကြင်နာဟန်၊ အလွန်ဂရုစိုက်ဟန်ဖြင့် ဖေးဖေးမမပြုလျက် အိမ်တွင်းသို့ခေါ်ဝင်သွားပုံကို မြင်လိုက်ရပြီးနောက် ကျွန်တော်က ပါးစပ်အဟောင်းသားဖြင့် မှင်တက်နေမိသည်။

နောက်တစ်နေ့မနက်ရောက်တော့မှ အောင်စိုး၏ဖြစ်ကြောင်းကုန်စင်ကိုလည်း ကျွန်တော်သိရတော့သည်။ ဒေါ်အဲမ၏ သားလတ်ဖြစ်သော ကျွန်တော့်ခြံတွင် အလုပ်ဆင်းနေသူ ဝင်းမောင်ကပင် အကြောင်းစုံပြောပြလာခြင်း ဖြစ်သည်။

"ကျွန်တော့်အစ်ကိုကတော့ အိမ်ကို ပြဿနာတွေကို ပွေ့ပြီး ပြန်လာပြန်ပြီခင်ဗျ၊ ဒီတစ်ခေါက်တော့ သူ့ကြောင့် ကျွန်တော်တို့ပါ ဘုံပျောက်ရတော့မယ်၊ ကျွန်တော်တို့လည်း ဦး ဆီကနေ အလုပ်ထွက်ရတော့မယ်"

"ဟေ၊ ဘာဖြစ်လို့လဲကွ၊ မင်းတို့က ဘာပြုလို့ အလုပ်ထွက်ရမှာလဲ"

"ထွက်ရတော့မယ်ခင်ဗျ၊ ကျွန်တော်တို့ နေရာပြောင်းရတော့မယ်၊ နေရာပြောင်းရင် ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော့်ညီမလေးက ဒုက္ခိတတွေဆိုတော့ အမေ့ကို သူတို့နဲ့ ဒီအတိုင်းလွှတ်လိုက်လို့မှမဖြစ်တာ၊ ကျွန်တော်တို့ပါ လိုက်ရမှာပေါ့"

"နေပါဦး. . . မင်းတို့က ဘာလို့နေရာပြောင်းရမှာလဲ၊ ဘာကြောင့်လဲ"

"မပြောင်းလို့ မရတော့ဘူးခင်ဗျ၊ ကျေးရွာလူကြီးက အခုကျွန်တော်တို့ကို နှင်ထုတ်နေပြီ၊ အရင်က ကျွန်တော်တို့က တောင်းတောင်းပန်ပန်နဲ့ နေခွင့်တောင်းထားတာ၊ ခုတော့ ကျွန်တော့်အစ်ကိုက ပြဿနာရှုပ်လွန်းတယ်၊ ကျွန်တော့်အစ်ကိုကြောင့် ရွာနာတယ်ဆိုပြီး လက်မခံတော့ဘူး၊ ကျွန်တော့်အစ်ကို နောက်ဆုံးဖြစ်လာတဲ့ ပြဿနာက တော်တော်ကြီးတယ် ဦးလေး"

"ဟုတ်လား. . . အောင်စိုးက ဘာတွေလုပ်လာခဲ့သလဲ၊ ငါ့ကို ပြောပြစမ်းပါဦး"

"ပြောရရင်တော့ သူက သေတောင်သေသွားသင့်တဲ့သူပါဗျာ၊ အမေ့ကြောင့်သာ သူ အသက်ရှင်ခွင့်ရခဲ့တာ"

ဤတွင် ဝင်းမောင်က ကျွန်တော့်ကို အကြောင်းစုံပြန်ပြောပုံမှာ -

အိမ်တွင် ဝင်းသောင်နှင့် တုတ်တပြက်၊ ဓားတပြက် ဖြစ်ကြသည့်နေ့မှစ၍ အောင်စိုး အိမ်မှဆင်းသွားသည်။ ဆင်းသွားပြီးနောက် ကြုံရာနေရာ၌ ဖြစ်သလို ပေတေလေလွင့်နေသည်။ အမဲ လိုင်စင်၊ ဝက်လိုင်စင်သမားတွေနှင့် အတူနေလိုနေ၊ ထန်းတဲတွေ၊ ထန်းလျက်ဖိုတွေဆီ ရောက်လိုရောက်၊ ကြက်သမား၊ ဖဲသမားများအိမ်တွင် ခိုကပ်ပြီး နေလိုနေနှင့် လွင့်ချင်ရာလွင့်နေသည်။

သည့်နောက်တော့ အောင်စိုး လူပေါင်းအမှားကြီးမှားသွားသည်။ ကြက်ပွဲရှုံးပြီး သူတစ်ပါးအိမ်ကို ဓားပြတိုက်ရန် ကြံစည်နေသည့် လူမိုက်တချို့နှင့် ပေါင်းမိသွားသည်။ မူးမူးရူးရူးနှင့်ပင် ဓားပြအဖွဲ့ထဲ ပါမှန်းမသိ ပါသွားမိသည်။ ညတစ်ညတွင် 'အင်းခေါင်း' ဟုခေါ်သော ရွာတစ်ရွာမှ အိမ်တစ်အိမ်ကို သူတို့ ဓားပြသွားတိုက်ကြသည်။ စင်စစ် သူတို့အဖွဲ့က ဓားပြစစ်စစ်များ မဟုတ်ကြ။ ကြက်ပွဲရှုံးရာမှ ကြံရာမရဘဲ ဓားပြ ထတိုက်ကြခြင်းသာဖြစ်သည်။ သို့ကြောင့် တကယ်လည်း ဓားပြ ထတိုက်ကြရော လုပ်ငန်းကို ပိုင်နိုင်ကျွမ်းကျင်မှုမရှိသည့် သူတို့အဖွဲ့မှာ ရွာသားများ၏ ဝိုင်းလိုက်ခြင်းကိုခံရကာ ပြန်ပြေးလာခဲ့ကြရသည်။ 'မရဲဘဲ ကျွဲပြဲစီး' မိသော သူတို့အဖွဲ့ ခွေးပြေးဝက်ပြေး ပြန်ပြေးလာခဲ့ကြရသည်။

ဤတွင် ကျန်လူများက လွတ်မြောက်သွားကြသော်လည်း အောက်စိုးတစ်ယောက်ကိုတော့ ရွာသားများက ဖမ်းမိသွားကြသည်။ အောင်စိုးကို ဝိုင်းဝန်းရိုက်နှက်ကြပြီးနောက် ကြိုးချည်၍ ရွာထဲသို့ ခေါ်လာသည်။ ထို့နောက် ရွာလူကြီးအိမ်ရှေ့က ကွင်းပြင်ထဲတွင် အောက်လင်းဓာတ်မီးကိုထွန်းကာ ရွာသားများအား ဓားပြကို ပြသသည်။ တစ်ရွာလုံးဝိုင်းအုံကာ ဓားပြကိုကြည့်ကြသည်။ ကြည့်ရင်းမှပင် တချို့က ဝင်ရောက်ထိုးကြိတ် ကန်ကျောက်ကြသည်။ အောင်စိုးမှာ လူပုံအလယ်၌ သွေးအလူးလူး၊ ဖုတ်အလူးလူးနှင့် ဖြစ်နေသည်။

ထိုစဉ် မမျှော်လင့်သော အသံတစ်ခုက ပရိသတ်အတွင်းမှ ထွက်ပေါ်လာသည်။

"အမလေး. . . ဒါ ကျုပ်သားပါတော့၊ ကျုပ်သားပါ။ မလုပ်ကြပါနဲ့၊ မရိုက်ကြပါနဲ့၊ တော်ကြပါတော့၊ ရိုက်ချင်သေးရင် ကျုပ်ကိုသာရိုက်ကြပါ၊ ကျုပ်ကိုသာ ရိုက်ကြပါ"

ထိုအသံနှင့်အတူ ဒေါ်အဲမက လူအုပ်ထဲမှ ပြေးထွက်လာကာ အောင်စိုးဆီ သွားလိုက်သည်။ ထို့နောက် အောင်စိုးကို သူ့ရင်ခွင်ထဲ ပွေ့ယူလိုက်ကာ ပရိသတ်ကို လက်ကလေး တကာကာပြုလျက် မရိုက်ကြဖို့၊ မနှက်ကြဖို့ တစာစာတောင်းပန်နေသည်။ ထိုသို့ ငိုလိုက်၊ တောင်းပန်လိုက်နှင့် ဖြစ်နေသော ဒေါ်အဲမအဖြစ်ကို ရွာလူကြီးက သနားသွားပြီး ရွာသားများအား -

"ကဲ. . . ကဲ၊ တော်ကြတော့၊ တော်ကြတော့၊ သူ့ကို တရားဥပဒေအတိုင်း စီရင်လိမ့်မယ်"

ဟု ဝင်ပြောလိုက်တော့မှ အားလုံးက ရပ်တန့်သွားကြတော့သည်။ တစ်ယောက်တစ်ပေါက် ဆဲဆိုရေရွတ်သံများကမူ ထွက်ပေါ်နေဆဲပင်။ အောင်စိုးကား မိခင်၏ရင်ခွင်ထဲ၌ သတိလစ်၍ပင် နေလေပြီ။

ဖြစ်ပုံမှာ ထိုညက အင်းခေါင်ရွာ၌ ဒေါ်အဲမက ရောက်ရှိနေသည်။ ဒေါ်အဲမက အိမ်ရှိ ဒုက္ခတမိပဲကို လိုအပ်သလို ပြုစုကျွေးမွေးပြီးနောက် နေဝင်ခါနီးလောက်မှ အင်းခေါင်းဘက်သို့ ကူးလာခဲ့ခြင်းဖြစ်သည်။ အင်းခေါင်းမှ ဒေါ်သိန်းမေဆိုသူက လွန်ခဲ့သော ခြောက်လလောက်ကတည်းက ဒေါ်အဲမအား ဝက်မတစ်ကောင် ပေးကာ အဖက်မွေးခိုင်းထားသည်။ ယခု ထိုဝက်မမှ သားပေါက်နေပြီဖြစ်ကြောင်း ဒေါ်သိန်းမေထံ သွားရောက်အကြောင်းကြားခြင်းဖြစ်သည်။ ဒေါ်အဲမစိတ်ကူးက ဝက်သားပေါက်သတင်းလည်း ပြောရင်း အပြန်တွင် စပါးလေး နှစ်တောင်းခန့်ကို ချေးငှားလာခဲ့ရန်



ဖြစ်သည်။ ဖြစ်ချင်တော့ ဒေါ်အဲမ အင်းခေါင်းသို့ရောက်ချိန်တွင် ဒေါ်သိန်းမေက အိမ်တွင်မရှိ။ အရှေ့ဘက် ညောင်ကိုင်းကျေးရွာသို့ ကိစ္စတစ်ခုဖြင့် သွားလျက်ရှိသည်။ သို့နှင့် ဒေါ်သိန်းမေကို စောင့်ရင်းနှင့်ပင် မိုးချုပ်သွားသည်။ ဒေါ်သိန်းမေပြန်ရောက်တော့ အတန်ပင် မှောင်လျက်ရှိပြီ။ မထူးတော့မည့်အတူတူ မနက်စောစောကျမှသာ စပါးအိတ်ကလေး ခေါင်းရွက်ပြီး ပြန်တော့မည်ဟု ဒေါ်အဲမ ဆုံးဖြတ်သည်။ ထိုသို့ အင်းခေါင်း၌ ဒေါ်အဲမ ညအိပ် ဖြစ်သွားခြင်းကပင် သားတော်မောင်နှင့် ဆုံစည်းရဖို့ ဖန်တီးသွားခဲ့ခြင်း ဖြစ်သည်။ ဒေါ်အဲမက ယခင်ကလည်း သားဖြစ်သူ၏သတင်းကို အမြဲတမ်းစုံစမ်းနေခဲ့သည်သာ။ တကယ်တမ်း ပြန်ပြီးတွေ့မယ့် တွေ့ရတော့လည်း အထက်ကအတိုင်း မရှုနိုင်၊ မကယ်နိုင် အနေအထားကြီးဖြင့် ပက်ပင်းကြုံလိုက်ရခြင်းပင်။

နောက်ပိုင်းတွင် ဒေါ်သိန်းမေ၏ အကူအညီနှင့်ပင် အောင်စိုးကို ဆေးရုံတင်လိုက်သည်။ အောင်စိုး၌ ဒဏ်ရာတွေက အတော်များသည်။ ဒဏ်ရာများကြောင့် ကျိုးကြေနေပြီဖြစ်သော လက်တစ်ဖက်က ဆေးရုံပေါ်မှာပင် ဖြတ်ပစ်လိုက်ရသည်။ ရဲစခန်း ကလည်း အောင်စိုးကို စစ်ချက်ယူပြီး ခေတ္တအာမခံပေးထားသည်။ ထို့နောက် အတန်ငယ်သက်သာသည်နှင့် ဆေးရုံးမှ ဆင်းခွင့်ပေးလိုက်သည်။ ထပ်မံ၍ လာရောက်ပြသရမည့် ရက်ချိန်းကိုတော့ တစ်ပါတည်း ပေးလိုက်သည်။

ဝင်းမောင်၏ပြောပြချက်များ ပြီးဆုံးသွားတော့မှ ကျွန်တော်လည်း ဇာတ်ရည်လည်ရတော့သည်။ ထိုရက်များအတွင်း သူတို့မိသားစု၏အခြေအနေကို ကျွန်တော် လုံးလုံးသတိမထားခဲ့မိ။

ဒေါ်အဲမခမျာ အိမ်နှင့်ဆေးရုံကို ကူးချည်သန်းချည်ပြုရင်း ဗျာများနေရရှာမည့်အဖြစ်ကိုလည်း ခုမှပင် ပြန်မြင်ယောင်နေမိသည်။ဒေါ်အဲမကသော်လည်းကောင်း၊ ဝင်းမောင်တို့ညီအစ်ကိုကသော်လည်းကောင်း ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျွန်တော့်ကို တစ်စိုးတစ်စိမျှ စကားမဟခဲ့ကြပေ။ သူတို့က ပြီးခဲ့သော ဖွဲ့နှုံအိတ်ပြဿနာ ပြီးကတည်းက ကျွန်တော့်အပေါ် အားနာနေကြဟန်လည်းတူလေသည်။

မည်သို့ဆိုစေ နောက်တစ်ပတ်အကြာတွင် ဝင်းမောင်တို့ညီအစ်ကိုက ကျွန်တော့်ထံမှ အလုပ်ထွက်သွားကြသည်။ ထို့နောက် သူတို့ တစ်မိသားစုလုံးပါ အိမ်ကလေးကိုဖျက်ပြီး ထွက်ခွာသွားကြတော့သည်။ ထိုနေ့က မြင်ကွင်းကိုတော့ ကျွန်တော် ယနေ့တိုင်မျက်စိထဲစွဲနေမိသေးသည်။ သူတို့ငှားလာသော လှည်းပေါ်သို့ ပစ္စည်းပစ္စယများကို တင်သည်။ မိပဲကိုပါ အစ်ကိုဖြစ်သူ ဝင်းမောင်ကချီပိုးပြီး လှည်းပေါ်သို့တင်သည်။ ထို့နောက် လက်သိုင်းကြိုးနှင့် အောင်စိုးကို ဒေါ်အဲမက တယုတယကိုင်စွဲကာ သူတို့အားလုံးညှိုးငယ်သောမျက်နှာ၊ တုံ့နှေးသော ခြေလှမ်းများဖြင့် လှည်းနောက်မှလိုက်ပါသွားကြပုံမှာ ကျွန်တော့်အတွက်တော့ အတော် လွမ်းမောစရာကောင်းသော မြင်ကွင်းတစ်ရပ်ဖြစ်ခဲ့ရသည်။

သူတို့ မည်သည့်နေရာသို့ သွားကြမည်ကို ကျွန်တော် မသိပါ။ မည်သို့ပင်ဖြစ်စေ ဤတစ်အုပ်တစ်မကြီးကို အုပ်စီးကာ (သို့တည်းမဟုတ်) ဤဝန်ထုပ်ဝန်ပိုး တစ်စုတစ်ဝေးကြီးကို ခေါ်ဆောင်ကာ ခရီးဆက်သွားလေသော ဒေါ်အဲမအဖြစ်ကတော့ ကျွန်တော့်အတွက် မိဘတစ်ဦးနေရာမှ ခံစားကြည့်ရင်း အမှန်ပင် မောန္ဓမ်းပန်းဟိုက်စရာကြီး ဖြစ်နေရပါလေတော့သည်။

***



သည်နောက်မှာတော့ ကျွန်တော်ကြုံဆုံခဲ့ရလေသည့် မိခင်နှစ်ဦးတို့၏အကြားကို တွေးတောရင်း အမှန်တရားတစ်ခုအပေါ် သဘောပေါက်ရကောင်းမှန်း၊ နားလည်ကောင်းရမှန်း ကျွန်တော်သိလာခဲ့ရသည်။ ထိုမျှမက ထိုအမှန်တရားအပေါ် ငြင်းဆိုခဲ့မိ၊ ဆန့်ကျင်ခဲ့မိခြင်းအတွက်လည်း ကျွန်တော်က ထိတ်လန့်လာမိ၊ ပူလောင်လာမိသည်။

ဆိုခဲ့သည့်အတိုင်း မိခင်များဖြစ်ကြသော ကြက်မမိနီနှင့် ဒေါ်အဲမတို့က ကျွန်တော့်ကို အမှတ်တရများ ပေးထားခဲ့ကြသည်။ ထိုနှစ်ဦးကပင် 'မိခင်ဟူသည် ဤသို့ဖြစ်၏' ဟူသော ဒဿနကိုပါ ကျွန်တော့်အား ကောင်းကောင်းကြီး ထုတ်ပြသွားခဲ့ကြ၏။ ဦးစွာ မိနီကိုပင်ကြည့်ပါ။ တိရစ္ဆာန်ပင်ဖြစ်သော်ငြား မိခင့်မေတ္တာအရာ၌ လူသားတို့ထက် တစ်စက်မျှ မလျှော့ကြောင်းကို ထင်ရှားစွာ ပြသသွားခဲ့သည်။ သူ့ဥကလေးများအတွက် ကြောင့်ကျရခြင်းမှအစ ထိုဥကလေးများအကောင်ပေါက်လာပြီးနောက် သားသမီးအတွက် တိုက်ပွဲဝင်ရင်းအသက်စွန့်သွားပုံအထိ မိနီ၏အနှစ်သာရပြည့်ဝပုံက အံ့ဖွယ်သရဲရှိလှသည်။

ဒေါ်အဲမကိုကြည့်ပါဦး။ လူက ဆင်းရဲလှသော်ငြား ဒုက္ခိတသမီးလေးမိပဲကို ပိုးမွေးသလို မွေးမြူသွားသည်။ ကြင်နာမှုအပြည့်ဖြင့် ယုယပိုက်ဖျားသွားသည်။ တစ်ဖန် သားဆိုး အောင်စိုးကိုကျပြန်တော့လည်း သူ့မှာ စွန့်မပစ်ရက်၊ ထွေးထုတ်မပစ်ရက်ပြန်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သဒ္ဒါခြင်းများဖြင့်သာ ထိုသားဆိုးကြီးများကို သူနှင့်အတူ ရင်အုပ်မကွာ ယူဆောင်သွားခဲ့၊ သိမ်းပိုက်သွားခဲ့သည်။ ကျွန်တော်ကိုယ်တိုင် ဖခင်တစ်ဦးပင်ဖြစ်သော်လည်း ဒေါ်အဲမ

နေရာကိုတော့ တစ်ခဏမျှပင် ယူကြည့်၍မရပါ။ ယူနိုင်သည့် အားအင်လည်း မရှိပါ။ ဤမှာပင် အဖြေကပေါ်လေပြီ။ မိဘဟူသည် သားသမီးအပေါ်သို့ တူမျှသောမေတ္တာ ထားရှိကြသည်ဟု ဆိုပင် ဆိုကြသော်ငြား စင်စစ်အားဖြင့် ဖခင်၏နေရာက မိခင်၏ နေရာထက် မည်သို့မျှ မသာနိုင်ပုံ၊ မမီနိုင်ပုံတို့ကို ကျွန်တော် လက်တွေ့မျက်တွေ့ပင် သိလိုက်ရပါလေပြီ။

ထိုအချက်က ကျွန်တော့်အသိစိတ်ထဲသို့ လျှပ်စီးလက်လိုက်သလို ဝင်ရောက်လာခဲ့ပြီးနောက် တစ်ဖန် ထိုအသိကြောင့်ပင် အထက်ကဆိုခဲ့သည့်အတိုင်း ကျွန်တော့်တစ်ကိုယ်လုံး ထူထူပူပူ၊ တုန်တုန်လှုပ်လှုပ် ဖြစ်ခဲ့ရသည်။ ထိုခံစားချက်က ကျွန်တော့်အတွက် 'နောင်တ' ဟု မဆိုနိုင်လျှင်သော်မှ ကြီးမားသော 'သံသယ' အဖြစ်နှင့်တော့ အဆက်မပြတ် နှိုးဆွနေခဲ့ပါလေပြီ။ သတိပေးနေခဲ့ပါလေပြီ။

ကျွန်တော်ကား စင်စစ်မတော့ အမေမုန်းတီးရေးသမား၊ အမေဆန့်ကျင်ရေးသမားတစ်ယောက် ဖြစ်ခဲ့ပါလေသည်။ အမေသည် ကျွန်တော့်ကို မချစ်၊ ကျွန်တော့်အပေါ် တာဝန်မကျေ၊ မိမိရင်သွေးအပေါ် မိခင်စိတ်ရှိဘဲ မွေးပြီးပစ်ထားခဲ့သူ အစရှိသည့် စွပ်စွဲချက်များဖြင့် ကျွန်တော်က တစ်လျှောက်လုံးလိုလို အမေ့အား မုန်းတီးခဲ့လေသူ၊ ကျောခိုင်းခဲ့လေသူ။ အမေက ကျွန်တော့်နောက်သို့ အကြိမ်ကြိမ်လိုက်လာပြီး ကျွန်တော်နှင့် တွေ့ဆုံခွင့်ရရန် တောင်းပန်ခဲ့သည့်တိုင် ကျွန်တော်က လုံးဝအတွေ့မခံဘဲ ခက်ထန်စွာ မောင်းထုတ်ခြင်းဖြင့်သာ ပြန်လည်တုန့်ပြန်ခဲ့မိသူ။ အမေ့ကို အယုံအကြည်မရှိ၊ အမေ့မေတ္တာဆိုတာကို လက်မခံ၊ ကျွန်တော့်ဘဝ၌ အမေဟူသည်မရှိစသော ခံယူချက်များဖြင့် အစဉ်တစိုက် ရပ်တည်နေခဲ့သူ။



ခုတော့ မိမိရပ်တည်ချက်ကို မိမိဘာသာ ပြန်လည်ဆန်းစစ်ဖို့၊ ပြန်လည်ဝေဖန်ဖို့ ကျွန်တော့်ကိုယ်စောင့်နတ်က ကျွန်တော့်ကို အဆက်မပြတ် လက်တို့သတိပေးနေပါလေပြီ။ သို့သော် ကျွန်တော့်အနေနှင့် များများကြီးတော့ လိုက်ကြည့်နေစရာမလိုပါ။ ဒေါ်အဲမသမီး မိပဲလေး၏အဖြစ်ကိုသာ နမူနာထားပြီး နှိုင်းယှဉ်ဆန်းစစ်နိုင်သည်။ မိပဲသည် မွေးကတည်းကပင် ရောဂါသည်ကလေးအဖြစ်နှင့် မွေးလာခဲ့ခြင်းဖြစ်သည်။ ထိုရောဂါသည်ကလေးကိုပင် ဒေါ်အဲမေက အခြားသားသမီးများနှင့်ထပ်တူ ချစ်သွားခဲ့၊ မေတ္တာ ထားသွားခဲ့သည်။ သို့ဆိုပါက အမိဝမ်းမှကျွတ်စဉ်ကတည်းက ရောဂါလည်း ကင်းစင်၊ ခြေလက်လည်းပြည့်စုံပြီး ဝင်းဝင်းပပ၊ သန့်သန့်စင်စင်ကလေး လူ့ပြည်ရောက်လာခဲ့သည့် ကျွန်တော်လို သားတစ်ယောက်ကို ကျွန်တော့်အမေက 'မချစ်ဘူး' 'မလိုချင်ဘူး' ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော၊ ယုတ္တိရော ရှိပါမည်လော။

ကိုယ့်ကိုယ်ကိုယ် 'မှားပြီ' ဟု ဝန်မခံချင်သေးသော်မှ (သို့တည်းမဟုတ်) မိမိဘဝင်ကြောင့် ကိုယ့်မာန်စွယ်ကို ကိုယ့်ဘာသာ ပြန်မချိုးနိုင်သေးသော်မှ ပထမဆုံးအကြိမ်အဖြစ်နှင့်တော့ ကျွန်တော် ငိုက်ညိုးသွားမိရသော၊ စိတ်လျှော့လိုက်မိရသော အချိန်ပင်ဖြစ်ပါတော့သည်။

အမေ့အကြောင်းစဉ်းစားရင်း ကျွန်တော် အတန်ကြာအောင်ပင် ငိုင်တွေနေမိသည်။ လူတစ်ကိုယ်လုံးလည်း လေးလံသည့် ဝန်ထုပ်ဝန်ပိုးကြီးဖြင့် ဖိစီးခံထားရသလို ဖြစ်နေမိသည်။ တစစ်စစ် နာကျင်စပြုလာနေသည့် နှလုံးသားမှဝေဒနာကိုပါ ဘာသာပင် သိနေမိသည်။

သို့နှင့် ပိုမိုဖိစီးလာသည့် စိတ်နှလုံး ညှိုးချုန်းမှုဒဏ်ကို မည်သို့မျှ မခံယူနိုင်တော့သည့်အဆုံး ကျွန်တော်က စိတ်ကို ထွက်ပေါက်

ပေးခြင်းဟုပဲဆိုဆို၊ စိတ်ပြေလက်ပျောက်သဘောမျိုးဟုပဲပြောပြော ဘုရားစုံလှည့်ဖူးရန်ပြင်သည်။ ကျွန်တော့်သားများကို လိုအပ်သလို စီမံသမှုပြုပေးခဲ့ပြီးနောက် ဇနီး၊ အထွေးဆုံး သားကလေးနှင့်အတူ ဘုရားဖူး ထွက်လာခဲ့ပါတော့သည်။

◆◆◆

# ပြိုင်ရိုးမရှိ မြင်းမိုရ်

ရွှေတိဂုံစေတီတော်ကြီးက နေခြည်အောက်၌ ရွှေရည်သောက်ကာ ဝင်းထိန်တောက်ပ၍ နေတော့သည်။ တိမ်ညွှန့်ကြားသို့ ထိုးဖောက်လျက်ရှိသည့် ရွှေထီးတော်ကြီးမှ ဆည်းလည်းခတ်သံများက သာယာနာပျော်ဖွယ် ထွက်ပေါ်လျက်ရှိသည်။ ကုန်းတော်တစ်လျှောက်တွင်မူ ခေါင်းလောင်းထိုးသံ၊ ဝတ်အသင်းများ၏ ရွတ်ဖတ်သရဇ္ဈာယ်သံ၊ အလှူခံကြေညာသံ၊ လူသူစကားပြောသံများဖြင့် ဝေဝေစည်စည် ပျံ့လွင့်လျက်ရှိသည်။

ကျွန်တော်တို့ မိသားဖသားသုံးဦးက ကျောက်ဖြူပြားများပေါ်မှ နင်းလျှောက်ကာ စေတီတော်ကြီးကို လက်ယာရစ် လှည့်ပတ်ဖူးမြော်နေမိကြသည်။ ကျွန်တော်ကား ယခင်ကလည်း ဤစေတီတော်မြတ်ကြီးသို့ အခါအားလျော်စွာ လာရောက်ခဲ့ဖူးပါသည်။ ကျွန်တော့်ဇနီးနှင့် သားငယ်တို့အတွက်မူ ယခုအကြိမ်မှာ ပထမဆုံးဖြစ်သည်။ ထို့ကြောင့် သူတို့က အံ့သြဝမ်းသာခြင်း၊ ကြည်လင်ရွှင်ပျခြင်းများဖြင့် အထူးတလည် လန်းဆန်းပေ့ါပါးလျက် ရှိကြသည်။ ပြောရလျှင် ကျွန်တော်ကိုယ်တိုင် ရည်မှန်းချက် အထိုက်အလျောက် အောင်မြင်သည်ဟု ပြောရပါမည်။

ဘုရားရိပ်ကို ခိုလိုက်ရသည်နှင့် ငြိမ်းအေးခြင်း၊ ကြည်နူးခြင်း အရသာများကို ခံစားလိုက်ရခြင်းနှင့်အတူ စိတ်တွင်းရှိ သောကများပါ ပြေပျောက်ကင်းစင်သွားရပါသည်။

ဘုရားကို ပန်း၊ ဆီမီး ကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများဖြင့် ကုသိုလ်ပြုပြီးကြပြီ။ ဘုရားရင်ပြင်တော်တစ်လျှောက်ကိုလည်း နှံ့စပ်အောင် လှည့်ပတ်လေ့လာပြီးကြလေပြီ။ ထို့ကြောင့် ကျွန်တော်တို့က ဗုဒ္ဓဝင်ပြခန်းဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ ဤတွင် ဗုဒ္ဓဝင်ပြခန်းသို့အသွား၊ စက်လှေခါးပေါ်မှ ဆင်းဆင်းချင်းပင် မမျှော်လင့်သူတစ်ဦးနှင့် ကျွန်တော်ဆုံတွေ့ရသည်။ သူကား ကျွန်တော့် ဦးလေးတစ်ဦးဖြစ်သော ဦးကြံသောင်းပင် ဖြစ်သည်။ အမှန်တော့ ကျွန်တော်တို့ မျက်နှာချင်းဆိုင် ရင်ဆိုင်တွေ့ကြရာတွင် ကျွန်တော့်ကို သူကပင် ဦးစွာတွေ့မြင်သွားပြီး စတင်နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ဟော့. . . နေပါဦး၊ မင်းက မောင်ဝင်းထွန်း မဟုတ်လား"

ထိုသို့ပြောကာ ကျွန်တော့်လက်မောင်းကိုပါ ဦးကြံသောင်းက လှမ်းကိုင်လာသည်။ သည်တော့မှ ကျွန်တော်က သူ့ကို ပြန်ကြည့်ကာ မှတ်မိသွားခြင်းဖြစ်သည်။ နှုတ်မှလည်း 'ဟာ. . . ဦးလေးကြံသောင်းပါလား'ဟု လွှတ်ခနဲထွက်သွားမိသည်။ ဝမ်းသာစိတ်ကြောင့် ကျွန်တော့်မျက်နှာကပါ ဝင်းလက်သွားမိသည်။ ဦးလေးကြံသောင်း၏လက်ကိုပါ ကျွန်တော်က ပြန်ကိုင်ထားလိုက်မိသည်။

အမှန်တော့ ဦးလေးကြံသောင်းအပေါ် ထိုကဲ့သို့သော ပုံစံမျိုးဖြင့် ပြန်လည်တုန့်ပြန်လိုက်ခြင်းမှာ ကျွန်တော့်အတွက်သည် တစ်ကြိမ်က ပထမအကြိမ်ပင်ဖြစ်သည်။ ယခင်က ကျွန်တော့်ထံသို့ ဦးလေးကြံသောင်း နှစ်ကြိမ်တိတိပင် လာရောက်ခဲ့ဖူးသည်။ ထိုနှစ်ကြိမ်စလုံးပင် ကျွန်တော်က ဦးလေးကြံသောင်းကို ခက်ထန်စွာ၊



တင်းမာစွာ တုန့်ပြန်ခဲ့မိသည်။ စင်စစ် ထိုသို့ တုန့်ပြန်ခဲ့မိသည်မှာလည်း အကြောင်းရှိ၍ပင်ဖြစ်သည်။ ဦးလေးကြံသောင်းက အမေ့မောင် အငယ်ဆုံး ဖြစ်သည်။ ထို့ကြောင့် အမေ့ကိုမုန်းသော ကျွန်တော်က အမေ့ဆွေမျိုးတွေကိုပါ ခင်မင်တွယ်တာလိုစိတ် ကျဲပါးနေမိသည်။ ဦးလေးကြံသောင်း ကျွန်တော့်ထံသို့ နှစ်ကြိမ်တိတိ လာရောက်ခဲ့ဖူးသည်ဟု ဆိုရာ၌လည်း ထိုနှစ်ကြိမ်စလုံးမှာပင် ဦးလေးကြံသောင်း နောက်တွင် အမေက ကပ်ပါလာသည်။ အမေ့ခမျာ ကျွန်တော့်အမုန်းနှင့် ကျွန်တော့်အာဃာတကို ကြောက်ရှာလွန်းသဖြင့် ကျွန်တော့်ကို တွေ့ခွင့်ရပါမည့်အရေး မောင်ဖြစ်သူကို ရှေ့မှတင်ကာ ဦးစွာ စေ့စပ်ခိုင်း၊ ကြောင်းလမ်းခိုင်းခဲ့ခြင်းပင် ဖြစ်သည်။ သို့သော် ဆိုခဲ့သည့်အတိုင်း အမေ့ကို ကျွန်တော်က နှစ်ကြိမ်စလုံး အတွေ့မခံ၊ အလာမခံခဲ့ပါ။ ဦးလေးကြံသောင်းမှာ အစ်မဖြစ်သူကိုလည်း မကူညီနိုင်၊ တူဖြစ်သူကိုလည်း မဖျောင်းဖျနိုင်ဘဲ နှစ်ကြိမ်စလုံး တပ်ခေါက် ပြန်သွားခဲ့ရသည်။

ယခုတစ်ကြိမ် ကျွန်တော်၏ဆက်ဆံပုံ ပြောင်းလဲသွားရခြင်းမှာ အမေ့အပေါ် ကျွန်တော့်သဘောထား ပြောင်းလဲသွားခြင်း၏ အကျိုးရလဒ်ကြောင့်ဟု ပြောလိုက ပြောနိုင်သည်။ ထိုအဖြစ်အား ကျွန်တော်က ဦးလေးကြံသောင်းကို ပျူငှာလှိုက်လှဲ ထပ်မံစကားဆိုလိုက်ခြင်းဖြင့် ပို၍ခိုင်လုံသွားစေသည်။

"ဝမ်းသာလိုက်တာ ဦးလေးရာ၊ ဝမ်းသာလိုက်တာ၊ ဦးလေး ရန်ကုန်ကို ဘာကိစ္စနဲ့လာသလဲ"

"ငါလည်း အိမ်က ယက်ကန်းစင်အတွက် ဆိုးဆေးတွေ လာဝယ်ရင်း ဘုရားလည်းဖူးရင်း၊ ရန်ကုန်တက်လာတာကွ၊ မင်းရော ဘာကိစ္စလာသလဲ၊ ကလေးတွေရော အားလုံးမာကြရဲ့လား"

"အားလုံးနေကောင်းတယ် ဦးလေး၊ ကျွန်တော်တို့လည်း ဘုရားဖူးသက်သက်ပဲ ထွက်လာခဲ့ကြတာပါ"

ကျွန်တော်က ဦးလေးကို ပြန်ပြောလိုက်သည်။ ဦးလေးကြံသောင်းက ကျွန်တော့်လိုက်လျောပုံကိုကြည့်ပြီး အံ့သြနေသည်။ ကျွန်တော့်ဇနီးနှင့်သားလေးကိုပါ ဖော်ရွေစွာ နှုတ်ဆက်နေသည်။ သည့်နောက်တွင် ကျွန်တော်က မအေနှင့်ကလေးကို ဤနေရာ၌ ခေတ္တနေခဲ့ရန် မှာကြားပြီးနောက် ဦးလေးကြံသောင်းအား အသာလက်တို့၍ ခေါ်ထုတ်လာခဲ့မိသည်။ ပန်းခုံတစ်ခုနားအရောက်တွင် ရပ်လိုက်ပြီး ဦးလေးကြံသောင်းကို အလျင်စလိုပင် ကျွန်တော် မေးလိုက်မိသည်။

"ဦးလေးကြံသောင်းကို ကျွန်တော်တစ်ခုမေးချင်လို့"

"မေးလေ မောင်ဝင်းထွန်းရ၊ ဘာများလဲ"

"ဟို. . . ဟို. . . ကျွန်တော့်အမေ. . . "

"ဘာ. . . ဘာပြောတယ်၊ မင်းအမေ. . . ဟုတ်လား မောင်ဝင်းထွန်း၊ မင်း တကယ်မေးလိုက်တာလား"

"ကျွန်တော် တကယ်မေးနေတာပါဦးလေး၊ အခု အမေ ဘယ်မှာနေသလဲ၊ ဘယ်မှာရှိသလဲ၊ အသက်ရှော ရှိသေးရဲ့လားဆိုတာ. . . "

"ကြားသားမိုးကြိုးကွာ၊ ငါဖြင့် အံ့သြလို့ကို မဆုံးဘူး၊ တစ်လျှောက်လုံး အမေကို အမုန်းကြီးမုန်းလာခဲ့တဲ့ မင်းလိုကောင်က အမေအကြောင်းကို မေးလာတယ်ဆိုတော့ ငါက ယုံတောင်မယုံချင်ဘူး"

"ဒါတွေ ထားလိုက်ပါတော့ ဦးလေးရာ၊ ကျွန်တော်မေးတာကိုသာ ပြန်ဖြေပေးပါ"

"အေးလေ၊ ဖြေမှာပါ၊ ဖြေရမှာပေါ့၊ တို့က မင်းအပေါ် သံယောဇဉ်ရှိပါတယ်ကွ၊ တို့အပေါ် မင်းမုန်းသလို မင်းအပေါ် တို့က



မမုန်းခဲ့ပါဘူး၊ အထူးသဖြင့် ငါ့အစ်မပေါ့ကွာ၊ မင်းအတွက်နဲ့ သူ သိပ်ကိုခံစားခဲ့ရတယ်ကွ၊ သိရဲ့လား၊ သူ့အပေါ် တစ်သတ်အမြင်နဲ့ သစ်စိမ်းချိုး ချိုးသွားတဲ့ မင်းအဖေကိုတော့ သူက လုံးဝထည့်မတွက်ပါဘူး၊ လွမ်းလည်း မလွမ်းဘူး၊ စကားထဲလည်း ထည့်မပြောဘူး၊ အေး. . . သူရင်နဲ့လွယ်ပြီး မွေးခဲ့ရတဲ့ မင်းအပေါ်ကိုတော့ ဘယ်တော့မဆို သတိတရရ၊ လွမ်းတသသနဲ့ပေါ့ကွာ၊ အကြောင်းတိုက်ဆိုင်လာတိုင်း မင်းအကြောင်းပြောလိုက်၊ မျက်ရည်ကျလိုက်နဲ့ သူ့မှာ သားအတွက် ပူလောင်ရတဲ့သောကမီးက အမြဲတမ်း ပါမစ်ယူထားသလိုကြီးတောင် ဖြစ်နေတော့တယ်၊ ဒီကြားထဲ မင်းက မင်းအဖေ သွေးထိုးမှုကြောင့် သူ့အပေါ် အမုန်းကြီးမုန်းနေမှန်း သိထားတော့ မင်းမျက်နှာလေးမြင်ရဖို့ မင်းဆီလာချင်တာတောင် သူ့ဘာသာ တိုက်ရိုက်မလာရဲရှာဘူး၊ ငါ့ကို အဖော်ခေါ်ပြီးတော့မှ လာရတယ်၊ ဒါတောင် ငါ့ကို မင်းဆီအရင်သွားခိုင်းတယ်၊ သူက အိမ်တစ်အိမ်မှာနေခဲ့ပြီး မင်းဆန္ဒကို အရင်တီးခေါက်ခိုင်းတယ်၊ မင်းက တွေ့လည်း မတွေ့ချင်ဘူး၊ မျက်နှာလည်း မကြည့်ချင်ဘူးလို့ ပြောလွှတ်လိုက်တော့ သူ့ခမျာ မျက်ရည်နဲ့မျက်ခွက်ဖြစ်ပြီး ငါနဲ့အတူ နောက်ကြောင်းပြန်လာခဲ့ရရှာတယ်၊ မင်းဆီ နှစ်ခါလာတယ်၊ နှစ်ခါစလုံး ဒီအတိုင်းချည်းပဲ၊ ဒီနောက်တော့ သူလည်း မင်းအပေါ် လက်လျှော့လိုက်တယ်၊ မင်းရင်ထဲမှာ ဒီအမုန်းတရားကြီး အခဲမကျေသရွေ့ ဒီလိုပဲ ဖြစ်နေဦးမှာပါပဲဆိုပြီး သူ စိတ်လျှော့သွားတယ်။

ခုတော့ မင်းက မင်းအဖေပြောပြတဲ့ မင်းအမေ မကောင်းကြောင်းတွေကို ယုံခဲ့မိသမျှ အမြင်မှန်တွေလည်းရ၊ နောင်တတွေလည်း ရခဲ့ပြီပေါ့၊ ဟုတ်လား ဟေ့ကောင်"

"ဒီ. . . ဒီလိုတော့ မဟုတ်ပါဘူးဦးလေး၊ အမေတို့ အဖေတို့ ရဲ့ နောက်ကြောင်းကိစ္စတွေကို ကျွန်တော် ခုချိန်ထိ ဘာတစ်ခုမှ မသိသေးတာအမှန်ပါ၊ ကျွန်တော် တကယ်ပြောတာပါ"

"အေးလေ၊ အဲဒါကြောင့်မဟုတ်လည်း တစ်နည်းနည်းနဲ့တော့ မင်း အမေ့မေတ္တာ၊ အမေ့စေတနာကို နားလည်သိမြင်ခဲ့ရလို့ပဲ ဖြစ်မှာပေ့ါ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ ပြောရဦးမယ်ကွ၊ မင်းအဖေက ငါ့အစ်မအပေါ် မဟုတ်မဟတ် စွပ်စွဲခဲ့တာတွေ၊ မင်းကိုလည်း အမေမုန်းတီးရေးသမား မဖြစ်ဖြစ်အောင် နားသွင်းပေးခဲ့တာတွေ၊ ဇာတ်သွင်းပေးခဲ့တာတွေကို ခုလို အခွင့်ရတုန်းမှာ ပြောကိုပြောပြ ချင်သေးတယ်"

ဦးလေးကြံသောင်း၏ အမူအရာက ခံစားချက်ဖြင့် အထူး လေးနက်လျက်ရှိသည်။ လေသံတွေကပါ ပိုမိုလှိုက်လှဲလာသည်။ ကျွန်တော်က အသာပင်ငြိမ်နေမိသည်။ တကယ်တော့လည်း ခုလို အချိန်မျိုးမှာက ကျွန်တော့်အနေနှင့် ငုံ့လျှိုးနေရ၊ ငြိမ်သက်နေရ မည့် အချိန်မျိုးပင် မဟုတ်ပါလော။

သည့်နောက်တွင် ဦးလေးကြံသောင်းက ကျွန်တော် ၅ နှစ်သား အရွယ် (သို့မဟုတ်) အမေနှင့်မခွဲခွာမီ နောက်ဆုံးဖြစ်ပျက်ခဲ့သော အကြောင်းခြင်းရာအားလုံးတို့ကို အောက်ပါအတိုင်းပင် စိတ်လို လက်ရ ပြောပြတော့သည်။

***

အမှန်မှာတော့ အမေတို့အဖေတို့ အိမ်ထောင်ရေးက စတင် ဖူးစာဆုံခဲ့လေသော ကနဦးကာလမှာကိုက အခြေအနေမကောင်း ခဲ့ဟု ဆိုရမည်။ အဖေက အမေ့ကို ယူပါမည်ဟု စတင်ရည်စူး



ကတည်းက အမေ့ယောက္ခမများဖြစ်ကြသော အဖေ့မိဘများက သဘောမတူခဲ့ကြ။ တကယ်တော့ အမေက သဘင်သည်၊ အနုပညာ သည် တစ်ဦးပင်။ အမေ့ဖခင်က နာမည်ကျော် ဆိုင်းဆရာကြီး တစ်ဦးဖြစ်သည်။ အမေတို့နေထိုင်သော မြို့ကပင် သဘင်မြို့တစ်မြို့ ဖြစ်ကာ ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ ဆိုင်းအဖွဲ့များ အများအပြားပင် ရှိသည်။ ဆိုခဲ့သည့်အတိုင်း အမေ့ဖခင်က ဆိုင်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်ထားရာ သူတို့ဆိုင်းအဖွဲ့အား လာရောက်ငှားရမ်းသည့် မြို့ရွာ၊ ကျေးလက်များဆီသို့ နေရာအနှံ့ လိုက်ပါဖျော်ဖြေ ခဲ့ကြရသည်။ အမေက အသံကောင်း၊ အဆိုကောင်းတစ်ဦးဖြစ်ရာ ဖခင်၏ဆိုင်း လက်သံနှင့်အပြိုင် တက်ညီလက်ညီ၊ မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင် အစွမ်းပြနိုင်ခဲ့သည်။ ထိုစဉ်က ချိုလွင်ကြည်မြသော အမေ့အသံနှင့် လှပကျော့ရှင်းသော အမေ့ရုပ်ရည်ကြောင့် ထိုနယ်တစ်လွှား၌ အတော် လေးပင် ရေပန်းစားကာ ပေါ်ပြူလာဖြစ်ခဲ့သည်။ အမေက မြန်မာ့အသံ ဆိုင်းအဖွဲ့နှင့်အတူ ဓာတ်ပြား သုံးချပ်တိတိပင် သွင်းနိုင်ခဲ့လေ သေးသည်။

သည့်နောက်တွင် အဖေက အမေတို့မြို့သို့ စိုက်ပျိုးရေးအရာရှိ ကလေးအဖြစ်နှင့် ပြောင်းရွှေ့ရောက်ရှိလာသည်။ ထိုသို့ ရောက် ရှိလာပြီး နောက်တစ်နှစ်လောက်အကြာတွင် အဖေနှင့်အမေ မေတ္တာမျှသွားကြသည်။ တစ်နေ့ အဖေ့ထံသို့ အဖေ့မိဘများ အလည်ရောက်လာကြခိုက် အဖေက အမေ့ကို သူ့မိဘများနှင့် မိတ် ဆက်ပေးသည်။ ဤတွင် အဖေ့မိဘများက အမေ့ကို သဘင်သည် မျိုးရိုးမှန်း သိရှိသွားကြရာမှ အဖေ့အိမ်ထောင်ရေး ရည်မှန်းချက် ကို စတင်ကန့်ကွက်လာကြ၊ တားမြစ်လာကြခြင်းဖြစ်သည်။ သဘင်

သည်ဟုသည် ဖက်ခွက်စားဖြစ်သည်၊ မျက်နှာရှူးများဖြစ်သည်၊ ကြွန္တေသိက္ခာမရှိ။ အမြဲတမ်း ယောက်ျားလေးတွေ ဝိုင်းဝိုင်းလည်နေသော အလုပ်ကို လုပ်စားနေမှတော့ သေချာပေါက် လျှပ်ပေါ်မည့်သူ ဖြစ်သည်၊ လော်လီမည့်သူဖြစ်သည်။ စသော အမနာပ စကားမျိုးစုံဖြင့် အဖေ့အား အဆက်အပြတ်ပင် နားသွင်းကြတော့သည်။

ထိုစဉ်ကတော့ အဖေက ခေါင်းမာခဲ့သည်။ သူ့မိဘများ၏ စကားကို နားမထောင်ဘဲ ပယ်လှန်ခဲ့ရုံမက အမေ့ကိုပါ မရရအောင် ယူပြလိုက်ချေသေးသည်။ သည်တုန်းကတော့ ချူချင်သူတွေ ဝိုင်းနေပြီး အထူးစန်းပွင့်လှသော အမေ့ကို ရယူပိုင်ဆိုင်နိုင်ခဲ့ခြင်းအတွက် အဖေက ဂုဏ်တစ်ခုပင် မှတ်ယူခဲ့သေးဟန်တူသည်။

အဖေနှင့် အကြောင်းဆက်၊ ပေါင်းဖက်လိုက်ရသဖြင့် အရာရာ ဆုံးရှုံးသွားရသူကား အမေပင်ဖြစ်သည်။ ဦးစွာ အဖေနှင့်အကြောင်းပါပြီးနောက် သူချစ်သော အနုပညာနှင့် သူ့ပရိသတ်ပါ ရင်နင့်စွာ စွန့်လွှတ်လိုက်ရသည်။ ထို့နောက် အဖေက သူ့ဇာတိမြို့ဆီသို့ ပြန်လည်၍ အလုပ်ပြောင်းရွှေ့သွားသောအခါ အမေ့ခမျာ ဇာတိ ချက်မြှုပ်ကိုလည်းကောင်း၊ မိဘဆွေမျိုးသားချင်းများကိုလည်း ကောင်း ထပ်မံ၍ စွန့်လွှတ်ကျောခိုင်းသွားရပြန်လေသည်။ ယင်း နောက် မောင်ဝင်းထွန်းဟူ၍ ဖြစ်လာမည့် ကျွန်တော့်ကို ကိုယ်ဝန်ဆောင်ထားရပြီဆိုသောအခါတွင်မူ အမေ့ဘဝ ဘာမျှလက်ကျန်မရှိအောင် ဆုံးရှုံးသွားရတော့သည်။

အမေ့မှာ ဗိုက်ကြီးတကားကားနှင့် အတော်ပင် ဒုက္ခရောက်ခဲ့ရသည်။ အမှန်မှာ အဖေ့မိဘများက အတော်အသင့် ပိုက်ဆံရှိသူများဖြစ်သည်။ အဖေ့ကိုပင် ဝန်ထမ်းမလုပ်စေလိုဘဲ ပြင်ပ စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်ရန် တိုက်တွန်းခဲ့သေးသည်။ သို့သော် အဖေက ထိုစီးပွားရေးလုပ်ငန်းဆိုတာကို လက်ရှောင်ကာ ဘွဲ့ရပြီး မကြာမီပင် ဝန်ထမ်းလောကသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့နှင့် အဖေက သူ့ဇာတိမြို့သို့ ပြန်လည်ပြောင်းရွှေ့လာသောအခါ အဖေ့မိဘများက အိမ်နှင့်ဝိုင်းကလေးတစ်ခု ဝယ်ပေးသည်ကလွဲပြီး ထူးထူးထွေထွေ ထောက်ပံ့ခြင်းမပြုခဲ့ကြ။ ၎င်းမှာ သူတို့မလိုလားသော၊ သူတို့ မနှစ်မြို့သော ချွေးမကြောင့်ပင်ဖြစ်သည်။

သို့နှင့်ပင် ကျွန်တော့်ကို မွေးဖွားပြီးနောက် လောကဓံမုန်တိုင်းက အမေ့အပေါ် ပိုမိုရိုက်ခတ်လာသည်။ မိသားစုက ပါးစပ်တစ်ပေါက် တိုးလာသော်လည်း အဖေ့ဝင်ငွေက ထပ်မံတိုးလာခြင်းမရှိ။ သို့ကြောင့် ပိုမို၍သာ ကျပ်တည်းလာသည်။ သို့ပြား အထိုက်အလျောက်တော့ အမေ့တွင် ဘဝမာနရှိသည်။ ထိုသို့ ကျပ်တည်းလျက်ရှိသော်လည်း ယောက္ခမများအား အမေ အောက်မကျို့၊ မျက်နှာချိုမသွေးခဲ့ပေ။ မိမိအပေါ် မလိုလား၊ မနှစ်ခြိုက်ကြမှန်း သိထားမှတော့ မိမိဘာသာ ရုန်းကန်လှုပ်ရှားဖို့သာ အမေ ကြိုးစားသည်။

အမေက မိသားစုအတွက် အလုပ်တစ်ခုခုလုပ်ရန် ပြင်သည်။ သို့သော် နဂိုကမှ ဘဝတစ်လျှောက်လုံး သဘင်၊ ဂီတလောက်သာ နားလည်ကျွမ်းဝင်ခဲ့သူက တကယ့်တကယ် အလုပ်လုပ်တော့မည်ဟု ကြံရွယ်လိုက်ချိန်တွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ရတော့သည်။ အမေက ဘာမျှ မလုပ်တတ်၊ မကိုင်တတ်။ ဘာမျှလည်း မလုပ်ဖူး၊ မကိုင်ဖူးခဲ့။ သူ့မှာ ဘယ်ကစပြီး ဘာလုပ်ရမှန်းမသိ။ သူ့ကို အကြံပေးမည့်သူလည်း မရှိသလို သူ့ကို တွဲခေါ်မည့်သူလည်း နတ္ထိ။

ဤမှာပင် တပ်ကြပ်ကြီးဇော်ဝင်းနှင့် ဆက်စပ်ပတ်သက်ရဖို့ အကြောင်းက ဖန်တီးလာခဲ့တော့သည်။ တပ်ကြပ်ကြီးဇော်ဝင်းက အမေနှင့် တစ်မြို့တည်းသားချင်းဖြစ်သလို ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်သည်။ အမေ အဖေ့နောက်လိုက်လာပြီး မကြာမီပင် တပ်ကြပ်ကြီးဇော်ဝင်းနှင့် တွေ့ဆုံမိကာ အချင်းချင်း ပြန်လည်ဆက်သွယ်မိခဲ့ကြခြင်းဖြစ်သည်။ လောလောဆယ်၌ တပ်ကြပ်ကြီးဇော်ဝင်းက သူတို့တပ်ရင်း၏ နောက်တန်းတာဝန်များကို ထမ်းဆောင်နေလျက်ရှိသည်။

တစ်နေ့။ အမေက တပ်ကြပ်ကြီးဇော်ဝင်းနှင့် တွေ့ဆုံကာ သူ့အခက်အခဲများကို ရင်ဖွင့်ညည်းတွားမိရာမှ တပ်ကြပ်ကြီး ဇော်ဝင်း ထံမှပင် မမျှော်လင့်သော အကူအညီကို ရရှိခဲ့ခြင်းလည်း ဖြစ်သည်။ တပ်ကြပ်ကြီးဇော်ဝင်းက အမေ့ကို အောက်ပါအတိုင်းပင် အကြံပေးခဲ့သည်။

"ကဲ. . . စန်းစန်းမြင့်၊ နင် ဘာမှလုပ်မနေနဲ့၊ ငါပြောတဲ့ အတိုင်းသာလုပ်၊ ငါက လောလောဆယ် တပ်ရင်းလယ်စိုက်ခင်း မှာ တာဝန်ခံလုပ်နေတယ်၊ ငါနေတဲ့ရွာက တစ်ရွာလုံး လယ်သမား တွေချည်းပဲ၊ ရွာပတ်ပတ်လည်မှာလည်း လယ်ကွင်းတွေချည်းပဲ၊ ဒီတော့ အဲဒီရွာမှာ စပါးပွဲစား၊ ဆန်ပွဲစားတွေဆိုတာ ခြေချင်းကို လိမ်နေတာပဲ၊ နင်လည်း အဲဒီ အလုပ်ကို ဝင်လုပ်ဟာ၊ စပါး ပဲကောက်ကောက်၊ ဆန်ပဲကောက်ကောက်ပေါ့၊ လယ်သမားတွေ ဆီက လိုက်ဝယ်၊ ပြီးတော့ ပွဲရုံတွေ၊ ဆန်ဆိုင်တွေကို ပြန်သွင်းပေါ့၊ နင် အဆင်ပြေနိုင်တယ်၊ ဘယ့်နှယ်လဲ၊ နင်လုပ်မလား"

တပ်ကြပ်ကြီး ဇော်ဝင်းပေးသော အကြံကို အမေက ချက်ချင်း လက်ခံလိုက်သည်။ ထို့နောက် အလုပ်ကိုလည်း ချက်ချင်းပင် စသည်။



ပထမတွင် လုပ်ငန်း၌ ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း လုပ်ကိုင်နေရ သေးသော်လည်း လုပ်ငန်းအပေါ် အထာညက်လာသည်နှင့်အမျှ အမေ့အတွက် လွယ်ကူလာသည်။ သက်သာလာသည်။ တပ်ကြပ်ကြီး ဇော်ဝင်းကလည်း အမေ့ကို ဘက်စုံထောင့်စုံမှ အကူအညီပေးသည်။ သည့်နောက်တော့ အမေ့လုပ်ငန်းမှ ဝင်ငွေရလာခြင်းနှင့်အတူ မိသားစု ကပါ ချောင်လည်လာသည်။

ထိုသို့ အမေ အဆင်ပြေလာပြန်တော့လည်း အဖေ့ဆွေမျိုး တွေက မရှုဆိတ်နိုင်ကြပြန်။ မနာလိုကြပြန်။ အမေ့ကို အပြစ်မရှိ၊ အပြစ်ရှာပြီး ဝေဖန်ကြပြန်သည်။ အမေ့မကောင်းကြောင်းတွေကို အဖေ့ထံ အဆက်မပြတ် တရစပ်နားသွင်းပြေးကြပြန်သည်။ ဥပမာ-လင်နှင့်ခွဲပြီး သွားချင်ရာသွာနေခြင်းမှာ အမျိုးသမီးကောင်းဟု မဆိုနိုင်ကြောင်း၊ ကလေးကို ယောက္ခအိမ် ထိုးအပ်ပြီး ထင်ရာစိုင်း နေခြင်းမှာလည်း မိခင်ကောင်းတို့၏ လက္ခဏာမဟုတ်ကြောင်း၊ အဆိုးဆုံးမှာ စစ်သားတွေနှင့် စစ်ကားစီးပြီး တလုံးလုံးတထွေးထွေး သွားလာနေထိုင်ပုံမျိုးမှာ မြင်ရသူတိုင်းက မည်သို့မျှ မိန်းမကောင်းဟု သတ်မှတ်မည် မဟုတ်ကြောင်း။ စသည် စသည်ဖြင့် ကမ်းကုန် အောင်ပင် သွေးထိုးပေးနေကြတော့သည်။ သူတို့၏ နောက်ဆုံး စွပ်စွဲချက်ကတော့ တစ်ခါတစ်ရံတွင် တပ်ကြပ်ကြီးဇော်ဝင်းက လမ်းကြုံ၍ဝင်ခေါ်သောကြောင့် တပ်ကကားနှင့် အမေလိုက်သွား တတ်ခြင်းကို အကြောင်းပြုကာ ထောက်ပြကြခြင်းဖြစ်သည်။

မည်သို့ဆိုစေ အဖေက ပြောပါများတော့ ယုံလာသည်။ တိုက်ပါ များတော့ နဲ့လာသည်။ သူ့သွေးရင်းသားရင်းများက ပြောလာသော စကားကို အမှန်ဟုထင်လာသည်။ အမေ့အပေါ် မလုပ်စဖူး စစ်လား

ဆေးလားတွေ လုပ်တတ်လာသည်။ မသင်္ကာသောမျက်လုံးများဖြင့်လည်း ကြည့်တတ်လာသည်။ နောက်ဆုံး ထိုလုပ်ငန်းကို မလုပ်တော့ရန် တားမြစ်သည်အထိပင်ဖြစ်လာသည်။ သို့သော် အမေက ဒါကိုလက်မခံ။ ကိုယ်ရှာမှ ကိုယ်ရမည်၊ ကိုယ်လုပ်မှ ကိုယ်စားရမည်ဟု တုံ့ပြန်သည်။ ထိုအခါ အဖေက သူ မသင်္ကာဖြစ်နေသော တပ်ကြပ်ကြီးဇော်ဝင်းနှင့် လုံးဝမဆက်ဆံဖို့ ထပ်ပြောလာပြန်သည်။ အမေက သူ့သိက္ခာကို ထိပါးရမည်လားဟု ဒေါသထွက်မိသော်လည်း အတတ်နိုင်ဆုံးတော့ သည်းခံလိုက်သည်။ တပ်ကြပ်ကြီးဇော်ဝင်းမှာ ငယ်သူငယ်ချင်းမျှသာ ဖြစ်သည်။ မိတ်ဆွေဟောင်းမျှသာ ဖြစ်သည်။ ထို့ထက် ဘာမျှမပိုဟု ပြတ်ပြတ်သားသား ရှင်းပြလိုက်သည်။

ဆိုရသော် အမေတို့အဖေတို့နှစ်ဦး၏ ဆက်ဆံရေးက တဖြည်းဖြည်းနှင့် အေးစက်သော၊ တင်းမာသော အခြေအနေသို့ ရောက်ရှိလာခဲ့သည်ဟု ရှိရမည်။ အမေက သူ့အလုပ်ကို လုပ်မြဲတိုင်း ဆက်လုပ်နေသလို အဖေကလည်း အမေ့အပေါ် မသင်္ကာမြဲသာ ဖြစ်လျက်ရှိသည်။ သည်ကြားထဲ အဖေ့ဆွေမျိုးတွေက ဇာတ်ရှိန်မြင့်မြင့်အောင် တရစပ် မီးထိုးပေးနေကြပြန်သည်မို့ အနေအထားက ပို၍သာဆိုးပြီးရင်း ဆိုးလာနေတော့သည်။

ထိုတစ်နေ့ကတော့ အဆုံးစွန်သော ပေါက်ကွဲမှုအတွက် ဖောက်ခွဲပေးလိုက်သောနေ့ပင် ဖြစ်သည်။ ထိုနေ့က မိုးချုပ်သည်အထိ အမေက အိမ်ပြန်ရောက်မလာပေ။ ညဥ့်နက်သည်အထိ အိမ်ပြန်မလာသောအခါ အဖေက နောက်ကလိုက်သွားသည်။ စုံစမ်းရင်း၊ မေးမြန်းရင်းနှင့်ပင် အမေ့ကို လိုက်ရှာသည်။ ထိုအခါ အမေ့ကိုမူ တွေ့တော့တွေ့ရပါသည်။ သို့သော် တွေ့ရပုံက ညမှောင်မှောင်၌



လမ်းဘေးရပ်ထားသော ကားတစ်စီးထဲတွင် အမေ့ကို တပ်ကြပ်ကြီးဇော်ဝင်းနှင့်အတူ တွေ့လိုက်ရခြင်းဟု ဆိုသည်။ ဤသည်ပင် အမေတို့အဖေတို့ ဇာတ်လမ်း၏ အထွတ်အထိပ်ဖြစ်သလို ၎င်းကပင် အိမ်ထောင်တစ်ခု၏ ပြင်းထန်စွာ ပေါက်ကွဲကြေမွသွားခြင်းလည်း ဖြစ်တော့သည်။

အရေးအကြီးဆုံးဖြစ်သော ထိုအပိုင်းကိုတော့ ဦးလေးကြံသောင်းက ယခုလိုပင် ဆက်လက်ပြောပြသည်။

"အမှန်တော့ မင်းအမေငှားလာတဲ့ကားက အဲဒီနေရာရောက်မှ ရုပ်ကျိုးပြီး ပျက်သွားတာကွ၊ ကားပေါ်မှာလည်း ဆန်အိတ်တွေက အပြည့်ပဲ၊ အချိန်ကလည်း မိုးချုပ်နေပြီ၊ ကားသမားတွေကလည်း တော်တော်ဝေးတဲ့ ထမင်းဆိုင်တစ်ဆိုင်မှာ အရက်သွားသောက်နေကြတယ်၊ ကားပေါ်မှာ မင်းအမေတစ်ယောက်ပဲရှိတယ်၊ သူ့မှာ ဒုက္ခရောက်နေရတော့တာပေါ့၊ မိုးကလည်းချုပ်၊ အိမ်ပြန်လို့ကလည်း မရ၊ ဆန်အိတ်တွေကို ဒီအတိုင်းထားခဲ့ရင်လည်း သူများတက်ယူသွားမှာကိုစိုးရိမ်နဲ့ သူ့မှာ ဘာလုပ်ရမှန်းမသိဘဲ ဗျာများနေရတော့တာပေါ့၊ အဲဒီ အချိန်မှာပဲ ကိုဇော်ဝင်းက သူ့တပ်က ကားနဲ့ရောက်လာတယ်၊ ရောက်လာတော့ မင်းအမေကိုလည်းတွေ့ရော သူက ကားပေါ်ကဆင်းကျန်နေခဲ့တယ်၊ သူ့စေတနာက ညကြီးမှောင်မှောင်မှာ တစ်ယောက်တည်းဖြစ်နေတဲ့ မင်းအမေကို အဖော်လုပ်ပေးမယ်ဆိုတဲ့ သဘောပဲ၊ မင်းအမေကလည်း ဝမ်းသာသွားတယ်၊ နို့မို့ တကယ်လို့သာ သူ ကားပေါ်မှာ တစ်ညလုံးနေရ မယ်ဆိုရင် ဟိုကားသမား အမူးသမားတွေနဲ့ ဘယ်လိုဆက်စခန်း သွားရမလဲ မသိဘူးလေ၊ ဒါနဲ့ ကိုဇော်ဝင်းရောက်လာတော့ သူက အားတက်တာပေါ့၊ နှစ်ယောက်သား

ကားထဲမှာထိုင်ရင်း ထွေရာလေးပါး စကားစမြည်ပြောနေကြတယ်၊ အဲ. . . အဲဒီအချိန်မှာပဲ မင်းအဖေက သူ့ညီတစ်ယောက်နဲ့အတူ ရောက်ချလာတော့တာပဲ။ ကားထဲကိုဓာတ်မီးနဲ့ထိုးကြည့်ပြီး မင်းအမေနဲ့ ကိုဇော်ဝင်းကိုလည်း တွေ့တယ်ဆိုရော သူ့မှာ ဒေါသူပုန်တွေ အကြီးအကျယ်ထတော့တာပဲ၊ ခုတော့ လက်တွေ့ဖမ်းမိပြီ၊ ဘာငြင်းချင်သေးလဲ၊ ဘာလိမ်ချင်သေးလဲဆိုပြီး မင်းအမေကို တပ်အပ်စွပ်စွဲတော့တာပဲ”

“ဒါ. . . ဒါနဲ့ အမေက အဖြစ်မှန်ကို ပြန်ရှင်းမပြဘူးတဲ့လား ဦးလေး”

“ရှင်းပြတာပေါ့၊ ရှင်းပြတယ်၊ ဒါပေမဲ့ မင်းအဖေ ကိုဝင်းလွင်ဆိုတဲ့လူက တယူသန်၊ တဇွတ်ထိုးသမားပဲ၊ ဘယ်လိုမှကို ရှင်းပြ၊ ပြောပြလို့ မရတော့ဘူး၊ ကိုဇော်ဝင်းကလည်း သဘောကောင်းတဲ့သူမို့လို့ပေါ့ကွာ၊ တခြားလူဆို ဒီလို မဟုတ်ကဟုတ်က စွပ်စွဲရပ့်မလားဆိုပြီး တစ်ခါတည်း ထချလိုက်မှာပေါ့၊ ခုတော့ ကိုဇော်ဝင်းကိုယ်တိုင်က ကြားဝင်ပြီး ရှင်းပြတာကိုတောင် မင်းအဖေက နားမဝင်တော့ဘူး၊ ပြောရရင် အဲဒီညဟာ သူတို့ရဲ့ နောက်ဆုံးဇာတ်သိမ်းခန်းပဲ၊ မင်းတို့သားအမိနှစ်ယောက်အတွက်လည်း နောက်ဆုံး ခွဲခွာခြင်းညပဲ”

“အဖေပြောတော့ အမေက နောက်နေ့မှာပဲ ဦးဇော်ဝင်းနောက်ကို လိုက်သွားပြီး အတူပေါင်းသင်းနေထိုင်သွားတယ်ဆို၊ အဲဒါ မဟုတ်ဘူးပေါ့”

“တောက်တီးတောက်တဲ့ကွာ၊ ဘယ်ကဟုတ်ရမှာလဲ၊ ဒီမှာ ငါပြောပြမယ်၊ နောက်နေ့ရောက်တော့ မင်းအမေက သူ့ဆန်ကိစ္စတွေပြီးတာနဲ့ အိမ်ကိုပြန်လာတယ်၊ ဒါပေမဲ့ မင်းအဖေက လုံးဝလက်မခံတော့ဘူး၊ အိမ်ပေါ်ကို အတက်မခံတော့ဘူး၊ ဒါဖြင့် ကောင်းပြီ၊



ကွာချင်ကွာနိုင်တယ်၊ ဒါပေမဲ့ သူ့သားလေးကိုတော့ သူ့ကို ပေးပါဆိုပြီး မင်းအမေက မင်းကိုတောင်းတယ်၊ ဒါလည်း သူတို့က မပေးဘူး၊ မင်းကို မင်းအဘိုးအဘွားတွေက လုံးဝ ထုတ်မပြတော့ဘူး၊ ဒါနဲ့ အဲဒီနေ့ကစပြီး သူတို့လည်း တစ်ခါတည်း ပြတ်တော့တာပဲ၊ ဒီနောက် မင်းအမေက ကိုဇော်ဝင်းနေတဲ့ရွာမှာ တစ်လလောက် လိုက်နေတယ်၊ လိုက်နေတာက တခြားကြောင့်မဟုတ်ဘူး၊ သူ့လုပ်ငန်းနဲ့ပတ်သက်ပြီး တခြားသူဆီမှာ ကြွေးကျန်တွေရှိနေတယ်၊ အဲဒါတွေစောင့်ရင်း အဲဒီမှာ နေဖြစ်သွားတာ၊ ကိုဇော်ဝင်းက မင်းအမေကို တကယ်ရိုးရိုးသားသား စောင့်ရှောက်ကူညီသွားတာပါကွ၊ သူ့မှာလည်း တပ်ထဲမှာ သားနဲ့ မယားနဲ့ပါ။

ဒီနောက်တော့ မင်းအမေက မင်းကိုတွေ့ဖို့ အကြိမ်ကြိမ် ကြိုးစားသေးတယ်၊ အဲဒီတုန်းက မင်းက မူကြိုတက်နေတဲ့အချိန်ဆိုတော့ သူ့ခမျာ မူကြိုကျောင်းကိုလိုက်သွားပြီး ခိုးကြောင်ခိုးဝှက် ချောင်းလိုချောင်း၊ တခြားနေရာတွေကနေ စောင့်ပြီး ကြည့်လိုကြည့်နဲ့ သားဇောကပ်နေရှာတာပေါ့ကွာ၊ ဒါပေမဲ့ မင်းအဖေအမျိုးတွေက မင်းကို လုံးဝ အလွတ်မပေးဘူး၊ မင်း ဘယ်သွားသွား အစောင့်တွေနဲ့ဆိုတော့ သူ့မှာ ဘယ်လိုမှကို မင်းနားမကပ်နိုင်ခဲ့ရှာဘူး၊ ဒီလိုနဲ့ပဲ သူ့အကြွေးတွေလည်းရ၊ တို့အဖေကလည်း သူ့ကို အိမ်ပြန်ခေါ်နေတာမို့ သူအပြီးပြန်သွားခဲ့တယ်၊ ပြန်ခါနီး မင်းအတွက် သူ စက်ဆိုင်မှာ အပ်ထားတဲ့ ဝတ်စုံလေးတွေ၊ မင်းကြိုက်တတ်တဲ့ မုန့်ပဲလေးတွေကို ကြားလူတစ်ယောက်နဲ့ ပို့ပေးလိုက်သေးတယ်၊ ဒါလေးတွေကိုတော့ သားလေးအတွက် လက်ခံပေးပါဆိုပြီး တောင်းတောင်းပန်ပန်နဲ့ကို အောက်ကျို့ပြီး ပေးသွားခဲ့ရှာတာ၊ ငါဖြင့် ငါ့အစ်မအကြောင်းကို သိရလေ မင်းအဖေကို သတ်ပစ်ချင်လေပေါ့ကွာ”

"ကျွန်တော် တောင်းပန်ပါတယ်ဦးလေး၊ အဖေနဲ့ အဖေ့ဆွေမျိုးတွေရဲ့စကားကိုယုံပြီး အမေ့အပေါ် ပြစ်မှားခဲ့၊ ကျူးလွန်ခဲ့မိတာတွေအတွက်လည်း နောင်တရမိပါပြီ၊ အထူးသဖြင့် ကျွန်တော် အိမ်ထောင်ကျပြီးတဲ့အထိ ကျွန်တော်ရှိတဲ့နေရာကို တကောက်ကောက်လိုက်လာနေသေးတဲ့ အမေ့အပေါ် စိမ်းကားခဲ့၊ မောက်မာခဲ့မိသမျှအတွက် အမေ့ကိုရော၊ ဦးလေးကိုပါ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

"အေးလေ. . . ငါကတော့ အရေးမကြီးပါဘူး၊ ခွင့်လွှတ်ပါတယ်၊ မင်း အခါခါ တောင်းပန်ရမှာက မင်းအမေကိုပဲကွ ဝင်းထွန်းရ၊ နားလည်ရဲ့လား"

"ဟုတ်. . . ဟုတ်ပါတယ် ဦးလေး၊ ဒါကြောင့် အခု အမေဘယ်မှာရှိတယ်ဆိုတာ. . . "

"မင်းအမေလား. . . မင်းအမေက အခု လူ့ဘဝမှာမှ မရှိတော့ဘဲကွ"

"ဗျာ. . . အမေ မရှိတော့ဘူး၊ ဟုတ်လား ဦးလေး"

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံက လွှတ်ခနဲထိတ်လန့်တကြားထွက်သွားသည်။ သို့သော် ဦးလေးကြံသောင်းက ဦးခေါင်းကို ခါယမ်းလျက် သူ့လက်ကို လွယ်အိတ်ထဲသို့ လှမ်းနှိုက်လိုက်သည်။ လက်ကို ပြန်ထုတ်လိုက်သောအခါ မှတ်စုစာအုပ်တစ်အုပ်က ပါလာသည်။ ထို့နောက် စာအုပ်ကိုဖွင့်၍ စာရွက်များကို တစ်ရွက်ချင်းလှန်နေသည်။ အတန်ကြာသော် -

"ငါပြောတာက မင်းအမေ လူဝတ်ကြောင်ဘဝနဲ့ မဟုတ်တော့ဘူး၊ သီလရှင် ဝတ်သွားပြီဆိုတာကို ပြောတပါ၊ သူ့လိပ်စာကို ငါလည်း



အလွတ်မရဘူး၊ ဒါကြောင့် လိုက်ရှာနေတာ၊ ဟော. . . တွေ့ပြီ၊ ဟောဒါ မင်းအမေရဲ့ လိပ်စာ၊ မင်းအမေရှိတဲ့နေရာ"

***

မှန်လုံကားပေါ်မှ ကျွန်တော်ဆင်းလိုက်တော့ အချိန်က ညနေပိုင်းသို့ ရောက်နေလေပြီ။ ကားလမ်းမကြီး၏ ညာဘက်တွင် လမ်းခွဲတစ်ခုရှိသည်။ ထိုလမ်းခွဲအဝမှာတော့ ဈေးဆိုင်တချို့နှင့် ဆိုင်ကယ်ကယ်ရီသမားတချို့က ရှိနေသည်။

ဆိုင်ကယ်သမား လူငယ်တစ်ယောက်ကို ကျွန်တော်လှမ်းခေါ်လိုက်သည်။ ကယ်ရီငှားလိုက်သည်။ ကျွန်တော်သွားလိုသည့် လိပ်စာကိုပါ ပြောလိုက်သည်။ ထို့နောက် အချိန်မဆိုင်းဘဲ ထိုလမ်းခွဲအတိုင်း ကျွန်တော် ခရီးဆက်ခဲ့တော့သည်။ ထိုလမ်းခွဲက ပထမတွင် ကျောက်လမ်းဖြစ်သော်လည်း တဖြည်းဖြည်း အတွင်းပိုင်းရောက်လာသည်နှင့် မြေသားလမ်းအဖြစ်သို့ ပြောင်းလဲသွားသည်။ မြေပြင်နှင့် ပတ်ဝန်းကျင်အနေအထားကပါ ပြောင်းလဲလာသည်။ ဆိုင်ကယ်က ပို၍ မြင့်မားသော တောင်ကုန်းများပေါ်သို့ ရောက်ရှိလာပြီးနောက် သစ်ပင်များဖြင့် ထူထပ်လှသော တောအုပ်အတွင်းသို့ပါ ရောက်ရှိလာသည်။ ခရီးအတန်ပေါက်လာခဲ့ပြီးနောက် ကွင်းပြင်တစ်ခုထဲသို့ ပြန်ရောက်သွားကာ အဝေး၌ ရွာလေးတစ်ရွာကိုပါ ကျွန်တော်လှမ်းတွေ့ရသည်။ သို့သော် ဆိုင်ကယ်က ထိုရွာလေး ဆီသို့ ဦးတည်မသွားတော့ဘဲ လမ်းမြောင်လေးတစ်ခုထဲသို့ ချိုးဝင်လိုက်ကာ ရှေ့တူရူသို့ ဆက်မောင်းသွားလိုက်သည်။

မကြာမီ ဘုန်းကြီးကျောင်းတစ်ကျောင်း၏ မုခ်ဝတစ်ခုကို ကျွန်တော်လှမ်းမြင်ရသည်။ ဆိုင်ကယ်က ထိုမုခ်ဝရှေ့ရောက်သည်နှင့်

ထိုးရပ်လိုက်သည်။ မုခ်ဝပေါ်ကို ကျွန်တော်မော့ကြည့်လိုက်တော့ 'ပေါက်မြိုင်ဘေးမဲ့တောရကျောင်း' အမည်ရှိ နဖူးစီးစာတန်း ကို တွေ့လိုက်ရသည်။

ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။ ဆိုင်ကယ်သမားကို ဤနေရာမှာပင် စောင့်နေဖို့ပြောပြီး ကျွန်တော်ကျောင်းဝင်းအတွင်း လှမ်းဝင်လိုက်သည်။ ကျောင်းဝင်းအတွင်းမှာတော့ အထူးပင် တိတ်ဆိတ်နေသည်။ မည်သည့်အသံဗလံမျှ မကြားရ။ ပြီး လူရိပ်လူခြည်ဟူ၍လည်း မတွေ့ရပြန်။ တစ်နေရာ၌ ရေညှိရောင်ဖြင့် ညိုမည်းလျက်ရှိသော ရှေးအုတ်ကျောင်းကြီးတစ်ကျောင်းက ကျွန်တော့်ကို တည်ငြိမ်စွာ ဆီးကြိုလျက်ရှိသည်။ ယင်းသို့ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိသော်ငြား ကျွန်တော့်ရင်ထဲတွင်မူ ဗလောင်ဆူနေမိသည်၊ ရင်အခုန်မြန်နေမိသည်။ အမေ့နေရာသို့ရောက်ပြီ၊ အမေနှင့် တွေ့ရတော့မည်ဟူသော အသိစိတ်က ကျွန်တော့် ဦးနှောက်ကို တရစပ်တီးခေါက်လျက်ရှိသည်။ ကျွန်တော့်နှလုံးသားကို မပြတ်နှိုးဆွလျက်ရှိသည်။

သို့နှင့် တဖြည်းဖြည်းလျှောက်လာခဲ့ရင်း ခရေပင်ကြီးတစ်ပင်နား ရောက်သွားတော့မှ သစ်ပင်အောက်ရှိ ခုံတန်းပေါ်၌ ငြိမ်သက်စွာ တရားရှုမှတ်နေသည့် ဆရာတော်ကြီးတစ်ပါးကို ကျွန်တော် လှမ်းတွေ့လိုက်ရတော့သည်။ ထိုဆရာတော်ကြီးကား တစ်ခေါင်းလုံး ဖြူဖွေးလျက်ရှိကာ အတော်လည်း အိုမင်းနေပါချေပြီ။

အသာ ချဉ်းကပ်သွားပြီး ရိုသေစွာထိုင်၍ ကျွန်တော် ဦးသုံးကြိမ်ချလိုက်သည်။ ကျွန်တော့်လှုပ်ရှားမှုကြောင့် ဆရာတော်ကြီးက မျက်လုံးများပွင့်လာသည်။ ထို့နောက် နှုတ်မှပါ အသံခပ်တိုးတိုးဖြင့် မိန့်တော်မူလိုက်သည်။



"ဒကာလေးက ဘယ်ကလဲကွယ့်၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"တပည့်တော်က ဆရာလေးဒေါ်ကဥ္စနရဲ့ သားပါဘုရား၊ ဆရာလေးရဲ့ လူအမည်က ဒေါ်စန်းစန်းမြင့်ပါ၊ အခု အမေနဲ့တွေ့ဖို့ လာခဲ့တာပါဘုရား"

"သြော်. . . ဒကာလေးက ဒေါ်ကဥ္စနသားကိုး၊ ဒါပေမဲ့ မင်း နောက်ကျသွားပြီကွယ့်၊ လွန်ခဲ့တဲ့သုံးရက်ကပဲ သူ ဒီကနေထွက်သွားပြီ"

"ဒီကနေထွက်သွားပြီ. . . ဘယ်ကိုထွက်သွားတာလဲ ဘုရား့၊ ဘာကြောင့် ထွက်သွားတာလဲ"

ဗလုံးဗထွေးနှင့် ပြန်လည်မေးလျှောက်လိုက်မိသည်။ ကျွန်တော့် ရင်ထဲမှာတော့ ထိတ်လန့်ခြင်းနှင့်အတူ မုန်တိုင်းထန်စ ပြုလေပြီ။ ဆရာတော်က အေးချမ်းစွာပင် ပြန်လည်မိန့်ကြားသည်။

"သူ ထွက်သွားတာကတော့ အကြမ်းဖျင်းပြောရရင် ဒီကနေ နှစ်ညအိပ်ခရီးလောက် သွားရတဲ့နေရာကိုပေါ့ကွယ်၊ ဒါနဲ့ ဒကာလေး ကြည့်ရတာ သိပ်အရေးတကြီး ဖြစ်နေဟန်တူတယ်၊ ဟုတ်ရဲ့ လားကွယ့်"

"မှန်ပါတယ် ဘုရား၊ တပည့်တော် သိပ်အရေးကြီးနေပါတယ်၊ အမေနဲ့တွေ့ရဖို့ အသက်တမျှ အရေးကြီးနေပါတယ်၊ အမေနဲ့ တွေ့ ရမှကို ဖြစ်မှာပါဘုရား"

သည့်နောက်တွင် ကျွန်တော်က ကျွန်တော့်ခရီးစဉ်နှင့်ပတ်သက်၍ အတိတ်သမိုင်းကြောင်း အပြည့်အစုံကို အစမှအဆုံး ဆရာတော့်အား ပြောပြလျှောက်ထားလိုက်မိသည်။ ထိုသို့ ပြောပြနေစဉ် အတောအတွင်း၌လည်း ကျွန်တော်က အထူးပင်ကြေကွဲနေမိသည်။ ဆို့နစ်နေမိသည်။

ကျွန်တော့်လျှောက်ထားချက် ပြီးဆုံးသွားလေသော် -

“သြော်. . . ဒီလိုကိုးကွယ့်၊ ဘုန်းဘုန်းတို့လည်း ဒေါ်ကဥ္စနကို ကိုယ့်တပည့်တစ်ဦးဖြစ်တယ်ဆိုတာကလွဲပြီး သူ့ ကိုယ်ရေးကိုယ်တာ ကိုတော့ ဘာမှမသိဘူးကွယ့်၊ ဒေါ်ကဥ္စနကလည်း ဒါတွေကို ဘာမှ ထုတ်ပြောမသွားဘူး၊ သူ့ ဘာသာ ငြိမ်ငြိမ်သက်သက်၊ သေသေ ဝပ်ဝပ်နဲ့ စည်းကမ်းရှိရှိနေထိုင်ပြီး တရာကိုသာ အာရုံစိုက်သွားခဲ့ တယ်လေ”

“မှန်ပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော် ဒီဘဝမှာ အမေ့ ကို တောင်းပန်ခွင့်မှ မရခဲ့ရင်တော့ အသေဖြောင့်မှာတောင် မဟုတ် ပါဘူး ဘုရာ့၊ တပည့်တော် အမေ့နောက်ကို လိုက်သွားလိုပါတယ်၊ သူ့ လိပ်စာလေးကို ထပ်ဆင့်ချီးမြှင့်တော်မူပါ ဘုရား”

ကျွန်တော်က လှိုက်လှဲစွာပင် အလေးအနက် လျှောက်ထား လိုက်မိသည်။ သို့သော် ဆရာတော်က မျက်စိကိုမှိတ်ကာ ငြိမ်သက် လျက်ရှိသည်။ အတန်ကြာအောင်ပင် ငြိမ်သက်နေသည်။ ထို့နောက် တွင်မှ မျက်လုံးကိုဖွင့်ကာ ဖြည်းညင်းစွာ မြွက်ဟလိုက်သည်။

“ဒကာလေးက ဒကာလေးအမေကို တကယ်ချစ်သလားကွယ့်”

“မှန်ပါ၊ ပြောစရာမလိုအောင်ပါပဲ ဘုရား”

“ဒါဆိုရင် ဒကာလေးအမေနောက်ကို လိုက်မသွားတာ အကောင်းဆုံးပဲလို့ ဘုန်းဘုန်းပြောချင်တယ်”

“ဘာ. . . ဘာဖြစ်လို့လဲ ဘုရာ့၊ ဘာဖြစ်လို့ လိုက်မသွားစေချင် တာလဲ”

“ဘုန်းဘုန်း ရှင်းပြမယ်၊ ဒကာလေး သေသေချာချာ နားထောင် ပေါ့။ အခု ဒေါ်ကဥ္စနသွားတဲ့ခရီးက ‘ဉာဏ်စဉ်နာ’ ဖို့ သွားတဲ့ ခရီးကွယ့်၊



ဉာဏ်စဉ်နာတယ်ဆိုတာ မိမိရဲ့ ဘာဝနာအဆင့်အတန်းကို သွားပြီး အစစ်ဆေးခံတဲ့သဘောပေါ့ကွယ်၊ ဒေါ်ကဥ္စနက ဒီမှာ တရားကို ဖိဖိစီးစီး အားထုတ်သွားခဲ့တယ်၊ သူ ဘာကြောင့် ဖိဖိစီးစီး အားထုတ် သွားသလဲဆိုတာကို ခုတော့ ဘုန်းဘုန်းလည်း သဘောပေါက်ပါပြီ၊ သူဟာ ပူပင်သောကအပေါင်းကနေ လွတ်မြောက်ချင်တယ်၊ လောက ကနေ ထွက်မြောက်ချင်တယ်၊ ဒါကြောင့် တရားကို တအားလုပ်သွား ခဲ့တာ၊ လုပ်သွားတဲ့အတိုင်းလည်း ပေါက်မြောက်သွားပါတယ်၊ သူရတဲ့ သမာဓိဟာ သိပ်လည်းအဆင့်မြင့်ပြီး သိပ်လည်း ချီးကျူးစရာကောင်း တာပဲ၊ ဒါကို ရိပ်မိလို့ ဘုန်းဘုန်းလည်း ဉာဏ်စဉ်နာဖို့ တိုက်တွန်း လိုက်တယ်၊ ခွင့်ပေးလိုက်တယ်၊ ဒီနေရာမှာ ဘုန်းဘုန်းကိုယ်တိုင် ကတော့ တစ်ပါးသူရဲ့ တရားအဆင့်အတန်းကို ခွဲခြားသတ်ပေးနိုင်တဲ့ စွမ်းရည်မျိုးမရှိတာမို့ သိပ်ကောင်းတဲ့ ကမ္မဋ္ဌာန်းဌာနကြီးတစ်ခုကို ညွှန်ပြပြီး သူ့ကို စေလွှတ်လိုက်တာပဲ၊ ဘုန်းဘုန်းရှင်းပြတာ သဘောပေါက်ရဲ့လား ဒကာလေး”

“မှန်ပါ၊ သဘောပေါက်ပါပြီ ဘုရား၊ ဉာဏ်စဉ်နာတဲ့ကိစ္စပြီး ရင်တော့ ဒီကို ပြန်လာမယ်ဆိုတဲ့သဘောလား ဘုရာ့”

“အေးကွယ့်၊ ဒီလိုတော့လည်း တပ်အပ်ကြီး မပြောနိုင်ဘူး၊ တရားသမားဆိုတာ တရားရဖို့ဆိုရင် နေရာဌာနကိစ္စတွေကအစ ဘာမှ အစွဲအလန်း မထားတတ်ကြတာမို့ သူ့ ဆန္ဒဘယ်လိုရှိမယ်ဆိုတာ ဘုန်းဘုန်းလည်း မပြောနိုင်ဘူးပေါ့ကွယ်”

“တကယ်လို့ ခု တပည့်တော် နောက်ကလိုက်သွားရင်ရော ဘယ်လိုဖြစ်သွားနိုင်သလဲ ဘုရာ့”

“ဒါဆိုရင် ဒကာလေး ကိုယ့်မိခင်အပေါ် မချစ်ရာ ရောက် သွားမှာပေါ့ကွယ်၊ ဒကာလေးကိုသာ ခုအချိန် သူတွေ့လိုက်ရရင်

ဘယ်လောက်တောင် ဝမ်းနည်းဝမ်းသာ ဖြစ်သွားမလဲဆိုတာ စဉ်းစားကြည့်ပေါ့ကွယ်၊ သူ သိပ်စိတ်ထိခိုက်သွားမှာပဲ၊ အဲဒီလို စိတ်ထိခိုက်သွားလို့လည်း သူရရှိထားတဲ့ သမာဓိဟာ တစ်ခဏအတွင်း ပြိုပျက်သွားလိမ့်မယ်၊ ပြန့်ကျဲသွားလိမ့်မယ်၊ ဆုံးရှုံးသွားလိမ့်မယ်ကွယ့်၊ အဲဒီလို သမာဓိပျက်ပြယ်သွားခြင်းဟာ တစ်နည်းအားဖြင့် သူ ရထားတဲ့ တရားအဆင့်အတန်းကို ဇောက်ထိုး ကျဆင်းသွားစေလိမ့်မယ်။

အားကောင်းတဲ့ သမာဓိဆိုတာ ရဖို့ရောက်ဖို့ မလွယ်ဘူး ဒကာလေးရဲ့၊ ဒါကြောင့် ဒီသမာဓိကို ရရှိထားတဲ့ ယောဂီများအနေနဲ့လည်း ပြန်ပြီး ပြိုပျက်မသွားအောင်၊ ကျဆင်းမသွားအောင် အထူးပဲ သတိထားရလေ့ရှိတယ်၊ ဒါကို ဘာနဲ့ဥပမာပြသလဲဆိုတော့ စကြာဝတေးမင်းကို ကိုယ်ဝန်ဆောင်ထားရတဲ့ မိခင်ဟာ အစစအရာရာ မှားယွင်းမှု၊ ချွတ်ချော်မှုမရှိအောင် အနေအထိုင်၊ အစားအသောက်ကအစ အထူး ဆင်ခြင်သတိထားပြီး မိမိကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့ တရားရှင် ယောဂီတွေဟာလည်း မိမိရပြီးသား သမာဓိထူးကို ပျက်စီးမသွားရအောင် ကြပ်တည်းစွာ စောင့်ရှောက်အပ်တယ်ဆိုတဲ့ သဘောပေါ့ကွယ်၊ ဒါကြောင့် သိပ်ပြီး နားလည်ကျွမ်းကျင်တဲ့ ကမ္မဋ္ဌာန်းဆရာတချို့ကဆို မိမိယောဂီ တရားတက်လာပြီ ဆိုတာ သိတာနဲ့ အထွေထွေသော ပလိဗောဓတွေနဲ့ ကင်းရှင်းအောင်၊ တစ်နည်းအားဖြင့် ကိုယ်ရေးကိုယ်တာ မိသားစုအရေးတွေနဲ့ မပတ်သက်အောင် အထူးတလည် ကြပ်မတ်ပေးလေ့ရှိကြတယ်၊ စောင့်ရှောက်ပေးလေ့ရှိကြတယ်။

ဒီလောက်ဆို အားလုံးကို ဒကာလေး သိမြင်လောက်ပြီ ထင်ပါတယ်၊ လူဆိုတာ တစ်သက်မှာ တစ်ကြိမ်လောက်တောင် မြင့်မြတ်တဲ့ ကမ္မဋ္ဌာန်းတရားကို အားထုတ်ခွင့်ရဖို့ မလွယ်ဘူးကွယ့်၊ တစ်ခါ



အားထုတ်ခွင့်ရပြန်တော့လည်း မြင့်မားတဲ့ တရားအဆင့်ကို လူတိုင်း မရမရောက်နိုင်ပြန်ဘူး၊ ဒီတော့ကာ ဒကာလေးအနေနဲ့ ဒေါ်ကဋ္ဌနကို သွားတွေ့လိုက်လို့များ သူရပြီးသားလေးတွေ ပျက်စီးသွားရမယ်ဆိုရင် သူ့အတွက် ဘယ်လောက်များ နစ်နာသွားလိမ့်မလဲ၊ သံသရာနဲ့ကိုချိုပြီး နစ်နာသွားတယ်လို့တောင် ပြောနိုင်တာပေါ့၊ ဒါကြောင့် ဒေါ်ကဋ္ဌနလည်း မပျက်စီး၊ မနစ်မွန်းရအောင်၊ ဒကာလေးလည်း အမေကို တကယ်ချစ်ရာရောက်အောင် ခုချိန်မှာ သွားမတွေ့သင့်ဘူးလို့ ဆရာတော်ပြောရခြင်းပဲ ဖြစ်ပါတယ်”

“မှန်ပါ ဘုရား၊ အလုံးစုံကို နားလည်ပါပြီ၊ လက်လည်း လက်ခံပါပြီ၊ တပည့်တော် အမေ့နောက် မလိုက်တော့ပါဘူး၊ ဒီကနေပဲ လှည့်ပြန်ပါတော့မယ် ဘုရား”

“သာဓု. . . သာဓု၊ ဒကာလေး ချမ်းသာပါစေ၊ လိုရာဆန္ဒပြည့်ဝပါစေ၊ နောက်များမှာလည်း အချိန်တွေ ရှိနေသေးတာပါပဲဗျာ၊ ဒကာလေးရဲ့ ရည်ရွယ်ချက်က လုံးလုံးလမ်းဆုံးသွားတာမှ မဟုတ်တာပဲ”

“မှန်ပါ ဘုရား၊ တပည့်တော်လည်း ဒီလိုပဲ မျှော်လင့်ပါတယ်၊ တပည့်တော် ပြန်ပါတော့မယ်၊ ခွင့်ပြုတော်မူပါ ဘုရား”

“ကောင်းပြီ ဒကာလေး၊ ကောင်းပါပြီ”

ကျွန်တော်က ယူဆောင်လာသော လှူဖွယ်ပစ္စည်းများကို ဆရာတော့်အားပင် ဆပ်ကပ်လှူဒါန်းလိုက်သည်။ ပြန်ခါနီး ဆရာတော့်ကို ဝတ်ပြုနေစဉ် ကျွန်တော့်ရင်တွင်း၌ ကြေကွဲစိတ်ဖြင့် တစ်ဆို့ကြီးဖြစ်နေမိသည်။ မျက်ရည်ကပါ အလိုလို ရစ်ဝဲလာနေမိပြန်သည်။ သည့်နောက်တော့ ဆရာတော့်ရှေ့မှောက်မှထကာ ဆိုင်ကယ်ရှိရာသို့ လျှောက်လာခဲ့သည်။ အမေနှင့် တွေ့ခွင့်မရခဲ့

သည့်နောက် ကျွန်တော်က နောက်ကြောင်းပြန်ခရီးကို ရှည်လျားစွာ နှင်ရပေဦးမည်။ ပထမ ကားလမ်းမကြီးဆီသို့။ ထိုမှတစ်ဆင့် တည်းခိုရာနေရာမှပင် ကျွန်တော့်အပြန်ကို စော့်မျှော်နေကြမည့် ကျွန်တော့်ဇနီးနှင့် သားလေးဆီသို့။

***

မုခ်ဝအောက်မှ ဆိုင်ကယ် စထွက်ချိန်တွင် အနောက်ဘက် တောင်စွယ်ပေါ်၌ နေလုံးကြီးက မှေးတင်လျက်ရှိလေပြီ။ ကယ်ရီ သမားလေးက သူ့ဆိုင်ကယ်ကို ဂရုစိုက်ပြီး မောင်းလာနေသည်။ ကျွန်တော်ကမူ တိတ်ဆိတ်ငြိမ်သက်စွာပင် လိုက်ပါလာမိသည်။ အမှန်တော့ ကျွန်တော်က လမ်းတစ်လျှောက်လုံ အသံတိတ်ငိုကြွေး လာမိခြင်းပင်ဖြစ်သည်။

အလာခရီးတုန်းကတော့ မျှော်လင့်ချက်ပေါင်းများစွာဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တက်ကြွနေမိသည်၊ လှုပ်ခတ်နေမိသည်။ ယခု အပြန်ခရီးမှာတော့ မပြည့်ဝခဲ့လေသောဆန္ဒနှင့်အတူ ကျွန်တော်နွမ်းလျနေရ၊ ငိုက်ညိုးနေရလေပြီ။ ဩော်. . . အမေ့ မျက်နှာကိုမျှ မြင်ခွင့်မရခဲ့လေသော ကျွန်တော်။ အမေ့ခြေအစုံကို ဦးခိုက်၍လည်း တောင်းပန်တိုးလျှိုးသည့် စကားတစ်လုံးတစ်လေ ကိုသော်မျှ ပြောကြားခွင့် မရခဲ့လေသော ကျွန်တော်။ ထို ဆိုးရွား လှသည့် ကျွန်တော့်ကုသိုလ်ကံကိုပင် ယိုးမယ်ဖွဲ့ရင်း ကျွန်တော် တနုံ့နုံ့ဖြစ်၍မဆုံးနိုင်တော့ပါလေပြီ။

မည်သို့ဆိုစေ ဆရာတော်မိန့်ကြားခဲ့သည့်အတိုင်း ကျွန်တော့် ဆန္ဒ၊ ကျွန်တော့် ရည်ရွယ်ချက်များက လမ်းမဆုံးသေးပါ။ ကျွန်တော့် တွင် ထပ်မံကြိုးစားခွင့် ရှိသေးသည်။ တစ်နည်းအားဖြင့် ဒုတိယ



အကြိမ်အတွက် ကျွန်တော်မျှော်လင့်ခွင့် ရှိသေးသည်။ ထိုအချက်က ကျွန်တော့်အတွက် အလင်းရောင် ဖြစ်သည်၊ ခွန်အား ဖြစ်သည်။ စင်စစ် ထိုအချက်ကပင် အမေ့ထံမှ ကျွန်တော်ရရှိလိုသော ဖြေလျှော့ခွင့်များ အတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် တွန်းအားပေးလိုက်သည့် ယုံကြည်ချက်လည်း ဖြစ်သည်။ ထိုအတိုင်းပင် ကျွန်တော် ခံယူမိသည်။

သို့ကြောင့်ပင်လျှင် ထိုခဏဝယ် ကျွန်တော့်စိတ်သဏ္ဌာန် အနာဂတ်အတွက် အားတက်မိခြင်းနှင့်အတူ အတန်ငယ် တက်ကြွ လန်းဆန်းလာသလိုပါ ခံစားလိုက်ရပါတော့သည်။

◆◆◆

# အချိန်က ပေးလာသောအဖြေ

ကျွန်တော် ခြံပေါက်ဝကိုရောက်တော့ ကြိုးတန်းတစ်ခုပေါ် သို့ အဝတ်များကို ဖြန့်တင်လျက်ရှိသော အန်တီကြီး ဒေါ်သန်းသန်းနုကို တွေ့လိုက်ရသည်။ သူက ကျွန်တော့်လူရိပ်ကို မြင်လိုက်သဖြင့် လှမ်းအကြည့်၊ ကျွန်တော်နှင့်အကြည့်ချင်း ဆုံမိသွားသည်။ ပြီးတော့ သူကပင် လှမ်းစကားဟလိုက်သည်။

"မောင်ကိုကိုပါလားဟေ့၊ မင်း ဆရာ့ဆီ လာတာလား"

"ဟုတ်ကဲ့ အန်တီ၊ ဆရာ့ဆီ အလည်လာတာ၊ ဆရာရှိတယ် မို့လား"

"ရှိတယ်ကွယ့်၊ ရှိတယ်၊ ခုနလေးတင် ကော်ဖီသောက်ပြီး အပေါ် ပြန်တက်သွားတာ၊ သွားလေကွယ်"

အန်တီ့ဘေးမှပင် ဦးညွှတ်၍လျှောက်ကာ အိမ်ထဲသို့ လှမ်း ဝင်လာခဲ့သည်။ အပေါ်ထပ်သို့ တက်လာခဲ့ပြီး လှေခါးထိပ်အရောက် မှာပင် ဆရာနှင့် ပက်ပင်းဆုံမိသွားသည်။ ဆရာက စင်္ကြံန်လျှောက် နေခြင်းဖြစ်သည်။ လက်ထဲမှာတော့ စာအုပ်တစ်အုပ်ကို ကိုင်လျက်။

"ဟော၊ မောင်ကိုပါလားဟေ့၊ ဘယ်ကနေ လှည့်ဝင်လာခဲ့ တာလဲ"





"ဆရာ့ဆီကိုပဲ သက်သက်လာခဲ့တာ ဆရာ၊ ကိစ္စလေးတစ်ခု ရှိလို့ပါ"

ဆရာက ကုလားထိုင်တစ်လုံးကို ညွှန်ပြသည်။ ကျွန်တော်က ခပ်ရို့ရို့ပင် ဝင်ထိုင်လိုက်သည်။ ခေါင်းရင်းဘက် ကုလားထိုင်တွင် ဆရာက ဝင်ထိုင်သည်။

"ကဲ- မင်းကိစ္စကို ပြော၊ ဆရာ ဘာကူညီပေးရမလဲ"

ဆရာက ပွင့်လင်းရည်မွန်စွာပင် ဖွင့်လှစ်ပေးသည်။ ဆရာ့ မျက်နှာကလည်း မြင်နေကျအတိုင်းပင် အပြုံးဖြင့် နူးညံ့လျက်ရှိ သည်။ ကျွန်တော်က ဆရာ့ကိုပြောဖို့ အားယူလိုက်ရသေးသည်။ ပြီးတော့မှ -

"ဒီလိုပါ ဆရာ၊ လာမယ့် တနင်္ဂနွေနေ့ကျရင် ကျွန်တော့်အိမ် မှာ ဆွမ်းကျွေးရှိတယ်ခင်ဗျ၊ အဲဒါ ဆရာ့ကို ကျွန်တော် လာဖိတ်တာပါ"

"သြော်- ဒါလား၊ အေးပါ၊ ဖိတ်ရင် ဆရာလာမှာပေါ့၊ ဆွမ်းကပ် မှာက သံဃာ ဘယ်နှစ်ပါးလဲ"

"သံဃာက တစ်ပါးတည်းပါခင်ဗျ"

"ဟင်၊ တစ်ပါးတည်းလား၊ ဘယ်လိုကြောင့်လဲ၊ ထုံးစံအရတော့ အနည်းဆုံး ဆွမ်းတစ်ဝိုင်းနှစ်ဝိုင်းစာလောက် ပင့်ဖိတ်ပြီး ကပ်ကြတာ မဟုတ်လား၊ အခု မင်းတို့ကရော ဘာအတွက် ဆွမ်းကျွေးတာလဲ"

ဆရာ့မေးခွန်းတွင် စူးစမ်းမှုက ပါရှိလာသည်။ သည်အချက် ကပင် ကျွန်တော့်ဗိုက်ထဲက ကြိုတင်စီစဉ်ထားသည့် စကားလုံးများ ကို အပြင်သို့ထွက်လာချင်အောင် ပို၍ နှိုးဆော်လိုက်သလိုဖြစ် သွားသည်။

"ဒီအကြောင်းကိုပဲ အဓိကပြောပြချင်လို့ လာခဲ့တာပါ ဆရာ၊ တစ်နည်းအားဖြင့် ကျွန်တော် ဆရာ့ဆီကနေ ထင်မြင်ချက်တွေ၊

ဆုံးဖြတ်ချက်တွေ ရချင်လို့ပါ။ ဒီအကြောင်း ဆရာ့ကို ပြောပြမယ်ဆိုပြီး ရည်ရွယ်ထားတာကတော့ ဆရာ ပြန်ရောက်စကတည်းကပါပဲ၊ ဒါပေမဲ့ ဆရာနဲ့က ခုလို တစ်ခါမှ နှစ်ယောက်တည်း အေးအေး ဆေးဆေးတွေ့ခွင့်မရခဲ့တော့ ကျွန်တော်လည်း ပြောခွင့်မကြုံခဲ့ ဘူးပေါ့”

“အေး၊ မင်းစကား စိတ်ဝင်စားစရာပဲ၊ ပြော တပည့်၊ မင်း ပြောချင်တာ အကုန်လုံး ဆရာ့ကို ပွင့်ပွင့်လင်းလင်း ပြော”

ဆရာ့အသွင်က ပို၍လေးနက်လာသည်။ ဤသည်ကပင် ကျွန်တော့်ကို ရေလာရန် မြောင်းပေးလိုက်သကဲ့သို့ ရှိတော့သည်။

“ဒီလိုခင်ဗျ၊ အခု ကျွန်တော့်အိမ်မှာ ဆွမ်းကျွေးဖို့ သံဃာတစ်ပါးပဲ ပင့်ထားတယ်ဆိုတာ အမှန်ပါပဲ၊ ပြီးတော့ ခုဆွမ်းကျွေးက ဘာအထိမ်းအမှတ်အတွက်မှ မဟုတ်ဘူး ဆရာ၊ ဒီကိုယ်တော် တစ်ပါးတည်းကိုပဲ သက်သက်ဆွမ်းကျွေးချင်လို့ ပင့်ထားတာခင်ဗျ၊ ဒီကိုယ်တော်က ရွှေမြင်တင်ဘုရားနဲ့ သုသာန်ကြားက တောကျောင်း တစ်ကျောင်းမှာ သီတင်းသုံးနေပါတယ်၊ သူ့ကို ဝိုင်းဝန်းကိုးကွယ် နေသူတွေကတော့ ကျွန်တော့်အမေအပါအဝင် မြို့ပေါ်က ဒကာ ဒကာမတွေပဲ ဆိုပါတော့၊ ပြောမယ်ဆို ဒကာပိုင်းကနည်းပြီး ဒကာမ တွေက များပါတယ်၊ အဲဒီ ကိုယ်တော် သီတင်းသုံးနေတဲ့ကျောင်းက အရင်ကတော့ အတော်လေးကိုပျက်စီးပြီး ယိုယွင်းနေတာပါ၊ ကျောင်းဘေးမှာ ဘုရားပျက်ကလေးတစ်ဆူလည်း ရှိတယ်၊ ခုတော့ ကျွန်တော့်အမေအပါအဝင် သဒ္ဓါပေါက်သူတွေ ဝိုင်းဝန်းပြီး မတည် လိုက်ကြတာမို့ ကျောင်းက အုတ်ကျောင်းတွေဘာတွေတောင် ဖြစ် ကုန်ပြီး ဘုရားပျက်လေးကလည်း ထုံးသင်္ကန်းတွေဘာတွေနဲ့ ဖြစ်ကုန်တယ်ဆိုပါတော့ ဆရာရယ်”

“ဒီ ကိုယ်တော်အပေါ် တော်တော်ကြည်ညိုကြဟန်တူတယ်၊ ကြည်ညိုရအောင်လည်း အကြောင်းရှိဟန် တူပါတယ်”

“ရှိတယ် ဆရာ ရှိတယ်၊ ကျွန်တော် အဓိကပြောချင်တာ အဲဒီ အကြောင်းပဲ၊ အဲဒီကိုယ်တော်က အဲဒီတောကျောင်းကို စရောက် ကတည်းက မြို့ပေါ်ကို တစ်ခါမှ ကြွမလာဖူးဘူး၊ ပင့်လို့လည်း မရဘူး၊ သူ့ ဒကာ ဒကာမတွေက ဘယ်လောက်ပင့်ပင့် လူတော တိုးရမှာ ငြီးငွေ့တယ်ဆိုပြီး လက်မခံဘူးတဲ့၊ ခုတော့ ကျွန်တော့် အမေက ဦးဆောင်ပြီး အားလုံးက တစ်ကြိမ်တစ်ခါလေးတော့ အမှတ်တရ လေးဖြစ်သွားအောင် ချီးမြှင့်ပေးပါဘုရားဆိုပြီး လျှောက်ထား ကြတဲ့အတွက် မနေသာလွန်းလို့သာ ကြွလာပေးမှာတဲ့၊ အစီအစဉ်အရ ကျွန်တော့်အိမ်မှာ ဆွမ်းကပ်ပြီး ဒကာဒကာမတွေ၊ သူတို့ရဲ့ ဆွေမျိုး သားချင်းတွေက စုပေါင်း ကြည်ညိုကြမယ်ဆိုတဲ့ သဘောပေါ့ဆရာ”

“အေး၊ ဆရာ ရိပ်မိပြီ၊ ဒီ ထူးခြားတဲ့ ပုဂ္ဂိုလ်အကြောင်းကိုပဲ မင်း ပြောပြချင်လို့ ဆရာ့ဆီလာခဲ့တာ၊ ဟုတ်တယ်မို့လား”

“ဟုတ်ကဲ့ ဆရာ၊ အမှန်ပါပဲ၊ ဒီကိစ္စ ပြောချင်တာပါပဲ၊ ပြောဆို ဒီဦးဇင်းအကြောင်းကို ကျွန်တော်စပြောတော့မယ် ဆရာ၊ ဖြစ်ပုံက ဒီကိုယ်တော်ကို စပြီးတွေ့ရပုံကကို တော်တော်ထူးနေတာ၊ အဲဒီ တုန်းက တောရွာတစ်ရွာက အလှူပွဲတစ်ခုကို ကျွန်တော့်အမေနဲ့ အဖော်တစ်စုက ကားငှားပြီး သွားကြတာ ဆရာ၊ သွားတော့ အလှူ က အပြန်၊ တောလမ်းတစ်နေရာကို အရောက်၊ ကားကို ခဏရပ် ခိုင်းပြီး အားလုံးကားပေါ်က ဆင်းလိုက်ကြတယ်၊ ဆင်းပြီး တောထဲကို ဝင်လာခဲ့ကြတယ်၊ အကြောင်းကတော့ ဆေးဖက်ဝင်တဲ့ ဖန်ခါးသီးတို့၊

ဆီးဖြူသီးတို့လို တောသီးတောနှံတွေကို ခူးကြဆွတ်ကြဖို့ ဆိုပါတော့ဆရာ၊ ဒီလိုနဲ့ သူတို့ တောထဲလျှောက်လည်နေကြရင်းပဲ အလွန်အံ့သြစရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို သူတို့ တွေ့လိုက်ကြရတယ်။

အဲဒါကတော့ ဘုန်းကြီးတစ်ပါးက နေပူပူကြီးမှာ ချုံတစ်ခုထဲ ဝင်ပြီး တရားထိုင်နေတယ်တဲ့ခင်ဗျ၊ ချုံက အရိပ်မရှိတဲ့ ဆူးချုံကြီးဖြစ်ပြီး ချုံထဲမှာ ခွေးလှေးယားသီးတွေကလည်း ဒင်းကြမ်းပဲတဲ့၊ ဒါကို တွေ့ရတော့ အားလုံးက ထိတ်လန့်အံ့သြသွားကြတယ်၊ ပျာပျာသလဲ ဝိုင်းအုံပြီး ဝတ်ပြုကြတယ်၊ မကြာမီမှာ ဘုန်းကြီးက မျက်နှာမော့လာပြီး မျက်လုံးပါပွင့်လာတယ်၊ သူ့ဘေးမှာ ဝိုင်းအုံနေတဲ့ ပရိသတ်ကိုလည်း တွေ့မြင်သွားတယ်၊ ဒီတော့မှ ဒကာတစ်ယောက်က နေပူလှပါတယ် ဘုရား၊ သစ်ပင်အောက်ကိုကြွပါဘုရား ဆိုပြီး ပင့်လိုက်တယ်၊ ပင့်တော့ ဘုန်းကြီးကလည်း အသာတကြည်ပဲ ချုံထဲကထွက်ပြီး လိုက်လာပါတယ်၊ အရိပ်ထဲရောက်တော့မှ ဒကာတွေက အချိုရည်တွေဘာတွေ ကပ်သူကပ်၊ သူ့ကိုယ်ပေါ်က ခွေးလှေးယားသီးတွေ၊ အမှိုက်တွေကို သန့်ရှင်းပေးသူကပေးနဲ့ အားတက်သရောပြုစုကြတယ်ပေါ့၊ အဲဒီနောက် အေးအေးဆေးဆေးဖြစ်ပြီဆိုတော့မှ ဘုန်းကြီးနဲ့ဒကာတွေ အပြန်အလှန်မေးခန်းကို ရောက်လာတယ်ပဲ ဆိုပါတော့ ဆရာ"

ကျွန်တော်က စကားကိုခေတ္တဖြတ်လိုက်သည်။ ဆရာ့ကို လှမ်းကြည့်လိုက်တော့ မျက်လုံးမှိတ်၍ စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့ရသည်။ ကျွန်တော် စကားစောင့်နေမှန်းသိသောကြောင့်လည်း 'အေးအေး၊ ဆက်ပြောပါကွ၊ ဆရာနားထောင်နေပါတယ်' ဟူ၍ စကားထောက်ပေးသည်။



"ဒီလိုနဲ့ ဒကာတွေက အဲဒီ ဘုန်းကြီးအကြောင်းကို အားလုံး သိခွင့်ရလိုက်ကြတယ် ခင်ဗျ၊ တိုတိုနဲ့ချုပ်ပြီးပြောရရင် အဲဒီဘုန်းကြီးက ဘာသာခြား၊ လူမျိုးခြားဘဝကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာခဲ့တာတဲ့၊ လူ့လောကရဲ့ ဒုက္ခအဖုံဖုံကို တွေ့ကြုံခံစားနေရခိုက် ဗုဒ္ဓဘာသာရဲ့ ကြည်ညိုသက်ဝင်စရာကောင်းပုံကို သိမြင်လာတဲ့အကြောင်း၊ အဲဒီနောက် သဒ္ဓါပေါက်လွန်းမက ပေါက်လာရာက ဗုဒ္ဓဘာသာထဲ ဝင်လိုက်တဲ့အပြင် ဘုန်းကြီးပါ တစ်ခါတည်းဝတ်ဖြစ်သွားတဲ့အကြောင်း၊ ဘုန်းကြီးဝတ်ပြီးတဲ့နောက်မှာလည်း ခုလိုပဲ ကြုံသလို သွားလာနေပြီး တရားကိုသာ ပြင်းပြင်းထန်ထန် အားထုတ်နေတဲ့အကြောင်းတွေ သိခွင့်ရလိုက်ကြတယ်၊ ဒီတော့ ပရိသတ်အားလုံးက စုပ်တသပ်သပ်နဲ့ ဖြစ်သူဖြစ်၊ တအံ့တသြ ချီးမွမ်းတဲ့သူက ချီးမွမ်း၊ ဝမ်းသာအားရ မျက်ရည်လည်တဲ့သူကလည်းနဲ့ ဖြစ်ကုန်ကြတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီလိုပဲ ဖြစ်ရမယ်"

"အဲဒီနောက် ကျွန်တော့်အမေကပဲ ဦးဆောင်ပြီးတော့ ဘုန်းကြီးကို ဝိုင်းပင့်ကြတယ်၊ လက်ရှိ တောကျောင်းမှာ လိုက်ပါသီတင်းသုံးဖို့ ပင့်ကြတယ်၊ ဘုန်းကြီးက အတန်တန်ငြင်းဆန်နေသေးတယ်၊ ပြင်းထန်တဲ့ ပရိသတ်ဆန္ဒကို ဘယ်လိုမှ မလွန်ဆန်နိုင်တော့ဘူးဆိုတော့မှ လိုက်လျောပေးလိုက်တယ်၊ အဲဒီနောက်တော့ တောကျောင်းကိုရောက်ပြီး မကြာခင်မှာပဲ ဘုန်းကြီးရဲ့သတင်းကလည်း ကျော်ကြားသွားတာမို့ ပရိသတ်တွေက များသထက်များလာပါတယ်၊ အဲဒီ ဝေနေယျတွေ အားထုတ်မှုကြောင့်ပဲ ကျောင်းဆွေးကလေး အဖြစ်ကနေ သားနားတဲ့ အုတ်ကျောင်းတစ်ကျောင်းအဖြစ် နေ့ချင်း

ညချင်း ပြောင်းလဲသွားတယ်၊ ကျောင်းမှာလည်း ဘုန်းကြီးကိုလာဖူးတဲ့သူ၊ အပတ်စဉ် ဥပုသ်လာယူတဲ့သူတွေ၊ ကျောင်းမှာပဲ ရက်ရှည် စခန်းဝင်နေတဲ့သူတွေနဲ့ စည်ကားနေတယ်၊ ကျွန်တော့်အမေကတော့ တခြားအမျိုးသမီးတွေနဲ့အတူ ကျောင်းမှာပဲ အမြဲတမ်းသွားနေတော့ တယ်၊ တစ်ပတ်တစ်ခါလောက်ပဲ အိမ်ပြန်လာတော့တယ် ဆရာ”

“အေး၊ ခဏလေး၊ ဆရာ မေးမယ်၊ မောင်တို့အမေက ကျောင်းမှာပဲ ရက်ရှည်နေတယ်ဆိုတော့ အဲဒီ ဦးဇင်းနဲ့ အနီးကပ်နေရခိုက်မှာ ဒီ့ပြင် ဘာထူးခြားချက်တွေ တွေ့ရသေးသတဲ့လဲ၊ အဲဒါ ဆရာ့ ကို ပြောပြစမ်း”

“ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့၊ ပြောပြပါမယ်၊ အမေကတော့ အိမ်ပြန်လာတာနဲ့ သူ့ဦးဇင်းရဲ့အကြောင်းကို မမောနိုင်မပမ်းနိုင် ပြောပြနေတော့တာပဲ ခင်ဗျ၊ ဒီ ဦးဇင်းဟာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း၊ ဒီ ဦးဇင်းမျိုးကို ဆည်းကပ်ကိုးကွယ်ရတဲ့အတွက် အလွန်ကုသိုလ်ထူးကြောင်းတွေပေါ့ ဆရာ၊ အမေပြောပြပုံအရဆိုရင် ဒီ ဦးဇင်းက စရဏအား တော်တော်ကောင်းပုံရပါတယ်၊ အစားအသောက်၊ အအိပ်အနေနည်းတယ်၊ သည်းခံမှု၊ ခြိုးခြံမှုတွေနဲ့ ပြည့်စုံတယ် စသဖြင့်ပေါ့ ခင်ဗျာ၊ အထူးသဖြင့် ဒီ ဦးဇင်းရဲ့ တရားအားထုတ်ပုံက ကြောက်ခမန်းလိလိဖြစ်ကြောင်း အမေက ပြောပြပါတယ်၊ ဒီ ဦးဇင်းက ပရိသတ်နဲ့တွေ့ဆုံဖို့ တစ်နေ့ကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ်သာ သတ်မှတ်ထားပြီး ကျန်တဲ့အချိန်က ဘုရားလိုဏ်ဂူထဲမှာသာ ဝင်နေတဲ့အကြောင်း၊ ဂူထဲမှာလည်း ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ဘုရားရှေ့မှာ မတ်မတ်ထိုင်နေတာကိုသာ တွေ့ကြရတဲ့အကြောင်း၊ တစ်ခါတလေ ဆွမ်းတောင် ထွက်မဘုဉ်းတော့ဘဲ ဂူထဲမှာပဲ တစ်နေကုန်



နေသွားတာမျိုးရှိကြောင်း၊ တချို့ဒကာမတွေကဆို ညသန်းခေါင်လောက် အပေ့ါအပါးထသွားကြတဲ့အခါ ဒီ ဦးဇင်းကို ကျောင်းဘေးက သစ်ငုတ်တိုပေါ်မှာ မတ်တတ်ကြီးရပ်ပြီး အားထုတ်နေတာမျိုး၊ ဒူးဆစ်နီးပါးလောက် ရေထည့်ထားတဲ့ ကျောက်ရေစည်ထဲမှာဝင်ရပ်ပြီး အားထုတ်နေတာမျိုးတွေတောင် တွေ့ကြရတယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။

အမေကတော့ ဒီ ဦးဇင်းအကြောင်း ပြောရမယ်ဆိုရင် မစားမသောက်ဘဲတောင် ပြောနိုင်ပါတယ်၊ ဒါက ကျွန်တော် မှတ်မိသလောက်ပဲ ဆရာ့ကိုပြောပြတာပါ၊ ကျွန်တော်ကတော့ ဉာဏ်မီသလောက် စဉ်းစားကြည့်ပါတယ်၊ အမေတို့ ဒီ ဦးဇင်းအပေါ် ဒီလောက်သဲသဲလှုပ်ဖြစ်နေကြတာဟာ တစ်အချက် ဒီ ဦးဇင်းက လူမျိုးခြား၊ ဘာသာခြားကနေ ဗုဒ္ဓဘာသာထဲ ကူးဝင်လာတာဖြစ်တယ်၊ နှစ်အချက် သူမတူတောင် တရားကို ချစ်မြတ်နိုးပြီး ထူးထူးကဲကဲ အားထုတ်သမှုပြုတယ်၊ ဒီအချက်နှစ်ချက်ကြောင့်လို့ပဲ ကျွန်တော် ယူဆပါတယ်ဆရာ၊ ဒါက ကျွန်တော်မြင်မိသလောက်ပေါ့”

အခု ဆရာ့ကို ကျွန်တော်လာဖိတ်တာက ဆရာလည်း ဒီ ဦးဇင်းကို တွေ့သွားစေချင်တယ်၊ အကဲခတ်သွားစေချင်တယ်၊ ဘာပဲဖြစ်ဖြစ် ဆရာ့အမြင်ဟာ ကျွန်တော့်အမြင်ထက်တော့ ပိုပြီး ကျယ်ဝန်းမှာ သေချာပါတယ်၊ ဒါကြောင့် ဆရာ့အနေနဲ့ ဒီဦးဇင်းအပေါ် တွေ့မြင်ဆင်ခြင်သုံးသပ်မိသမျှ တစ်ဆင့်အားဖြင့် ကျွန်တော်က သိခွင့်ရချင်ပါတယ် ဆရာ၊ ဒီ ဗဟုသုတတွေ၊ အတွေ့ အကြုံတွေကြောင့် နောင်ကိုလည်း ကျွန်တော်တို့အတွက် အကျိုးရှိစေတာပေါ့၊ ဘယ့်နှယ်လဲ ဆရာ၊ အဲဒီနေ့ကို ဆရာလာခဲ့မယ် မဟုတ်လား”

ကျွန်တော်၏အပြီးသတ်စကားပင် ဖြစ်သည်။ ဆရာက အနည်းငယ် အထိုင်ပြင်သည်၊ ကျောဆန့်သည်။ ထို့နောက် 'အေးပါကွာ၊ ဆရာ လာဖြစ်အောင် လာခဲ့ပါမယ်' ဟု ဝန်ခံစကားဆိုလိုက်တော့ရော ကျွန်တော်က အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။ သည့်နောက်တွင် အခြားထွေရာလေးပါးတို့ကို ခေတ္တမျှ ဆက်လက်ပြောဆိုပြီးနောက် ကျွန်တော်က ဆရာ့ကိုနှုတ်ဆက်ကာ ပြန်လာခဲ့ပါတော့သည်။

***

တနင်္ဂနွေနေ့ကိုရောက်တော့ ဆရာက ကတိအတိုင်း အိမ်သို့ရောက်လာပါသည်။ ကျွန်တော့်အိမ်မှာက မနက်မိုးလင်းကတည်းကပင် လူစည်လျက်ရှိသည်။ ကြွရောက်လာမည့် ဦးဇင်းအတွက် ပြုဖွယ်ကိစ္စများ ဆောင်ရွက်ရင်း အလုပ်ရှုပ်သူက ရှုပ်နေကြသည်။ ၎င်းတို့အနက် ကျွန်တော့်မိခင်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ကျွန်တော့်အမေက အိုကြီးအိုမနှင့်ပင် အငြိမ်မနေနိုင်ဘဲ ခါးတကုန်းကုန်းဖြင့် ကိုယ်တိုင်ပါဝင်စီမံလျက်ရှိသည်။ ကျွန်တော့်ဇနီးနှင့် သားသမီးများကပါ အမေ့ကို ကူညီဆောင်ရွက်ပေးနေသည်။ ကျွန်တော်က အတူနေမိခင်ဖြစ်သူအပေါ် မည်သည့်အခါမျှ စိတ်မဆင်းရဲရစေရန် ထာဝစဉ်ဆောင်ကြဉ်းလာခဲ့သူဖြစ်သည်။ ယခုလည်း အမေ စိတ်ရှိရာလုပ်နိုင်စေရန် အသာတကြည် ပံ့ပိုးပေးနေခြင်းဖြစ်သည်။

ခေါင်းရင်းဘက်တစ်နေရာတွင် ဆရာ့ကို နေရာပေးပြီးနောက် ကျွန်တော်က ဆရာနှင့်အတူထိုင်ကာ စကားစမြည်ပြောဆိုနေလိုက်သည်။ မကြာမီပင် ပရိသတ်ထဲမှ ဦးဇင်းကြွလာပြီဟု အော်ပြော



လိုက်သံနှင့်အတူ အားလုံးလှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ထိုအချိန်မှာပင် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို ကျွန်တော်မြင်တွေ့လိုက်ရသည်။ ၎င်းမှာ ဦးဇင်းကြွလာမည့် လမ်းတစ်ဘက်တစ်ချက်စီတွင် အမျိုးသမီးများက စီတန်းပြီး နေရာယူထားကြရာ သူတို့ပုံစံက ရိုးရိုးထိုင်နေခြင်းမျိုးမဟုတ်မူဘဲ နဖူးကိုကြမ်းပြင်ထိအောင်ချကာ သူတို့၏ ဆံဦးဆံဖျားများအား ရှေ့ဘက်သို့ အသီးသီးဖြန့်ခင်းလျက် အလွန်ပူဇော်သက္ကာရပြုလိုသောဟန်မျိုးဖြင့် နေရာယူထားကြခြင်းဖြစ်လေသည်။ ကျွန်တော်က ဆရာ့ကို တစ်ချက်လှမ်းကြည့်လိုက်ရာ ဆရာသည်လည်း ထိုမြင်ကွင်းအား မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေသည်ကို တွေ့ရသည်။

ထိုအခိုက် ဦးဇင်းက ကြွလာတော်မူသည်။ ကြွလာရာတွင် မျက်လွှာကိုချထားသည်။ မျက်နှာကို ငုံ့ထားသည်။ ရှေ့မှ ယပ်ဖြင့်ကွယ်ထားလေသည်။ ပြီး အောက်တွင်ဖြန့်ခင်းထားသော ဆံပင်များကိုလည်း အတတ်နိုင်ဆုံးရှောင်ရှားကာ ကြွလာခြင်းဖြစ်သည်။ ဘုရားစင်ရှေ့သို့ရောက်လျှင် ဘုရားကိုဝတ်ပြုပြီးနောက် အသင့်ပြင်ဆင်ထားသောနေရာ၌ ဝင်ထိုင်လိုက်သည်။ သည့်နောက်မှာတော့ ထုံးစံအတိုင်း ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ တရားချီးမြှင့်ခြင်း၊ ရေစက်ချ၍ မေတ္တာပို့အမျှဝေခြင်းများကို အစီအစဉ်အတိုင်း ပြုလုပ်သွားကြသည်။ ထို့နောက် ဦးဇင်းက အသင့်ပြင်ဆင်ထားသည့် ဆွမ်းဝိုင်းသို့ကြွကာ ဆွမ်းဘုဉ်းပေးသည်။ ဦးဇင်း ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးနေစဉ်မှာပင် ဆရာက ကျွန်တော့်ကို ခပ်တိုးတိုး မေးသည်။

"မောင်ကို. . . ဟိုရှေ့က ငွေဖလားထဲမှာတွေ့ရတဲ့ ပိုက်ဆံတွေက အလှူငွေပိုက်ဆံတွေပေါ့ ဟုတ်လား"

“ဟုတ်တယ် ဆရာ၊ ဦးဇင်းမရောက်မီကတည်းက ပရိသတ်က အလှူငွေ ဝိုင်းထည့်ထားကြတာခင်ဗျ”

“မင်းကြည့်စမ်း၊ အလှူငွေက အတော်များတယ်နော်၊ ဖလားနဲ့ အပြည့်ပဲ”

ကျွန်တော်လှမ်းကြည့်လိုက်မိသည်။ ဟုတ်ပါသည်။ ဖြူဝင်းသော ငွေဖလားကြီးထဲ၌ ထောင်တန် ရာတန် ငွေစက္ကူများက ပြည့်မောက်လျက်ရှိသည်။

“ဒီအလှူငွေက ဦးဇင်းပြန်တာနဲ့ တစ်ခါတည်း ကပ်လှူပေးလိုက်မယ်ဆိုတဲ့သဘောလား”

“မဟုတ်ဘူး ဆရာ၊ ဒကာတစ်ယောက်က ဖလားကိုသိမ်းပြီး ဦးဇင်းနောက်က လိုက်သွားပါလိမ့်မယ်၊ ဒကာက ကျောင်းရောက်တော့မှ အလှူငွေတွေကို ရေတွက်ပြီး အပ်နှံမယ့်သဘောပါဆရာ”

“ဪ ဟုတ်လား၊ အရင်ကလည်း ဒီလိုပဲလုပ်သလား”

“ဟုတ်တယ် ဆရာ၊ နေ့စဉ်လိုလိုပဲ ဝေယျာဝစ္စအလှည့်ကျတဲ့ ဒကာက ရလာသမျှ အလှူငွေကိုသိမ်းပြီး ဦးဇင်းကို အပ်ရပါတယ်”

ဆရာက နှုတ်ဆိတ်သွားသည်။ မေးစေ့ကို လက်ဖြင့်ထောက်၍လည်း စဉ်းစားဟန်ပြုနေသည်။ ထိုအချိန်မှာပင် ဦးဇင်းက ဆွမ်းဘုဉ်းပြီးသွားပြီး မူလနေရာ၌ ပြန်ထိုင်လိုက်သည်။ စကားသံများလည်း ကြွက်စီကြွက်စီနှင့် စတင်ပြီး ဆူညံလာသည်။ ကျွန်တော့် အမေဦးဆောင်သော ဒကာဒကာမများက ဦးဇင်းနှင့် ပဋိသန္ထာရ စကားများ အပြန်အလှန်ပြောဆိုကြသည်။ ဦးဇင်းနှင့် မသိကျွမ်းသေးသော ပုဂ္ဂိုလ်များကိုလည်း မိတ်ဆက်ပေးသူက ပေးကြသည်။ ကျွန်တော်ကပါ ကျွန်တော့်ဆရာနှင့် မိတ်ဆက်ပေးလိုက်မိသည်။ ထို့နောက်တွင်



ဦးဇင်းက ပရိသတ်ကို ရည်ရည်မွန်မွန်ပင် မေတ္တာရပ်ခံစကားပြောကြားကာ တောကျောင်းသို့ ပြန်ကြွရန်ပြင်သည်။ ဒကာတချို့က ဦးဇင်းနှင့်အတူ လိုက်ပါသွားမည်ဖြစ်ရာ ထိုဒကာများကပင် အလှူခံငွေဖလားနှင့် အခြားလှူဖွယ်ပစ္စည်းများကို သိမ်းဆည်းသွားလိုက်ကြသည်။

ဦးဇင်း ပြန်ကြွသွားပြီးနောက် ဆရာကပါ ပြန်ရန်ပြင်သည်။ ကျွန်တော်က ဆရာ့ကို ဝင်းတံခါးအထိ လိုက်ပို့လိုက်သည်။ ဝင်းတံခါးအပြင်ဘက်သို့အရောက်တွင် ကျွန်တော်ကပင် ဆရာ့ကို စကားစလိုက်မိသည်။

“ဘယ်လိုလဲ ဆရာ၊ ကျွန်တော် ဆရာ့ကိုတင်ပြထားတဲ့အတိုင်း ဒီဦးဇင်းနဲ့ပတ်သက်တဲ့ ဆရာ့ကိုယ်ပိုင်အမြင်လေးတွေကို ကျွန်တော်သိခွင့်ရမလားဆရာ”

ကျွန်တော်က မေးမိသော်လည်း ဆရာက ခွန်းတုံ့မပြန်ပါ။ တစ်နေရာကို လှည့်ကြည့်ရင်း ခပ်ဆိုင်းဆိုင်း ခပ်လေးလေးဖြစ်နေသည်။ ခဏကြာတော့မှ ကျွန်တော့်ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး -

“အေးကွ မောင်ကိုရ၊ ခုကိစ္စမျိုးဆိုတာ အလောတကြီးမှတ်ချက်ချလို့မရဘူးကွ၊ မှားသွားတတ်တယ်၊ ဘာကြောင့်ဆို ဆရာကလည်း သူ့ကို ဒီတစ်ခါပဲ မြင်တွေ့ဖူးသေးတာလေ၊ သို့သော် မင်းကို ထုတ်မပြောသေးပေမယ့် ဆရာ့စိတ်ထဲမှာ ဒါကို အတန်အသင့်တော့ ခန့်မှန်းပြီးသားဖြစ်နေပါပြီ၊ တစ်နေ့ကျတော့ ဆရာ မင်းကို ခေါ်ပြောနိုင်မှာပါ၊ အချိန်ကလေးနည်းနည်းစောင့်ပေ့ါ၊ ဟုတ်ပြီလား”

ဟု ပြောလာရော ကျွန်တော့်မှာ ဆရာကဲ့သို့ ပညာရှိတစ်ယောက်၏စကားကို လေးလေးစားစား နာယူလိုက်ရုံမှတစ်ပါး အခြား

မရှိပါချေ။ ဆရာ့ ဆိုလိုချက်ကို သဘောပေါက်ပါကြောင်း၊ ကျေနပ်ပါကြောင်း ကျွန်တော်က ပြန်ပြောလိုက်ရသည်။ ထို့နောက်တွင် ဆရာက ကျွန်တော့်ကိုနှုတ်ဆက်ကာ ထွက်ခွာသွားပါ လေသည်။

အမှန်တော့ ထိုနေ့က ဆရာနှင့်တွေ့ဆုံရခြင်းမှာ နောက်ဆုံးတွေ့ဆုံရခြင်းသာဖြစ်ကြောင်း ကျွန်တော်မသိမိခဲ့ပါ။ အကြောင်းမှာ ထိုနေ့မှစ၍ နောက်သုံးရက်ခန့်ကြာလျှင်ပင် ဆရာက ရန်ကုန်သို့ ရုတ်တရက် ထပြန်သွားတော့ရာ ထိုစဉ်က တာဝန်ဖြင့် နယ်လှည့်နေရသော ကျွန်တော့်မှာ ဆရာ့ကိုပင် နှုတ်ဆက်ခွင့်မရလိုက်တော့ပါ။

တကယ်တော့ ဆရာဦးကျော်လွင်မှာ ကျွန်တော်အထက်တန်းကျောင်းသားဘဝလောက်က ကျွန်တော့်ကို သင်ကြားပြသပေးခဲ့သည့် ငယ်ဆရာတစ်ဦးပင် ဖြစ်သည်။ နောက်ပိုင်းတွင် ဆရာက ပညာရေးဘက်မှ သာသနာရေးဘက်သို့ လိုင်းပြောင်းသွားခဲ့သည်။ သာသနာရေးဦးစီးဌာနမှာပင် မြင့်မားသောရာထူးများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရရှိခဲ့သည်။ သာသနာရေးဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများစွာပင် ဆရာရရှိခဲ့သည်။ ယခု အငြိမ်းစားယူသွား ပြီးနောက် ထိုဌာနမှာပင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကျမ်းပြုဆရာအဖြစ် ရပ်တည်လျက်ရှိသည်။ ဆရာ ရေးသားခဲ့သည့် အချို့သော ဘာသာရေးဆိုင်ရာကျမ်းများမှာ နိုင်ငံအနှံ့သို့ ကျော်ကြားထင်ရှားခဲ့သည်။

ယခု ဆရာက ဇာတိမြေသို့ ခေတ္တအလည်ပြန်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မွေးချင်းမောင်နှမများအနက် နောက်ဆုံးကျန်ရှိနေသည့် အစ်မကြီးဖြစ်သူ ဒေါ်သန်းသန်းနုအပေါ် မောင်တစ်ယောက်အနေနှင့် အမှတ်တရ လာရောက်၍ အားပေးနှစ်သိမ့်ခြင်းဟုလည်း



ဆိုနိုင်သည်။ ဖြစ်ချင်တော့ ဆရာ့ခမျာ အစ်မကြီး၏အိမ်မှာလည်း ကြာကြာမနေလိုက်ရ၊ ကျွန်တော်ကဲ့သို့ တပည့်တပန်းများနှင့်လည်း ကြာကြာမဆုံစည်းလိုက်ရ၊ အခြား မိတ်ဆွေအပေါင်းအသင်းများနှင့်ပါ အားရအောင် မတွေ့ဆုံလိုက်ရဘဲ အရေးပေါ်ရောက်ရှိလာသော အကြောင်းကြားချက်အရ ရန်ကုန်သို့ ပြန်သွားလိုက်ရပါပြီတည်း။

***

ဆရာက ဘာသာရေး၊ သာသနာရေးတို့၌ အထူးတတ်သိနားလည်သော ပညာရှင်တစ်ဦးဖြစ်သည်။ သို့အတွက်ပင် ထူးခြားသော တောကျောင်း ဦးဇင်းနှင့်ပတ်သက်၍ အကဲခတ်ဝေဖန်နိုင် စေရန် ကျွန်တော်က ဆရာ့ကို အိမ်သို့ပင့်ဖိတ်ခဲ့ခြင်းလည်းဖြစ်သည်။ ဆရာက ထိုဦးဇင်းကို တစ်ကြိမ်တစ်ခါမျှသာ တွေ့ခွင့်ရသွားပြီး ကျွန်တော့်ကိုလည်း ကျွန်တော်မျှော်လင့်မိသည့် အဖြေစကား တစ်စုံတစ်ရာကိုမျှ ပြောကြားသွားနိုင်ခြင်း မရှိခဲ့ပါ။ သို့အတွက် ကျွန်တော့်တွင် အနည်းနှင့်အများဆိုသလို တွေတွေဝေဝေ၊ မအီမလည်နှင့် ဖြစ်ကျန်ရစ်ခဲ့သည်။

သို့သော် များမကြာမီပင် ထိုဦးဇင်းနှင့်ပတ်သက်သည့် ကြီးမားသောအဖြစ်အပျက်ကြီးတစ်ခုက အတိအကျပင် ဆိုက်ရောက်ဖြစ်ပေါ်လာတော့ရာ ထိုအဖြစ်အပျက်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သိရှိလိုက်ရသည့် ကျွန်တော့်မှာ လွန်စွာမှ အံ့သြခြင်းဖြစ်မိခဲ့ရသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော့်အတွက် ပုစ္ဆာတစ်ပုဒ်ကို ရှင်းရှင်းလင်းလင်း သိနားလည်လိုက်ရသလို ဖြစ်သွားသည်။ ၎င်းကပင် ဆရာ့ထံမှ ကျွန်တော်တောင်းခံခဲ့ဖူးသော အဖြေတစ်ရပ်ကို ကျွန်တော် ဘာသာ အလိုအလျောက် ရရှိလိုက်သလိုလည်း ဖြစ်သွားသည်။

ထိုဖြစ်ရပ်ကို ကျွန်တော်ဖော်ပြရမည်ဆိုပါက ဆရာပြန်သွားပြီး သုံးလခန့်အကြာ၊ ခရိုင်အဆင့် အုပ်ချုပ်ရေးဝန်ထမ်းများအတွက် ဖွင့်လှစ်ပေးသည့် သင်တန်းတစ်ခုသို့ တစ်လကြာမျှ တက်ရောက်ပြီး နောက် ကျွန်တော် ပြန်လည် ရောက်ရှိလာသောအချိန်။ ထိုကာလ ကိုပင် အခြေတည်၍ ဖော်ပြရပါလိမ့်မည်။

ထိုနေ့ကို ကျွန်တော်မမေ့ပါ။ ထိုနေ့က ကျွန်တော်စီးလာသော သင်္ဘောဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်တွင် ဇနီးဖြစ်သူနှင့် သားသမီး များက ကျွန်တော်အား လာရောက်ကြိုဆိုနေသည်ကို တွေ့ရသည်။ သင်္ဘောဆိပ်မှ မိသားစုတစ်စု အတူတကွပင် ပြန်လာခဲ့ကြသည်။

ထိုသို့ ပြန်လာကြရင်း ဈေးထိပ် လမ်းခွဲနားကိုရောက်တော့ လူတစ်ယောက်က ကျွန်တော့်နောက်သို့ ခပ်သုတ်သုတ် လိုက်လာ သည်။ ထိုသူက အနီးရောက်လျှင် ကျွန်တော့်ပခုံးကို လှမ်းပုတ် လိုက်သည်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ ထိုသူမှာ ကျွန်တော့် သူငယ်ချင်းတစ်ဦးဖြစ်သော အောင်သင်းဖြစ်နေသည်ကို တွေ့လိုက် ရသည်။ အောင်သင်းက ချက်ချင်းပင် ပြောလာသည်။

"ဟေ့ကောင် ကိုကို၊ မင်း သင်တန်းသွားတက်တယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ်၊ အခု အဲဒီက ပြန်လာတာပဲ၊ လာလေကွာ၊ အိမ် လိုက်ခဲ့ပါဦးလား၊ စားစရာ လက်ဆောင်လေးဘာလေး ပါပါတယ်"

"မင်းသာ ငါနဲ့လိုက်ခဲ့ဦး၊ ငါ မင်းကိုပြောစရာရှိတယ်၊ ဟို လက်ဖက်ရည်ဆိုင်ထဲမှာ ငါ ထိုင်နေတာ၊ မင်းတို့ ဆိုင်ရှေ့က ဖြတ် သွားတာ တွေ့လို့ ထလိုက်လာတာကွ"

ကျွန်တော်က အောင်သင်းကို လိုက်လျောလိုက်ရသည်။ မိန်းမ နှင့် ကလေးများကို သွားနှင့်ကြရန် ပြောလိုက်ပြီး လက်ဖက်ရည် ဆိုင်သို့



အောင်သင်းနှင့်အတူ လိုက်ပါလာခဲ့သည်။ ဆိုင်တွင်းရှိ စားပွဲတွင် ထိုင်မိကြသည်နှင့် အောင်သင်းက လက်ဖက်ရည် တစ်ခွက် လှမ်းမှာသည်။ ပြီး လိုရင်းစကားကိုလည်း ချက်ချင်းပင် ပြောချလာသည်။

"ခုတော့ အားလုံးရှင်းသွားပြီကွ ကိုကိုရ၊ အချိန်တန်တော့ မိကျောင်းလား၊ သစ်တုံးလားဆိုတာ အားလုံးအဖြေပေါ်သွားပြီ"

"ဘာလဲကွ မင်းစကားက၊ ဘာတွေအဖြေပေါ်နေတာလဲ"

"ဟို ဦးဇင်းလေကွာ၊ မင်းတို့အမေ ကိုးကွယ်နေတဲ့ ဦးဇင်း၊ မင်းက ပုံမှန်တော့မဟုတ်ဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲဆိုပြီး သံသယဖြစ်နေတဲ့ ဦးဇင်းလေ"

"အေး၊ ဟုတ်ပြီ၊ ငါ သင်တန်းမသွားခင်တောင် အဲဒီအကြောင်း မင်းကို တစ်ခါထပ်ပြီး ပြောမိခဲ့သေးတယ်၊ အဲဒီ ဦးဇင်းက ဘာဖြစ် လို့လဲ"

"ဘာဖြစ်ရမလဲ၊ အခု အဲဒီပေါ်တော်မူ ဦးဇင်းက ပြေးသွားပြီကွ၊ ပြေးသွားတာမှ ဘယ်သူမှ မသိအောင်ကို ပြေးသွားတာ၊ အခု သူ့ကျောင်းကိုလည်း ပိတ်ထားလိုက်ပြီ၊ မင်းတို့အမေတောင် အိမ်ပြန် ရောက်နေပြီ"

"ဟုတ်လား၊ အေး ပြောပါဦး၊ ဘယ်လိုတွေ ဖြစ်သွားတယ် ဆိုတာ"

"ဖြစ်ပုံက တစ်နေ့မှာ အဲဒီ ဦးဇင်းဆီကို ဧည့်သည်တချို့ ရောက်လာတယ်တဲ့၊ ဒါပေမဲ့ အဲဒီ ဧည့်သည်တွေက ကျောင်းထဲ အထိ ဝင်မလာဘူး၊ ကျောင်းအပြင်ဘက် လမ်းဆုံနားက ရေချမ်းစင် ဘေးမှာပဲ စောင့်နေတယ်တဲ့၊ အဲဒီနေ့မှာ ကပ္ပိယတာဝန်ကျတဲ့ ဦးစိုးမြင့်က ဧည့်သည်ရောက်နေကြောင်း ဦးဇင်းကိုလျှောက်တော့

ဦးဇင်းက အဲဒီရေချမ်းစင်မှာ ရောက်နေတဲ့ ဧည့်သည်တွေကို သွားတွေ့တယ်၊ ဦးစိုးမြင့်ကပါ ဦးဇင်းနဲ့အတူ လိုက်သွားတယ်၊ ဟိုရောက်တော့ စောင့်နေတဲ့ ဧည့်သည်တွေက ကုလားမနှစ်ယောက်လို့ ပြောတာပဲ၊ တစ်ယောက်က အသက်ခပ်ကြီးကြီး၊ တစ်ယောက်က အသက် ခပ်ငယ်ငယ်၊ အဲဒီ ခပ်ငယ်ငယ်ကုလားမရဲ့ လက်ထဲမှာ ကလေးတစ်ယောက်ကိုချီထားတယ်၊ ဒီကုလားမတွေရဲ့ပုံက မည်းတူးစုတ်ချာနေပြီး အနံ့ကလည်း အတော်နံသတဲ့၊ ဦးစိုးမြင့်က ပြောပြတာပေါ့။

ဒါနဲ့ သူတို့ချင်း မျက်နှာချင်းဆိုင်မိတယ်ဆိုရင်ပဲ အပြန်အလှန် ကုလားလိုပြောလိုက်ကြတာ ပေါက်ပေါက်ဖောက်နေသလိုပဲတဲ့။ ကလေးပွေ့ထားတဲ့ ကုလားမကဆို ငိုတစ်လုံး၊ ရယ်တစ်လုံးနဲ့ ပြောဆိုနေလိုက်တာများ ကြွက်ကြွက်ကိုညံနေတာပဲတဲ့၊ အဲဒီနောက် သူတို့ချင်းပြောလို့ဆိုလို့ပြီးပြီဆိုတော့မှ ဦးဇင်းက ကျောင်းပြန်လာတယ်၊ ဟိုကုလားမတွေကလည်း ပြန်သွားကြတယ်၊ ဦးစိုးမြင့်ကတစ်ဆင့် ဒကာ၊ ဒကာမတွေအားလုံးကလည်း ဒီကိစ္စကို သိသွားကြတယ်၊ ဒါပေမဲ့ အားလုံးက အားနာပြီး ဘယ်သူမှ မမေးကြ၊ မမြန်းကြဘူး၊ ဒါပေမဲ့ ဘုန်းကြီးက အရင်ကလိုမဟုတ်တော့ဘဲ နည်းနည်းအခြေပျက်သွားတာကိုတော့ အားလုံးက သတိထားမိကြတယ်၊ အဲဒီနောက် သုံးရက်လောက်ပဲကြာတယ်၊ အဲဒီ ဦးဇင်း ပြေးတော့တာပဲ၊ မနက်မိုးလင်းတော့ သူ့နေရာမှာ မရှိတော့ဘူး၊ ဘယ်မှလည်း လိုက်ရှာလို့မရဘူး၊ တစ်ခါတည်း ပျောက်သွားတယ်၊ သူ စုထားဆောင်းထားတဲ့ ငွေတွေပါ တစ်ပါတည်း မ သွားတယ်၊ တကယ်တော့ သူ့ဆီလာတဲ့ ဧည့်သည့်ဆိုတာတွေက သူ့အမျိုးတွေပဲဖြစ်မယ်၊ ကလေးနဲ့ကုလားမက သူ့မိန်းမပဲ ဖြစ်မယ်ဆိုပြီးတော့လည်း သုံးသပ်နေကြတယ်”



“အေး၊ ကောင်းတယ်၊ အဲဒါ အဖြေပဲ၊ ငါ့အမေလည်း ခုလောက်ဆို အတော်မှတ်လောက်သားလောက် ဖြစ်နေရော့မယ်၊ ဘုရားမှတ်လို့ ကိုးကွယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုတာ ဒါကို ပြောတာ”

“အေး၊ ခဏနေဦး၊ ပြောစရာကျန်သေးတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ နောက် ၁၅ ရက်လောက်ကြာတော့ အရှေ့ပိုင်းက ဖိုးထွန်းဆိုတဲ့ကောင်က အခိုးခံလိုက်ရတဲ့ သူ့မြင်းတစ်ကောင်ကို လိုက်ရှာရင်း ရှမ်းပြည်အစပ်နားကို ရောက်သွားသတဲ့၊ သူ့မြင်းက သားဖောက်လုပ်ငန်းအတွက် စပါယ်ရှယ်မွေးထားတဲ့ မြင်းကြီးဆိုတော့ တော်တော်အဖိုးတန်တယ်၊ သူက နှမြောတယ်၊ ဒါနဲ့ သူခိုးလက်ထဲကပဲ ပြန်ဝယ်ရဝယ်ရဆိုတဲ့ သဘောမျိုးနဲ့ သတင်းကြားတဲ့ နေရာတိုင်းကို ဒီကောင်ကလိုက်တာပဲ၊ လိုက်ရင်း ရှမ်းပြည်နားအထိ ရောက်သွားတာပဲ။

အဲဒီလို ဖိုးထွန်းက သတင်းကြားရာလျှောက်လိုက်နေရင်း တစ်နေ့ကျတော့ ကုလားတွေနေတဲ့ ရွာတစ်ရွာကို ရောက်သွားတယ်တဲ့၊ အဲဒီရွာထဲမှာပဲ ဖိုးထွန်းက ဈေးဆိုင်တစ်ဆိုင်မှာ မုန့်ပဲသရေစာလေးဘာလေး ဝင်ဝယ်တယ်၊ ဝယ်တော့ ဆိုင်ရှင်က အထဲမှာ ထိုင်နေတယ်၊ အသက်က ခပ်ငယ်ငယ်ပဲ၊ ပုခက်ထဲက ကလေးကိုလည်း ကြိုးဆွဲပြီးလွှဲပေးနေတယ်၊ ဒီဆိုင်ရှင် ကုလားကိုကြည့်ပြီး သူ့စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားတယ်၊ ဘယ်မှာမြင်ဖူးပါလိမ့်ဆိုပြီးတော့လည်း တွေးနေမိတယ်၊ ဒါပေမဲ့ အဖြေက မပေါ်ဘူး၊ အဲဒီနောက် သူက ဆိုင်ရှင်ကို ပိုက်ဆံအပေး၊ ဆိုင်ရှင်ကလည်း သူ့ကို မုန့်ထုပ်အပေး၊ တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံသွားမိကြတယ်၊ အဲဒီမှာတင် ဆိုင်ရှင်က ရုတ်တရက် မျက်နှာတွေ အကြီး

အကျယ်ပျက်သွားတယ်၊ ဖိုးထွန်းကိုလည်း ချက်ချင်းပဲ ကျောပေးပြီး ဟိုဘက်လှည့်ထိုင်နေလိုက်တယ်၊ ဒါကိုလည်း ဒီကောင်က ကောင်းကောင်းသတိပြုမိလိုက်တယ်၊ ဒါပေမဲ့ ဒီအထိကို သူ့မှာ ဘာမှ မသဲကွဲသေးဘူး။

အဲဒီနောက် သူ့မြင်းလည်း ဘယ်လိုမှ ပြန်မရနိုင်တော့ပါဘူးဆိုပြီး စိတ်လျှော့ပြီး အိမ်ကိုပြန်လာတဲ့အချိန်၊ မှန်လုံကားပေါ်ကို ရောက်တော့မှ ဒီအချက်ကို ပြန်စဉ်းစားမိရာက ကောင်းကောင်းအဖြေပေါ်သွားသတဲ့၊ လက်စသတ်တော့ ဒီဆိုင်ရှင်က တခြားသူမှ မဟုတ်ဘဲ၊ စိတ်ကူးထဲမှာ ဆံပင်တွေ၊ မျက်နှာပေါ်က အမွေးအမှင်တွေဖယ်ပြီး ဦးပြည်းနဲ့၊ သင်္ကန်းနဲ့ ပြန်ဆင်ပေးကြည့်လိုက်တော့မှ ငါတို့ဆီက ကျောင်းပြေးဘုန်းကြီးဖြစ်နေမှန်း သိလိုက်ရတော့တယ်ဆိုပဲကွ၊ ဖိုးထွန်းက အဲဒီတောကျောင်းမှာ အလှည့်ကျကပ္ပိယအဖြစ်နဲ့ လုပ်ခဲ့ဖူးသေးတယ်လေ၊ ဒီအကြောင်းတွေကို ဖိုးထွန်း ဒီပြန်ရောက်ပြီး ပြန်ပြောပြတော့မှ အားလုံး အောချယူကြရတယ်၊ အဲဒီ ဦးဇင်းရဲ့ လက်ရင်းဒကာမတွေ ဖြစ်ခဲ့ကြတဲ့ အမျိုးသမီးတွေလည်း ရှက်လွန်းလို့ ခေါင်းမဖော်နိုင်အောင် ဖြစ်ကြရတော့တာပေါ့ကွာ”

“အေး၊ ခုလို ကြားရတဲ့အတွက် ဝမ်းသာတယ်ကွာ၊ မင်းကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါက ဘာကိုပြလိုက်သလဲဆိုတော့ ဘယ်အရာမဆို အစစ်အမှန်မှမဟုတ်ရင် ကြာကြာခေါင်းမြီးခြုံပြီး မနေနိုင်ဘူး၊ အချိန်ဆိုတဲ့ တရားသူကြီးက အဖြေထုတ်ပေးတာကို ခံရစမြဲဆိုတာ ကမ္ပည်းတင်ပေးလိုက်တာပဲ၊ ကိုင်း- ငါလည်း ပြန်လိုက်ဦးမကွာ၊ ခုမှ ခရီးက ပြန်ရောက်တာဆိုတော့”

“အေး အေး၊ ပြန်ဦး ပြန်ဦး၊ ငါလည်း မင်းကို သိစေချင်လွန်းလို့ ခေါ်ပြောလိုက်တာပါ”



ကျွန်တော် အောင်သင်းနှင့်လမ်းခွဲပြီး ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အမေကလည်း ကျွန်တော့်ကို ဝမ်းသာအယ်လဲ ကြိုဆိုနေရှာပါသည်။ ကျွန်တော်က အမေ့ကို ပြန်နှုတ်ဆက်ရင်း နှစ်သိမ့်ပေးလိုက်ပါသည်။ သို့သော် လမ်း၌ သိရှိခဲ့ရသည့် ဟိုကိစ္စကိုတော့ ကျွန်တော်က တစ်ခွန်းမျှမဟပါ။ အမေ့ကိုလည်း လုံးဝမမေးကြည့်ပါ။ ဆိုခဲ့သည့်အတိုင်း ကျွန်တော်က အမေစိတ်မကောင်းဖြစ်ရမည့်၊ စိတ်ညစ်ရမည့် အပြောအဆို၊ အပြုအမူတို့ကို ထာဝစဉ် ရှောင်ရှားလာခဲ့သူပါ။

အမေကလည်း သည့်နောက်မှာတော့ ယခင်ပုံစံအတိုင်း ပြန်၍လည်ပတ်နေပါလေသည်။ ဆွမ်းလောင်းခြင်း၊ ဘုရားပန်းကပ်ခြင်း၊ ပုတီးစိတ်ခြင်း၊ တရားထိုင်ခြင်းတို့ဖြင့်သာလျှင် အငြိမ်းအေးကြီးငြိမ်းအေးနေတော့သည်။ အပြင်ကိုလည်း အထွက်နည်းသွားသလို အိမ်ကိုလည်း လူတရုန်းရုန်းနှင့် အဖြစ်မခံတော့ပါ။ အမေ့အရိပ်အကဲကိုကြည့်ပြီး ကျွန်တော်လည်း စိတ်ချမ်းသာရပါသည်။ ဘဝ၏နိဂုံးပိုင်းအချိန်မျိုးတွင် အခန့်မသင့်၍ လမ်းချော်သွားခဲ့မိသော်ငြား မကြာမမြင့်မီ ပြန်လည်တည့်မတ်လာနိုင်ခဲ့သည့်အဖြစ်ကိုလည်း ကျေးဇူးတင်စရာတစ်ခုအဖြစ် ကျွန်တော်က မှတ်ယူလိုက်မိပါသေးသည်။ ။

◆◆◆

## မုဒ္ဒဘာသာဆိုတာ

ကျွန်တော် ရန်ကုန်သို့ မရောက်ဖြစ်ခဲ့သည်မှာ အတော်ကြာခဲ့ပါပြီ။ အတိအကျပြောရပါက ရှစ်နှစ်ခန့်ပင် ရှိခဲ့ပြီ။ ယခုတစ်ကြိမ် ရန်ကုန်ကိုပြန်ရောက်တော့ မြင်တွေ့ရသမျှ အရာအားလုံးက ယခင်ကနှင့် များစွာခြားနားလျက် ရှိသည်ကို တွေ့ရသည်။ အဆောက်အအုံတွေ၊ လမ်းတွေ၊ ပို့ဆောင်ရေးစနစ်တွေကအစ အပြောင်းအလဲကြီးပြောင်းလဲသွားခဲ့ပြီ။ ကျွန်တော်သွားခဲ့လာခဲ့ဖူး၊ ရောက်ခဲ့ဖူးသော လမ်းများ၊ နေရာများကိုပင် မှတ်မိအောင် မနည်းကြိုးစဉ်းစားယူခဲ့ရသည်။

သည်နှစ်ထဲတွင် ကျွန်တော့်ဇနီးက ကျန်းမာရေးဖောက်လာသည်။ ထုံးစံအတိုင်း အမျိုးသမီးရောဂါပင် ဖြစ်သည်။ တိုင်းအထူးကု ဆရာဝန်ကြီးနှင့် ပြသကြည့်တော့ သားအိမ်ခေါင်းကင်ဆာက အစပျိုးနေပြီဖြစ်ကြောင်းနှင့် ဆေးဝါးနှင့် နည်းပညာမှအစ ပိုမိုပြည်စုံကောင်းမွန်သည့် ရန်ကုန်သို့ အမြန်ဆုံး သွားရောက်ပြသင့်ကြောင်း ညွှန်ကြားသည်။ သို့နှင့်ပင် ရန်ကုန်သို့ အားချင်းဆိုသလို ဆင်းလာခဲ့ကြရခြင်းဖြစ်သည်။





ရန်ကုန်တွင် အစစအရာရာ အဆင်ပြေပါသည်။ အထူးကုဆေးခန်းတွင်ပြသရာ လိုအပ်သလို စစ်ဆေးကုသပေးသည်။ ထို့နောက် ဒုတိယအကြိမ် ထပ်မံပြသရန် နှစ်ပတ်ခန့် ရက်ချိန်းပေးလိုက်သည်။ ရက်ချိန်းကိုစောင့်ရင်း ကျွန်တော်တို့တည်းခိုနေသော ဆွေမျိုးသားချင်းတစ်ဦး၏ အိမ်မှာပင် ပြန်အနားယူနေလိုက်ကြသည်။

ထိုရက်များအတွင်း တစ်နေ့မှာတော့ ကျွန်တော်က ဆရာဦးကျော်လွင်အား သွားရောက်နှုတ်ဆက်ဖို့ သတိရလိုက်မိသည်။ သို့နှင့်ပင် ဆရာ့လိပ်စာအတိုင်း တက္ကစီဖြင့် ကျွန်တော်ထွက်လာခဲ့မိသည်။ ဆရာ့အိမ်ရောက်တော့ ဆရာ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ရပါသည်။ ဆရာက ဝမ်းသာအားရ ကြိုဆိုသည်။ နှစ်ယောက်သား ဧည့်ခန်းတွင်ထိုင်ရင်း စကားဖောင်ဖွဲ့မိကြသည်။ ဆရာက သူ့အစ်မကြီး ဒေါ်သန်းသန်းနုအကြောင်း အပါအဝင် ဇာတိရပ်ရွာအကြောင်းကို စုံနေအောင်မေးမြန်းသည်။ ကျွန်တော်ကလည်း ဆရာ့ကို ပြည့်စုံအောင် ပြန်ဖြေသည်။

သို့နှင့် ထွေရာလေးပါး စကားများပြောစရာ ကုန်သွားပြီဆိုတော့မှ ကျွန်တော်က အဓိကအကြောင်းအရာတစ်ခုဆီသို့ စပြီးစကားဦးတည်လိုက်သည်။ ထိုကိစ္စက အခြားမဟုတ်ပါ။ တစ်ချိန်သောအခါက ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးအကြား ကြွေးကျန်အဖြစ်တင်ရှိနေသည့် ဟိုဦးဇင်းကိစ္စပင်ဖြစ်ပါသည်။ ကျွန်တော်က အောင်သင်းပြောပြသည့်အတိုင်းပင် ဆရာ့ကို အလုံးစုံပြန်ပြောပြလိုက်သည်။ ဆရာက ကျွန်တော်ပြောသမျှကို စူးစူးစိုက်စိုက်နားထောင်သည်။ တစ်စုံတစ်ရာ စကားဝင်ထောက်တာမျိုး၊ မေးခွန်းထုတ်တာမျိုးလည်း လုံးဝမပြုလုပ်ပါ။ ကျွန်တော့်စကားဆုံးသွား

ပြီဆိုတော့မှ ဆရာက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သက်ပြင်းတစ်ချက်ချသည်။ နှုတ်မှလည်း စကားစလိုက်သည်။

“အေးကွာ၊ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဆရာလည်း ထင်တော့ထင်ခဲ့ပြီးသားပါ။ ရာခိုင်နှုန်း တစ်ဝက်ကျော်ကျော်လောက် ခန့်မှန်းမိပြီးသားပါ။ နောက်ထပ် နည်းနည်းလောက် စောင့်ကြည့်လိုက်ရင် အဖြေက ပေါ်သွားနိုင်ပါတယ်၊ ဒါပေမဲ့ ဆရာကလည်း အဲဒီတုန်းက ပိဋကကျမ်းဘာသာပြန်ကိစ္စနဲ့ အရေးပေါ် ပြန်လာခဲ့ရတယ်၊ ဘယ်သူ့ကိုမှတောင် ဆရာ နှုတ်မဆက်ခဲ့ရဘူး”

“ဩော် ဒါဖြင့် အဲဒီတုန်းကတည်းက ခန့်မှန်းချက်တချို့ကို ဆရာ ထုတ်နိုင်ခဲ့ပြီးသားပေါ့၊ ဘယ်အချက်တွေနဲ့ ခန့်မှန်းချက်ထုတ်ခဲ့တယ်ဆိုတာ ပြောပြပါလား ဆရာ”

“အေး၊ ဆရာပြောပြမယ်၊ တစ်အချက်က ဆရာ ဘာတွေ့သလဲဆိုတော့ သူက ငွေတွေကို သောက်သောက်လဲ အလှူခံနေတဲ့ကိစ္စပဲကွ၊ ဒကာ ဒကာမတွေဆီက ဝတ္ထုငွေတွေကို ဒီလောက်တောင် သိမ်းကျုံးပြီး အကပ်ခံနေမှတော့ အများထင်နေကြသလို တရားရှင်၊ ပုဂ္ဂိုလ်ထူးမျိုး မဟုတ်နိုင်ဘူးလို့ ဆရာက အကြမ်းဖျင်း ဆုံးဖြတ်နိုင်ခဲ့တယ်။

နောက်တစ်ချက်က သူရဲ့ကျင့်ကြံအားထုတ်ပုံတွေမှာ လွဲချော်မှုတွေ အတော်များများရှိနေတာ ဆရာတွေ့ရတယ်၊ ပုံမှန်အနေအထားနဲ့ ကင်းကွာနေတာမျိုး၊ စတန့်ဆန်ဆန် ဖြစ်နေတာမျိုးတွေ ဆရာသတိပြုမိတယ်၊ နောက်ဆုံးတစ်ချက်ကတော့ သူဟာ ဘာသာခြား၊ လူမျိုးခြားကနေ ကူးပြောင်းလာခဲ့သူဖြစ်တယ်၊ အဲဒီအချက်ကပဲ သူ့ကို အများတကာထက် စောင့်ကြည့်ချင်စရာ၊ အကဲ



ခတ်ချင်စရာ ဖြစ်လာစေတယ်၊ ဆရာပြောတာတွေကို သဘောပေါက်ရဲ့လား”

“အကြမ်းဖျင်းတော့ သဘောပေါက်ပါတယ် ဆရာ၊ လုံးလုံးတော့ ဘဝင်မကျမိသေးဘူး၊ ဥပမာ-ဝတ္ထုငွေတွေကို လက်ခံနေတဲ့အတွက် တရားရှင်၊ ပုဂ္ဂိုလ်ထူးမဟုတ်နိုင်ဘူးလို့ ဆရာပြောခဲ့ပါတယ်၊ ဒါဆိုရင် ခုခေတ်သံဃာတော် အများစုကြီးကလည်း ဝတ္ထုတွေကိုင်နေကြတာပဲ၊ ဝတ္ထုတွေကိုင်တဲ့သံဃာတိုင်း အမြင့်စား၊ အမြတ်စား စာရင်းထဲ မပါဝင်နိုင်ဘူးလို့ ဆရာဆိုလိုပါသလား ခင်ဗျား”

“ဒီလိုမဆိုလိုပါဘူး၊ ဆရာ့စကားမှာ ပရိယာယ်တွေ အများကြီးပါဝင်ပါတယ်၊ ငွေကို ကိုင်နေရသော်လည်းပဲ၊ ငွေနဲ့ပတ်သက်နေရသော်လည်းပဲ စင်ကြယ်မြင့်မြတ်စွာ ဝန်ဆောင်ရပ်တည်နေနိုင်ကြတဲ့ သံဃာတော်တွေ အများကြီးရှိတယ်ဆိုတာ ဆရာလက်ခံပါတယ်၊ သို့သော် ဒီငွေကြေးရဲ့ သဘောသဘာဝကိုက သံဃာတော်တွေအတွက် အကုသိုလ်တွေ၊ အန္တရာယ်တွေနဲ့ အနီးစပ်ဆုံး ဆက်စပ်နေတာတွေမို့ ဒီစက်ကွင်းကနေ သတိကြီးစွာနဲ့ ရှောင်ရှားနိုင်စွမ်းမရှိဘဲ သားကောင်ဖြစ်သွားကြရတဲ့သူတွေကိုသာ ဆရာဆိုလိုခြင်းဖြစ်ပါတယ်။

ဘုရားရှင်က ရွှေငွေရဲ့ဆိုးကျိုးတွေကို မြင်တော်မူလို့ အမိန့်တော်တွေ တင်းတင်းကျပ်ကျပ်ထုတ်ပြန်တော်မူခဲ့တယ်၊ ရွှေငွေဟာ သံဃာနဲ့လုံးဝမအပ်စပ်ဘူးဆိုတာကို ဝိနည်းတွေ အထပ်ထပ် ပညတ်တော်မူခဲ့တယ်၊ သမိုင်းမှာ ဒုတိယအကြိမ် သင်္ဂါယနာတင်ခဲ့ရတာကိုက ဒီရွှေငွေကိစ္စနဲ့ အဓိကပတ်သက်နေတယ်၊ ဒီတော့ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ ဖြစ်တော်မူကြတဲ့ သံဃာတော်မြတ်တွေကလည်း ဒီဘုရားအမိန့်တော်အတိုင်း ရွှေငွေနဲ့ လုံးဝမပတ်သက်ဘဲ

ကြွံကြွံခိုင်ခိုင် ကျင့်ကြံနေထိုင်သွားကြတာတွေဟာ သမိုင်းတစ်လျှောက်လုံးမှာ အထင်အရှားရှိခဲ့တယ်။

ဒါပေမဲ့ နောက်ပိုင်းရောက်တော့ ခေတ်တွေက ပြောင်းလဲတယ်၊ သံဃာတွေအတွက် ထွေထွေသပ္ပာယနဲ့ ပြည့်စုံဖို့ အခက်အခဲတွေ ရှိလာတယ်၊ အဲဒီမှာတင် ဒီငွေကို ခုံမင်နှစ်သက်ခြင်း အလျှဉ်းမရှိသော်ငြား မတတ်သာဘဲ ဆက်သွယ်ပတ်သက်ဖို့က ဖြစ်ပေါ်လာတယ်၊ မရှိမဖြစ်တဲ့အရာမို့ သူ့ကို သုံးစွဲစေခိုင်းနေရပေမယ့် ဘုရားအမိန့်တော်ကို အလေးအမြတ်ပြုသောအားဖြင့် ဒေသနာကြားကြ၊ အာပတ်ဖြေကြဆိုပြီး သတိနဲ့ယှဉ်တဲ့ အဆုံးအမတွေ၊ အာစရိယဝါဒတွေ ဖြစ်ပေါ်လာတယ်။

ဒီတော့ မောင်ကို စဉ်းစားကြည့်စမ်း၊ ငွေဟာ သိပ်ပြီးစွမ်းအားရှိတယ်၊ တန်ခိုးရှိတယ်၊ သူ့ကို ထိန်းချုပ်ဖို့ဆိုတာ လွယ်သလား၊ ဘယ်လွယ်မလဲ၊ မလွယ်လို့လည်း သူရဲ့သံသရာချဲ့မှုကို အများစုက ခံယူနေကြရတာပေါ့၊ ငွေရှိရင် လိုချင်တာဝယ်နိုင်တယ်၊ ရနိုင်တယ်၊ ဒီငွေကပဲ ဝယ်ချင်စိတ်တွေ၊ ရချင်စိတ်တွေ ဖြစ်ပေါ်လာအောင် စေ့ဆော်ပေးတယ်၊ အာရုံခံစားမှုတွေ၊ သာယာမိန်းမောမှုတွေနဲ့ ပတ်သက်လာအောင် ဖန်တီးပေးတယ်၊ ဒီလိုနဲ့ပဲ ငွေက တဖြည်းဖြည်း ဘုရားလမ်းစဉ် အပြင်ဘက်ရောက်အောင် ဆွဲဆောင်ခေါ်ယူသွားတယ်။

ဘုရားလမ်းစဉ်က တပ်မက်မှုတွေ၊ မာန်မာနတွေ ကင်းစင်တဲ့ လမ်းစဉ်ဖြစ်တယ်၊ ခြိုးခြံခြင်း၊ နှိမ့်ချခြင်းတွေနဲ့ တန်ဆာဆင်ထားတဲ့ လမ်းစဉ်ဖြစ်တယ်၊ အနည်းဆုံး ဥပမာကိုပဲ ဆရာပြောမယ်၊ ငွေကြေးရယ်လို့ ဘာမှမစုဆောင်းတဲ့ သံဃာဟာ ဆွမ်း၊ ကျောင်း အစရှိတဲ့ ပစ္စည်းလေးပါးအတွက် အမြဲတစေ ပြည်သူကို အားကိုးနေရတယ်၊ နှိမ့်ချတဲ့အသွင်၊ နှိမ့်ချတဲ့စိတ်ထားနဲ့ ပြည်သူတွေဆီမှာ လှည့်လည်တောင်းခံနေရတယ်၊ ငွေရှိတဲ့သူကျတော့ ဒီလိုမဟုတ်ဘူး၊ ဆွမ်းအတွက်လည်း ပူစရာမလိုဘူး၊ ကျောင်းအတွက်လည်း ပူစရာမလိုဘူး၊ ဘယ်သူ့မှ အားကိုးစရာမလိုဘူး၊ ကိုယ့်ဘာသာ ဖန်တီးလို့ရတယ်ဆိုတဲ့ မာန်မာနမျိုးက သူ့မှာ ဝင်ပြီးခံလာတယ်၊ မာန်ရှိတဲ့ပုဂ္ဂိုလ်နဲ့ မာန်မရှိတဲ့ပုဂ္ဂိုလ်က အဲဒီမှာတင် လမ်းခွဲသွားတယ်၊ ဘုရားလမ်းစဉ်ရဲ့ အန္တိမရည်ရွယ်ချက်က နိဗ္ဗာန်ကို မျက်မှောက်ပြုရေးဖြစ်တာမို့ အဲဒီနိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ရောက်ဖို့ဆိုတာဟာ မာန်မာနတွေကို ခဝါချနိုင်မှသာ ရောက်နိုင်ရနိုင်တဲ့အရာဖြစ်တယ်၊ မာန်မာနတွေ အချောင်းချောင်းနဲ့ ပုဂ္ဂိုလ်ဟာ ပန်းတိုင်ကို မဆိုထားနဲ့ အနားကိုတောင် သိနိုင်ခွင့်မရှိဘူး၊ ငွေဟာ ဒီအထိ ဆိုးကျိုးကိုဖြစ်စေတယ်ဆိုတာ ဆရာရှင်းပြခြင်းဖြစ်တယ်၊ သဘောပေါက်လား တပည့်”

“သဘောပေါက်ပါပြီဆရာ၊ ငွေကို သတိနဲ့ကိုင်နိုင်ရင် ပြဿနာမရှိဘူး၊ ဒီလိုမှမဟုတ်ရင် ငွေက ချယ်လှယ်တာကိုခံရပြီး ကံဆိုးမိုးမှောင်ကျသွားနိုင်တယ်၊ ဖြစ်နိုင်ရင် ငွေကိုမကိုင်တာ၊ ငွေနဲ့ မပတ်သက်တာ အကောင်းဆုံးပဲလို့ ဆရာဆိုလိုမှန်း ကျွန်တော် သဘောပေါက်ပါတယ်၊ ဒီတော့ ဟိုတောကျောင်း ဦးဇင်းကိုလည်း ငွေတွေဖောဖောသီသီရနေတာကိုကြည့်ပြီး အဲဒီအချက်နဲ့ပဲ ဆရာဆုံးဖြတ်လိုက်သလား”

“သူကတော့ တော်တော်လွယ်ပါတယ်ကွ၊ သူ့အကြောင်းအချက်အလက်တွေကို ရှေ့နောက်ဆက်စပ်ပြီး စဉ်းစားလိုက်တာနဲ့ အဖြေက အလွယ်တကူပေါ်လာပါတယ်၊ သူဟာ ဘယ်သိမ်မှာ

ဘယ်ဆရာနဲ့ ရဟန်းဘောင်တက်ခဲ့တယ်ဆိုတာတော့ ဆရာ မသိဘူး ပေါ့ကွာ၊ ဒါပေမဲ့ အမှန်တကယ်သာ တရားကို စွမ်းစွမ်းတမံအားထုတ်နေတာမျိုး၊ ကျင့်ကြံနေတာမျိုးဆိုရင် သူ့အနေနဲ့ ဒီငွေတွေနဲ့ ဘာပတ်သက်နေစရာလိုသလဲ၊ ဦးဇင်းက ဝတ္ထုအလိုမရှိပါဘူး၊ မလှူကြမကပ်ကြပါနဲ့လို့ တစ်ခါတည်း အပြတ်ဖြတ်ထားလိုက်ရုံပေါ့၊ မနက်ဖြန်၊ သန်ဘက်ခါ သောတာပန်ဖြစ်ကိုဖြစ်ရမယ်ဆိုပြီး အားထုတ်နေတဲ့ ပုဂ္ဂိုလ်က ဒီငွေလောက်ကို ဘာငဲ့ကြည့်နေစရာလိုသလဲ။

ပြီးတော့ သူ့မှာ တခြားသံသယဖြစ်စရာ အချက်တွေလည်း ရှိသေးတယ်၊ သူ့ကို စတွေ့ကြတုန်းက နေပူပူကြီး ဆူးချုံထဲမှာဝင်ထိုင်ပြီး တရားအားထုတ်နေတယ်လို့ ဆိုသမို့လား၊ ခွေးလှေးယားသီးတွေကြားမှာ မလှုပ်မယှက်ထိုင်နေတယ်လို့ ဆိုတယ်မဟုတ်လား၊ ဒါတွေက သဘာဝမကျဘူး၊ တကယ်သာ တရားကိုလိုချင်တယ် ဆိုရင် ဒီလို ချုံထဲဝင်ထိုင်နေစရာ မလိုပါဘူး၊ အသင့်အတင့် သပ္ပာယ မျှတမှု ရှိတဲ့ နေရာတွေက အများကြီးပါ၊ တစ်နေရာရာကို ချဉ်းကပ်ပြီး အပြင်းအထန်အားထုတ်မယ်ဆို အားထုတ်နိုင်ပါတယ်၊ နောက်တစ်ခုက ဆွမ်းတောင်ထွက်မစားတော့ဘဲ တစ်နေကုန် ဂူအောင်းနေတာတို့၊ ညဥ့်နက်သန်းခေါင်ကြီး သစ်ငုတ်တိုပေါ် တက်ရပ်နေတာတို့၊ ကျောက်ရေစည်ထဲဝင်ရပ်ပြီး အားထုတ်နေတာတို့ ဆိုတာတွေက တကယ်တမ်းကျတော့ ချီးမွမ်းစရာတွေ မဟုတ်ဘူးကွ မောင်ကိုရ၊ ဟိုတုန်းက ရဟန်းတစ်ပါးဟာ အိပ်ငိုက်မှာစိုးလို့ ရေတွင်းထဲဆင်းရပ်ပြီး တရားအားထုတ်ခဲ့တဲ့သာဓက ရှိခဲ့ဖူးပါတယ်၊ ခုခေတ်မှာတော့ ဒါမျိုးလာလုပ်ပြနေမယ်ဆိုရင် တကယ့် ပညာရှိ တွေက နှာခေါင်းရှုံ့ကြမှာပေါ့ကွ”



“ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ပိုပြီး ရိပ်မိလာပါပြီ၊ သူက ထူးထူးကဲကဲ၊ ဆန်းဆန်းပြားပြား ကျင့်ကြံအားထုတ်ပုံတွေ လုပ်ပြပြီး ဒကာတွေရဲ့ အံ့သြကြည်ညိုမှုကို အရယူမယ်၊ ဒီကနေ အုတ်အော်သောင်းတင်း ယိုဖိတ်ကျလာတဲ့ သဒ္ဓါနဲ့အတူ ဒကာတွေ ရက်ရက်ရောရော လှူလာတန်းလာကြအောင် ဖန်တီးယူမယ်၊ ဒီယုန်မြင်လို့ ဒီချုံထွင်ဆိုတဲ့ သဘောမျိုးပဲ မဟုတ်လားဆရာ”

“ဒီလိုပဲလို့ ပြောရမလိုဖြစ်သွားတာပဲ၊ တကယ်တော့ တရားရှင်စစ်စစ်ရဲ့ သွင်ပြင်လက္ခဏာက ဒီလိုပုံစံမျိုးမှမဟုတ်ဘဲ၊ သူတော်ကောင်း၊ သူတော်မြတ်တွေရဲ့ သဘောသဘာဝကို နဂိုကတည်းက ဘောင်ခတ်သတ်မှတ်ပေးထားပြီးသားပဲ၊ အစစ်အမှန် ပုဂ္ဂိုလ်မှန်ရင် ဘယ်တော့မှ ကိစ္စများတာကို မကြိုက်ဘူး၊ သူ့ဘာသာ တရားနှလုံးသွင်းပြီး တရားနဲ့ပဲ ပျော်မွေ့နေချင်တယ်၊ အသံနဲ့ အလင်းရောင်တွေကို မနှစ်သက်ဘူး၊ ဆိတ်ငြိမ်မှုနဲ့ အမှောင်ကိုသာ နှစ်သက်တယ်၊ လာဘ်လာဘတွေ၊ ပရိသတ်တွေ၊ ကျော်ကြားလိုမှုတွေနဲ့ ကင်းရှင်းတယ်၊ တရားရှင်ဖြစ်ကြောင်း၊ သူတော်ကောင်းဖြစ်ကြောင်း ကြေညာဖို့ဝေးစွ၊ သူ့မှာ ကိန်းနေတဲ့ တရားထူးကိုတောင် အများသိသွားမှာ အလွန်စိုးရိမ်တယ်၊ သိုသိပ်တဲ့ သဘောရှိတယ်”

“ဒါဆိုရင် ပရိသတ်အထောင်အသောင်းနဲ့ ပတ်သက်နေရတဲ့ သံဃာတွေ၊ ဥပမာ-တရားပွဲပေါင်းများစွာနဲ့ တရားဟောနေတဲ့ သံဃာတွေပေါ့၊ ဒါကို ဆရာ ဘယ်လိုသုံးသပ်မလဲ”

“ဒီနေရာမှာ ခြွင်းချက်ရှိပါတယ်၊ ပရိသတ်နဲ့ နေသင့်လို့နေရတဲ့ သံဃာတွေ၊ တရားဟောသင့်လို့ ဟောရတဲ့သံဃာတွေရှိတယ်၊ ဥပမာ မိမိကိုယ်တိုင်ကလည်း တရားထူးရထားတယ်၊ မိမိဝေနေယျတွေကို

မိမိကိုယ်တိုင်လည်း ကယ်ချွတ်ပေးရမယ့် ပါရမီကလည်း ပါလာတယ်၊ ဒါဆိုရင် ပရိသတ်နဲ့ ဆက်ဆံရမှာပဲ၊ တရားဟောရမှာပဲ၊ သူဟောတဲ့ တရားက နိဗ္ဗာန်ရောက်ကြောင်းတရား၊ သူ့ စေတနာက ဒုက္ခသည်တွေကို သံသရာက ကျွတ်လွတ်စေလိုတဲ့ စေတနာဖြစ်နေတော့ ဘာမှကို ပြောစရာမရှိဘူး၊ ချီးမွမ်းစရာတွေချည်းပဲ၊ ဒီတော့ ဒီလို ပုဂ္ဂိုလ်မျိုးကို လာဘ်လာဘလိုချင်သူ၊ ကျော်ကြားမှု လိုချင်သူအဖြစ် ဘယ်လိုမှ သတ်မှတ်လို့ မရဘူး။

တရားပွဲတစ်ပွဲကို ရောက်သွားတယ် ဆိုပါစို့၊ သေသေချာချာ တရားနာကြည့်ပါ၊ ကိုယ်နာရတဲ့တရားက နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ဖြစ်စေတဲ့ ခန္ဓာဉာဏ်ရောက်တရားမျိုးလား၊ သို့မဟုတ် လူမှုရေးတရား၊ ခေတ်ပြင်လူပြင်တရား၊ နိုင်ငံရေးတရားမျိုးလား ဆိုတာ ခွဲခြားပြီး သိမြင်လာလိမ့်မယ်၊ ဒီလို အရည်အသွေးပိုင်းနဲ့ ပတ်သက်ပြီး အကဲဖြတ်လာပြီဆိုတာနဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်အလိုက် ဘယ်သူက လာဘ်လာဘနဲ့ ဆက်သွယ်တယ်၊ ဘယ်သူက လာဘ်လာဘနဲ့ မဆက်သွယ်ဘူး စသဖြင့် ဆက်လက်ပြီး ကွဲကွဲပြားပြား ပိုင်းခြားသိမြင်သွားနိုင်တာပေါ့ကွာ”

“သဘောကျပါပြီ ဆရာ၊ ဆရာ ရှင်းပြတာတွေက တော်တော်ဓမ္မဓိဋ္ဌာန်ကျပါတယ်၊ အကြောင်းတစ်ရပ်ရပ်အပေါ် စနစ်တကျ ဆင်ခြင်သုံးသပ်တတ်စေဖို့အတွက်လည်း အများကြီး အထောက်အပံ့ဖြစ်စေပါတယ်၊ ဒါနဲ့ဆရာ တခြားဘာသာခြား၊ လူမျိုးခြားကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာတဲ့ကိစ္စတွေကိုရော ဆရာ ဘယ်လို သုံးသပ်သလဲ၊ အဲဒါက ဟို ဦးဇင်းနဲ့ပတ်သက်တဲ့ ဆရာ့ရဲ့ နောက်ဆုံး သုံးသပ်ချက်လို့ ထင်ပါတယ်”



“အေးကွ၊ တို့ဗုဒ္ဓဘာသာမှာ ဒါလည်း အရေးကြီးတဲ့အချက် တစ်ခုပဲ၊ တခြားဘာသာကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာတဲ့ သူတွေအတွက်ရော၊ တို့ဘာသာကနေ တခြားဘာသာကို ကူးပြောင်းသွားတဲ့သူတွေအတွက်ပါ ဆရာ့မှာ ပြောစရာစကားတွေ တော်တော်များများရှိတယ်။

တကယ်တော့ အယူဝါဒကူးပြောင်းမှုဆိုတာ ဘာသာတိုင်းမှာ လိုလိုရှိတယ်၊ လူမျိုးတိုင်း၊ နိုင်ငံတိုင်းလိုလိုမှာလည်းရှိတယ်၊ ဒီနေရာမှာ လူမျိုး၊ ဘာသာနဲ့ တိုင်းနိုင်ငံတွေ ဘယ်လိုပဲကွဲပြားနေပါစေ၊ အချက်တစ်ချက်မှာတော့ အားလုံးသွားပြီး တူညီနေတာကို တွေ့ရတယ်၊ အဲဒါကတော့ မိမိဘာသာထဲ ကူးပြောင်းဝင်ရောက်လာတဲ့ ဧည့်သည်ဘာသာဝင်တွေကို မူရင်းအိမ်ရှင်ဘာသာဝင်တွေက လှိုက်လှဲဝမ်းသာကြိုဆိုကြတယ်၊ အထင်တကြီးနဲ့ ဆီးကြိုအသိအမှတ်ပြုကြတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်၊ အဲဒီအချက်မှာ သွားပြီး တူနေကြတယ်၊ ဒီတော့ ဘာကြောင့် ဒီလိုတူရတာလဲလို့ မေးစရာရှိတယ်၊ ဘာသာကူးပြောင်းတယ်ဆိုတာ လွယ်တဲ့အလုပ်မဟုတ်ဘူး၊ တော်ရုံလူ လုပ်ဝံ့တဲ့အလုပ်မျိုး မဟုတ်ဘူး၊ ခုလို သူတို့ဘာသာကို စွန့်လွှတ်ပြီး ငါတို့ဘာသာထဲ ဝင်လာတယ်ဆိုတာဟာ သူတို့ဘာသာရဲ့ အပြစ်တွေကို မြင်တွေ့ခဲ့ရလို့ပဲ ဖြစ်မယ်၊ ငါတို့ဘာသာရဲ့ အနှစ်သာရတွေကို နှစ်သက်သဘောကျလို့ပဲဖြစ်မယ်၊ အစရှိတဲ့ အတ္တ ဗဟိုပြုတွေးခေါ်မှုတွေကြောင့်သာလျှင် စောစောက ဆရာပြောခဲ့ တဲ့အတိုင်း ဘာသာပြောင်းလာတဲ့သူတွေကို ဝိုင်းဝန်းပြီး မြှောက်ပင့်ပေးကြ၊ နေရာပေးကြနဲ့ ဖြစ်ကုန်တာပဲ။

မောင်ကိုလည်း ကြားဖူးမှာပေါ့၊ ဗုဒ္ဓဘာသာကနေ တခြား ဘာသာကူးပြောင်းသွားတဲ့သူတွေကို ဟိုဖက်ကလူတွေက ရောက်

ရောက်ချင်း အဆင့်မြင့်မြင့် နေရာပေးလိုက်တာတို့၊ ငွေကြေးထောက်ပံ့တာတို့၊ တခြားအခက်အခဲတွေ ကူညီပေးတာတို့ စသဖြင့်ပေါ့၊ ကြားဖူးတယ်မဟုတ်လား။

ဒီနေရာမှာ တို့က သူများထက် ပိုတောင်ဆိုးသေးတယ်လို့ ဆရာဆိုချင်တယ်၊ လက်တွေ့အားဖြင့် အဲဒီ ဦးဇင်းရဲ့ဖြစ်စဉ်ကိုပဲ ကြည့်လေ၊ သာမန် ကုလားတိန်လေးတစ်ယောက် ကိုယ့်ဘာသာထဲ ဝင်လာတာကိုပဲ တို့လူတွေက တစ်ခါတည်း အုတ်အော်သောင်းတင်းတွေကိုဖြစ်လို့၊ ကိုယ့်ဘာသာထဲဝင်ပြီး ဘုန်းကြီးပါဝတ်ပြလိုက်တော့ ပီတိတွေကို ရွှန်းရွှန်းစိုလို့၊ တစ်ခါ ထူးထူးဆန်းဆန်းတွေပါ စတန့်ထွင်ပြီး ကျင့်ကြံပြလိုက်တော့ အံ့သြဘနန်းတွေကိုဖြစ်လို့၊ သဒ္ဓါတရားတွေကလည်း လှိုင်းထပြီး ရေစီးကမ်းပြိုတွေကိုလိုက်လို့။

သိပ်သတိထားဖို့လိုတယ်ကွ မောင်ကိုရ၊ သူက တို့ဘာသာထဲကို ဘယ်လိုစိတ်ထား၊ ဘယ်လိုအမြင်မျိုးနဲ့ ဝင်လာတယ်ဆိုတာ ဆရာ မသိဘူး၊ မင်းလည်း မသိဘူး၊ နောက်ဆုံးမှာတော့ သူ့ကိုယ်ကျိုး သူလုပ်ပြီး ပြန်ထွက်ပြေးသွားတာ မင်းအမြင်ပဲ၊ ဒါဟာ တို့ဘာသာဝင်တွေမှာ မျက်ကန်းတွေ၊ လူပြိန်းတွေ အများကြီးရှိတယ်ဆိုတာ လက်တွေ့ပြသလိုက်တာဖြစ်သလို တို့ဘာသာဝင်တွေမှာ ဒီလိုဟာကွက်၊ ပျော့ကွက်တွေ ရှိတယ်ဆိုတာ ပေါ်ပေါ်ထင်ထင် သိစေလိုက်တာလည်း ဖြစ်တယ်၊ ဆရာကတော့ ဒီလိုပဲ ခပ်ရှင်းရှင်းပြောချင်တယ်။

ဘာသာပြောင်းတယ်ဆိုတာ မလွယ်ဘူးလို့ ဆရာပြောခဲ့ပြီ၊ ဒါပေမဲ့ ဒီမလွယ်တဲ့အလုပ်ကို လုပ်ရုံမျှနဲ့ အဲဒီလူကို လူစွမ်းကောင်း၊ သတ္တိခဲအဖြစ် ဘယ်သတ်မှတ်လို့ရမလဲ၊ ဘာသာပြောင်းလာတိုင်း ဘယ်အရမ်း အထင်ကြီးလို့ရမလဲ၊ ပြောကြကြေးဆိုရင် သူ့ဖက်



ကိုယ့်ဖက် ဘာသာပြောင်းကြတဲ့သူတွေထဲမှာ ခြေခြေမြစ်မြစ်မရှိတဲ့သူက အများစု ဖြစ်နေတယ်လို့တောင် ဆရာဆိုချင်မိတယ်၊ ဥပမာအားဖြင့် ဆရာတို့ဘာသာထဲကို ဆရာတော် ဦးလောကနာထတို့၊ ဆရာ ဦးဆန်းလွင်တို့လို အကျော်ဇေယျတွေ ဝင်လာတာမျိုးရှိတယ်၊ သူတို့က မဝင်ခင်ကတည်းကကို ဗုဒ္ဓဘာသာကို သေသေချာချာလေ့လာတယ်၊ စူးစမ်းတယ်၊ နှစ်ခြိုက်ပြီ၊ ဘဝင်ကျပြီဆိုတော့မှ ခြေစုံပစ်ပြီးဝင်တယ်၊ တကယ်တမ်းလည်း ဗုဒ္ဓဘာသာကို သေသည်အထိ ဖက်တွယ်သွားတယ်၊ မြတ်နိုးသွားတယ်၊ ဒါမျိုးကျတော့ အခြေအမြစ်ရှိတဲ့သူလို့ ခေါ်တယ်၊ တို့ဘုရားကလည်း ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ ချီးမွမ်းတယ်၊ သဘောကျတယ်၊ ဘုရားရှင်ကိုယ်တော်တိုင်က ငါ့သာသနာ၊ ငါ့တရားကို ဘယ်သူက ကောင်းတယ်ပြောပြော၊ မယုံပါနဲ့၊ ကိုယ်တိုင်လေ့လာ၊ ကိုယ်တိုင်ကျင့်ကြံပြီး သဘောကျပြီဆိုတော့မှ ယုံကြည်ပါလို့ ဟောတော်မူထားတယ်၊ အခြေအမြစ်ရှိတဲ့သူတွေက ဒီအချက်နဲ့လည်း ကိုက်ညီသွားတယ်။

ဆရာ ဒီလိုဆိုလိုက်တဲ့အတွက် တခြားသာမန် ဘာသာကူးပြောင်းလာတဲ့သူတွေအပေါ် ရှုတ်ချလိုက်တာမျိုး၊ အထင်သေးလိုက်တာမျိုး လုံးဝမဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမိလို့၊ ပိုပြီးအားကိုးအားထားပြုချင်လို့ ဘာသာကူးပြောင်းလာချင်တယ်ဆိုရင် ကူးပြောင်းလာလို့ရပါတယ်၊ ဒါကို ဆရာလည်း အားပေးပါတယ်၊ ကြိုလည်းကြိုဆိုပါတယ်၊ သို့သော် မကူးခင်မှာဖြစ်ဖြစ်၊ ကူးလာပြီးတဲ့နောက်မှာဖြစ်ဖြစ် စူးစမ်းမှု၊ လေ့လာမှုတွေနဲ့ အမြဲမပြတ် ထုံမွှမ်းနေဖို့လိုတဲ့အကြောင်းကို ထောက်ပြချင်တာပါ။ ဒါမှလည်း သူတို့အနေနဲ့ ခြေမြစ်တဲ့ဘာသာကူးပြောင်းသူတွေ ဖြစ်လာနိုင်မှာဖြစ်ပါတယ်၊

မောင်ကိုတို့မြို့က ပေါ်တော်မူဦးဇင်းကတော့ အချိန်ယူလေ့လာဆည်းပူးပြီးမှ ဆရာနဲ့ဘာနဲ့ စနစ်တကျ ကူးပြောင်းလာတာမျိုးဟုတ်ဟန် မတူဘူး၊ ဒါကြောင့်လည်း အခြေမခိုင်ဘဲ အလွဲလွဲအချော်ချော်တွေဖြစ်ပြီး လွင့်ထွက်သွားရခြင်းဖြစ်တယ်"

"ဟုတ်ကဲ့ ဆရာ၊ အဲဒီအပိုင်းကို ရှင်းပါပြီ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာကနေ တခြားဘာသာထဲ ကူးသွားတဲ့သူတွေအပေါ်ကိုရော ဆရာ ဘယ်လိုမြင်သလဲ၊ သူတို့လည်း ခြေခြေမြစ်မြစ်မရှိဘဲ ကူးသွားကြတာပဲလား"

"သူတို့က အများကြီး ပိုဆိုးတာပေါ့၊ ဘာသာကူးတယ်ဆိုကတည်းက ဒီဖက်ဘာသာကို အထင်သေးပြီး ဟိုဖက်ဘာသာကို အထင်ကြီးလို့ ကူးသွားကြတာပဲ၊ တို့ဆီကနေ တခြားဘာသာထဲ ကူးသွားသူတွေက ခြေခြေမြစ်မြစ်မရှိတဲ့နေရာမှာ ဘာကြောင့် ပိုဆိုးနေသလဲဆိုတော့ သူတို့ရဲ့ တခြားဘာသာအပေါ် အထင်ကြီးမှုက ခိုင်လုံတဲ့အကြောင်းရယ်လို့ ဘာမှ ရေရေရာရာမရှိဘူးကွ၊ ဒီအတိုင်းပဲ မူရင်းဘာသာအပေါ် အထင်သေးရခြင်းကို စိစစ်ကြည့်လိုက်ပြန်တော့လည်း တိကျခိုင်မာတဲ့ အကြောင်းပြချက်ရယ်လို့ ဘာမှ ဟုတ်တိပတ်တိ မတွေ့ရပြန်ဘူး။

ဆရာမြင်မိသလောက်တော့ ဘာသာပြောင်းသွားတဲ့သူတွေဟာ အခိုက်အတန့်တစ်ခုအတွင်းမှာ ကြုံကြိုက်မှု၊ တိုက်ဆိုင်မှုလေးတွေ အပေါ် အဟုတ်ထင်ပြီး ကူးသွားတဲ့သူတွေကသာ အများစုဖြစ်နေတာ တွေ့ရတယ်၊ ဥပမာ-လူတစ်ယောက်ဆိုပါစို့ကွာ၊ ဒီလူက အသက်အန္တရာယ်တစ်ခုနဲ့ ကြုံဆုံနေရတယ်၊ အဲဒီအချိန်မှာ တခြားဘာသာဝင် လူတစ်ယောက်ကရောက်လာပြီး ခင်ဗျား ကျွန်တော်တို့ဘုရားကို



အာရုံပြုပါ၊ တိုင်တည်ပါ၊ အန္တရာယ်ကနေ လွတ်ပါလိမ့်မယ်လို့ လာပြောသွားတယ်၊ ဒီလူက ကြောက်စိတ်မွှန်နေတဲ့ အချိန်ဆိုတော့ ဟိုလူပြောတဲ့အတိုင်း လုပ်လိုက်ကြည့်လိုက်မိတယ်၊ အဲဒီမှာပဲ တိုက်တိုက်ဆိုင်ဆိုင် အန္တရာယ်ကနေ သူလွတ်မြောက်သွားတယ်၊ လွတ်မြောက်သွားတော့ ဟိုလူပြောတာ တယ်ဟုတ်ပါလားဆိုပြီး ယုံသွားတယ်၊ ဒီသဘောမျိုးကို ဆရာဆိုလိုတာ၊ နောက်ထပ်သာဓကတွေ အများကြီးရှိသေးတယ်၊ တခြားဘာသာဝင်တွေရဲ့ တိုက်တွန်းချက်အတိုင်း ပြုမူလုပ်ကိုင်ကြည့်ရာက ကျန်းမာရေးကောင်းသွားတာတို့၊ စီးပွားရေးပြေလည်သွားတာတို့၊ အရက်ပြတ်ပြီး လိမ္မာရေးခြားရှိသွားတာတို့ စတဲ့အကြောင်းတွေကြောင့် ဟိုဖက်ကို အထင်ကြီးပြီး ကူးသွား တာမျိုးတွေပေါ့၊ ဆရာပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့၊ ဟိုဖက်ဘာသာအပေါ် အထင်ကြီးပုံကြီးနည်းက သိပ်မနိပ်လှတာကို သိရပါပြီ ဆရာ၊ ကိုယ့်ရဲ့ မိရိုးဖလာဘာသာအပေါ် အထင်သေးပုံသေးနည်းကလည်း ဘာကြောင့် ရေရေရာရာမဟုတ်တာလည်း ဆရာ၊ အဲဒါလည်း ရှင်းပြပါဦး"

"ကိုယ့်ဘာသာအပေါ် အထင်သေးပုံက လူပြိန်းဆန်လွန်းတယ်ကွ၊ ဘာမဟုတ်တဲ့ အသေးအဖွဲလေးတွေကိုကြည့်ပြီး သူတို့က မနှစ်မြို့က်တဲ့စိတ်တွေ၊ ဘဝင်မကျတဲ့စိတ်တွေ ဝင်သွားကြတာ၊ ဥပမာ-သံဃာတချို့ရဲ့ ညံ့ဖျင်းတဲ့အပြုအမူ၊ အနေအထိုင်တွေကို မြင်ရလို့ အထင်သေးသွားတာမျိုး၊ ဗုဒ္ဓဘာသာဝင်အညံ့စားတွေရဲ့ ဒါနမှု၊ သီလမှုကိစ္စတွေမှာ ကို့ရို့ကားယား၊ ပုံပျက်ပန်းပျက်ဖြစ်နေတာကို မြင်ရလို့ စိတ်ပျက်သွားတာမျိုး၊ တချို့ ဘုရားဟော အချက်အလက်တွေအပေါ် ယုတ္တိယုတ္တာ ရှိ၊ မရှိ လျှောက်စဉ်းစားရင်း တွေဝေပြီး သံသယဝင်သွားတာမျိုး စသဖြင့် အဲဒါမျိုးတွေပေါ့ကွာ။

သူတို့က ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် ပညာရပ်တွေကို မသင်ကြားလိုက်ရတဲ့ မူကြိုအဆင့်လောက်နဲ့ ကျောင်းထွက်သွားတဲ့သူတွေလို ဖြစ်နေတယ်ကွ၊ အတုအယောင် ဗုဒ္ဓဘာသာဝင်တွေရဲ့ အသိမ်အဖျင်းတွေ၊ အသေးအဖွဲတွေကို စက်ဆုပ်ပြီး ဗုဒ္ဓဘာသာဆိုတာ အလကားပါ ရယ်လို့ နှလုံးပိုက်သွားကြတာ၊ အထက်တန်း ဗုဒ္ဓဘာသာပညာရပ်တွေဖြစ်တဲ့ ကိုယ်ကျင့်တရားတို့၊ ဈာန်တို့၊ မဂ်တို့၊ ဖိုလ်တို့၊ မဂ္ဂင်ရှစ်ပါးတို့၊ သစ္စာလေးပါးတို့ အစရှိတဲ့ နက်နဲတဲ့အပိုင်းကိုကျတော့ သူတို့က နည်းနည်းမှ မြည်းမသွားကြဘူးပဲကိုး၊ ဒါကြောင့် ဒီလူတွေကမှ တကယ့်ကို ငါးပါးမှောက်တာကွ မောင်ကိုရ၊ ကိုယ့်လမ်းကိုဖြင့် ကိုယ်ဆုံးအောင်လျှောက်မကြည့်ဘဲ တစ်ဝက်တစ်ပျက်နဲ့တင် ဘာသာကို စွန့်သွားကြတာ၊ သိပ်နစ်နာတာ၊ သိပ်မိုက်မဲတာပဲ၊ အေးလေ သူတို့ထက်ဆိုးတဲ့သူတွေတောင် ရှိပါသေးတယ်၊ ဘေးအမျိုးမျိုးကြောင့် ဘာသာကူးသွားရတဲ့သူတွေ၊ ချစ်သူကဆွဲဆောင်လို့ ဘာမှန်းညာမှန်း မသိဘဲ ဘာသာကူးသွားကြတဲ့သူတွေ၊ ဒါမျိုးတွေလည်း အများကြီး ရှိပါသေးတယ်”

“ဒီနေရာမှာ ကျွန်တော်နည်းနည်းဝင်ထောက်ပါရစေ ဆရာ၊ ဗုဒ္ဓဘာသာကနေ တခြားဘာသာကို ကူးသွားတဲ့သူတွေထဲမှာ ဓမ္မာစရိယလိုမျိုး အဆင့်မြင့် စာအောင်ပုဂ္ဂိုလ်မျိုးတွေတောင် ရှိခဲ့ဖူးတယ်လို့ ကျွန်တော်မှတ်သားခဲ့ဖူးပါတယ်၊ သူတို့ဟာ ဗုဒ္ဓစာပေကို နှံ့စပ်အောင် မွှေနှောက်ချောက်ချားထားတဲ့သူတွေ မဟုတ်လား ဆရာ၊ သူတို့ကိုကျတော့ ဆရာ ဘယ်လိုပြောမလဲ”

“အေး၊ ဒါလည်း မသိရင် အထင်လွဲစရာပဲ၊ တို့ဗုဒ္ဓဘာသာမှာ စာတတ်ရုံနဲ့ အလုပ်မဖြစ်သေးဘူးကွ၊ ဗုဒ္ဓပညာရပ်ဆိုတာ တတ်နေ၊



သိနေရုံနဲ့ ဘာလုပ်ဖို့လဲ၊ ကိုယ်သိထား၊ တတ်ထားတာကို ဆက်ပြီး စူးစမ်းကြည့်ရသေးတယ်၊ ကျင့်ကြံကြည့်ရသေးတယ်၊ အားထုတ်ကြည့်ရသေးတယ်ကွ၊ ဒီလို ဝိဇ္ဇာနဲ့စရဏ နှစ်ပါးလုံးပြည့်စုံသွားပြီဆိုတော့မှ ဒီပုဂ္ဂိုလ်မျိုးကို တင်းပြည့်ပုဂ္ဂိုလ်လို့ခေါ်နိုင်တာ၊ အဲဒီလိုမှ အင်္ဂါမစုံရင် စာတွေ မိုးပျံအောင် တတ်နေပါစေ၊ ဘာမှ အထင်မကြီးလောက်၊ မချီးမွမ်းလောက်ပါဘူး၊ သူ့ဟာက အခြေခိုင်သေးတာမှ မဟုတ်ဘဲ”

“ဟုတ်ကဲ့ ဆရာ၊ ကျေနပ်ပါပြီ၊ ကျွန်တော်မေးသမျှ စိတ်ရှည်ရှည်နဲ့ ခုလိုပြန်ဖြေပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ် ဆရာ၊ နောက်ဆုံးအနေနဲ့ အခု ဆရာပြောသွားပြီးသမျှတွေကို ကျွန်တော်မှတ်မိအောင် ဝိုင်းကြီးချုပ်သဘောမျိုး တစ်ခါထပ်ပြောပါလား ဆရာ”

“အေး၊ ဆရာ ပြောပြပါမယ်၊ အဓိက ဆရာရည်ညွှန်းတာက လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်၊ မိမိနှစ်သက်တဲ့ ဘာသာတရားကိုလည်း ကိုးကွယ်ခွင့်ရှိတယ်၊ ဒါဟာ လူတိုင်းရဲ့ အခွင့်အရေးပဲ၊ ဒါပေမဲ့ ဒီအခွင့်အရေးကို အကျိုးရှိရှိနဲ့ ထိထိရောက်ရောက် အသုံးချသင့်တယ်၊ ဘာသာကူးပြောင်းခြင်းဆိုတဲ့ မဟာကိစ္စကြီးမျိုးကို လေးလေးနက်နက်၊ လေးလေးစားစား ပြုလုပ်ကြစေချင်တယ်၊ ဒီနေရာမှာ မင်းတို့ငါတို့က ဗုဒ္ဓဘာသာတွေဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲ အထူးပြုပြီးပြောချင်တယ်၊ ဘာသာဆုံးရှုံးသွားခြင်းဟာ သိပ်နစ်နာတယ်၊ ခုဘဝမှာရော၊ နောင်သံသရာမှာပါ တစ်လျှောက်လုံး စုံလုံးကန်းသလိုမျိုး ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ဒီကိစ္စကို သတိကြီးစွာထားဖို့ လိုအပ်တယ်။

ဒီလိုပြောတဲ့အတွက် ကိုယ့်ဖက်လူတွေကို တခြားဘာသာထဲ မရောက်စေချင်လို့ ဆွဲပြောနေသယောင် ထင်ကောင်းထင်လိမ့်မယ်၊ ဒီလို မဟုတ်ပါဘူး၊ ဗုဒ္ဓဘာသာမှာ အရေအတွက် လျော့သွားတဲ့ အတွက် ထူးပြီးထိခိုက်သွားတာမျိုးမရှိသလို၊ အရေအတွက် တိုးလာတဲ့အတွက်လည်း အထူးတလည် ချီးမွမ်းစရာမလိုပါဘူး၊ ဗုဒ္ဓဘာသာဆိုတာ လူတွေအများကြီးကို လိုက်စုဆောင်းပြီး နယ်ချဲ့နေတဲ့ သာသနာမျိုးမဟုတ်ဘူး၊ ယုံကြည်သက်ဝင်မှုကို အဓိကထားပြီး ဖွဲ့စည်းတည်ဆောက်ထားတဲ့ ဘာသာတရားသာဖြစ်တယ်၊ ဘုရားရှင်ကိုယ်တိုင်က ငါ့တရားကို လက်တွေ့ကျင့်ကြံအားထုတ်ကြည့်ပြီးမှ ငါ့စကားကိုယုံပါလို့ ဟောတော်မူထားတာဆိုတော့ အစစအရာရာ ကမ်းကုန်နေပြီ၊ ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓတရားကို ကမ္ဘာလောကကြီး ငြိမ်းချမ်းရေးအလို့ငှာ အရပ်ရှစ်မျက်နှာဖြန့်ပြီး လှည့်လည်ဖြန့်ဖြူးတာမျိုး၊ ဟောကြားတာမျိုး ပြုလုပ်ကောင်းပြုလုပ်မှာဖြစ်ပေမယ့် ဒါဟာ စည်းရုံးရေးသဘောမျိုး၊ ဘာသာချဲ့ထွင်တဲ့သဘောမျိုးနဲ့ လုံးဝ မသက်ဆိုင်ဘူး၊ နည်းအမျိုးမျိုးနဲ့ ဖိအားပေးပြီး ဘာသာထဲဝင်ခိုင်းတာတို့၊ လက်နက်အားနဲ့ ဘာသာထဲဝင်ခိုင်းတာတို့ ဆိုတာမျိုးကတော့ ဝေလာဝေးပဲ။

ဒီတော့ အချုပ်အားဖြင့်ပြောရရင် တို့ဗုဒ္ဓဘာသာမှာ လက်ရှိဖြစ်ပေါ်နေတာက တကယ့်အနှစ်သာရတွေ၊ အစစ်အမှန်တွေက ပေါ်လွင်ခြင်းမရှိဘဲ အတုအယောင်တွေ၊ အသိမ်အဖျင်းတွေကသာ အများစု နေရာယူထားကြတာတွေ့ရတယ်၊ ဒါတွေဟာ ဘာသာရဲ့ အားနည်းချက်တွေ၊ ပျော့ကွက်တွေလိုဖြစ်သွားတယ်၊ ဒါကြောင့်လည်း မောင်ကိုတို့အမေ အပါအဝင် မောင်ကိုတို့မြို့က လူတချို့ဟာ အသုံးချ



ခံတွေ ဖြစ်သွားရတာဖြစ်တယ်၊ သေသေချာချာ စစ်ကြည့်လိုက်တော့ ဒီကိစ္စမှာ သူ့အပြစ်လည်းပါသလို၊ ကိုယ့်အပြစ်လည်းပါတယ်၊ ကိုယ့်အပြစ်ကတော့ ဆင်ခြင်တုံတရားနည်းပါးမှုနဲ့ တလွဲသဒ္ဓါတွေကြောင့်ပဲဖြစ်တယ်၊ ဒါကြောင့် ဒါကိုတော့ လူတိုင်း အလေးအနက်ထားပြီး ပြုပြင်သွားကြဖို့ လိုတယ်လို့ ဆရာပြောချင်ပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ကတော့ ဒီနေ့ ဆရာ့ဆီကနေ သိမှတ်စရာ ဗဟုသုတတွေအပြင် ဆင်ခြင်၊ တွေးခေါ်၊ မြင်မျှော်နည်းတွေကိုပါ ရလိုက်တဲ့အတွက် တော်တော့်ကို တန်ဖိုးရှိသွားပြီ၊ နောက်ကိုလည်း အခါအားလျော်စွာ မေးပါရ၊ မြန်းပါရစေဦး ဆရာ"

"အေးပါကွာ၊ အချိန်မရွေးလာခဲ့ပါ၊ ခုလို ဘာသာသာသနာ အကြောင်းနဲ့ပတ်သက်ပြီး ပြောရဆိုရမယ်ဆိုရင် ဆရာအလွန် စိတ်အားထက်သန်ပါတယ်၊ ပြောရတဲ့အတွက်လည်း ကုသိုလ်ရပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ ကိစ္စဝိစ္စမပြီးခင် ဒီမှာပဲ ဆက်နေရဦးမှာဆိုတော့ မပြန်ခင်ထပ်ပြီး အလည်လာခဲ့ပါဦးမယ် ဆရာ"

ဆရာ့ကို နှုတ်ဆက်ပြီးနောက် ကျွန်တော်ပြန်လည်ထွက်ခွာလာခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာပင် ဆရာနှင့် ပြောဆိုဆွေးနွေးခဲ့ရသည့် အကြောင်းအရာတို့ကို ပြန်လည်စားမြုံ့ပြန်နေမိသည်။ ထိုအခါ ဆရာ့ရှင်းပြချက်၊ ဖွင့်ဆိုချက်များက ကျွန်တော့်အား အထူးပင် ဘဝင်ကျခြင်း၊ ကျေနပ်အားရခြင်းများ ဖြစ်ပေါ်လာစေသည့် အလျောက် ထိုအရသာကို ကျွန်တော်က တစိမ့်စိမ့်ပင် ခံစားနေမိ

ရသည်။ ထို့ပြင် ယနေ့သည်ကား ဘာသာသာသနာကို ပိုမိုသိနားလည်ခွင့် ရရှိစေခဲ့သောနေ့၊ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဟူသည် ဤသို့ဖြစ်သည်ဟူ၍ ပိုမို သိမြင်သဘောပေါက်စေခဲ့သောနေ့၊ ကျွန်တော့်အတွက် တန်ဖိုးရှိသောနေ့တစ်နေ့အဖြစ် ကျွန်တော်က အမှတ်တရပင် နှလုံးသား၌ ကမ္ပည်းတင်လိုက်မိပါတော့သည်။ ။

**ရဲမြတ်တင်**

◆◆◆



၂၀၁၄ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# ကျွန်တော့်ဝတ္ထုတိုများ

## ရဲမြတ်တင်

အဖ ဦးထွန်းဟန်၊ အမိ ဒေါ်အေးမယ်တို့က ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က မိုးမိတ် အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ နံရံကပ်စာစောင်များ၊ လက်ကမ်းစာစောင်များ၌ စတင်ကလောင်သွေးခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဝန်ထမ်းအဖြစ် အမှုထမ်းသည်။ ၁၉၉၇ ခုနှစ်တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို "ဆီမှဆိုးနှင့်အခြားဝတ္ထုတိုများ" စာမူဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၎င်းစာအုပ်ဖြင့်ပင် ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ကို ချီးမြှင့်ခံရသည်။ ၂၀၁၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို "ဇမ္ဗူရစ်ရွှေစင်ဝတ္ထုတိုများ" စာမူဖြင့် ရရှိခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ် ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုကို "ပွင့်တူရွက်တူ" စာမူဖြင့် ဆွတ်ခူးခဲ့သည်။

ယခုအခါ ဝါသနာအရ စာပေများကို ဆက်လက်ရေးသားလျက်ရှိသည်။

အမည်ရင်း ဦးရဲဝင်း ဖြစ်သည်။

နေရပ်လိပ်စာ- အခန်း ၃၀၃၊ တိုက် ၁၆၊ အေ ၁၂ လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊
ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့။